www.burmeseclassic.com

# လရောင်ကျူးရင့်

အချစ်ဖြင့်ရေးသော
အနားသတ်မျဉ်းတစ်ကြောင်း



Modern Digital Art : Wai Yan (2007)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၀၁၅၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်- ၅၀၁၀၈၁၀၉၀၇

အကြိမ် - ပထမအကြိမ်

၂၀၀၇-ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးဝင်းဖေ (မြ-၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။



ရွှေသမင်

*စာပေမှစီစဉ်တင်ဆက်သည်။*


# လရောင်ကျူးရင့်

အချစ်ဖြင့်ရေးသော အနားသတ်မျဉ်းတစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်စာပေ
အမှတ်(၃၇/၃၉)၊ ၄၄-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၁)

ကိုယ့်အကြောင်း ကိုယ်သိသောကြောင့် လမ်းတစ်လျှောက်လုံးမှာ အိပ်ပျော်မသွားဖို့ အမျိုးမျိုး ထိန်းချုပ်ကြိုးစားလာခဲ့တာ အဆင်ပြေနေခဲ့သည်။

သို့သော် ရန်ကုန်နားနီးလာမှ မျက်လုံးတွေက သူ့ကိုအရှုံးတိုက်ဖို့ စတင်လာ၏။ အဝေးပြေးကားကြီးက ဟူးဟူးရားရား ပြေးနေသော်လည်း ဆိုဖာထူထူ နုံကကျယ်ကျယ်မို့ သက်တောင့်သက်သာရှိသည်။

ကွေ့လိုက်တာ ခုန်သွားတာကအစ အသာလေးပုတ်ခတ်၍ ချော့သိပ်နေသကဲ့သို့ ရှိရာမျက်လုံးတွေကို ဒီအရိုန်မှာ ဒေါက်ထောက်ထားလျှင်တောင် တားဆီးနိုင်ဖို့လွယ်မည်မထင်။

ကိုယ်နဲ့အတူတွဲထိုင်သည်က အသက်လေးဆယ်ကျော် ငါးဆယ်ခန့် လူဝဝကြီး ကားပေါ်စတက်လာကတည်းက ခင်မင်ရင်းနှီးချင်လို့ နှုတ်ဆက်တာမျိုးမဟုတ်ဘဲ ကြည့်လိုက်သည့် မျက်လုံးကြီးကသော့ ငါးရာအားဆိုတာမျိုးဖြစ်မည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြတ်ရယ် မျက်မှန်ကြီးတဝင်းဝင်းနဲ့ နေပြီးတော့ ဘာမှလည်း ပါးပါးနပ်နပ်မရှိဘူး၊ နင့်ပုံစံနဲ့ ကျောချရင်တောင် ဓားပြမှန်းသိမှာ မဟုတ်ဘူး၊ ရန်ကုန် ပြောင်းရမယ်ဆို ငါဖြင့် ရင်လေးလိုက်တာ"

မိုးမိုးမြင့်မောင်ဆိုသော ခင်မင်ကြသူတွေအားလုံးက မောင်ဟု အဖျားဆွတ်ခေါ်ကြသည့် မြတ်၏ သူငယ်ချင်းဟာ နေရာတကာမှာ မြတ်အတွက်ကို မိဘလိုလို အစ်ကိုလိုလို။

"ဘာဖြစ်လဲ နင့်ပုံစံနဲ့ အနားမှာ ငါသာမရှိရင် လွယ်မလား သိပ်အတာပဲလို့ ပြောချင်တာ မပြောရက်လို့"

ဟု ပြောချင်တာ ပြောလိုက်ပြီးမှ ပြောလိုက်ရရင် မကောင်းဘူးဟု အဆုံးသတ်လေ့ရှိသည့် မောင်ဟာ ဆေးကျောင်းအတူတူပြီးခဲ့ကြပြီး ... ဝန်ကာသည့် ဆေးရုံချင်း တူနေတဲ့အထိ မြတ်ရဲ့ဘေးမှာ အမြဲရှိနေခဲ့သူ။

ခွဲကြရတော့မည်ဆိုတော့ မြတ်ကို အပါသည် သနားလှသည်ဟု ပြောပြီး စိတ်မချဘူးဆိုတာလည်း သူပဲဖြစ်ကာ မြတ်က မျက်ရည်ဝေသည်။ သူကတော့ ကြုံကြုံပါအောင် ငိုလေသည်။

"မိန်းမ သူက... နေရာသစ်ကိုပြောင်းဖို့ ရင်ခုန်နေတယ်ပေါ့ ငါမှာတော့ ညကလည်း တွေးမိတိုင်း ငိုနေရတာ"

ဟု လက်သီးဆုပ်နှင့်ထု၍ မကျေမနပ်ပြောခဲ့သေးသည်။

"နင်ကလည်း ငါလည်း ငိုချင်တာပဲဟာ ဒါပေမဲ့ မျက်ရည်က မျက်လုံးထဲမှာနေနေတာ ဘယ်လိုလုပ်ရမလဲ"

ဟု မြတ်ပြန်မေးတော့ မောင်က ငိုနေရင်း စိတ်ပျက်လက်ပျက်မော့ကြည့်၍...





"အောင်မလေး မယ်မင်းကြီးမရယ် မျက်တောင်လေးခတ်လိုက် မျက်လုံးမှိတ်ပြီး ဖိချလိုက်လို့များ ရှင့်ကို သင်ပေးရဦးမလား တကယ်ပါပဲ"

မြတ်ပါးကိုင် နားကိုင်နှင့် မောင်ငိုတာကိုပဲ ပြန်ချော့ခဲ့ရသေးသည်။

"မြတ် လမ်းမှာ အိပ်ပျော်သွားဦးမယ်နော်"

"သူများ ကျွေးတာတွေ မစားနဲ့"

"ရန်ကုန်ရောက်လို့ ကြိုတဲ့သူမလာသေးရင် ဂိတ်ဝင်းထဲမှာ မျက်လုံးလေးကလယ်ကလယ်နဲ့ သူများသတိထားမိအောင် လျှောက်ရှာမနေနဲ့ တည်တည်တင်းတင်းလေးနေ"

ကားမထွက်ခင်အထိကို မှာလို့မဆုံးနိုင်။

"ရော့ ဒါလေးကို နောက်စေ့မှာခုထားပြီးငိုက် အိပ်ပျော်သွားရင် လိမ့်ထွက်သွားတော့ နင် နိုးလာလိမ့်မယ်"

ဟုပြောပြီး သိုးမွှေးလုံးကလေးထည့်ပေးလိုက်တာလည်း အတော့်ကို အဆင်ပြေ၏။ မြတ်နဲ့မောင် နှစ်ယောက်လုံး သိုးမွှေးထိုးတတ်ကြသည်။

ဒါပေမဲ့ ဒီလို အသုံးပြုဖို့ကိုတော့ မော...ပ သတိရ၏။

လမ်းမှာ ဘယ်လိုမှ ဟန်မဆောင်နိုင်အောင် အိပ်ငိုက်လာလေ လက်သီးဆုပ်လောက်နီးနီးရှိသည့် သိုးမွှေးလုံးကလေးကို နောက်စေ့မှာ ဖိခံထားပြီး ငုတ်တုတ်ငိုက်ရ၏။

သတိလစ်တာနဲ့ ခေါင်းကဘေးကို ဒိုင်းခနဲ လိမ့်ကျသည်။ ထိုအခါ လူကလည်း လန့်ဖျတ်နိုးကာ ရှည်လုံးကို လိုက်ကောက်ရ သူများ



www.burmeseclassic.com

www.burmeseclassic.com



တွေ မြင်သွားလား ကြည့်ရှုနှင့် မျက်စိလည်း အတော်အတန်ကျယ်သွား၏။

နောက်ထပ် ဆယ့်ငါးမိနစ်လောက် ခရီးကို မျက်လုံးလေးဖွင့်လျက်သားနှင့် သွားနိုင်ပြန်သည်။ ဒါပေမဲ့ ချည်လုံးက ခဏခဏ ပြုတ်ကျသည်။ ခြေနင်းခုံအောက်ရောက်လိုက် ဘေးကလူကြီး ပေါင်ကြားထဲရောက်လိုက်၊ ဒါလည်း သိပ်အဆင်မပြေသေးဘူးဟု တွက်ပြီး ရန်ကုန်နားနီးတော့ သိမ်းထားလိုက်ရ၏။ တစ်ညလုံး မအိပ်ခဲ့ရသည့် မျက်လုံးက ဖန်တွတ်ကျိန်းစပ်နေပြီ။

ကားကတရိပ်ရိပ်ပြေးနေ၏။ ဘေးက လူကြီးကို မသိမသာ ငဲ့ကြည့်တော့ အိပ်ရေးဝနေပုံရသည့် မျက်လုံးကြီးက ဝင်းဝင်းလက်လက်ပါလား။

အကဲခတ်တာကိုပဲ မသိမသာ သိပ်မကြည့်တတ်သည့် မြတ် က စောင်းကြည့်ပြီး မသိအောင် မျက်နှာပြန်လွှဲဖို့ကျတော့ မေ့တတ်ပြန်၏။ ပြီးတော့ အဲဒီမျက်လုံးကြီးကိုမြင်ကာ မအိပ်ရခဲ့သည့် ကိုယ့်အဖြစ်ကြောင့် သူများကို မုန်းတတ်ခဲ့ပေမယ့် ဒေါသဖြစ်သွားမိသည်။

မျက်စောင်းထိုးမိတော့မလို ကြည့်နေမိစဉ် လူကြီးက ဖျတ်ခနဲ လှည့်ကြည့်၏။

"အဲ..ဟဲ..ဟဲ"

မြတ်ကိုယ်လေးတုန်သွားကာ မျက်မှန်ကိုပင့်၍ မချိသွားဖြဲရယ်ပြမိသည်။ လူကြီးက အူကြောင်ကြောင် ကြည့်နေသောကြောင့်

"ဟို နာရီမေးချင်လို့"

"သြော်"





ဒီတော့မှ လူကြီးက သွားတွေအားလုံးပေါ်အောင် အစွမ်းကုန် သဘောကောင်းရယ်မောလိုက်ပြီး 'လေးနာရီထိုးတော့မယ်' ဟု ဖြေ၏။

"ကလေးမက မန္တလေးက ပါလာတာလား"

"ဘယ်သွားမှာလဲ"

"လာကြိုမယ့်သူရှိလား"

"တစ်လမ်းလုံး မအိပ်ခဲ့ရဘူးမို့လား"

စသည့် အကြောင်းရှာသော မေးခွန်းတွေ ဂရုစိုက်မှုတွေ သူပဲ ဖောင်းကာဝေနေ၏။ ဟွန်း လူကြီးကိုက မျက်လုံးကြီးက မစွံပါဘူး။

ခေါ်တော ငါးရာအားလို့ လူကြီးတွေ ပြောကြတာကို ခဏ ခဏ သတိရနေမိသည်။ မိန်းကလေးတွေကို အငမ်းမရ စူးစူးဝါးဝါး ကြည့်ပြီဆို အဲဒီယောကျ်ားမျက်လုံးတွေကို ဤသို့ပဲ ပြောတာ ကြားဖူးသည်။ အမှန်တော့ သိပ်မသိ။

ဒီလူကြီး မျက်လုံးတွေကိုတော့ မရိုးသားမှန်း မြတ်သိနေခဲ့၏။ မောင့်ကိုလည်း သတိရမိသေးသည်။

ဒါလောက်တော့ ငါ မအေသေးပါဘူး မောင်ရယ်လို့ ပြောချင်တာ လက်ထဲမှာ ချည်လုံးကို နှစ်ဖက်ဆုပ်ကိုင်၍ ခေါင်းနောက်မှာ ခုနှိုက်ဖို့အစီအစဉ်ကို ဖျက်လိုက်ရသည်။

ဒါကြောင့် ဒီလူကြီး စပ်စုခွင့်ရနေတာဟု တွေးမိကာ မျက်ခွံ တွေကို အတင်းဆွဲတင်ထားရင်း မျက်ခုံးတန်းလေးတွေပင် နဖူးစပ်မှာ ပင့်ကပ်နေကြ၏။

ရန်ကုန်နားနီးနေပြီ မအိပ်နဲ့ မငိုက်နဲ့၊ ဒီလူကြီး နှင့်ကိုစော စော



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပြီ စဂ...းပြောဖို့ ကြိုးစားနေတာ။

ကိုယ့်ကိုယ်ကို အသိစိတ်နှင့် သတိချပ်ရင်း မျက်နှာကို မှန်တံခါးဘက်လှည့်လိမ်ထားရတာ ဇက်တွေနာလာသည်။

အိပ်ပျော်နေသလို တစ်ပုံစံတည်းလုပ်ထားရတော့ ပိုဆိုးသည်။ လူကြီးကတော့ ချောင်းသံပေးလိုက် မသိမသာ ငုံ့ကြည့်လိုက်။

သိသိသာသာ ခါးကုန်းကြည့်တော့ မြတ် မျက်လုံးတွေ မှိတ်နေလိုက်ရ၏၊ မိုးလင်းပါတော့...





အခန်း (၂)

ဂိတ်ဝင်းထဲမှာ ဘာတွေအော်နေကြမှန်းမသိဘဲ ယောကျ်ားတွေကတော့ အများကြီးပဲဖြစ်သည်။ သေရျာနားထောင်လိုက်မှ ကားဒွားလေး မြောက်ဥက္ကလာ ဘယ်သွားမလဲ အခုထွက်မှာ စသဖြင့်...

မြတ် ပစ္စည်းသိမ်းသလိုလို ရှာနေသလိုလို ဟိုကိုင်ဒီငုံ့နှင့် ထိုင်ခုံကြားထဲမှာပဲ အချိန်ဖြုန်းနေမိသည်။

"မြတ်ရယ် လေယာဉ်နဲ့သွားလိုက်ပြီးရော ပိုစိတ်ချရတာပေါ့"

ဟု မောင်က ပြောသေးသည်။

ကားဂိတ်ထဲမှာတောင် ကားပေါ်က ကားအောက်ကို မဆင်းရဲသေးသည့်အဖြစ်မှာ လေယာဉ်ပျံပေါ်က ဆင်းရရင်တော့ သွားပြီ။

"ချာတိတ် ဘယ်သွားမှာလဲ လာကြို့မှာလား"

"ရှင်...ဟို"

လာပြန်ပြီ ဒီလူကြီး၊ ဆင်းသွားပြီးမှ ပြန်တက်လာတာလားမသိ။ ...က ဒီလူကြီး အနားမှာ မရှိပါ။

"ရတယ် ရတယ် သိလား ဟိုလေ လာကြို့မှာ"



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်ဟု ခေါ်လိုက်တာကို အံ့သြသွားမိ၏။ တကယ်ဆို ဝဝ ဖိုင့်ဖိုင့် ပုံစံကြီးက လေးလေးဇော်ထက်တောင် ရင့်ရော်သေးသည်။ လူကြီးက သွားရမလို ပြင်ပြီးမှ ပြန်ကြည့်ပြန်သည်။

"ဘာရှာနေတာလဲ ပစ္စည်းပျောက်လို့လား"

"မဟုတ်ဘူး အဲ ဟုတ်တယ်"

မြတ် ဘယ်တုန်းကမှ ပိပိရိရိ ညာနိုင်ခဲ့တာမရှိ။ မြတ်တို့ ညာပြီဆို မောင်က လက်ခုပ်လက်ဝါးတီး၍ ရယ်တတ်မြဲ။

"မြတ်ရယ် ညာတဲ့ ရုပ်ကြီးက ကြည့်ပါဦး"

ဟုပြောတိုင်း မြတ် ကိုယ့်မျက်နှာကိုယ် ပြန်စမ်းမိ၏။

'ဘယ်လိုရုပ်မျိုးရှိမှ ညာလို့ရတာလဲ' ဟုတွေးမိရင်း ငါ့မျက်နှာ ဘာဖြစ်နေလို့လဲဆိုတာကို ပြန်ကြည့်ချင်မိသည်။

ခုလည်း လူကြီးက မြတ်ကို မျက်မှောင်ကုပ်ကြည့်၍ ပြုံးလိုက်၏။ မောင့်လိုတော့ လက်ခုပ်လက်ဝါးတီးပြီး မရယ်ခဲ့ဘဲ...

"အန်ကယ်က ကားငှားပြီး ပြန်မှာမို့ပါ လမ်းတူရင် ကားအတူ ငှားတော့ ပိုက်ဆံအကုန်သက်သာတာပေါ့"

ဘယ်ကို သွားမယ်ဆိုတာ မပြောချင်လို့ တစ်လမ်းလုံး လိုးလွဲ ရှောင်ရှားခဲ့ရတာ လမ်းဆုံးတဲ့အထိ ဖွံမလျော့သေးတာတော့ လွန်ပြီ ထင်သည်။

မြတ် စိတ်ရှုပ်လာပုံလေးနှင့် မျက်မှန်လေးတစ်ချက်ပင့်၍ မဲ့ သွား၏။ ထိုစဉ်....

"ဟေး... မြတ်...မြတ်မို့လားဟင်"

ဘေးပြတင်းပေါက်က နည်းနည်းဟထားသည်။ မှန်ချပ်ကို လှမ်း





ပုတ်ရင်း စကားသံပါ ကြားလိုက်ရ၏။

လှည့်ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက်က မြတ်ကို လက်ညှိုးထိုး၍ ထပ်မေး၏။ စောစောက သူမ မှန်တံခါးကို လှမ်းခုန် ပုတ်လိုက်ပုံရသည်။

ရုပ်နေတော့ သူမအရုပ်က သိပ်မမြင့်လှပေ။

မြတ် ငုံ့ကြည့်လိုက်၍ ခေါင်းညိတ်လိုက်မိသည်။

"အစ်မက"

ဟု စကားစလိုက်ပြီးမှ...

"လာကြိုမယ့်သူကို မမှတ်မိရင် ဘယ်သူမို့လား ဘာညာနဲ့ နာမည်ထည့်မမေးလိုက်နဲ့သိလား တော်ကြာ ချော်လဲရောထိုင်လုပ်ပြီး ရှင့်ကို မသွားလိမ့်မယ်"

မောင်မှာလိုက်သေးသည်။ ထို့ကြောင့် မြတ်စကားက ရှေ့မဆက်ဘဲ ရပ်တန့်သွားခဲ့ခြင်း ဖြစ်သည်။ ကားအောက်က သူမသည်

"ဟုတ်ပါတယ် တို့က တင်ဇာလွင်ပါ မန္တလေးက ဒေါ်မော်လွင်ရဲ့သမီး"

"ဟယ် ဟုတ်တယ် ဟုတ်ကဲ့ မမလွင်"

တင်ဇာလွင်က ပြုံးလည်းပြုံးသည်။ စိတ်မရှည်သည့် မျက်စောင်းလေး ပစ်သွင်းကာ သူမဘေးက လူတစ်ယောက်ကို မေးဆတ်ပြ လိုက်၏။

ထိုလူဟာ ကားပေါ်တက်လာတော့ မြတ်ရဲ့ ပစ္စည်းတွေကို သယ်ပိုးမည့်သူမှန်း သိလိုက်သဖြင့် စံနစ်တကျ ရှိထားပြီးသည့်ကို မြတ် ကပျာကယာ ဆွဲထုတ်၏။ လူကြီးကို မော့လည်းမကြည့်၊ ဂရု



www.burmeseclassic.com

www.burmeseclassic.com



လည်းမစိုက်တော့ဘဲ ဟိုကပ် ဒီကပ်ရှောင်ပေးရင်း စကားထပ် ပြောချင်ပုံရှိနေသည့် အဖြစ်ကိုလည်း ဒေါသဖြစ်မိသည်။

ပစ္စည်းတွေနောက်မှာတင်ပြီး အနီရောင်ကားလေးပေါ်ကို ထိုင်မိသည်နှင့်...

"တို့ကို တကယ်မမှတ်မိဘူးလား မြတ်ရယ် တို့ကတော့ မြင်လိုက်တာနဲ့ တန်းသိလိုက်တာ"

ဟု တင်ဇာလွင်က စပြောတော့သည်။

"မမလွင်ရယ် မြတ်တကယ်မသိတာ မန္တလေးမှာ မမလွင် ရှိတုန်းက ဆံပင်တွေအရှည်ကြီးပဲလေ၊ ပြီးတော့ သွယ်သွယ်နွဲ့နွဲ့လေး အခုကျတော့ ဆံပင်က ပခုံးအလယ်ဖွဖွလေးနဲ့ ဖြူဖြူကစ်ကစ်လေး"

"အေးပါ အေးပါ တော်ပါတော့ အဲဒီစကားကိုထည့်မပြောပါနဲ့ စိတ်ညစ်လို့"

ဟု ရှုံ့မဲ့မဲ့လေး ပြောရှာသည်။

တင်ဇာလွင်ဟာ သူမကိုယ်သူမ ဝတာကိုစိတ်ညစ်နေသူမှန်း မြတ်သတိထားမိလိုက်၏။

ကိုယ့်မှာတော့ ဆေးတက္ကသိုလ် စတက်ကတည်းက စာကတစ်ဖက် အိမ်အလုပ်တွေကတစ်ဖက်နှင့် အားဆေးတွေ အိပ်ပျော်ဆေးဝင်အောင် သောက်လိုက်ရတာ အခု ဆရာဝန်ဖြစ်နေတဲ့အထိ မလွတ်မြောက်သေးပါ။

"ဝမှာ စိုးလို့ ညစာလည်းမစားပါဘူး၊ မနက်စာနေ့လည်စာတောင် ကြောင်စာဆိုတာကမှ များဦးမယ်၊ ဘယ်လိုလျှော့လျှော့ ဒီကိုယ်လုံးက ကျကို မကျဘူး"





တင်ဇာလွင့်အသံက နောက်ထပ်ထွက်လာတော့ မြတ်က အားနာစွာပြုံး၍...

"မမလွင်က ဘာဖြစ်လို့ မဝချင်တာလဲဟင် ဝတာ ကျက်သရေရှိတာပေါ့ မမလွင်ရဲ့ အသားအရည်စိုပြေပြီး တင်းတင်းရင်းရင်းရှိ တော့ နုလည်းနုတယ် ပိန်တဲ့လူတွေဆို အသားရောင်မွဲတယ် ရုပ်ပို ကျတယ် ယုဉ်ကြည့်ပါလား"

"အမလေး ဆရာဝန်မရယ် ကျန်းမာရေးလမ်းညွှန်တွေလာရွတ် နေလိုက်တာ ဒီခေတ်က ဝမှလှတဲ့ခေတ် မဟုတ်ဘူး ငါ့ယောကျ်ားက သဘော်သား ချောချောတောင့်တောင့်ကြီး နိုင်ငံတကာ သွားနေရတာ ငါက ရုပ်ဗျက်ဆင်းပျက်ကြီး ဝနေရင် သူများနောက်ပါသွား မှာပေါ့ ဒုက္ခပါပဲ အပျိုတွေကို အိမ်ထောင်ရေးအကြောင်းပြောရတာ ခက်လိုက်တာနော်"

တင်ဇာလွင်က တမင်လှအောင် ပုံသွင်းထားသည့် နဖူးပေါ်က ဆံပင်တွန့်တွန့် အမောက်ကလေးကို တသသ ထိကိုင်ရင်း ညည်းညူနေသည်။

ဟိုတုန်းကတည်းက ခြံချင်းကပ်လျက်နေလာခဲ့ကြသည့် မိသားစုနှစ်ခုပါ။ တင်ဇာလွင်က ဆယ်တန်းရောက်ကတည်းက ရန်ကုန်ကျောင်းသွားတက်သည်။ ခဏတဖြုတ်လောက်ပဲ ပြန်လာပြီး ကျောင်းပြီးသေးဘဲ အိမ်ထောင်ပြုလိုက်၏။ အစက လူကြီးတွေ စိတ်ဆိုးပြီး အဆက်အသွယ်ပြတ်သွားခဲ့ကြသေးသည်။

နှစ်နှစ်လောက်ကြာမှ အန်တီမော်တို့ ရန်ကုန်သွားပြီး တွေ့ခဲ့သည်။ ခမည်းခမက်လည်း ပြေလည်သွားကြသည်။ ဒါပေမဲ့ တင်ဇာလွင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မန္တလေးကို လုံးဝရောက်မလာခဲ့တော့ပေ။

အမြွာပူးမွေးတော့ တစ်ခါတည်းမွေးလိုက်တာ နှစ်ယောက်၊ ယောက္ခမတွေက နိုင်ငံခြားပြောင်းကြသည်။ ယောကျ်ားက သင်္ဘောမှာအလုပ်ရသွား၏။

ကလေးရတာ အလုပ်ရှုပ်တာ အကြောင်းတွေများပြီး မလာနိုင်တော့တာဖြစ်သည်။ ထို့ကြောင့် မြေးတွေကိုချစ်သော အန်တီမော်တို့ကပဲ ရန်ကုန်ကို ခဏခဏဆင်းကြ၏။

မြတ်နဲ့ တင်ဇာလွင် မတွေ့ဖြစ်ခဲ့ကြတာ အတော်ကြာပြီဖြစ်သည်။ ထို့ပြင် ဟိုတုန်းကတည်းကလည်း [illegible] ငယ်ချင်း အရွယ်တွေ မဟုတ်ခဲ့ပေ။

ညီအစ်မ သုံးယောက်ထဲမှာ တင် [illegible] အကြီးဆုံးသမီး။ မြတ်က တင်ဇာလွင်၏ အငယ်ခ [illegible] မှ ရွယ်တူ။

ပြောရမည်ဆိုလျှင် တင်ဇာလွင် [illegible] ားကတည်းက မြတ်နဲ့မတွေ့မိသလောက် ပြတ်တော [illegible] ွားခဲ့တာ ဖြစ်သည်။ မြတ်ဆိုသော သူမ၏ ဘဝကလည်း မဆိုးလှပေမယ့် မကောင်းခဲ့ သည့် အဖြစ်ကြောင့် အိမ်ထဲမှာပဲ နေခဲ့ရတာ တကုပ်ကုပ်။

ထို့ကြောင့် တင်ဇာလွင်နှင့် အရမ်းရင်းနှီးခဲ့ပေမယ့် ပြန်တွေ့ကြတော့ ချက်ချင်း မမှတ်မိခဲ့ခြင်းဖြစ်သည်။

ခပ်မှန်မှန်ပြေးနေသည့် ကားလေးပေါ်မှာ ခဏလေး တိတ်ကျသွားပြီးမှ တင်ဇာလွင်က ရယ်လိုက်ပြီး မြတ်ကို ပြန်ကြည့်၏။

"မေးဖို့ မေ့နေလိုက်တာ ကားပေါ်မှာလူမရှိတော့ဘူးထင်လို့ ဘယ်နှယ် ပါလာမယ်လို့ ဝေက ဖုန်းဆက်လိုက်တာ အသေအချာကို





ဘယ်လိုဖြစ်ပါလိမ့်ဆိုပြီး ဦးနှောက်ခြောက်သွားတာ ပြောပါဦး လူမရှိတော့တဲ့ ကားထဲမှာ အဘိုးကြီးနဲ့နှစ်ယောက်တည်း ဘာတွေ စာရင်းရှင်းနေကြတာလဲ"

"ရှင်"

တင်ဇာလွင်က ပြုံးစစနှင့် တမင်နှောက်လိုက်တာကို မြတ် တကယ်ချောက်ချားသွားလေသည်။

"မဟုတ်ပါဘူး မမလွင်ရယ် စာရင်းရှင်းရအောင် အဲဒီလူကြီးနဲ့ မြတ် ခင်တာမှ မဟုတ်တာ သူကလိုက်ခေါ်တာ ကားပေါ်မှာလည်း ခဏခဏကိုကြည့် [illegible] မြတ် အဲဒီမျက်လုံးကြီးတွေကိုကြောက် ပြီး တလမ်းလုံးမအိ [illegible]

"ဟား...[illegible]

တင်ဇာ [illegible] မြတ်၏စရိုက်ဟန်ပန်လေးကို ချစ်ခင်ခဲ့သူမို့ ဝခုံး [illegible] ်းခံနိုင်ပြီး ရယ်၏။

"မြတ်ရယ် နင်ဟာလေ မျက်မှန်လေးတစ်ခုပဲ မပြောင်းလဲတာ မဟုတ်ဘူး။ စလို့စမှန်းမသိ ခြောက်လို့ ခြောက်မှန်းမသိနဲ့ ဆရာဝန်မကြီးဖြစ်နေတာ ယုံနိုင်စရာတောင် မရှိဘူး"

မြတ်လှမ်းကြည့်လိုက်တော့ ကားပေါ်ကို ပစ္စည်းတွေလာသယ်ပေးသည့်လူကလည်း ကားမောင်းရင်း ပြုံးနေသည်။

မြတ် လှမ်းကြည့်လိုက်မှ သူကလည်း ကားမှန်ထဲကို လှမ်းကြည့်တာနှင့် မျက်လုံးချင်းဆုံမိကြသည်။

ဆံပင်လှိုင်းတွန့်ရေးရေးခပ်တိုတိုပုံနှင့် မျက်ခုံးမထူမပါး [illegible] ပေါ်ပေါ် မျက်နှာသည် ယောကျ်ားပီသသော သွင်ပြင်ဖြစ်[illegible]၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက မြတ်ကိုကြည့်၍ ပြုံးပြလိုက်သဖြင့် မြတ် ပြုံးပြဖို့ မေ့နေကာ မျက်လုံးလေး ပြူးလျက် ပြန်ကြည့်နေမိသည်။

အညိုရိပ်လေးတွေပါသည့် ရှပ်လက်ရှည်ကို တံတောင်ဆစ်နားထိ ကျကျနနခေါက်တင်ထားကာ စတီယာရင်မှာ တင်ထားသည့် လက်တစ်ဖက်မှာ တလက်လက်တောက်နေသော ပတ္တမြားလက်စွပ်က အရည်လဲ့နေသည်။

ဒရိုင်ဘာက တော်တော် ထူးခြားပါလားဟု တွေးလိုက်မိရင်း ဟုတ်ပါ့မလားဟုလည်း ပြန်တွေးမိသည်။

လက်စွပ်ကြောင့် မဟုတ်ဘဲ ချောမွေ့သန့်စင်နေသည့် မျက်နှာကိုက ထင်ချင်စရာမရှိပဲ ဖြစ်နေ၏။

ကားပေါ်မှာ အိတ်တွေလာသယ်ပေးတုန်းကတော့ ဒီလူကို သတိထားမကြည့်မိခဲ့ပါ။ မြတ်သည် စိတ်ဝင်စားတာကို ရှုးစိုက်ပြီဆိုလည်း ကျန်တာအားလုံးကို မေ့တတ်၏။

ထိုမေ့သွားခဲ့သော ကျန်တာတွေထဲမှာ ဘာဖြစ်နေနေ အုန်းခနဲ ပေါက်ကွဲသွားရင်တောင် လှည့်ကြည့်ချင်မှ ကြည့်မယ့်သူ၊ ကားမောင်းသည့်လူကိုကြည့်၍ တွေးရင်း မျက်လုံးလွှဲဖို့ သတိမရသောအခါ ထိုသူကလည်း လမ်းကိုကြည့်လိုက် မှန်ထဲက မျက်ဝန်းလေးတွေကို ကြည့်လိုက်နှင့် အသံမထွက်ဘဲ သွားတွေပေါ်အောင် ရယ်ပြလာသည်။

အယ်..

မြတ် ရှက်ရှက်နှင့် မျက်မှန်လေးကို ပင့်ကိုင်ကာ ခေါင်းငုံ့ပစ်သည်။ နားရွက်အောက် သာသာပဲရှိသော ဆံပင်ပျော့ပျော့ကုတ်ကုတ်လေးတွေက ငုံ့လိုက်တော့ မေးဖျားလေးနားထိ ငိုက်ဆင်းလာ ၏။





ဆံပင်တွေကို တစ်ဖက်ကနေ နားရွက်နောက် သိမ်းညှပ်ပစ်ရင်း မြတ်နောက်ထပ် ခေါင်းမဖော်ရဲတော့ပေ။

ဘယ့်နှယ်ရင်တွေခုန်နေတာလဲ။ ကိုယ့်ကိုယ်ကိုလည်း မြတ်ဘာဖြစ်သွားမှန်းမသိ။

"မလွင် ကျွန်တော် အိမ်အထိပို့ပေးရမလား"

သူ့စကားသံထွက်လာတော့ မြတ်နားစွင့်ထားမိ၏။

"ကောင်းတာပေ့ါ ဒါနဲ့ မနက်က ဖုန်းဆက်တော့ စွမ်း မအားဘူးဆို အဲဒါနဲ့ မလွင်က ရွှေဂုံတိုင်မှာပဲ ဆင်းလိုက်ဖို့ စိတ်ကူးတာ"

မြတ် မရဲတရဲ ပြန်ခိုးကြည့်တော့လည်း မှန်ထဲမှာ သူကပြုံးပြပြန်သည်။

"ရတယ် အိမ်ရောက်အောင်ပဲ ပို့ပေးလိုက်မယ်"

မမလွင်က မြတ်ကို ဖျတ်ခနဲ လှည့်ကြည့်၏။ မြတ် ဣန္ဒြေဆောင်မနေတတ်ဘဲ အပြင်ဘက်ကို ဆတ်ခနဲ လှည့်ပစ်လိုက်မိသည်။

မမလွင် ခပ်သဲ့သဲ့ ရယ်သံထွက်လာသဖြင့် မြတ်ကြက်သီး ဖျန်းခနဲ ထသွားမိ၏။

ရှက်လိုက်တာ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဒီအချိန် ဘယ်သူမှရှိမှာမဟုတ်ဘူး ရော့ သော့တွဲယူသွား"

ဟု သေချာ တစ်ချောင်းချင်း ပြလိုက်သော သော့တွဲကို ဆုပ်ကိုင်ထားပေမယ့် ခြံတံခါးဖွင့်ဖို့လည်း မလို၊ အထဲကို လျှောက်ဝင်လာတော့လည်း နှစ်ထပ်တိုက်အမြင့်ကြီးကို လှမ်းမြင်ရတော့ အဝင်ဝတံခါးပေါက်က ပွင့်လျက်သား...

လက်ဆွဲအိတ်ကြီးတစ်လုံးပဲ ဆွဲထားခဲ့သဖြင့် မြတ်ယခုံးမှာ ဆလင်းဘက်တစ်လုံး လွယ်ထားတာပဲရှိသည်။

လက်တစ်ဖက်က အားနေသဖြင့် ကွန်ကရစ်လမ်းကလေးဘေး နှုတ်ခမ်းက ခပ်ပုပု သစ်ပင်လေးတွေကို တယုတယ ကိုင်ကြည့်ရင်း လျှောက်ခဲ့သည်။

အထဲမှာ လူတွေရှိနေတာပဲဟု အတွေးတစ်ချက်ဝင်လိုက်ပြီး တစ်ခြံလုံး လှနေသည့် သာယာမှုထဲမှ စိတ်ကနစ်သွား၏။

လက်တစ်ဖက်က အိတ်ကြီးကို ဆွဲထားရပေမယ့် ပန်းခြံထဲမှာက လေညင်းခံလမ်းလျှောက်နေသလို တစ်လှမ်းချင်းလျှောက်ခဲ့သည်။

မြတ်သည် ရောင်စုံပန်းခင်းတွေကို မနှစ်သက်ပါ။ စိမ်းစိုနေတာကို မြတ်နိုးသည်။ မွေးနေတာကိုမကြိုက်ဘဲ အေးမြတာလေးကိုပဲ





ကြိုက်သည်။

ခြံထဲကို ဝေ့ကြည့်လိုက်တော့ စိမ်းမြနေတာပဲမို့ ပျော်သွားမိသည်။ တစ်သက်လုံး တိုက်အိမ်ကြီးထဲမှာ လူအများစု၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးရင်း၊ စာတွေမပြတ်ကျက်ရင်းဖြင့် စိမ်းစိုသာယာခြင်းကို မောင်လက်ဆောင်ပေးထားသည့် ပန်းအိုးကလေးမှာပဲ ရရှိခဲ့သည်။

တစ်နေ့တစ်နေ့ ပန်းအိုးလေးထဲက သစ်ရွက်စိမ်းကလေးဝေထိကိုင်ငေးကြည့်၍ စာတွေတတွတ်တွတ် ကျက်မှတ်ရင်း အချိန်ကုန်ခဲ့ရသည်။

ဒါဟာ ထိုအဆောက်အဦးကြီးထဲမှ ပထမဆုံးလွတ်မြောက်ခြင်းသည့်လမ်းပဲဖြစ်လေသည်။

"မြတ်ရယ် သမီးမှာ ဆရာဝန်ဖြစ်နေတာတောင် ကိုယ့်ပိုက်ဆံကိုယ်မကိုင်ရ ဂျူတီကုတ်ချွတ်ပြီး မီးဖိုထဲဝင်ရတုန်း"

"သမီးအလုပ်ကို ရန်ကုန်ပြောင်းရအောင် သမီးအန်ကယ် ကြိုးစားပေးနေတယ် သိလား မပူနဲ့"

ဒေါ်မော်လွင်တို့ မိသားစုက သူ့ဖခင်ကို မိဘမဲ့ဖြစ်ခဲ့တဲ့ နောက်ပိုင်းမှစ၍ ဂရုစိုက်ဖေးမခဲ့ကြသည်။

လေးလေးဖော်တို့ တစ်အိမ်လုံး၏ စောင်းမြောင်းပြုပြင်မှုကို ဂရုမစိုက်ဘဲ အကူအညီတွေပေးခဲ့တာလည်းရှိ၏။

သမီးသုံးယောက်ထဲမှာ ပညာထူးချွန်တဲ့သူတစ်ယောက်မှ မပါသော ဒေါ်မော်လွင်က မိဘမဲ့ ကိုယ့်ဒူးကိုယ်ချွန်ရသော ဘဝနှင့် ပညာတော်သည့် မြတ်ကို အထူးချစ်ခင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးတွေနဲ့တန်းတူ ဂရုစိုက်သည်။ နေခြည်လွင့်နဲ့ ဇာခြည်လွင့်တို့ကလည်း ကစားဖော်တွေဖြစ်သလို သူမတို့ မိဘများက မြတ်ကိုချစ်သည့်အပေါ်မှာ သဝန်တိုတာ နှိုင်းယှဉ်တာ ဘာမှမရှိ။

မြတ်ဟာ လေးလေးဇော်တို့ မိသားစုဝင်များမှလွဲလျှင် တခြားဘယ်သူနဲ့ဖြစ်ဖြစ် ခင်မင်ရင်းနှီးသွားခဲ့တာပဲဖြစ်သည်။ လေးလေးဇော်တို့ကတော့ မြတ်ကို အမုန်းဆုံး...

"ဖျန်း"

"အား"

စိတ်ကူးတွေလည်း ချက်ချင်း ပျောက်ကွယ်သွား၏။ နားထင်ဘစ်ဖက်မှာ ဖျဉ်းခနဲ စပ်ဖျဉ်းလျက် ခေါင်းထဲမှာလည်း မူးဝေသွားသည်။

သေချာတာကတော့ မျက်မှန်ပြုတ်ထွက်သွားပြီဆိုတာပဲဖြစ်၏ မျက်လုံးထဲမှာ ဒီတိုင်းအကျင့်မရှိတာကြာပြီမို့ ရုတ်တရက် အရာဝတ္ထုတွေအားလုံး နှစ်ထပ် နှစ်ရိပ်တွေ ဖြစ်ကုန်သည်။

ဘာလဲ....

ကိုယ့်ကိုယ်ကို ဘာနဲ့ထိမှန်သွားခဲ့မှန်း မသိသေးဘဲ မျက်မှန်ဘယ်မှာလွင့်ကျသွားသည့်အဖြစ်ကို အရေးတကြီးရှာရသည်။ ထိုစဉ် လူရိပ်တွေ သူ့ရှေ့ရောက်လာ၏။

"ဟာ မျက်နှာမှာ ရှံ့တွေကွ"

"ရှဲသွားပြီ"

"ဆောရီးဗျာ"

"ခုမှ ပိုလှသွားတာ"





ယောကျာ်းလေးတွေပါလား။ မျက်နှာတွေကို လှည့်ကြည့်လိုက်မိပေမယ့် မျက်နှာတွေဆီမရောက်ဘဲ မျက်မှန်ရှာဖွေခြင်းကိုပဲ စူးစိုက်မိ၏။

"ဘာလဲ မျက်မှန်လား"

တစ်ယောက်ကမေး၍ မြတ်ရှေ့ကို ပိတ်ရပ်ပြီး မျက်နှာကို သေချာကြီး ကပ်ကြည့်၏။

"အကောင်းကြီးပါဗျာ"

"ဟိတ်ကောင် ဖယ်လိုက်ပါကွာ"

"ငါ ရှာပေးမယ်"

ရယ်သံနှောသော တစ်ယောက်တစ်ပေါက်အသံတွေက လူညီကြတာနှင့်မတူ တောင်းပန်သံတချို့က လှောင်ရယ်နေတာမှန်း သိသာ၏။

မြတ် ဘာမှ ပြန်မပြောတော့ဘဲ မျက်မှန်လွင့်သွားသည် ထင်ရသည့်နေရာကို ရွှေ့ရပ်၏။ ပြီးတော့ ပုဆစ်တုတ်လေးထိုင်လိုက်ပြီး လိုက်ရှာသည်။

"ဒီမှာ"

"ဟင် ဘယ်မှာလဲ"

မြတ်က အသံလာသည့်ဘက်ကို လှည့်ကြည့်တော့ ...

"အုတ်ခဲကျိုးလေ ကားလမ်းပေါ်မှာတင်နေတာ ဟဲ..ဟဲ"

"မင်းကလည်း မနောက်ပါနဲ့ ဒီဘက်မှာ ရော့"

"ဟင်"

မြတ်က နှစ်ခါရှိတော့လည်း အမှတ်မရှိ။ ဒီမှာဆိုတိုင်း လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ ယောက်ျားလေးလေးယောက်အလယ်မှာ ယောင်ချာချာလေး ဖြစ်နေရှာ၏။

"ဟား..ဟား"

"ဆောရီးနော် ခင်လို့စတာ ရော့"

"အို"

မြတ်လက်ကို ဖျတ်ခနဲဆွဲယူလိုက်တာ ဘယ်သူမှန်းမသိ။ မြတ်အတင်းပြန်ရုန်းပေမယ့် လွတ်မြောက်ခြင်းမရှိပါ။

ထိုလက်ထဲကနေ မြတ်လက်ထဲကို မျက်မှန်ရောက်လာသည်။ ရုက်လွန်းသဖြင့် မြတ်လက်ကလေးတွေ တုန်ယင်လာခဲ့၏။

မျက်မှန်တပ်လိုက်တော့ မျက်နှာရှေ့တည့်တည့်မှာ ရပ်နေသူကို သေချာကြည့်တာ မဟုတ်ဘဲ သေချာမြင်ရသည်။

မြတ်ထက်အရပ်မြင့်တာက အတော်ကြီးကျော်နေသည်။ ဆံပင်အဖြောင့် ခပ်ပါးပါးက မိန်းကလေးတွေထားသလို ပခုံးအောက်ထိ ကျနေ၏။

နီမြန်းသည့်အသားရောင်နှင့် သွယ်သောမျက်နှာကျပုံက ဘိုဆန်ဆန် ချောတာမျိုး...

စောစောက လှောင်ရယ်သံသဲ့သဲ့ဟာ ထိုနှုတ်ခမ်းဖျားတို့က ထွက်ခဲ့သည်လား မထူမပါး ထောင့်ရှိုးတွေပေါ်နေသည့် နှုတ်ခမ်းနီနီကို မြတ်ကြည့်မိပြီး မျက်နှာလွှဲလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ"

မြတ်နဲ့ အနားမှာချထားလိုက်ရပြီဖြစ်သည့် အိတ်ကိုငုံ့ကြည့်၍ သူကပဲမေး၏။ မျက်နှာက နာကျင်မှုက ပိုလာသည်။ ခေါင်းတွေပါ ကိုက်





လာ၏။ ထိုစဉ်မှာ အုံ့ပျက်ပျက် မိုးသားတို့က မိုးစက်ကို့ကို စတင်ခြွေချလေသည်။

အနားမှာ ဘောလုံးပိုက်လျက် ရပ်လာသည့် ဘစ်ယောက်ကို မြင်တော့ သူမဘောလုံးမှန်လိုက်မှန်း သိလိုက်၏။

ပါးတစ်ခြမ်းကို အုပ်ထားခဲ့မိသည့် လက်ဖဝါးမှာ ကြမ်းရှရှ အရာတိုဟာ ရှုံ့ဖွက်တွေ့ထင်သည်။

မြတ် မျက်နှာကို ပွတ်သပ်ပြီး အိတ်ကို ပြန်ကောက်ဆွဲလိုက်၏။

"ဟာ ဒီကမေးတာကို ဖြေဦးလေ ဒါပိုင်ရှင်ရှိတဲ့နေရာ တစ်ညနှစ်ညဝင်ခိုလို့ရတဲ့ တည်းခိုခန်းမဟုတ်ဘူး"

မြတ် သူ့ကိုပြန်မော့ကြည့်၍...

"ဟုတ်ပါတယ် တည်းခိုဖို့မဟုတ်ပါဘူး မြတ်က ဒီမှာနေမှာပါ"

"ဘယ်လို"

"ဟား..ဟား ကောင်းတာပေါ့ကွ စေညွှန်း ပျော်စရာကြီး"

ဘာကိစ္စမှန်းမသိ။ မြတ်က မျက်ခုံးလေးတွန့်လျက်နှင့် ပြောသူကို လှည့်ကြည့်၏။

ဒေါသမျက်ဝန်းများနှင့် မဟုတ်ပါ။

"ဘာဖြစ်လို့ ပျော်တာလဲ"ဟု မေးလိုက်သလို အံ့ဩဟန်လေးနှင့်ဖြစ်၏။ ထိုတစ်ယောက်က ပခုံးတွန့် မျက်ခုံးပင့်၍ မြတ်ကို မျက်လုံးလည်းပြူးပြသည်။

ဒီဘက်ပြန်လှည့်လိုက်တော့ ရှေ့ကတစ်ယောက်က စူးစိုက်ကြည့်၍...

"မြတ်တဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒီတစ်လုံးပဲလား"

မြတ်တစ်ခုခုပြောမည် ပြင်ပြီးမှ ခေါင်းညိတ်၍ ငုံ့ပစ်လိုက်သည်။

"နာမည်ကလည်း မိန်းမမြတ်" တဲ့ ကိုယ့်ဟာကိုယ် မြတ်အောင် နေဖို့များ မိန်းမမြတ်လို့ပဲ မှည့်ထားရတယ်လို့ ရှေ့က အဖျားဆွတ်ပြီး မိန်းမလို့ ယောက်ျားလေးတစ်ယောက်ကခေါ်ရင် ဘယ်လိုလုပ်မလဲ"

လေးလေးဖော်မိန်းမ ဒေါ်လေးရိုးက နာမည်ကိုပဲသတိရတိုင်း ပြောတတ်သည်။ မိဘတွေ စုံစုံလင်လင် ရှိခဲ့တုန်းက စည်းစိမ်ဥစ္စာများနှင့် မိန်းမမြတ် ကတော့ နာမည်လေးက ကျက်သရေရှိလိုက်တာ လူလေးနဲ့လိုက်တယ် လှတယ် အမျိုးမျိုးချီးမွမ်းကြတာ ဒေါ်လေးရိုးလည်း ပါခဲ့သည်။

နောက်ကျတော့ ဘာမှမရှိတော့တဲ့ မိန်းမမြတ်ဟာ ဒီနာမည်ကြောင့်ပဲ ဒီဘဝရောက်ရသလိုလို...

"အလကား မြတ်စရာမရှိဘဲ မြတ်နေတာ" ဆိုတာတွေ ဒေါ်လေးရိုးပဲ ပြောလာခဲ့၏။ နောက်များမှာ မြတ်တစ်လုံးတည်း ရုံးသုံးကျောင်းသုံးဖြစ်ခဲ့တော့သည်။

"မိန်းမမြတ်" နာမည်သည် စာထဲပေထဲမှာ အက္ခရာအဖြစ် ကျန်ခဲ့၏။ မြတ် ငုံ့ပစ်လိုက်တာကို ရှေ့က လူရွယ်က လိုက်ငုံ့ကြည့်၍...

"ဒီမှာနေဖို့ဆိုတာကို ပြောပါဦး ဘယ်သူ့အမိန့်နဲ့လဲ ဘာလာလုပ်မှာလဲ"

ထိုစဉ် မိုးတွေ ညို့သထက်ညို့၍ မိုးစက်တွေ စိပ်လာရာ...

"ပြီးမှမေးကွာ အထဲခေါ်သွားလိုက်ပါ မိုးတွေ ရွာလာပြီ"





ကျောနောက်က အသံထွက်လာ၏။

လှည့်ကြည့်ဖို့ လှုပ်ရှားသွားပြီးမှ မြတ်သတိတရ ငြိမ်နေမိ၏။

ခဏ ခဏ ပြုံးပြုံးပြောင်ပြောင် ခံနေရတာ ရှက်စရာပါ။

သူမရှေ့က လူကိုပဲ မော့ကြည့်ကာ...

"ဟုတ်ပါတယ် မြတ်ကမိုးမိရင် ဖျားတတ်လို့ပါ အထဲဝင်မယ်နော်"

"ဟာ မရဘူး"

သူက ရက်စက်စွာ တားဆီးခဲ့၏။ မိုးစက်တွေက သဲမဲစွာ ရွာချသည်။

"ဟာ ဂွတ်ဒ်တယ်ကွာ"

ရှေ့မှ သူကလွဲ၍ အားလုံး ဖွေ့ကနဲ ထခုန်ကြသည်။ မြတ်တစ်ကိုယ်လုံး ချက်ချင်းပဲ စိုရွှဲသွားလေသည်။

"ကဲ...ပြော"

ဒီလူရွယ်ဟာ မပြောလျှင်ဖြင့် နည်းနည်းမှ ရှေ့တိုးခွင့်ပြုမည်မဟုတ်တာ သေချာနေသည်မို့ မြတ် ခေါင်းညိတ်ရင်း ဆံပင်တွေကို ရေသပ်ချ၍.....

"မမလွင်က သွားနှင့်နိုင်းလို့ပါ မြတ်ကအပေါ်ထပ်မှာ နေရမှာ ဒီအချိန်ဒီမှာ ဘယ်သူမှ မရှိလောက်ဘူးဆိုပြီး သော့တွေလည်း ပေးလိုက်တယ်၊ အဲဒါကြောင့် မြတ်ဘာသာဝင်လာတာပါ သွားလို့ ရပြီလားဟင် မြတ် မိုးကြောက်လို့ပါ"

"ရပြီ အစကပြောပါလား"

ပြောပြီး ချာခနဲ လှည့်ပြေးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး"

"ဝေါ"

သူတို့အုပ်စု ဟေးခနဲအော်လိုက်၍လား မသိ။ မိုးက မြည်သံကြီး ပေး၍ မိုးပေါက်တွေ အင်တိုက်အားတိုက် ပြိုကျလာကြသည်။ မြတ် ရှေ့ကို ဘာမှမမြင်တော့ပါ။

မျက်စိရှေ့မှာ မှုန်မှုန်ဝါးဝါးလွင်ပြင်ကြီးသာ ဖြစ်နေလျက် မှုန်မှုန် ဝါးဝါးတွေလည်း မြတ်ကို လမ်းမပြနိုင်တော့ပေ။

အိတ်ကိုဆွဲထားရသည့်လက်ကလည်း နာကျင်နေပြီ လူကလည်း နိုက်နိုက်တုန်လျက် အရှေ့ကိုဘာမှမမြင်။

သေချာသိနေသည်က သူမနှင့် ဘေးတိုက်တည့်တည့်မှာ သစ်ပုပ် ပင်လေးရှိသည်။ အိတ်ကိုဆွဲလျက် ကွန်ကရစ်လမ်းကလေး ပေါ်ကနေ ဖွဲ့ဆင်းလိုက်သည်။

သစ်ပင်အောက်ကို ငုံ့ဝင်လိုက်တော့ ကိုယ်ပေါ်ကို ရိုက်ပုတ် ကျဆင်းနေခဲ့သည့် မိုးစက်တို့ မရှိတရှိ ဆုတ်ကျန်ခဲ့သည်ထင်၏။

မြတ် နိုက်နိုက်တုန်နေလျက် သစ်ပင်အောက်မှာ ဆောင့်ကြောင့် လေးထိုင်ချကာ ကိုယ့်ဒူးကိုယ်ပြန်ဖက်၍ မေးဖျားလေးပါကပ်ထား လိုက်မိသည်။

မိုးသံက ဝုန်းဒိုင်းကျဲနေဆဲ၊ ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်လျက် မိုးကိုကြောက်သော မြတ်မျက်လုံးတွေပါ မှိတ်ပစ်သည်။ ချမ်း၍ တုန် နေသော တစ်ကိုယ်လုံးက မိုးစေသည့်လေကြောင့် အနွေးဓာတ်ကို ဘယ်လိုမှ ဆုပ်ဖမ်းမရခဲ့ဘဲ...





## အခန်း (၄)

"သနားပါတယ် မောင်လေးရယ်"

တင်ဓာလွင် လှိုက်လှိုက်လှဲလှဲပြော၍ မျက်နှာလေးနီရဲကာ အဖျားရှိန်နှင့် အိပ်မောကျနေသော မျက်နှာလေးကို ငုံ့ကြည့်သည်။

ပြီးတော့ ခဏချွတ်ထားလိုက်ပါ ပြောလို့မရခဲ့သော မျက်မှန် လေးကို အသာလေးငုံ့၍ ချွတ်ယူလိုက်၏။

စားပွဲပေါ်မှာ သေချာတင်လိုက်ပြီးမှ နောက်မှာခပ်ကွယ်ကွယ် ရှေ့နောက်စီ၍ရပ်နေကြသည့် လေးယောက်ဘက်ကိုလှည့်၏။

"မြတ်က သိပ်ကိုဖြူစင်တဲ့ မိန်းကလေးပါ ဆရာဝန်တစ်ယောက် ဆိုပေမယ့် မာနမရှိဘူး ကြင်နာတတ်တယ် နောက်ပြီးတော့ ဘယ် လိုလူမျိုးကိုမှ သူမကောင်းမမြင်ဘူး"

လေးယောက်စလုံး နှုတ်ခမ်းတွေ မသိမသာလှုပ်၍ မျက်ခုံး မသိမသာ ပင့်သူကပင့် တမင်တကာ အဲဒီလောက်ပဲလားဟု မေးချင်ပုံကို တင်ဓာလွင်မြင်အောင် မရှုံ့မချဉ် မျက်နှာမှုလုပ်ပြ ဘာက တစ်မျိုး။

အားလုံးဟာ ညီအစ်ကိုတွေမဟုတ်ကြဘဲ ဒီမှာလာရောက် နေနေကြတာဖြစ်သည်။ အဆောင်ငှားနေကြတာမျိုးလည်း မဟုတ်။

ပိုင်ရှင်က စေညွှန်း၊ မိဘတွေကတော့ ညွှန်းတစ်လုံးပဲ ပေးကြကာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်သူတွေကျတော့ စေညွန့်းလို့ပဲခေါ်သည်။ ပြီးတော့ နေမင်း နှစ်ယောက်လုံးက တစ်ဦးတည်းသောသားတွေချည်းဖြစ်ကာ...

ဒီအရွယ်ထိရှင်သန်နေခဲ့သော ဘဝမှာ မြန်မာပြည်မှာတစ်ပိုင်း နိုင်ငံခြားမှာတစ်ပိုင်း ရှိခဲ့ကြတာချင်းလည်း တူကြသည်။

နေမင်းက မိဘတွေမရှိတော့သည့်နောက်မှာ အမေရိကမှာနေသည့် အစ်ကိုတစ်ဝမ်းကွဲဆီရောက်သွားခဲ့၏။

စေညွန့်း ကတော့ သဘောထားမတိုက်ဆိုင်သည့် မိဘနှစ်ပါး၏ လမ်းခွဲမှာ အဖေက အမေရိကရောက်သည်။

အမေနှင့် အဖွားဖြစ်သူက မြန်မာနိုင်ငံမှာ၊

ခုနစ်တန်းအောင်သည့်နှစ်မှာ မိခင်ဆုံးသွားတော့ အဖေဖြစ်သူက လှမ်းခေါ်ခိုင်းလိုက်သည်။ စေညွန့်းကလည်း လိုက်ချင်သည်။

နောက်အိမ်ထောင်မပြုဘဲ ရှိနေခဲ့သည့် အဖေဖြစ်တာကြောင့် အဘွားလည်း မတားနိုင်ဘဲ လွှတ်လိုက်ရ၏။ အမေရိကမှာပဲ စေညွန့်း ကျောင်းပြီးခဲ့သည်။

မိဘနှစ်ပါး၏ ချမ်းသာကြွယ်ဝသမျှ အမွေအားလုံးက မြန်မာနိုင်ငံမှာရှိနေ၏။ ဒါတွေကို ထိန်းသိမ်းရင်း မကျန်းမာသည့်အဘွားက မဖြစ်မနေခေါ်မှ ဦးထွတ်ဖေက ပြန်လွှတ်လိုက်၏။

"ဒယ်ဒီထွက်လာကတည်းက ဒီအမွေတွေကို ထားပစ်ခဲ့တာပဲကွ၊ ဒါပေမဲ့ မိဘအမွေဆိုတာ သားသမီးဆက်ခံရမယ်၊ မင်း မြန်မာပြည်ကို ပြန် မင်းရဲ့အဘွားကျန်းမာတဲ့အထိ အနားမှာနေလိုက်ပါ။ ဒါမှမဟုတ် အခြေအနေမကောင်းရင်လည်း သူ့ကံပေါ့ကွာ အမွေကိစ္စတွေပြီးရင် မင်းပြန်ခဲ့"





ဟု မှာလိုက်သည်။

သို့သော် ဒီမှာကျတော့ အခြေအနေတွေက ထင်သလိုမဖြစ်ခဲ့ဘဲ ဒေါ်နှင်းခ၏ဘေးမှာ တူမဝမ်းကွဲတွေ မြေးဝမ်းကွဲတွေ ဝိုင်းဝိုင်းလည် နေသည်။

သူတို့ပဲ ပြုစုရသည်။ သူတို့ပဲ ခံစားခွင့်ရှိသည်။ အစကတည်းက နိုင်ငံခြားကို အပြီးထွက်သွားတဲ့လူတွေကို ပေးစရာရှိတော့မှ ခေါ်စရာ သား စသော အသံဗလံတွေ ထွက်လာ၏။

ထိုအခါကျမှ ဒေါ်နှင်းခ နာတာရှည် လူမမာကြီးဖြစ်နေခဲ့တာ သုံးနှစ်ကျော်ကြာခဲ့ပြီမှန်း စေညွန့်းတို့ သိခဲ့ရ၏။

"စဖြစ်ကတည်းက အဘွားမှာနေတာပါ သမီးရယ် ဒါပေမဲ့ ကိုယ်ပိုင်မပါနိုင်တော့ မြေးလေးနဲ့ ဆက်သွယ်တာကို သူတို့က ဖျက်ဆီးသွားကြတာ"

ဒေါ်နှင်းခဟာ တင်ဇာလွင်၏ယောကျ်ား ကောင်းဆက်နှင့် ပတ်သက်၍ ခင်မင်ခဲ့ကြတာဖြစ်သည်။

ကောင်းဆက်၏ ဆရာကျော်ထွန်းဦးက ဒေါ်နှင်းခ၏ တူဝမ်းကွဲ ကျော်ထွန်းဦးက မကြာခဏ ဒင်နာလုပ်သည်။

ထိုအိမ်သို့ လင်မယားအတူ သွားဖြစ်ရင်း ကောင်းဆက်ကတော့ သားစုတွေနဲ့ ရောနှောနေသည်။

တင်ဇာလွင်ကတော့ ဆရာဝန် ဝင်ထွက်နေတာကို စိတ်ဝင်စားသဖြင့် ဝင်ကြည့်ရင်း ဒေါ်နှင်းခနှင့် သိကျွမ်းသွားခဲ့တာ ဖြစ်သည်။

နောက်တော့ လူမမာမေးရင်း ခဏခဏ ရောက်သွားရာကနေ လူမမာ ဘဝနှင့် အဖော်မဲ့နေရှာသော ဒေါ်နှင်းခကလည်း တင်ဇာလွင်



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်မင်လာသည်။ ရှေးရေစက်ကြောင့်ပဲထင်သည်။

ခင်မင်ခဲ့ရသည်နှင့် ယုံကြည်လာကြကာ အတွင်းရေး အားလုံး ကို ဖွင့်ပြောခဲ့၏။ ထိုအခါကျမှ ဒီအိမ်သားအားလုံးဟာ မြင့်မိုရ်စံအိမ် ကြီးနှင့် ဆွေမျိုးနီးစပ်တော်ရုံမျှဖြင့် လူမမာအပေါ် ဝိုင်းဝန်းစိုးမိုးနေကြ တာမှန်း သိခဲ့ရသည်။

"သနားလို့ ကူညီခေါ်တင်ခဲ့တာပါကွယ် အဲဒါ အဘွားမှားသွား တာပါ တစ်ယောက်ကအစ တစ်ရာအဆုံး အဘွားဘာမှ မလွန်ဆန်နိုင် ကာမှ စုပြုံရောက်လာတာ ပြုစုပေးရင်းနဲ့ မျက်လုံးတွေ စကားလုံး တွေနဲ့ ခြိမ်းခြောက်နေကြတာ အဘွားမြေးလေး ရောက်လာတော့ ဒီကလေးကို သူတို့ကြားထဲ ပစ်ထည့်လိုက်လို့ မဖြစ်ဘူး သမီးရယ် ဒါလေးရောက်လာတာလည်း သူတို့မသိစေချင်ဘူး။ ရွှေတောင်ကြား ထဲမှာ ဘယ်သူမှ မသိအောင် အဘွားဝယ်ထားတဲ့ တိုက်တစ်လုံး တယ်၊ အဲဒီမှာ ကလေးနေနိုင်အောင် သမီးလေး စီစဉ်ပေးပါ။ ဒီ အဖြစ်တွေကိုလည်း ပြောသင့်တာပြောပါ။ လောလောဆယ် ကလေး ဒီကိုမလာစေချင်တာ"

ကိုယ့်လက်ကို ဖိညှစ်ဆုပ်ကိုင်၍ အားကိုးတကြီးမှာတာကို တ တာလွှင် မမေ့နိုင်၊ ကိုယ့်ကိစ္စ ကိုယ့်အခက်အခဲလိုပဲ သဘောထား ဒီလိုတွေဖြစ်အောင် သူမပဲ စီစဉ်ပေးခဲ့တာပါ။

စေညွှန်းကို ကောင်းဆက်နဲ့သူမပဲ သွားကြိုခဲ့သည်။ ရောက်လ တော့ စေညွှန်းက အဖော်မဲ့ဖြစ်နေသဖြင့် ပိုပြီးတော့ အဆင်ပြေသွားသည် အဘွားဖြစ်သူနဲ့ နေရတာထက် လူငယ်ချင်း လွတ်လွတ်လပ်လ နေရတာကို စေညွှန်းကပိုသဘောကျသဖြင့် အမွေကိစ္စတာညာကိုလည်





က်မက်စက်စက် ဘာမှမမေး။ အဘွားဆိုတာလည်း ငယ်စဉ်ကတည်း က မခွဲမခွာနေလာခဲ့ရတာ မဟုတ်သည့်အပြင် လူငယ်ပီပီ လွတ်လပ် ကို မက်မောတဲ့အရွယ်မို့ အဘွားနေထိုင်မကောင်းဖြစ်နေတာရယ် ဘွားနဲ့ တွေ့ပါရစေ ဘာညာပြင်းပြင်းထန်ထန် မရှိခဲ့ပါ။

"အဘွားက ခေါ်မှသွားတွေ့မယ်နော် ဒီမှာပဲနေကြ အဖော်ရ အောင် နောက်ထပ်အိမ်ငှားနှစ်ဦး မမလွှင်ထပ်တင်ပေးမယ် လက်ခံ လား"

ပြောတော့လည်း ကောင်းသားပဲဟု ခေါင်းညိတ်သဖြင့် ခလယ်လူ င့် မိုးဇက်တို့ကို တစ်နှစ်စာချုပ်နှင့် အိမ်ငှားထားလိုက်၏။ ဘာမှ ကြာလိုက်ဘဲ ခင်မင်ကုန်ကြသည်။ ခလယ်လူက ပဲခူးက ဖြစ်သည်။

ရန်ကုန်မှာ ကုမ္ပဏီလုပ်ငန်းလုပ်ဖို့ လေ့လာရင်းနှီးဖို့ မိဘဆီမှာ င့်တောင်းပြီး ထွက်လာခဲ့တာဖြစ်၏။ မိုးဇက်က သူ့အဖော်၊ လေး ယာက်လုံးက ချို့တဲ့သူဘယ်သူမှ မရှိ။

လူငယ်တွေချည်းပဲမို့ အပေါ်တစ်ထပ်လုံးကို ဒီတိုင်းထားကာ အောက်ထပ်မှာပဲ တစ်ယောက်တစ်ခန်း စုပြုံနေကြ၏။

ဒါတောင် အောက်ထပ်မှာ အခန်းတွေ အများကြီးရှိနေသေး သည်။ ထို့ကြောင့်လည်း သမီးလေးရယ် သမီးတို့လင်မယားကို အဲဒီမှာ နေစေချင်တာ အခုအဲဒီမှာ သမီးတို့ တိုက်ခန်းလေးက ကျဉ်းတယ်ဆို"

ဘယ်မိဘနဲ့မှ မနေဘဲ သပ်သပ်ခွဲနေကြတာမို့ တင်ဇာလွှင်တို့ တိုက်ခန်းလေးက သိပ်မကျယ်ပါ။

ဒီလို စပြီး ရင်းနှီးကြကတည်းက ပြောပြဖူးတာမို့ ဒေါ်နှင်းခ မြေးကို ထိန်းသိမ်းကြည့်ရှုပေးရင်း ဒီမှာအတူနေပေးဖို့အထိ ပြော



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

"နောင် အဘွားမြေးလေးရဲ့ ကိစ္စတွေပြီးရင် အဘွားကျေးဇူးဆပ်ပါ့မယ် ကူညီပါ. မြေးလေး စည်းလွတ်ကမ်းလွတ်နဲ့ ထင်သလို နေမှာစိုးလို့"

ဟု ပြောလာတော့ မန္တလေးက ကိစ္စအားလုံးကို သိထားခဲ့သည့် သူမခေါင်းထဲမှာ မေမေ့ပြောခဲ့သော မြတ်၏ အခက်အခဲကို သတိရလာ၏။ ထို့ကြောင့် အဘွားကို သေချာပြောပြကာ…

"သူက ဆရာဝန်ပါ လွှင့်လောက် အသက်မရှိသေးပေမယ့် အရမ်းအေးဆေးတည်ငြိမ်တယ်၊ သိက္ခာရှိတယ်၊ စေည္သန်းကို ပြောဆိုလမ်းပြနိုင်တဲ့ မိန်းကလေးမျိုးပါ အဘွား၊ သူဒီကို တာဝန်ကျလာတယ် နေထိုင်ဖို့လည်း အဆင်မြေ စေည္သန်းတို့အတွက်လည်း ကောင်းသွားတာပေါ့ အဘွား လက်ခံမလားဟင်"

ဟု မေးတော့…

"မိန်းကလေးက သိပ်ငယ်ရင်တော့ မြေးတို့နဲ့ ဖြစ်မှာမဟုတ်ဘူး"

ဒီနေရာမှာတော့ တင်ဇာလွှင် မှသားနည်းနည်းသုံးရပါသည်။

"မငယ်တော့ဘူး အစ်မကြီးနဲ့ မောင်ငယ်လေးတွေလိုပဲဖြစ်မှာ"

အိမ်သားတွေကို မယုံကြည်နိုင်ဘဲ သူမကိုသာ အားကိုးခဲ့သည့် ဒေါ်နှင်းခ ခေါင်းညိတ်ခဲ့ရှာသည်။

ခုလို သူမလုပ်ခဲ့တာ ကောက်ကွေ့တာ ဘာမှမရှိခဲ့ပါ။ မြတ်လည်း အဆင်ပြေသည်။

ဒေါ်နှင်းခ ဖြစ်စေချင်တာကိုလည်း ကူညီရာရောက်သည်။ မြတ်၏ ပုံစံလေးက အသက်မကြီးလှပေမယ့် တခြားသက်တူရွယ်တူတွေ





နေထိုင်တာမျိုးထက် သိက္ခာရှိသည်။ အေးချမ်းသည်၊ ပြီးတော့ ဆရာဝန်…

ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်လေးတွေနှင့် ရင်းနှီးခင်မင်သွားတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် လေးစားသမှုတွေ ရှိလာမည်။ အားလုံးထဲမှာ မိန်းကလေးတစ်ယောက်တည်းမို့ လူငယ်တွေကပဲ ငဲ့ညှာရင်း သူမလေးပြောဆိုအကြံပေးတဲ့အတိုင်း နေထိုင်လိုက်နာကြဖို့တွေဖြစ်လာမည်။ ဒါက သူမတွေး၍ လိပ်ပြာသန့်သန့်စီစဉ်ခဲ့မိတဲ့ အပိုင်း။

တကယ်တမ်းကျတော့ မှားပြီလားဟု တွေးမိတာ မဟုတ်ပေမယ့် တင်ဇာလွှင် နည်းနည်းတော့ ရင်မေ့သွားပါပြီ။ အတွေးတွေကြောင့် ငိုင်သွားလျက် အပြင်ကို လေးကန်စွာ လျှောက်ထွက်လာခဲ့သည်။ လေးယောက်လုံး သူမနောက်မှာ လိုက်ပါလာကြ၏။

သူတို့ အောက်ထပ်ရောက်တော့ ဧည့်ခန်းမှာ မျက်နှာချင်းဆိုင်ထိုင်ကြသည်။ တင်ဇာလွှင်ကတော့ မထိုင်ပါ။ သူမသည် စေည္သန်းကိုပဲကြည့်၍…

"မြတ်ကို ဒီမှာနေလို့ရတယ်လို့ မမလွှင်အာမခံပြီး ခေါ်လိုက်တာ အဲဒါကလည်း ဒီမှာ လူငယ်လေးတွေဆိုပေမယ့် လူရမ်းကားလေးတွေ မဟုတ်ကြဘူးဆိုတာသိလို့ ဆိုပါတော့ ပြီးတော့ မြတ်က ပျော့ပျော့ရမ်းရမ်း မိန်းကလေးမျိုး မဟုတ်ဘူး မောင်လေးကို မလွှင်က အချင်တယ် မြတ်ကို အပေါ်ထပ်မှာထားဖို့ တောင်းဆိုခဲ့တာ သဘောတူလို့လားဟင်"

သူက အိမ်ရှင်မို့ သူ့ကိုပဲ ဦးတည်မှန်း စေည္သန်းက သိသည်။ သူ့အကျင့်အတိုင်း ရှေ့ကဆံပင်တစ်ချို့ကို ဆွဲ၍ နှာတံချွန်ချွန်၏ ထိပ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆန့်ဖိကပ်လိုက်ပြီးမှ ဆိုဖာမှာ ပက်ခနဲ မှီချလိုက်၍ မော့ကြည့်သည်။

"မလွင်က ကျွန်တော့်ဆီမှာ တောင်းဆိုဖူးလို့လား"

"ဒါဆို မောင်လေးကတော့ သဘောမတူဘူးလို့ ဆိုတာပေါ့နော်"

"မဟုတ်ပါဘူး မလွင် ဘွားကို ပြောပြီးပြီဆို"

"ဟုတ်တယ် ဒါပေမဲ့ ဘွားက ဒီမှာနေတာမှ မဟုတ်ဘဲ ဒီမှာက စေညွန်းက ပိုင်ရှင်လေ"

"ကျွန်တော်ကတော့ ပြဿနာမရှိပါဘူး၊ မလွင်ကိုဘွားက ဒီကိစ္စတွေ လွှဲထားတယ်ဆိုတော့ ပိုင်ရှင် ဟုတ်ဟုတ် မဟုတ်ဟုတ် မလွင် စီစဉ်ခွင့်ရှိတယ်။ ဒါပေမဲ့ သူဒီမှာနေနိုင်ရင်နေ ကျွန်တော်တို့ကတော့ သူ့ကို သပ်သပ်ထုတ်နုတ်ပြီး မစော်ကားဘူး သူ့ကြောင့် အထူးတလည် ထိန်းသိမ်းဆင်ခြင်နေပါ့မယ်လို့ ကတိမပေးနိုင်ဘူး ကျွန်တော့်ဘက်က အဲဒါပဲ"

စေညွန်းက မယဉ်ကျေးတတ်သော်လည်း ရိုင်းစိုင်းတတ်တဲ့ အပြောမျိုးတော့ မပြောဘူးသေးပါ။

"နေဦး မလွင် သူကကော ဒီမှာတကယ်နေရဲလို့လား အောက် ထပ်မှာ ယောကျ်ားလေးတွေချည်းပဲ"

နေမင်းက ထပ်မေးတော့ မလွင်က ပြုံးလိုက်၏။

"နေရဲတာပေါ့ မလွင်ကို သူယုံကြည်တယ်လေ ဒီကောင်လေးတွေက အားလုံးစိတ်ချရတယ်လို့ ပြောလိုက်တာနဲ့ သူရောက်လာတာ"

နေမင်းက ပခုံးနှစ်ဖက်တွန့်၍ မဲ့သည်။ ခလယ်လူက စေညွန်းကို ကြည့်၍...





"စေညွန်း သူဝင်လာတော့ မင်းပဲ ပြဿနာရှာတာနော် အခု ဖြစ်သွားတာလည်း မင်းကြောင့်ပဲ မလွင်က ရှင်းအောင်မေးနေတုန်း အားမနာတမ်းပြော တော်ကြာ ထပ်ဖြစ်ကြရင် မကောင်းဘူး"

ဟု သတိပေးသလို ဝင်ပြောသည်။

စေညွန်းက ခေါင်းခါလိုက်ပြီး ဘယ်လိုမှမှ မပွတဲ ပျော့ပျော့စင်းစင်းလေး ပြန်ကျသွားတတ်သည့် ဆံပင်တွေကို ထင်သလို ထိုးဖွပစ်သည်။

"သူ ဒီမှာနေတာ မနေတာကို ငါစိတ်မဝင်စားဘူး ဒါပေမဲ့ ခုလို ဖြစ်သွားတာ ငါ့ကြောင့်မို့လို့ နည်းနည်းစိတ်မကောင်းဖြစ်သွားတယ်"

ပြောရင်း မလွင်ကို မော့ကြည့်၍...

"ဒါကို သူအမှတ်မထားဘူးဆိုရင် ပြီးတာပဲ"

မလွင်က ကျေနပ်စွာ ပြုံးသည်။

"မြတ်က သူ့ကိုရှေ့ကနေ တုတ်နဲ့တည့်တည့်ကြီး ဝင်ရိုက်ပြီးမှ မမြင်လို့ပါ လို့တောင်းပန်ရင်တောင် ခွင့်လွှတ်တတ်တဲ့ မိန်းကလေးပါ သူများကောက်ကျစ်တာကို မဖမ်းတတ်ဘူး ဟန်ဆောင်ပြုံးရယ်တတ်တဲ့ မျက်နှာတွေကိုလည်း သူမဖတ်ဘူး။ ဘယ်သူ့ကိုမဆို သူ့စိတ်ထဲမှာ ရှိတဲ့အတိုင်းပဲကြည့်တယ် မင်းတို့တွေ ခေါ်ပြောရင်းနှီးသွားတဲ့အခါ ပိုနားလည်မှာပါ။ တို့လည်း နေ့တိုင်းလိုလို လာဖြစ်မှာပါ ပြီးတော့လေ အားလုံးက ဒီမှာအိမ်ရှင်တွေပါ မြတ်ကတော့ ခုမှ ရောက်တာဆိုတော့ ညီသည်ပေါ့ သူကလည်း သူနေတတ်သလိုပဲ နေမှာပါ စေညွန်းက ကျေနပ်ပါတယ်ဆိုလို့ မလွင်ထပ်တောင်းဆိုချင်တာရှိတယ်"

စေညွန်းက နားစွင့်နေသည်။ မလွင်က စေညွန်းနဲ့ မျက်နှာချင်းဆိုင် လောက်မှာ ဝင်ထိုင်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် ဒီလိုမျိုးတော့ ထပ်မဖြစ်စေချင်ဘူး မောင်လေး ရယ် ဘယ်သူ့ဘောနဲ့မှ မဟုတ်ပါဘူး မိန်းကလေးတစ်ယောက်ဆိုတဲ့ အမြင်လေးနဲ့ ညှာတာဖို့ပါပဲ"

"သူက မလွင်နဲ့ ရွယ်တူလား"

"အို မဟုတ်တာ ညီမအငယ်ဆုံးနဲ့မှ ရွယ်တူ မြတ်က အဲဒီလောက် ရင့်ရော်နေလို့လား"

"အဲဒီလိုဖြစ်လိုက်ရင် ကောင်းတယ်လေ ကျွန်တော်တို့က ဘယ် လို ဆက်ဆံရမှာလဲ"

"ဘာဖြစ်လည်း စေညွန်းရာ သူငယ်ချင်းပေါ့"

ခလယ်လူက စပ်ဖြဲဖြဲဝင်ပြောသည်။ မိုးဇက်က မလိုအပ်ဘဲ ထရယ်၏။ မလွင်က အားလုံးကို အေးဆေးပဲ ဝေ့ကြည့်လိုက်ကာ…

"ဘာပဲဖြစ်ဖြစ် သူ့မှာ သမားဂုဏ်ရှိတယ်လေ သူ့ကိုမလေးစား ရင်တောင် ပညာကို နည်းနည်းလေး လေးစားပေးရင် အဆင်ပြေမှာပါ"

"ဘာလဲ မလွင်က သူငယ်ချင်းဖြစ်ခွင့်မရှိဘူးလို့ ပြောလိုက်တာ လား"

မိုးဇက်က နည်းနည်းမှ မျက်နှာပိုးမသေပါ။ ခလယ်လူက ခေါင်း တညိတ်ညိတ်၊ ထိုစဉ်မှာ ဆရာဝန် ရောက်လာသဖြင့် မလွင်ကပျာ ကယာထသွားရသည်။

ခလယ်လူက စေညွန်းဘေးကို ဇွေ့ခနဲ ပြောင်းထိုင်လိုက်ပြီး ဟင် ခနဲရယ်သည်။

"ဘယ်လိုလဲ စေညွန်း စိတ်ဝင်စားသွားတာလား"

စေညွန်းက မျက်မှောင်ကုတ်၍ လှည့်ကြည့်၏။





"ဘာကိုလဲ"

"သိဘူးလေ မင်းပဲခြံဝမှာတုန်းကတော့"

"အဲဒီတုန်းက မသိဘူးလေ စာစာက မလွင်ပြောသွားတာ ကြားဘူးလား ဒီမှာနေစရာအဆင်မပြေလို့ လာနေတာဆိုတော့ လက် ခံသင့်တယ်ထင်လို့"

"ဟား..ဟား ကောင်းတယ် ငါတို့ကတော့ ပျော်တယ်"

နေမင်းက ရေခဲသေတ္တာရှေ့မှာရပ်ပြီးမှ ခလယ်လူကို ပြန်လှည့် ကြည့်၏။ ခလယ်လူက ဘယ်ကိုမှမကြည့်ဘဲ မျက်နှာမော့၍ရယ်နေ သည်။ ရယ်လက်စအသံကြီးနဲ့ပဲ ဆက်ပြောနေ၏။

"မင်း မသိလို့ အဲဒီတစ်ယောက်ပုံစံက မအူမလည်ပါကွာ၊ မျက် ခန်းလေး တဝင်းဝင်းနဲ့"

ပြောရင်း ရယ်နေတာ ဘာတွေ ဒီလောက်သဘောကျနေမှန်း သိ။

"သိပ်ဟုတ်တာပေါ့ မလွင်က ဖေးဖေးမမ ဖွဖွလေးပြောသွား တာ တကယ်က ပုံစံလေးကြည့်ပါလား"

မိုးဇက်က သူ့ကို အားလုံးလှည့်ကြည့်လိုက်မှ နားထင်ကို ထောက် ၍ လက်ခါပြကာ…

"ဂေါက်လေး"

ဟု ပြောလိုက်၏။

သူတို့နှစ်ယောက် ရယ်ကြသော်လည်း နေမင်းနဲ့ စေညွန်းက ပ်ပြုံး ပြုံးနဲ့ပဲ ငြိမ်သက်နေကြ၏။ ၎င်းယောက်၏ မတူညီမှုလေးတွေက သိုမှ အစပြုခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

မနက်အစောကြီး ပြေးနေကျအတိုင်း နေမင်းနဲ့ စေညွန့်းအ
ပြေးသည်။

မိုးဖွဲလေးတွေကျနေပေမယ့် သူတို့အဖို့တော့ အလွန်ပြေး
ကောင်းသည့်အချိန်လေးဖြစ်၏။

ပြန်လာကြတော့ ခြောက်နာရီ မိုးလည်းလင်းနေပြီ နေရောင်
ပျပျနှင့် ရာသီဥတုက သာယာသောနေ့သစ်ကို ဖန်ဆင်းဖို့ အစပြု
၏။

"စေညွန့်း ဟိုမှာ ဟိုတစ်ယောက်"

နေမင်းက လက်တို့ပြ၏။ စေညွန့်းလှမ်းကြည့်လိုက်တော့ မြတ်
အနီရဲရဲဆွယ်တာလက်ရှည်လေးနှင့် သစ်ပင်ကြားထဲမှာ လက်ပိုက်
ရပ်နေ၏။ သူမသည် ထမီစကက်လိုမျိုး တင်နားမှာကျပ်ကျပ်ထစ်
ဟာတွေမဝတ်တတ်တာလား မဝတ်ဖြစ်သေးတာလားတော့ မသိ။

ရောက်စကကော ခုထိကော ထဘီရှိုးရှိုးကို ခြေဖမိုးပေါ်မှာ ပုံ
နေအောင် ဝတ်ထားတာပဲမြင်ရသည်။

အင်္ကျီကိုလည်း ခုထိမြင်ရတာက ဆွယ်တာလက်ရှည် လည်
တွေ အရပ်ကလည်း အတော်မြင့်သည်။





ဒါတောင် စလစ်ပါဖိနပ်ကလေးတွေပဲ စီးတာတွေ့၏။ ကိုယ်လုံး
အချိုးအစားကျနပုံကလည်း မော်ဒယ်တွေလို မဟုတ်ဘဲ သွယ်သော
ကိုယ်ဟန်က ပြည့်တင်းလှပ၏။

ထမီနဲ့ဆွယ်တာ ခါးရှည်လက်ရှည်ကို ဝတ်ထားပေမယ့် ကောက်
ကြောင်းလေးတွေက မသိလိုက်ဘာသာ မျက်နှာလွှဲပစ်လို့ မရအောင်
ပေါ်လွင်နေသည်။

စေညွန့်းသူမဆီသို့ ခြေဦးလှည့်ရင်း ဘေးစောင်းလေးရပ်နေသည့်
တစ်ကိုယ်လုံးကို သေချာကြည့်လာမိ၏။ နေမင်းက နောက်ကလိုက်
လာ၏။

မြတ်က လက်ပိုက်လေးကို ပို၍ကျစ်နေအောင် ပိုက်ကာ ချမ်း
နေသလိုလေး ခေါင်းလေးဝါ ငုံ့ဝစ်၏။

သူမသည် ဖွံ့ထွားသော ကိုယ်ဟန်ရှိနေသည့်တိုင် ဆံပင်တိုတို
လေးနဲ့လည်း ရုပ်ဆိုးမသွားပေ။

လေးထောင့်ဆန်ချင်ချင် မျက်နှာလေးမှာ မျက်မှန်လေးနဲ့မို့
ခန့်သည်။ အနားထိ ရောက်သွားမှ ဖျတ်ခနဲလှည့်ကြည့်၏။

စေညွန့်းတို့ကိုမြင်တော့ ကြောက်ရွံ့သလိုဖြစ်သွားပြီးမှ ပြုံးပြသည်။
စေညွန့်းက အဖြူရောင်စင်းကျားနှင့် ဘောင်းဘီအိတ်ထဲကို လက်တွေ
သည့်ထားရင်း ပြန်၍ပြုံးပြကာ…

"နေကောင်းသွားပြီလား"

"အင်း"

"ဟိုနေ့က ကိစ္စ ကျွန်တော် နည်းနည်းလွန်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မြတ်က မျက်ခုံးလေးပင့်ကြည့်ပြီးမှ ခေါင်းခါ၏။

"မြတ် မိုးမိတာကို ပြောတာလား"

"ဟုတ်တယ်"

"သြော်..အဲဒါက..သူ..အဲ"

"စေညွှန်း မလှုပ်မပြောဘူးလား"

"ပြောတယ် မေ့သွားလို့"

ဆိုတော့ စေညွှန်း မျက်မှောင်တွန့်သွားသည်။

"မေ့တတ်လား"

ဟု ခပ်ချွဲချွဲမေးလိုက်တော့ မြတ်ကဆတ်ခနဲ ခေါင်းညိတ်၍

"ဟုတ်တယ် စေညွှန်း အရမ်းမေ့တတ်တာ လိုင်းကားတွေစီး

လည်း သူများလို ခုံရတာတောင် ထိုင်မစီးရဲဘူးသိလား၊ ဘေးမှာ လ

ဘက်ကို ရပ်ကြည့်ပြီးစီးရတာ အဲဒါတောင် မှတ်တိုင်တွေ ကျော်

ပါသွားတာ ခဏခဏ"

နောက်ကနေ နေမင်းက ခပ်ကြိတ်ကြိတ်ရယ်၏။ မြတ်က

နေမင်းကိုပါ လိုက်ကြည့်ပြီး ပြုံးပြသည်။ ပြီးတော့ မျက်မှန်လေးပ

၍ ပြန်လှည့်သွား၏။

နေမင်းက စေညွှန်းနောက်မှာ ရပ်နေရာကနေ မြတ်ဘေး

လျှောက်သွားလိုက်၍..

"ဆရာဝန်ဖြစ်လာတာ အံ့သြစရာပဲနော်"

မြတ်က ဖျတ်ခနဲလှည့်ကြည့်၍...





"မြတ်ကို ပြောတာလားဟင်"

"ဟုတ်တယ် မမြတ်ပုံစံကြည့်ရတာ ပါးပါးကလေးမဟုတ်ဘူး

လေးလေးနက်နက်ကို မေ့တတ်တဲ့သူ"

"အယ်"

မြတ်က ရုတ်တရက်ကြီး မျက်ခုံးလေးနှစ်ဖက်ပင့်ကာ လက်ဖဝါး

ချင်း ဖျန်းခနဲရိုက်လိုက်ပြီး...

"အရမ်းမှန်တာပဲ မြတ်ကို အဲဒီလို မြင်မြင်ချင်းနားလည်သွားတာ

အရမ်းဝမ်းသာတာပဲ မဟုတ်ရင်လေ လူတွေတော်တော်များများက

မြတ်ကို တစ်မျိုးထင်ကြတာ အရိုးဆို စိတ်ဆိုးသွားကြတယ်၊ ဒါလေး

တောင် မမှတ်မိဘူးလား ဒီလောက်ကြီးကျယ်တာကို ဂရုမစိုက်တာ

ဘာညာပေါ့၊ မြတ် တကယ်ပါ ဘယ်လောက်ထိမေ့တတ်လဲဆိုရင်

စကားပြောနေရင်း ဘာဆက်ပြောရမှန်းမသိတော့ဘဲ ရပ်ပစ်လိုက်ရ

တာတွေရှိတယ် ဟိုလေ ဘာပြောမလို့ စကားစလိုက်မိမှန်း မသိတော့

တာမျိုး"

နေမင်းက ခေါင်းညိတ်၍ ဟက်ဟက်ပက်ပက်ရယ်နေသည်။ စေညွှန်း

မှာခေါင်းရှုံ့လျက် လှည့်ထွက်လာခဲ့၏။ နေမင်းက လှည့်ကြည့်သော်

သည်း မြတ်က သူ့စကားနဲ့သူ စေညွှန်းကို သတိထားမိပုံပင် မပေါ်။

"ဒါနဲ့ မင်းက နာမည်ဘယ်လိုခေါ်လဲဟင်"

"နေမင်း"

"နေမင်း"

"ဘာလဲ မေ့သွားမှာပဲမို့လား"



www.burmeseclassic.com

www.burmeseclassic.com



မြတ်က ချက်မှန်လေးပင့်တင်၍ ရယ်လိုက်၏။ နေမင်းက မြတ်
ပုံစံလေးကို သေချာကြည့်နေပြီး…

"မမြတ် အလုပ်မဆင်းရသေးဘူးလား"

"အင်း ဒီတစ်ပတ်ထဲမှာ ဆင်းဖြစ်မယ် ထင်တယ်"

"ဘယ်လို ဆင်းမှာလဲ"

"ဒီကနေ လိုင်းကားနဲ့ပဲပေါ့"

"ဆရာဝန်ဖြစ်ပြီးတော့ဗျာ"

မြတ်က ရယ်လိုက်ပြီး ဒီတက်ပြန်လှည့်လာတော့ နေမင်း
ခပ်နွာနွာလေး လျှောက်ပါလာသည်။

"မမြတ်"

"ဟင်"

"ဘယ်သွားမလို့လဲ ကျွန်တော်နဲ့ စကားမပြောချင်လို့လား"

မြတ်က လမ်းလျှောက်နေရင်း ခေါင်းခါပြသည်။

"မဟုတ်ပါဘူး နေမင်းတို့က မြတ်ကို ခုလိုရင်းရင်းနှီးနှီး ဆက်
ကြတာတောင် မြတ်က ဝမ်းသာရဦးမှာ ဟို စေညွှန်းက မြတ်ကို တစ်
ခုပြောဦးမယ်ထင်ခဲ့တာ မမလွှင်ပြောတော့မှ တော်ပါသေးရဲ့ပေါ့နေ
အဆောင်တွေ ဘာတွေမှာ နေရမှာကျတော့ ရှက်စရာကြီးလေ"

"မမြတ်ရဲ့ မိဘတွေက ဒီမှာနေဖို့တွေ စီစဉ်မပေးလိုက်ဘူးလား"

မြတ် ခြေလှမ်းလေး နှေးကျသွားသည်။ ဘယ်လို ပြောရမလဲ

မြတ်ရဲ့ ဘဝကလည်း မမလွှင်ပြောပြတဲ့ ဒေါ်နှင်းခဆိုသည်
အဘွားလိုပုံမျိုးပါပဲ၊ ဒါပေမဲ့ ဒေါ်နှင်းခကတော့ ချမ်းသာကြွယ်ဝလွှ





လိုချင်သူတွေ ရှိုင်းဝိုင်းလည်ကာ ရန်များရသည့်သူ။

မြတ်ဘဝက ခြေကုန်လက်ပန်းကျခဲ့သော စီးပွားရေးကြောင့် မိဘ
စ်ပါးစလုံး ဆုံးသွားတဲ့အချိန်မှာ တိုက်နဲ့ခြံကို လေးလေးဖော်တို့ လက်
ဲ ထိုးအပ်ခဲ့ရသည့်အဖြစ်။ ထိုအချိန်က မြတ် ရှစ်တန်းပဲရှိသေးသည်။

အဖေက စီးပွားရေးသမား အမေက ပညာကို တန်ဖိုးထားသူ၊
ဘ ပေးစားလို့ လက်ထပ်ခဲ့ကြပြီး သင့်မြတ်ကြသည်ဆိုတာလည်း
ရှိ မြတ် ဘဝသလောက်မှာ အဖေက အမေ့ကို ချစ်ပါသည်။ အမေက
ာနကြီးလွန်း၏။ ချစ်ပေမယ့် အဖေကလည်း စကားပြိုင်ပြောပြီးဆို
ဘယ်တော့မှ အရှုံးပေးတာမရှိ။

သမီးလေးတစ်ယောက်တည်းကို ချစ်ကြတာလည်း အဖေက
ချမ်းသာကြီးပွားစေချင်တဲ့လမ်းပေါ် ဘက်က မွေးမြူလိုသည်၊

အမေကကျတော့ ပညာသည်သာ ဘဝ၏ဘုန်းတန်ခိုး၊ ပဋိပက္ခ
သေးသေးလေးတွေကနေ ကြီးမားကျယ်ပြန့်လာချိန်မှာ မြတ် ခုနစ်တန်း၊

အမေ အိမ်မှကထွက်တော့ မြတ် အမေနဲ့ပါသွားသည်။ အဖေက
လည်း အရူးအမူး ဖြစ်ကျန်ခဲ့ပြီး အမေ့နောက်ကို တစ်ခါပဲလိုက်သည်။
နောက်ထပ် တောင်းပန်တာ မပြုတော့ဘဲ ဘဝကိုအရက်နဲ့ စိမ်၏။
အပြင်မှာအပျော်ရှာ၍ စိတ်ကိုနှစ်၏။

တစ်နှစ်အတွင်းမှာပဲ အဖေ့ကောင်းကောင်းကြီး ပျက်စီးတော့
သည်။ အမေ အလုပ်တာဝန်နှင့် ခရီးထွက်သွားရင်း ကားအက်ဆီးဒင့်
ဖြစ်တော့ မြတ်အဖေ့ဆီ ပြန်ရောက်သွားခဲ့၏။

အဖေသည် မြတ်ကိုထိန်းကြောင်ကြွက်ရွာ ဖတ်တွယ်၍ ရှိုက်ကြီးတငင်
ငိုကြွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်သူ့ကြောင့်လဲ သမီးသိလား မာနကြောင့် စည်းလုံးသင့်တဲ့ အသိုက်အမြုံထဲကနေ မာနတံခွန်ထူပြီး သူဖောက်ထွက်သွားတာ သားသမီးကို ဘယ်လိုပဲ မွေးမွေး ကလေးဆိုတာ သူ့အကျိုးပေးနဲ့ သူ့ဗီဇနောက်မှာနွယ်ပြီး ထွန်းပေါက်ကြတာပါ။ ကိုယ်တည့်မတ် ထိန်းကျောင်းတဲ့အတိုင်း သားသမီးတိုင်းဖြစ်ကြသလား ချိုရယ် မင်းက အသေခံပြီး မာနကြီးပြခဲ့တာ"

ထိုညမှစ၍ အဖေအရက်တွေကို မထတမ်းသောက်သည်။

"အဖေလည်းမကောင်းဘူး မယ်မင်းကြီးမ မာနကို တုပြိုင်ဖို့ ကြိုးစားရင်းနဲ့ အဖေမှားခဲ့တယ် သမီးရယ် မိဘနှစ်ပါးကြားမှာ ငါ့သမီးလေး ဒုက္ခရောက်တော့မယ်"

အမေဆုံးပြီး တစ်လမပြည့်မီ အဖေဆုံးခဲ့သည်။ အစကတည်းက မြတ်တို့လောက် မချမ်းသာပေမယ့် မာနကြီးကြီးနှင့် ကင်းကင်းနေခဲ့ကြသော ဦးဇော်ခန့်တို့ မိသားစုကို အဖေ လှမ်းခေါ်၍ မသေဆုံးမီမှာ ကြားသွားတာတွေရှိသည်။ အဖေဆုံးသွားနဲ့ "ညည်းအဖေက ငါ့ကို တိုက်နဲ့ ခြံနဲ့ရောင်းသွားတာ ဒီငွေနဲ့ ညည်းကို ပညာသင်ပေးကျွေးမွေးပေးဖို့" ဟု မညာမတာ ပြောလာသည်။

ခုနစ်တန်းအောင်ပြီးစ အရွယ်လေးမှာ မြတ် ဘာမှ မသိပါ။

လေးလေးဇော်တို့ တစ်မိသားစုလုံးကို အစကတည်းက အမေက ကြည်ဖြူခဲ့တာ မဟုတ်။

"မိန်းမက အိမ်ပွဲစား ယောကျ်ားက ကားပွဲစား ပွဲစားပါးစပ်တွေကို အထင်ကြီးစရာမရှိပါဘူး၊ မွေးထားတဲ့ ကလေးသုံးယောက်ကို ကြည့်ပါလား ထင်သလိုစား ထင်သလိုသွား စာသင်ခန်းထဲမှာ မှင်မှိ





တွေ ပြည့်နေတဲ့ ကလေးတွေ သူတို့ဆွေမျိုးတွေ ဒီလိုပဲ ပညာဆိုတာ း စားရလားလို့မေးတဲ့ လူတန်းစား"

အိမ်ကို လေးလေးဇော်တို့ လင်မယားနှစ်ခါ သုံးခါလာဖူးသည်။ သူတို့ကလည်း အမေ့ကို အောက်ကျနောက်ကျ ပြောဆိုဆက်ဆံကြတာ မဟုတ်ပါ။

ကိစ္စရှိလျှင်လာသည် အကြောင်းမရှိဘဲ ဘယ်တော့မှမလာ၊ လာသည်း အမေနဲ့ မျက်နှာချင်းဆိုင် ပြောဆိုဖြစ်ခဲ့ထာ မရှိ။

"ဘယ်သူလဲ ရှင့်အစ်ကိုမရှိဘူး"

"အရိုန်ကို မမေးနဲ့ ပရမ်းပတာ ဝင်ထွက်နေတာ တွေ့ချင် သူ့ဆီ န်းဆက်ပေး"

အမေကလည်း ပညာတတ်သလောက် မာနကြီးလွန်းပါ၏။ မိဘတို့၏ အရိပ်အငွေ့အားလုံးဟာ မြတ်၏ နောက်ဘဝတစ်ပိုင်းကို ပဝါနှင့် လွှမ်းခြုံပစ်လိုက်သလိုပါပဲ။

ပညာတတ်တာ ကောင်းပါသည်။ ဒါပေမဲ့ အတ္တမာန ပါလာတာ ကောင်းပါ ချမ်းသာကျော်ကြားတာလည်း ကောင်းသည် ဆင်ခြင်တုံ ရားမရှိလျှင် အလကားပဲဖြစ်၏။ စကားနည်း၍ တိတ်ဆိတ်နေသော တ်၏ နှနွယ်သည့် ဦးနှောက်အတွေးထဲမှာ မာနကိုလည်း ကြောက် သွားမိသည်။ ငွေကြေး ချမ်းသာမှုကိုလည်း မလိုချင်တော့ပါ။

"စီးပွားဉစ္စာဆိုတာ အလကား ပညာတတ်ထားတာကမှ တကယ် ိုယ်ပိုင်တာ"

"ပညာဆိုတာ သင်တဲ့ပညာပါသမီးရာ ဖတ်ချင်ကျက်ချင်တဲ့ စာ ကြိုးစားရင်ရတာပဲ စီးပွားရေး ဦးနှောက်ပါဖို့ဆိုတာကမှ ေသွယ်



www.burmeseclassic.com

www.burmeseclassic.com



တာ။ အဲဒါကမှ တကယ့်ပညာအစစ် သင်လို့တတ်တာက သင်ညာ သမီးရဲ့"

အမေက တစ်မျိုး အဖေက တစ်ဘာသာ၊ ဒီထဲကနေ မြတ်က သေချာမြင်တတ်အောင် ကြိုးစား၍ မျှမျှတတ ဖွဲ့ထုတ်ကြည့်ခဲ့သည်။

ပညာတွေတတ်ပြီး ပညာဂုဏ်မောက်နေတာဟာလည်း မကာ ဘဲ မမြင်ရတဲ့လူလို တကယ့်အလင်းရောင်ကို မရနိုင်။ ချမ်းသာ ဆင်ခြင်တွေးခေါ်နိုင်မှုမရှိတော့ရော ဘာထူးလို့လဲ။ ဘာမဆို မတော လောဘ မထားတာ အကောင်းဆုံး။

မြတ် အတွက်ကင်းစင်အောင် ကြိုးစားခဲ့သည်။ ပြီးခဲ့သမျှကို ပိုင်း ခြားသုံးသပ်ပြီး စွန့်ပစ်လိုက်ဖို့နောက်မှာ အားလုံးနှင့် သင့်တင့်အောင် ပေါင်းသင်းနေထိုင်ခဲ့သည်။

"သမီးရယ် အားမငယ်ပါနဲ့ တကယ်တော့ ခြံနဲ့တိုက်ကို ကိုတင် ထွန်းက ရောင်းခဲ့တာ မဟုတ်ဘူး၊ သူတို့သက်သက်အပိုင်စီးထားတာ သက်သေမရှိပေမယ့် အဲဒါလူတိုင်းသိနေတာပါ။ သမီးတစ်နေ့နေ့မှာ ဒီကိစ္စတွေကို ပြန်ဖော်ပြီး ကိုယ့်မိဘအမွေ ကိုယ်ပိုင်နိုင်အောင် ကြိုး စားရမယ်"

"ဟုတ်တယ် သမီး ကိုတင်ထွန်း အဲဒီလိုဖြစ်သွားလောက်အောင် မမွဲဘူး ကလေးရှေ့ရေးရှိတဲ့ဟာကို သူတို့ကို ထိုးလျှော်ခဲ့ပါမလား တကယ် အပ်ခဲ့တာက ဒီမှာအစ္စလာနေကြပြီး သမီးကို စောင့်ရှောက်ပေး ဖြစ်မှာ၊ ကိုဇော်တို့က ဒီအိမ်တွင်းရေးကိစ္စတွေအံ့ပေါ် ခုတုံးလုပ်ပြီ သက်သက်အပိုင်စီးသွားတာ သေချာတယ်။ ဒါပေမဲ့ ဒီကိစ္စမျိုးက အမှ တရားရှိဖို့နေတာကို ဖျောက်လို့မရဘူး သမီးမှာ အရေးဆိုခွင့်ရှိတယ်





လိုချင် မမက်မောလည်း မိဘအမွေဆိုတာ ထိန်းသိမ်းဖို့ ဝတ္တရားပဲ"

ဒေါ်မော်လွင်နဲ့ ဦးအောင်တို့က မြတ်ရဲ့ ဒုတိယမိဘတွေဆိုလည်း မမှားပါ။ နှုတ်ဖြင့်ကော လက်နဲ့ပါ အများကြီး ကြည့်ရှုစောင့်ရှောက်ခဲ့ ကြသည်။

အိမ်ခြံမြေကိစ္စကို ပြန်ရဖို့ ကြိုးစားဖို့ တိုက်တွန်းခဲ့ကြတာလည်း တခြားစိတ်နဲ့ မဟုတ်ဘဲ သူမပိုင်ဆိုင်နေခဲ့တာကို အမှန်အတိုင်း ပြန် ဖြစ်ဖို့သာဖြစ်၏။

"နေပါစေတော့ အန်တီရယ် သူတို့လည်း စီးပွားရေးအခြေယိုင် နေပြီ ပြီးတော့ မြတ်ကို ဆရာဝန်ဖြစ်လာအောင် ကျွေးမွေးစောင့်ရှောက် ခဲ့ကြတာလည်း တာဝန်ကျေပါတယ်။ ခုနေ ဒါတွေကို ဖော်ထုတ်ပြီး ခြံကို မြတ်က ပိုင်သွားရင် ဒုက္ခရောက်ကုန်ကြမှာက မိသားစုလိုက်ကြီး မြတ်က တစ်ယောက်တည်းပါ။ ကိုယ့်ဘဝကိုယ်ရပ်တည်ဖို့လည်း ပညာ တတ်ထားပြီးပြီ မြတ် ကျေနပ်ပါတယ်"

ဒီလို ပြောလိုက်တော့လည်း မြတ်ကိုပို၍ ချစ်ခင်လေးစားကြရင်း ကျည်မပျက်ခဲ့ကြတာက အခု ရန်ကုန်မှာ ဒီလိုအဆင်ပြေသွားဖို့ထိပါပဲ။

မြတ်အတွက်ဆို ရန်ကုန်မှာ ရှိနေသည့် မမလွင်ကအစ ကိုယ်ဖိ ရင်ဖိ ကူညီရှာသည်၊ ရှုပ်ထွေးနေတာတွေလည်းရှိသည်။ ရှင်းမပြနိုင် တာတွေလည်းပါသည်။

ဒီအဖြစ်တွေကို သူများတစ်ယောက်အား ဘယ်ကဘယ်လို စပြော ရမှန်းမသိပါ။ အထူးသဖြင့် ရှုပ်နေတာတွေကို မြတ် မရှင်းချင်။

သူမ ဦးနှောက်ပုံစံကိုက ရိုးရိုးရှင်းရှင်းလေး တွေးသွားမြင်သွား ဖို့ပဲဖြစ်၏။ ဒါကြောင့် ကိုယ့်ဘဝကိုယ်တောင် အစအဆုံးပြန်တွေး၍



www.burmeseclassic.com

www.burmeseclassic.com



ရင်မော ကြေကွဲမိတာမျိုးလည်း မဖြစ်ခဲ့။

ဘယ်လို ရှေ့ဆက်မလဲ ဘဝအတွက် ခိုင်မာအောင် ဘယ်လို စုဆောင်းမလဲဆိုသည့် ရေရှည်အတွေးမျိုးနဲ့လည်း စိတ်ညစ်မခံခဲ့ပေ။ ခံယူထားခဲ့သည်က ဖြစ်ချင်တာကို ဖွတ်လုပ်ယူလို့မရ။ ကြိုးစားနေသူဟာ အောင်မြင်ရမည်။ မြတ် အမြဲတမ်း ကြိုးစားနေမည်။

ဒါဟာ သူမတတ်ထားသည့် ပညာအပေါ်မှာပဲ ဖြစ်၏။ ရင်ထဲမှာရှိသည့် လောဘက ဒါလောက်ပါပဲ။

"မမြတ်"

"ဟင်"

မြတ် ဆတ်ခနဲ တုန်သွားသည်။

နေမင်းက အသံထွက်အောင်ရယ်၏။ မြတ်၏အားနာသွားသလိုလို ရှက်သွားသလိုလို ပုံလေးကိုငုံ့ကြည့်ကာ.....

"မေ့သွားတာပဲလား"

"ဘာလဲဟင်"

"ဒီနားမှာရပ်နေကြတဲ့ အဖြစ်ကိုလေ"

"အင်း မြတ် နည်းနည်းအတွေးလွန်သွားလို့"

"နည်းနည်းမဟုတ်လောက်ပါဘူး လေးလေးနက်နက်ပါ"

နေမင်း ပြောတတ်သော လေးလေးနက်နက်ဆိုသည့် စကားလေးကို မြတ်သဘောကျသွား၏။

"ဟုတ်တယ် ခုနက မြတ်တို့ဘာပြောနေကြတာလဲဟင် နေမင်း တစ်ခုခု မေးလိုက်သလားလို့"

"မမေးဘူးပဲ ထားလိုက်ပါတော့ ကျွန်တော်သိတယ် မြတ် အဲဒါ





ကို သိပ်မဖြေချင်တာနဲ့ ပတ်သက်ပြီး စိတ်ကအဲဒီအကြောင်းကို ရောက်သွားတာ"

မြတ် ဟင်ခနဲဖြစ်သွားခဲ့၏။

နေမင်းဆိုတဲ့ လူငယ်ပာစ်ယောက်ဟာ မြတ်ကိုကြည့်၍ ခန့်မှန်းပြောလိုက်တိုင်း ငယ်ငယ်ကတည်းက ခင်မင်ကြသည့် ငယ်ပေါင်းကြီးလိုလို ဘာဖြစ်လို့ ရင်းနှီးနားလည်နေခဲ့တာလဲ။

နေမင်းသည် စေညွန်းလို အရုပ်သိပ်မမြင့်ပေ၊ မြတ်နဲ့ မတိမ်းမယိမ်းသာပဲဖြစ်၏။ ထို့ကြောင့် စေညွန်းကို မော့ကြည့်ရသလိုမဟုတ်ဘဲ စကားပြောကြတိုင်း မျက်နှာချင်းက နီးနေသည်။ မျက်လုံးချင်းဆုံဖြစ်ဖို့ လွယ်၏။

ဆံပင်အလယ်ခွဲ မတိုမရှည် ဘောင်းဘီရှည်ပွပွကြီးတွေအမြဲဝတ်တတ်ကာ ပြုံးနေတတ်သည်မို့လည်း ခင်ဖို့ကောင်းပါသည်။

မြတ်က ကိုယ့်အတွေးနှင့်ကိုယ် ငေးကြည့်နေခဲ့မိ၏။ နေမင်းလည်း ရယ်နေရင်း ကြည့်သည်။

မထင်မှတ်ဘဲ မြတ်၏ မျက်ဝန်းညိုကလေးများမှ သိပ်ရှည်တာလည်း မဟုတ်ဘဲ တစ်ချောင်းချင်း ကော့နက်နေသည့် မျက်တောင်လေးတွေကိုပါ နေမင်း စူးစိုက်ကြည့်မိသည်။ မြတ်ဟာ ဘာမှ ပြင်ဆင်ထားသမထားဘဲ ကြည့်လေ လှလေမျက်နှာမျိုးလေး...

"ဒေါက်"

"

နဖူးမှာ ပြင်းပြင်းထန်ထန် နာကျင်သွား၏။ နေမင်း နဖူးကို ဆုပ်ကိုင်ပွတ်သပ်လျက် လှမ်းကြည့်လိုက်တော့ တံခါးဝမှာ ပခုံးစောင်းနှင့်ရပ်နေသည့် စေညွန်းက ရယ်ကျဲကျဲနှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဘာရိုက်ဖတ်စ် မေ့နေသလားလို့"

"ချေးကောင်"

မြတ်ကို နှုတ်မဆက်တော့ဘဲ နေမင်း လှွားခနဲ ပြေးသွား၏။ အထဲမှာ ခလယ်လူနဲ့ မိုးဇက်တို့လည်း ရှိနေကြပြီ။ စေညွန်းက မိုင်လို ခွက်ကို ကိုင်လျက်နှင့် နေမင်းကို ခြေဆုံးခေါင်းဆုံးကြည့်၍ရယ်သည်။

"မင်းက ဘာရယ်တာလဲ"

"ဘာရယ်ရယ်ပေါ့ကွ"

"စေညွန်း"

"ဘာလဲ"

နေမင်းက စေညွန်း နားနားမှာကပ်၍...

"မမြတ် တကယ်မေ့တတ်တာကွ ဗွေမယူပါနဲ့"

စေညွန်းက မိုင်လိုမော့သောက်ပြီး စောင့်ကြည့်၏။ ထမင်းစားခန်းထဲရောက်မှ ခွက်ကိုစောင့်ချကာ...

"ဘာလာဖြစ်နေတာလဲ"

"မင်း ဖြစ်သွားတာကို ပြောတာပါ မမြတ်က မင်းနာမည်မေ့သွားတယ်ဆိုလို့ တင်းသွားတာမို့လား"

"တင်းစရာလား မမေ့နိုင်စရာမှ မဟုတ်တာ"

"ပြီးတာပဲ"

"အပြင်သွားမယ်"

"ခဏစောင့်"

နေမင်း လေလေးတချွန်ချွန်နှင့် ကော်ဖီဖျော်နေသည်။ ခလယ်က စေညွန်းဘေးကို လျှောက်လာကာ...





"စေညွန်း"

"ပြော"

"မင်းစိတ်ဝင်စားရင် လိုက်ကြည့်ပါလား"

"ဘာလဲ"

"အလုပ်ကိစ္စကိုပြောတာပါကွာ ငါလည်း တိုင်ပင်ချင်လို့"

စေညွန်းက ခေါင်းခါလိုက်၏။

"ကိုယ့်ကိစ္စ ကိုယ်လုပ်စမ်းပါ တိုင်ပင်တာဝါသနာပါရင် ရှယ်ယာများများဝင်လို့ရတဲ့ ကုမ္ပဏီရှယ်ယာဝင် ကိုယ်ပိုင်မထောင်နဲ့"

"တွေ့လား အဲဒါကိုက မင်းက ငါ့ထက်ပြေးနေတာ ငါက ငွေရှိတယ်ကွာ ကိုယ်ပိုင်လုပ်ငန်းကိုပဲ စိတ်ဝင်စားတာ ဒါပေမဲ့ စတဲ့ ခြေလှမ်းမှာ မှားသွားရင် ဦးကျိုးပြီး တစ်ခေါင်းထဲနဲ့စာရင် နှစ်ခေါင်းသုံးခေါင်း စဉ်းစားတော့ ပိုကောင်းမလားလို့ အခု မင်းပြောလိုက်မှ ဘာလုပ်ရမယ်ဆိုတာ ပေါ်လာတော့တယ်"

စေညွန်းက နှုတ်ခမ်းမဲ့၍ စားပွဲဘေးမှာ ထိုင်လိုက်၏။ နေမင်းက ခုံဆွဲ၍ ဘေးမှာ ဝင်ထိုင်ကာ...

"ငါနဲ့ လုပ်မလား ခလယ်"

"ဘာလုပ်ရမှာလဲ ရှုပ်စရာ"

"ဝါသနာပါတိုင်း လျှောက်မတွေးနဲ့ မင်းကိုလည်း စိတ်မဝင်စားဘူး ဟွန်း"

နေမင်းက ကော်ဖီပန်းကန်က တစ်ဖက် လေးငါးခု ဆုပ်ကိုင်ထားသည့် ကိတ်ခြောက်တွေက တစ်ဖက်နှင့်...

"ဒီမှာ ကိုလေးရဲ့ ကုမ္ပဏီတစ်ခုရှိတယ် အစကတော့ ဖက်စပ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးက ဒီဆိုဒီ ဟိုဆိုဟိုမှာပဲ တစ်ခုတည်း ဓောက်ချလုပ်ချင်တော
တာလေ၊ ငါ ဒီကို ခဏလာတော့ အလည်လည်းသွား ဒီက လုပ်ငန်း
ကိုလည်း နည်းနည်းပါးပါး လေ့လာကြည့်တဲ့ စိတ်ဝင်စားရင် ငါ
ဒီမှာ ဦးစီးဖို့"

"ဟာ အဆင်ပြေတာပေါ့ မင်း စိတ်ဝင်စားလိုက်ပါကွာ နှစ်ယောက်
ဆိုရင် ငါအားရှိသွားပြီ ရာခိုင်နှုန်း ဘယ်လောက်ရှိမလဲ အဆင်သင့်ပဲ"

ခလယ်လူ ဖြစ်သွားတာကို စေညွှန်းက ကြည့်၍ ခေါင်းညိတ်၏

"အတွဲ ကြိုက်တယ်နော်"

ခလယ်လူက ပြုံးဖြဲဖြဲကြီးနှင့် ခေါင်းညိတ်ကာ...

"ဝါသနာကိုပါတာ ဟဲ..ဟဲ"

"ဟော့ ငါ့ဖို့ ဘာကျန်လဲ"

မိုးဇက်က ဝင်လာသည်။

ဗီရိုစင်ပေါ်က မုန့်ပုံးတွေကိုလှော်ဖွင့်၏။

"ဟား"

စိတ်ပျက်လက်ပျက် လှည့်လာတော့ နေမင်းက လှည့်မကြည့်
ဘဲ ....

"မိုင်လိုက ကုန်ပြီ ကော်ဖီမစ်က မနေ့က မဝယ်ဖြစ်ကြဘူးလေ
ငါ ဖျော်လိုက်တာ အကုန်ပဲ"

"မုန့်လည်း တစ်ခုမှ မရှိတော့ဘူး"

"ငါ့လက်ထဲမှာ နှစ်ခုကျန်သေးတယ်"

"တော်ပါ"

ဗီရိုကိုပြန်ပိတ်ပြီး အပြင်ထွက်သွား၏။ ပြန်ဝင်လာတော့ ဘောင်း





ဘီ ခါးပတ်ပတ်နေရင်းနှင့်....

"အပြင်မှာ လက်ဖက်ရည်သွားသောက်မယ်"

ဟုပြောသည်နှင့် ခလယ်လူက ထရပ်လိုက်သည်။ ယောကျ်ား
လေးတွေချည်းမို့ မနက်စာကိုလည်း စိတ်ကူးရတာလေးတွေပဲ ဝယ်
ခြမ်းထားတာမို့ ရှိတာကို ဦးတဲ့လူက စားသည်။

နေ့လယ်စာ ညစာက အပြင်မှာပဲ စားကြ၏။ တွဲသွားဖြစ်တိုင်း
လည်း စေညွှန်းနဲ့ နေမင်း ခလယ်လူနဲ့ မိုးဇက်။

ကိုယ့်အတွဲနဲ့ကိုယ်ပဲဖြစ်လျက် အိမ်မှာတော့ အတူကစားကြ
ဗီတာတီးကြ လေးယောက်လုံးထွေးနေကြတာပဲဖြစ်သည်။

ဒါက အစ ပထမ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"ဟော... ပိုးလိုးပက်လက်တွေ လန်နေကြပါလား"

"မလွင် လာလေ"

ကားပေါ်က ဆင်းသည်နှင့် အသံပေးလိုက်တော့ ဆိုဖာတွေပေါ်မှာ ပုံစံအမျိုးမျိုးနှင့် မှီတွဲလဲလျောင်းနေကြသည့် စေညွန့်းတို့လူစု ထိုင်လိုက်ကြသည်။

"ညကလေးမှာ လကလေးကမသာဘဲ မိုးလေးတအေးအေးနဲ့ ဘယ်လိုလဲ စားသောက်ပြီးလို့ နှိပ်နေကြတာလား"

ဝင်းလာရင်း မေးရင်းနှင့် မမလွင်က တစ်ယောက်ထိုင် ဆိုဖာလေးမှာ ဝင်ထိုင်လိုက်သည်။

တိုက်ကြီးက ဟီးထနေပေမယ့် အထဲမှာကျတော့ အိမ်ထောင်ပရိဘောဂ သိပ်ပြည့်ပြည့်စုံစုံ မရှိပါ။

ဆိုဖာတွေကိုလည်း ခဏသုံးဖြစ်ရုံ အလွယ်တကူပဲ ထည့်ပေးထားလိုက်တာဖြစ်သည်။ ပြီးတော့ ရေခဲသေတ္တာ တီဗီ အောက်စက်တွေ ကွန်ပျူတာတောင်မှ စေညွန့်းရောက်မှ သူဟာသူ ဝယ်ထည့်ထားတာဖြစ်၏။





လူငယ်တွေမို့ ကြမ်းတိုက်နိုင်မှာ မဟုတ်တာ သိသောကြောင့် ...တ္တိပါကော်ဇောအပြည့် ခင်းထားပေးလိုက်သည်။

ဒါတောင်မှ ဖုန်စုပ်စက်လေးနဲ့ လိုက်လို့မ်ဖို့ကို မညီညွတ်ကြဘူး ...င်သည်။ ခြေနင်းလိုက်တော့ ရှုတ ရှုတ နဲ့...

နေမင်းက နားကျပ်ဖြုတ်၍ ဘေးမှာချထားလိုက်သည်။

စေညွန့်းက တွမ်ခရုဇတ်လမ်းကြည့်နေရာမှ လှမ်းပိတ်ပစ်လိုက်၏။ ...ယ်လူက ညင်ညင်သာသာမဟုတ်ဘဲ ဇွေ့ခနဲ ထထိုင်လိုက်ပြီး...

"ဘယ်ကလာ စားသောက်ပြီးရမှာလဲ မလွင်ရာ မိုးရွာနေတော့ ...မင်းသွားစားဖို့ကို ဘယ်သူမှ ညီလို့မရဘူး"

ရှုံ့မဲ့ပြောရင်း ဗိုက်ကိုပွတ်ပြသည်။

"မောင်လေးတို့က စားပြီးပြီလား"

စေညွန့်းကို ကြည့်မေးတော့ စေညွန့်းခေါင်းခါ၍...

"မစားရသေးဘူး စားစား မစားစား ကျွန်တော်က ကိတ်မုန့်တစ် ...ပ် အအေးတစ်ဘူးနဲ့ ပြီးလို့ရတယ်"

"မင်းက အဟာရ သိဒ္ဓိပြီးတဲ့ကောင်ကိုကွ ငါတို့ကတော့ မနေနိုင် ...ူး"

"မနေနိုင်သွားပေါ့"

"မိုးဇက်က ဗိုက်အောင့်နေလို့ မစားဘူးတဲ့ အဖော်မရှိလို့"

ခလယ်လူဟာ ဘယ်သွားသွား ဘာလုပ်လုပ် သူ့အတွက် နှစ် ...ယောက်ရှိမှ ဖြစ်တော့မလိုပါ။ မိုးဇက်နဲ့သူက စေညွန့်းနဲ့ နေမင်းလိုလည်း ...ဟုတ်။

တွဲတော့လည်း တွဲနေကြတာပဲဖြစ်ကာ တစ်ခါတစ်ခါ သွားမယ်



www.burmeseclassic.com

www.burmeseclassic.com



မသွားဘူး စားမယ် မစားဘူးဆိုတာတွေ အော်ကြီးဟစ်ကျယ် ငြင်း
နေကြပြန်သည်။

အမြဲတမ်း တက်ညီလက်ညီဖြစ်နေတတ်တာက တေးဂီတအ
အစဉ်များရှိသည့် စားသောက်ဆိုင်တွေဆို ဘယ်ဆိုင်ထိုင်ကြမလဲ
ဘယ်တော့မှ ညှိနှိုင်းမရတာ မရှိ။

အကုန်အကျလည်းခံသည့် ငွေကို သုံးနိုင်သလောက် အများဆုံး
က မိန်းကလေးတွေနှင့် တွဲလွန်းတာဖြစ်၏။

"ဘာဖြစ်လဲကွာ စီးပွားရေးလုပ်ပြီဆို လူကြီးလုပ်ရတော့မှာ မစ
အပြတ်ကဲထားရမှာ"

ဟုပြောကာ သူ့ကိုယ်သူ လည်ပတ်ခွင့်ပတ်စပို့ရထားသူလို ပြီး
တော့ ယောကျ်ားလေးပေမယ့် ရှောပင်ထွက်တာလည်း ဝါသနာပါသေး
သည်။

"ရှောပင်ထွက်တာနဲ့ပဲ ဝယ်ခြမ်းနေစရာလားကွာ ဟဲ..ဟဲ ဝယ်
တာထက်ပါတယ် ဒီထဲမှာ"

ဟု ရင်ဘတ်ကို ပုတ်ပြသည်။

"ကောင်မလေးတွေ တကယ်လတ်ဆတ်တာကွ"

အလှအပကြိုက်သည့် အပျော်အပါးဆို လက်မတွန့်၊ မိုးဇက်နဲ့
သူ တကယ်လိုက်ပါသည်။

နှစ်ယောက်သား အပြင်ထွက်ခါနီးတိုင်း မြေပုံဆွဲသလို ဒီနေ့ဘယ်
ဆိုင်ကိုသွားမယ် ဘယ်အရပ်ကိုရှောင်၍ ဘယ်နေရာကို သွားမည်။

ရောက်တာမကြာသေးဘဲ ဟန်းဖုန်းတစ်လုံး ချက်ချင်းဝယ်ပစ်လိုက်
၏။ ဖုန်းဆက်စရာတွေ သူ့မှာ များမှများ။





"မင်းက ပဲခူးက ခုမှ တက်လာတာ မဟုတ်ဘူးလား"

နေမင်းက ရင်ထဲရှိတဲ့အတိုင်း မေးတော့ ခလယ်လူက ဟား
တိုက်ရယ်၏။

"ပဲခူးနဲ့ ရန်ကုန်များကွာ ငါက ရန်ကုန်မှာ ဂျင်ခြေလည်ရှုပ်ခဲ့တဲ့
ကောင်၊ ဒါကြောင့် စီးပွားရေးလုပ်ဖို့ စိတ်က သိပ်ရှိတာ မဟုတ်ဘဲ မိဘ
လုပ်စာတရားဝင်ဖြုန်းခွင့်ရဖို့ ကတိတွေပေးပြီး ထွက်လာတာ'

"ဒါဆို သုံးဖြုန်းပြီး ပြန်မှာပေါ့"

"ဒီလိုတော့ မဟုတ်ဘူး ခုချိန်ကစ အကြောင်းပြကောင်းနေတယ်
လေ နောက်ကျတော့ ဆင်ခြင်ရင်းနဲ့ နှစ်ဖက်ပေါ့ စီးပွားရေးရယ် လွတ်
လပ်ခြင်းရယ်"

ခလယ်လူတို့က ဒါမျိုး၊ မိုးဇက်က သူနဲ့ပါလာတာမို့ သိပ်မကဲပါ။

ဒါပေမဲ့ သူ့ကိုလည်း အမြဲတမ်း အထွန့်တက်တာတွေ့သည်။ ခု
လည်း ထမင်းစားသွားဖို့ကို အဖော်လိုက်ခဲ့ပါဆိုတာတောင် မလိုက်ချင်
ဘူး ဗိုက်အောင့်လို့ ဟုငြင်းပြီး ဝင်အိပ်ပြီ။

လေးယောက်ဆိုပေမယ့် တကယ့်တကယ်ကျတော့ ကိုယ့်အတွဲ
နဲ့ကိုယ်လိုဖြစ်လျက် တတွဲတွဲသွားလာဖြစ်ကြတာမျိုး သိပ်မရှိခဲ့။ မမ
လွင်က သုံးယောက်၏ ပုံစံကို ငေးကြည့်ပြီး ပြုံးလိုက်၏။

"ခလယ်လူက အဖော်မပါလို့ မသွားတာလား မမလွင် ကားယူ
သွားလေ မိုးက မိုးဖွားလေးတွေပါ"

"ဟား ဒါဆို အိုခေပေါ့ ကျေးဇူးပဲ မမလွင် ခဏယူသွားမယ်"

"ရော့"

မမလွင်က ကားသော့လှမ်းပေးလိုက်တော့ ခလယ်လူကောက်ကြွ



www.burmeseclassic.com

www.burmeseclassic.com



စွာ ထွက်သွားလေသည်။

"မမလွင် ကိစ္စရှိလို့လား ဘွားဘာမှာလိုက်လို့လဲ"

စေညွန်းက စကားစလိုက်မှ မလွင်က အပေါ်ထပ်ကို လှမ်းမျှော်ကြည့်ကာ...

"မြတ် ဆင်းလာသေးလား"

မလာဘူး ညမိုးချုပ်ရင် သူမဆင်းတော့ဘူး မနက်တောင်နောက်ဖေးသံလေ့ကားကနေ ဆင်းတာထင်တယ် ရှေ့ကဆင်းတာတစ်ခါမှ မတွေ့ဘူး"

"ဟုတ်တယ် နောက်ဖေးကပဲ ဆင်းတာ"

နေမင်းက ဝင်ပြောတော့ မလွင်က စေညွန်းကိုပဲကြည့်ကာ...

"မောင်လေးနဲ့"

"ဘာမှမဖြစ်ဘူး"

စေညွန်းကဖြတ်ပြောပြီး နေမင်းကို လှည့်ကြည့်လိုက်၏။

"မင်းနဲ့ မနက်က ခြံထဲမှာ ဘာဖြစ်တာလဲ"

"မဖြစ်ပါဘူး သူနောက်ကျနေတယ်ဆိုလို့ ခြင်းကူဆွဲပြီး ကားမှတ်တိုင်လိုက်ပို့တာ"

နေမင်းနဲ့ မြတ်ကတော့ ခဏလေး အဆင်ပြေပါသည်။

ခလယ်လူနဲ့ မိုးဇက်က မြင်တာနှင့် စချင်နောက်ချင်တာမျိုးမို့ မြတ်ကလည်း ရှောင်သည်ထင်သည်။

သူကတော့ ဘာရယ်မဟုတ်တဲ မျက်နှာချင်းဆိုင်လည်း သိပ်မဆိုဖြစ်တာနှင့် မခေါ်ပြောမိတာမျိုးပါ။ နှစ်ယောက်လုံး ပြောတာကို နားထောင်ပြီးမှ...





"မလွင်ကို အဘွားကမှာတယ်၊ ကောင်လေးအတွက် စားသောက်နေထိုင်မှု အဆင်ပြေအောင် သေချာစီစဉ်ပေးဖို့လေ ဟိုမှာက ကိစ္စတွေရှင်းဖို့ နည်းနည်းခက်နေသေးတယ် မောင်လေး စိတ်ပျက်ပြီး ပြန်မယ်ဖြစ်မှာစိုးလို့တဲ့"

စေညွန်းက မျက်မှောင်ကုတ်လျက် ဘာမှ မပြောဘဲနေသည်။ ခလွင်က စိုက်ကြည့်အကဲခတ်၍...

"မောင်လေး စားသောက်ရေးအဆင်ပြေရဲ့လား ဒီမှာ နေထိုင်တာကိုပြောတာ အဘွားပြောသလို ဟိုမှာနဲ့ ဒီမှာ အဆင်မပြေတာတွေ နှိုင်းယှဉ်ပြီး ပြန်ချင်စိတ်တွေများ ဖြစ်နေလားကွယ်"

"မဖြစ်ပါဘူး ဟိုမှာလည်း ဒယ်ဒီက အရမ်းအ...ပ်ရှုပ်တဲ့လူ ကျွန်တော့်အတွက် ထူးထူးခြားခြား ဂရုစိုက်စောင့်ရှောက်...နေတာမှ မဟုတ်တာ ဒယ်ဒီ့ကိုလည်း ကျွန်တော်က အနှောင့်အယှက်မပေးခဲ့ဘူး ဒယ်ဒီကလည်း မချုပ်ချယ်ဘူး ဒါလောက်ပဲ အထူးသဖြင့် စားတာသောက်တာ အတွက်နဲ့ အထူးတလည် စီစဉ်နေရတာမျိုး သိပ်မရှိကြပါဘူး"

"ဝမ်းသာလိုက်တာ ဒါဆိုပြန်ပြေးဖို့ထိ စိတ်မပျက်သေးဘူးပေါ့"

စေညွန်းကရယ်၍...

"မြန်မာနိုင်ငံမှာ ကျွန်တော်ပျော်ပါတယ် ဒါပေမဲ့ ဒယ်ဒီနဲ့ပဲ ပြန်နေဖို့တော့ စိတ်ကူးထားတယ် ဒယ်ဒီက ကျွန်တော့်ကို အားထားနေတာ"

"ဟုတ်လား တကယ်လို့ မောင်လေးက မြန်မာနိုင်ငံမှာ ပျော်ပြီး မပြန်ချင်တော့ဘူးဆိုရင်ကော"

စေညွန်းက နေမင်းကို ငဲ့ကြည့်၍ စိတ်တို့က တခြားလွင့်သွားသလိုမျိုး ခဏနေပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"မပြန်ချင်လောက်စရာတော့ ဖြစ်ဖို့မရှိပါဘူး မပြန်ဘူးဆိုလည်း ဒယ်ဒီကတော့ ခွင့်ပြုမှာပဲထင်တယ် ဘယ်မှာပဲဖြစ်ဖြစ် ရှင်သန်နေဖို့ပဲ ဆိုတဲ့စကား ဒယ်ဒီက အမြဲပြောတယ်၊ မတွေ့နိုင် မမြင်နိုင်တဲ့ နေရာဆိုတာ မရှိဘူးတဲ့ ဒီမှာကျွန်တော်နေရင်လည်း ဒီမှာစီးပွားဖြစ်အောင် ကြိုးစားဖို့ပဲ ဒယ်ဒီတိုက်တွန်းမှာ"

မလွင်က ခေါင်းညိတ်ရင်း အဘွားမျက်ရည်ဝဲနေတာကို ပြန် သတိရနေသည်။

"မြေးလေး ဘယ်မှာပဲနေနေပါ သမီးရယ် အဘွားလည်း သိပ်မနေရတော့ပါဘူး ဝမ်းနည်းတာ တစ်ခုပဲရှိတယ်။ အဘွားမသေခင် မြေးလေးနဲ့ ထမင်းအတူစားချင်တယ် မြေးလေးဆေးတိုက်တာ တစ်ခွက်လောက် သောက်သွားချင်တယ်"

"အဘွားရယ် ဒါဆိုလည်း တခြားမိတ်ဆွေ တစ်ယောက်လိုဖြစ်ဖြစ် ခေါ်တွေ့လိုက်ရင်ရတာပဲ"

"မဟုတ်သေးဘူး သူတို့ကို အဘွားမကြောက်ပါဘူး မြေးလေးကို စိုးရိမ်တာ မမြင်ရတဲ့ လက်နက်ပုန်းတွေကို မြေးလေးရှောင်နိုင်မှာ မဟုတ်ဘူး"

ဒါတွေကို စေညွှန်းကို ပြန်မပြောဖို့တော့ ဆုံးဖြတ်ထားလိုက်ပါသည်။ စေညွှန်းက မြန်မာနိုင်ငံကိုလည်း တွယ်တာပုံရတာမို့ "ဘွားသာနေကောင်း လာမယ်ဆိုရင် မြေးလေးကို ဘွားပြန်မလွှတ်တော့ဘူး" ဟု တောင့် တောင့်တတပြောရှာတာကို သတိရမိ၏။

မီးရောင်အောက်မှာ စေညွှန်းပုံစံက လူငယ်ပီပီ နုသစ်ချောမွေ့နေ၏။ ဆံပင်ရှည်တွေ ပခုံးပေါ် ဝဲကျနေပေမယ့် အရပ်ကြီးကလည်း မြင့်





...မားမားမို့ လမ်းသရဲပုံစံမရှိဘဲ ကြည့်ကောင်းနေသည်။

နိုင်ငံခြားမှာ အနေများတဲ့သူဆိုသော်လည်း စေညွှန်း၏ စိတ်ဓာတ် ...သူ့အဆက သိပ်တော့ မဆိုးလှသေး။

"မောင်လေးကို မလွင်တစ်ခုပြောစရာရှိလို့"

"ပြောလေ"

"မြတ်နဲ့လည်း ဆိုင်နေလို့"

ဟု ပြောလိုက်တော့ စေညွှန်းက သေချာနားစွင့်ပုံဖြစ်သွား၏။

"ဒီလိုပါ အဘွားကလည်း အဆင်ပြေအောင် စီစဉ်ပေးဖို့ပြော ...ယ် ဒီမှာရှိတဲ့လူ့အကုန်လုံးလည်း အဆင်ပြေအောင် မောင်လေးရဲ့ ...းရေးသောက်ရေးအတွက် မြတ်ကို အကူအညီတောင်းကြည့်မယ် ..."

"ဘာဆိုင်လို့လဲ"

"မဆိုင်ပေမယ့် တစ်အိမ်တည်းနေကြတာလေ အခုမြတ်ကလည်း ...လုပ်ဝင်ပြီးဆိုတော့ သူဟာသူချက်ပြုတ်စားတော့မယ်တဲ့"

"စားပါစေလေ ဘာဖြစ်လို့လဲ မီးဖိုချောင်သုံးဖို့လား သုံးပါ ကျွန် ...တ်တို့က မီးဖိုထဲ ဝင်ကြတာမှ မဟုတ်တာ"

"သိပါတယ် အဲဒါကိုမောင်လေး ခွင့်ပြုမယ်ဆိုတာ မလွင်ပြော ...က သူလည်း ချက်ရမယ့်အတူတူ ဒီမီးဖိုခန်းကိုလည်း သူသုံးပုံအောင် ...င်လေးအတွက်ပါ"

"မဟုတ်တာ မလွင် ကျွန်တော်တို့က လေးယောက်တောင် သူ ...န်းမှာပေါ့ ပြီးတော့ အလုပ်တစ်ဖက်နဲ့"

မလွင်က ပြုံးလိုက်ပြီး လက်ကာပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချက်ပြီဆိုမှတော့ တစ်ယောက်စာနဲ့ လေးယောက်သာ သိ
ကွာပါဘူးကွယ် မလွင် စိတ်ကူးထဲမှာတော့ မောင်လေးနဲ့ နေမင်း
လေ၊ ဒါပေမဲ့ ခလယ်လူတို့ကျမှ ခွဲချန်ထားလို့ မဖြစ်ဘူးဆိုတော့
ယောက်အတွက်ပေါ့ မြတ်က မန္တလေးမှာလည်း မိသားစုတစ်ခုလုံး
နိုင်နင်းအောင် ထိန်းနိုင်ခဲ့တာ မလွင်ပြောရင် သူလက်ခံမှာပဲ"

"ကျွန်တော်ကတော့ လက်မခံဘူး အခုလိုနေတာက သပ်သ
တော်သေးတယ်၊ မဆုံဖြစ်ကြတာလည်း ရှိတယ် အောက်ထပ်မှာ
ချက်ပြုတ်နေရင် ဒွေးရောယှက်တင်တွေ ဖြစ်ကုန်မှာ ခလယ်တို့
အပြောအဆို စည်းကမ်းသိပ်မထားဘူး"

"မြတ်က နေတတ်ပါတယ်"

စေညွှန်းက မလွင်ကို နားမလည်သည့် မျက်ဝန်းများနှင့်ကြည့်

"နေပါဦး မလွင်က ဘာဖြစ်လို့ ဒီလိုလုပ်ပေးချင်တာလဲ သူ
သုံးစွဲဖို့ ကိစ္စနဲ့ဆို မလိုဘူးလို့ ကျွန်တော် ပြောပြီးပြီပဲ ဒါမှ မဟုတ်
လည်း အပေါ်ထပ်မှာ မီးဖိုဆင်ပေးလိုက်ပေါ့"

"မဟုတ်သေးဘူး မောင်လေးရဲ့ ရောက်စက အဲဒီကိစ္စ မ
ပြောကြည့်ဖူးတယ်၊ အဲဒီလိုသူသုံးမှာမဟုတ်ဘူး၊ မလွင်ပြောချင်
အဓိကလည်း ဒါတစ်ခုတည်းကြောင့် မဟုတ်ပါဘူး၊ မြတ်အတွက်
ဆေးရုံကို သွားရလာရတာ အဆင်မပြေရှာဘူး၊ ပြီးတော့ သူ့ပုံစံ
နဲ့ ရန်ကုန်မှာ ဒီလိုသွားလာဖို့ မလွင်က စိတ်မချဘူးကွယ်"

"မလွင်က ဘာလုပ်ပေးချင်လို့လဲ"

နေမင်းက ဝင်မေးတော့ မလွင်က လှည့်ကြည့်၏။ ဒါပေမဲ့ စကား
ပြောတော့ စေညွှန်းကိုပဲ ကြည့်ကာ...





"ဒီအိမ်မှာ မောင်လေးက ကားရှိတယ်လေ မြတ်က စားသောက်
အဆင်ပြေအောင် ကူညီနိုင်မယ် မောင်လေးက သူ့ကို အပို့အကြို
း လုပ်ပေးဖို့ပါ"

"ဟင်"

စေညွှန်း အံ့ဩသွားသလို ကြည့်တော့ မလွင်က ပျာပျာသလဲ...

"ဒီလိုပါ မလွင်က နှစ်ဖက်အဆင်ပြေအောင်လေ မောင်လေး
ည်း လောလောဆယ် အရေးတကြီး အလုပ်ကိစ္စမရှိဘူးဆိုတော့
ဆင်ပြေနိုင်သလားလို့"

"နှစ်ဖက် မမျှဘူးထင်တယ် သူပြန်ပေးရမှာက လေးယောက်စား
သောက်ဖို့ဆိုတော့"

စေညွှန်းစကားရပ်သွားတော့ နေမင်းက ခေါင်းညိတ်၍...

"ဟုတ်တယ် စားရေးသောက်ရေးဆိုတာ ပြောတော့သာလွယ်
ာ မနက်ရယ် နေ့လယ်ရယ် ညစာရယ် ချက်ပြုတ်ဖို့က ရေခဲသေတ္တာ
ထဲက နှိုက်တိုင်း ထွက်နေမှာမဟုတ်ဘူး ဝယ်ရခြမ်းရတာ ပါဦးမယ်"

"အဲဒါက မလွင်ကူညီမယ်လေ မောင်လေးတို့ ဝယ်ခြမ်းပေးတာ
းလည်း ရှိတဲ့အခါရှိပေါ့။ သူကတော့ ချက်ပြုတ်ပေးဖို့ နိုင်နင်းမှာပါ"

"စေညွှန်း အဲဒါမဆိုးဘူးကွ"

နေမင်းက စေညွှန်းလက်ကိုပုတ်၍ အားရသံနှင့်ပြော၏။

"ခုလိုကြီးကွာ သူ့ခမျာလည်း ဆေးရုံနဲ့အိမ် တက်တာဆင်းတာ
ောင် နောက်ဖေးက ရင်းနှီးမှုမရှိကြတော့လည်း သိပ်မကောင်းဘူး
တူချက် အတူစားကြတော့ အဆင်မပြေဘူးလား"

"ဟိုကောင်နှစ်ကောင်ကိုကော"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကိုတော့ ဘာတာဝန်မှ ဝေစုမခွဲလိုက်နဲ့ စေညွန်း ညှိသည် လိုပဲထား"

စေညွန်းက ချက်ချင်းသဘောပေါက်၏။ မငြင်းဘူးဆိုတော လက်ခံ လိုက်ပြီမှန်း မလွှင်က သိသည်။

"ဝမ်းသာလိုက်တာ ဒါဆို မလွှင် မြတ်ကို သွားပြောလိုက်တော မယ် မနက်ကစပြီး မောင်လေးကိုယ်တိုင်ပို့ပေးကြို့ပေးတော့နော် မီး ဆောင်မှာ အစုံရှိပြီးသားဆိုတော့ တော်ကြာမလွှင် ဝယ်ခြမ်းပြီး လာ ပေးမယ်"

နှုတ်ဆက်ပြီး မလွှင်အပေါ် ထပ်တက်သွားသည်။ နေမင်းက ဘာ တွေ သဘောကျနေမှန်းမသိဘဲ ရယ်၏။

"ဘာရယ်တာလဲ"

"ဘာမှ မရယ်ပါဘူး မနက်ကစပြီး ထမင်းနဲ့ဟင်း စားရတော့ မယ်လို့"

စပ်ဖြီးဖြီး မျက်နှာကို စေညွန်းက မဲ့ကြည့်ပြီးဆောင့်တွန်းပစ်လိုက် ၏။ နေမင်းက တဟားဟားရယ်သည်။





အခန်း (၈)

အိပ်ရာကထလိုက်ကတည်းက မွှေးပျံ့သော ဟင်းနံ့က နှာခေါင်း ထဲ ဝင်လာသည်။

"ဘယ်ကနေ အနံ့နဲ့ နှိပ်စက်နေတာလဲကွ မစားရအညှော်ခံ နော် ခဲဒါမျိုး ဒီကဝါသနာမပါဘူး"

တံခါးကို ဂျိမ်းခနဲ နောက်ပြန်ပိတ်၍ ခေလယ်လူက အကျယ်ကြီး အော်သည်။ သူက ပျော်တတ်သလောက် အစားအသောက်ကောင်း သည်း မက်၏။

ရန်ကုန်မှာလာပြီး ထင်သလိုနေရတာကို ကျေနပ်နေပေမယ့် စား သောက်ရတာကိုတော့ သိပ်မကျေနပ်တဲ့သူ။

"ဘာဖြစ်နေတာလဲ မိုးမလင်းသေးဘူး"

"မင်း နှာခေါင်းမပါဘူးလား"

မိုးဇက်က အရင်နိုးသူမို့ ခပ်တိုတိုဂျယ်ထောင်ထားသည့် ဆံပင် ကို တသသနှင့် အကျီကိုပါ စမက်ကျအောင် ဟိုဆွဲဒီဆွဲချနှင့်...

"ရှစ်နာရီထိုးကာနီးမှ ထပြီးတော့ အော်ကြီးဟစ်ကျယ်နဲ့ မင်း ခေါင်းထဲ ဝင်နေတာ ဘယ်ကဟင်းနံ့လဲ"

"ဘယ်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမြတ်ချက်နေတာ"

"ဘာ"

ခလယ်လူက ကြာကြာအံ့ဩမနေပါ။ မျက်နှာသုတ်လျက်နှင့် မီးဖိုခန်းဘက်ကို ခပ်သုတ်သုတ် လျှောက်သွား၏။

"ဟား... အိမ်နဲ့ရာနဲ့ တူနေပါလား စားပွဲခုံမှာ ဘရိတ်ဖတ်စ်စားပိုင်းနဲ့ မမြတ် ကျွန်တော်တို့ မပါဘူးလား"

စေညွန်းနှင့် နေမင်းတို့ လက်ဖက်ရည်သောက်နေကြသည့်ဆီ မသွားဘဲ ထမင်းချိုင့်ဆင့်နေသည့် မြတ် ထံသို့ သွားရပ်၍...

"ဘယ်လိုတွေ ညီမျှခြင်းဖြစ်ကုန်တာလဲ တကယ်ပွတ်ဒ်တယ်ဗျာ ဒီမှာ မမြတ်ပဲ ချက်တော့မှာပေါ့ ဟုတ်လား နေ့တိုင်း အိမ်မှာ ညနေက် စားလို့ရပြီလား"

သူပြောနေသမျှ မြတ်က ပြုံးနေပြီး ပြီးမှ ခေါင်းလေးညိတ်၍ မော့ကြည့်၏။

"အင်း မြတ်ပဲ ချက်ပေးမှာပါ နေမင်းတို့ စားချင်တာရှိရင် ဝယ်ပေးပေါ့ မြတ် ချက်ပေးမယ်"

"အိုခေ"

ခလယ်လူက စားပွဲမှာ ဟန်ကျပန်ကျထိုင်လိုက်ပြီးမှ နေမင်းနားနားကိုငုံ၍...

"နေမင်း ဘယ်လိုတွေ အပေးအယူ ဖြစ်ကုန်တာလဲ"

"မရှည်ပါနဲ့ မျိုးသာမျိုး"

"ဘယ်ဟုတ်မလဲကွာ အတူနေကြပေမယ့် ငါတို့ကိုယ့်ပြဿနာကိုယ်ရှင်းနေကြရတာ မမြတ်ကို ဘယ်လိုစည်းရုံးပြီး ခိုင်းလိုက်တာ





လဲ အပေးအယူတွေရှိလည်း ငါလည်း မျှခံရမှာပေါ့"

စေညွန်းက ခလယ်လူ့ရှေ့ကို မုန့်ပန်းကန်ဆွဲကပ်ပေးကာ...

"မမျှပါနဲ့ဆိုမှ သိပ်မျှချင်နေသလား စားမှာစား"

မပြောဘဲနေလေ ခလယ်လူက မကျေနပ်လေ...

ထိုစဉ်မှာ မြတ်က ထမင်းချိုင့်လေးထည့်ပြီးသည့် ဆွဲခြင်းကို စားပွဲပေါ်မှာလာတင်ကာ...

"စေညွန်း မြတ်ရေရိုးတော့မယ်နော် ခဏလေးပဲကြာမှာ စေညွန်းဟိုနား ဒီနားထွက်သွားမှာစိုးလို့"

"အင်း မသွားဘူး"

စေညွန်း ခေါင်းညိတ်လိုက်မှ မြတ်က လှည့်ထွက်သွားသည်။

ခလယ်လူက မြတ်နဲ့စေညွန်းကို ခေါက်တုံ့ခေါက်ပြန်ကြည့်နေပြီး ခဏပဲ စဉ်းစား၏။ ချက်ချင်းသဘောပေါက်သွားကာ...

"ကျွတ်"

အားရပါးရ စုတ်သပ်လိုက်တာ ခေါင်းကောဆံပင်ကော ခါသွားသည်။

"တကယ့်အိပ်မက်ဥယျာဉ်လေးပဲကွာ ရှယ်ပဲ မမြတ်ကိုမင်းက လိုက်ပို့ရမယ်ပေါ့"

တဟားဟားရယ်ပြီး ကရားထဲက လက်ဖက်ရည်ကို ငှဲ့ချသည်။

"အဲဒါကို ငါတွေးရခက်သွားတာ မမြတ်ကို လခပေးခိုင်းလို့ မရနိုင်ဘူးဆိုတော့ ဟား..ဟား မနေ့ညက မလွင်လာသွားတာ ဒီကိစ္စရွှေ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခလယ်"

နေမင်းက စားသောက်ခြင်းကို လက်စသပ်၍...

"မင်းအသံရှည်းပဲကွာ ဘာတွေ ထူးဆန်းနေလို့လဲ အပေးအ
ဘာညာတွေ မဟုတ်ပါဘူး တစ်အိမ်တည်းနေတဲ့ လူချင်း ကူညီ
တဲ့သဘောပဲ မမြတ် လိုင်းကားနဲ့ သွားနေရတာ ဆရာဝန်တစ်ယော
ဖြစ်ပြီး အကျည်းတန်တာပေါ့ စေညွန်းက လိုက်ပို့မယ်ဆိုတော့ သူ
ဒီလိုကူညီမယ်ပြောတာ ဒါပဲ"

"ဟား..ဟား..ဟား...ဟား"

ခလယ်လူက နားမခံသာသော ရယ်သံကြီးနှင့် ရယ်နေတ
စကားတွေ ပြောနေသလိုပင်။





အခန်း (၉)

လေ့ခါးကြီးပေါ်က ဆင်းလာတာမြင်သည်နှင့် စေညွန်းကားသော့
ယူသည်။

"ဟောတော်"

ဘာမှန်းမသိဘဲ မြတ်အပေါ်ပြန်တက်သွားတာတွေ့၏။ ကားထဲ
ာ စောင့်တော့ ပြန်ဆင်းလာသည်။ တံခါးဝ ထွက်လာပြီးမှ...

"အယ် ထမင်းချိုင့်"

ဟု ရယ်ကျဲကျဲလေးပြော၍ ပြန်ပြေးပြန်သည်။

"မမြတ်ကတော့ဗျာ လာပါ ကျွန်တော် ပို့ပေးပါမယ်"

ခလယ်လူက ဆွဲခြင်းဆွဲလျက် မြတ်ရဲ့ ရှေ့ကနေ ထွက်လာတာ
တွေ့လိုက်ရ၏။

"ကဲ ဒီမှာရောက်ပြီ ဘာမေ့သေးလဲပြော ကျွန်တော် ပြန်ယူပေး
မယ်"

ကားထဲထည့်ပေးပြီး တံခါးကိုပါ ဖွင့်ထားပေး၍ မြတ်ကို စသည်။
မြတ်က အားတုံ့အားနာ မျက်နှာလေးနှင့်ပြုံး၍ ခပ်မဲ့မဲ့လေး ဖြစ်သွား
ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဟိုလေ ဒီမှာစောင့်နေတော့ စိတ်ကလောပြီး ထ
ရိုင့်ကလည်း ဒီနေ့မှယူတာဆိုတော့ သတိမေ့သွားတာ ကျေ
ပဲနော်"

"ယူထားလိုက်ပြီ"

ခလယ်လူက လည်ပါသည်။ ကျေးဇူးစကားပြောလိုက်သည်
ဆုပ်ဖမ်းထားသလို လက်ဖဝါးဖြန့်၍ ကျကျနန ဆုပ်ပြသည်။

"မမြတ် အဲဒီကောင်မလွယ်ဘူးနော် ကျေးဇူးမတင်မိစေနဲ့"

မိုးဇက်က လှမ်းအော်သည်။

ကားထွက်လာတဲ့အထိ နှစ်ယောက်သားစကားမပြောဖြစ်
ခဏကြာမှ တုတ်တုတ်မှုမလှုပ်ဘဲ ပါလာသည့် မြတ်ကို မှန်ထဲက
လှမ်းကြည့်လိုက်မိ၏။ မြတ်သည် ရှေ့ကိုငေးလျက် ပါးစပ်တလှုပ်လှု
နှင့် ဘာတွေ ရွတ်ဖတ်နေမှန်းမသိ။

နီညိုရောင်ရဲရဲ ဆွယ်တာလက်ရှည်လည်ထောင်က မေးရိုး
ထိတက်သည်။ ဂျူတီကုတ်ထပ်ဝတ်ထားသဖြင့် ထင်းနေသည်။

အထူးသဖြင့် ပါတိတ်စတ်စုံလေးတွေနှင့် ဂျူတီကုတ်ကို တွဲဝ
တတ်သော ဆရာဝန်မလေးတွေ၏ ပုံစံနှင့် မြတ်က ကွာခြားနေ၏

အိမ်မှာလည်း ဆွယ်တာလက်ရှည်တွေချည်း ဝတ်နေတတ်တ
ကိုသာ မြင်မထားလျှင် နိုင်ငံခြားစတိုင်လ်ထွင်ထားသည်ဟု ထင်စ
ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဆံပင်ပျော့ပျော့ နားရွက်ကုတ်လေး
မျက်မှန်လေးတပ်ထားသည့် မြတ်၏ပုံစံလေးက အတော်ကြည့်ကော
နေလျက် သူမကိုယ်သူမလည်း သတိထားမိပုံ မပေါ်။

မျက်နှာမှာ မှုန်မှုန်လေးဖြစ်နေတာ တစ်ခုမှလွဲ၍ မျက်လုံးမျ





တောင် နှုတ်ခမ်းအားလုံးမှာ ဆေးသားတင်ထားတာဘာမှမရှိ။

ထို့ပြင် မြတ်သည် ထွက်လာတိုင်း ကိစ္စတစ်ခုခုနှင့် ဗျာများနေ
တတ်ကာ ကိုယ့်ပုံစံကို အဆင်ပြေရဲ့လားလို့ ငုံ့ကြည့်လိုက်တာမျိုး
မမြင်ဘူးခဲ့ပါ။ လူတွေ သူမကို ကြည့်နေကြလည်း သူမက အမှတ်
တမဲ့သာ...

ယောကျ်ားလေး လေးယောက်ကြားမှာနေတာတောင် သူမမျက်
ဝန်းလေးတွေမှာ ဟန်ပန်အမူအရာတွေ ပြင်ဆင်ထားတာမျိုး မရှိခဲ့တာ
သေချာသည်။

အမှတ်တမဲ့ ငုံ့ကြည့်လိုက်ပြီးမှ စေညွှန်းစူးစိုက်ကြည့်နေမိစဉ်
မြတ် ဖျတ်ခနဲ လှည့်ကြည့်သည်။

သူ မလုံမလဲ ပြုံးပြလိုက်တော့ မြတ်ကရယ်ပြ၏။ ယောကျ်ား
တစ်ယောက် စူးစိုက်ကြည့်နေခြင်းအပေါ် ရှက်ရွံ့မျက်လွှာချသွားတာ
မျိုး မဟုတ်ဘဲ အချိန်မီ လှည့်မကြည့်ဘဲ နေမိခြင်းအတွက်ပဲ အားနာ
သလိုလို။

ပြုံးပြမိသည့် စေညွှန်း နှုတ်ခမ်းတွေ ရယ်ခြင်းသို့ ပြောင်းသွား၏။
ကားကို ဆေးရုံကြီးဘက် ကွေ့လိုက်ရင်း ပြန်မပိတ်မိသေးသည့် သူ့
နှုတ်ခမ်းတို့က ဘာကို သဘောတကျ ဖြစ်သွားမိမှန်းလည်း မသိပါ။

မြတ်က သူအသံမထွက်ဘဲ ရယ်နေတာကို ထပ်ကြည့်မိကာ...

"မေတ္တာသုတ်ရွတ်နေတာ စေညွှန်းရဲ့ သွားလာရင်း စိတ်ငြိမ်အောင်
အန္တရာယ်ကင်းတယ်"

"ဟုတ်လား" "ဘူး"

သူရယ်ရင်း လှည့်မေးတော့ ဟုတ်တယ် ဟုဖြေပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"စေညွန်းရော အဲဒါစိတ်ဝင်စားလား ရှုတ်ကြည့်ပါလားဟင် သိပ် မရှုည်ပါဘူး အထူးသဖြင့် နိုင်ငံခြားမှာ လူမျိုးခြား ဘာသာခြားနဲ့ကျ တော့ ကိုယ့်နိုင်ငံ ကိုယ့်ဘာသာကို မှန်ကန်တယ် မွန်မြတ်တယ်ဆိုတာ ပိုသိတာပေါ့ အကြောင်းအမျိုးမျိုးနဲ့ ဘယ်အရပ်ဒေသမှာပဲ ရောက်နေ နေ တရားဆိုတာ ကိုယ့်နှလုံးအိမ်မှာပဲ ရှိတာပါ။ သဘောက ယုံကြည် ဖို့ပဲ ယုံကြည်တာနဲ့ တဏှာက ကွာပါတယ်၊ အစွဲအလမ်းတစ်ခုလို မဟုတ်ဘဲ အမြဲတမ်းယုံကြည်မှုရှိနေတာပေါ့ စေညွန်းစဉ်းစားကြည့်လေ ဟိုနိုင်ငံမှာ ဘယ်လိုယဉ်ကျေးမှုတွေ အယူအဆတွေ ရှိကြသလဲ မြတ်တို့ ဗုဒ္ဓဘာသာနဲ့ ကွာဟနေတာတွေ ဘယ်ဟာက မှန်သလဲ"

"ဟား..ဟား.."

စေညွန်းက ခပ်ကြိတ်ကြိတ်ရယ်ပြီး ကားကို အရှိန်လျှော့လိုက်၏။

"မမြတ်ကတော့ တကယ်ပြောတတ်တယ် ဘာလဲ ကျွန်တော့် ကို ဟိုနိုင်ငံမှာနေလို့ ဟိုကဘာသာယူထားတယ် ထင်လို့လား"

"ဟင့်အင်း မဟုတ်ပါဘူး ဘယ်ကဘာသာပဲဖြစ်ဖြစ် တချို့ကျ တော့ စိတ်ပါပါ မပါပါ အခြေအနေ အချိန်အခါကြောင့် ရှောင်လွှဲမရ တာတွေလည်း ရှိတာပဲ မြတ်တို့ဦးလေးဝမ်းကွဲဆိုရင် မိန်းမက ခရစ် ယာန် မိန်းမကိုချစ်တော့ သူလည်း အဲဒီဘာသာကို ယူလိုက်ရတယ်၊ ဒါပေမဲ့ ဗုဒ္ဓဘာသာကို သူမြတ်နိုးနေတာပဲ အဲဒါမျိုးကိုပြောတာပါ စေညွန်း ကို မြတ်က ဘာသာရေးမြှူဆွယ်နေတာ မဟုတ်ဘူး ဒါပေမဲ့ မြန်မာ ်တဲ့အတွက် ဗုဒ္ဓဘာသာကိုတော့ မပစ်ပယ်စေချင်ဘူး၊ မှန်းသွား ့သို့ မေ့မရတာတွေရှိတယ် တချို့ကျတော့ ချစ်စရာ မုန်းစရာမှန်း ကို ၊ သိဘဲ ရင်ဘတ်ထဲက ရှိကို မရှိကြတာ အင်း ဘယ်လိုပြောရမလဲ





မြတ်တတော့ မြန်မာဖြစ်ပြီး နိုင်ငံခြားမှာ အခြေချနေကြတဲ့ လူတွေကို သိပ်နှမြောတာပဲ စေညွန်းက ဟိုမှာပြန်နေမှာဆို"

ပြောနေရင်း စကားက သူ့ဘက်ရောက်လာသည်။ ကားကလည်း ဆေးရုံဝင်းထဲ ဝင်လာပါပြီ....

"ဟယ် စေညွန်း ရပြီ... ရပြီရပ်တော့"

"စကားပြောရင်း ဆေးရုံဝင်းထဲကွေ့လိုက်မှ မြတ်ပျာပျာသလဲ ဖြစ်သွား၏။

"ဘာဖြစ်လို့လဲ မမြတ်"

"အပွန်း ရ..ရပြီ...ဒီမှာပဲ မြတ်ဆင်းလိုက်မယ်"

မြတ်က အားတုံ့အားနာလေးဆိုကာ တံခါးလှည့်ဖွင့်ရင်းမှ နောက် ဆံတင်းသလိုလေး ပြန်လှည့်ကြည့်၏။

"ဘာကြောင့်မှ မဟုတ်ဘူး စေညွန်း ဟိုလေ မြတ်က လိုင်းကားနဲ့ ဆေးရုံကိုလာတာ သူတို့သိတယ် ကိုယ်ပိုင်ကားနဲ့ မြင်သွားရင် စကား တွေ များကြမှာစိုးလို့နော်"

ပြောလိုက်ပြီးမှ စေညွန်းခေါင်းညိတ်လိုက်တာကို စောင့်ကြည့်ပြီး ဆင်းသည်။

"မမြတ်"

"ဟင်"

စေညွန်းက လှမ်းခေါ်ပြီး တံခါးနားတိုးလိုက်တော့ မြတ်က ငုံ့ကြည့် တာနှင့် မျက်နှာချင်းဆိုင် နီးသွားကြသည်။

"မမြတ်မေးထားတာ မမေ့နဲ့နော် ကျွန်တော် မဖြေရသေးဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဟု မေးလိုက်မိကာနီးမှ မြတ် ပါးစပ်ပိတ်သွား၏။

"အပျွန်း"

စေညွန်း သဘောပေါက်သွား၏။ မြတ် မေ့သွားပါပြီ။ ကား[illegible] နောက်သို့ ဖြည်းဖြည်းဆုတ်ရင်း လက်ပြလိုက်သည်။

မြတ်သည် သူမဘာပြောခဲ့သည်ကို စဉ်းစားနေဆဲနှင့် လက်ပြ[illegible] ပင် သတိမရဘဲ ရပ်ကျန်ခဲ့သည်။

မြတ်ဟာ သူမကိုယ်တိုင် လိုလိုချင်ချင် သေချာမှတ်သားထား[illegible] သည့်မှလွဲလျှင် အမှတ်တမဲ့အားလုံးကို မေ့ပျောက်သွားတတ်[illegible] ဖြစ်လေသည်။ သူမဘဝမှာ အမှတ်တမဲ့ကနေ အမှတ်တရဖြစ်ဖို့ ရှိ[illegible] ပါ့မလား။





## အခန်း (၁၀)

"ဘယ်ရောက်သွားလဲ စေညွန်း"

"ဘာလုပ်မလို့လဲ"

"ခုတလော ဒီကောင်လမ်းများလာတယ်"

ခလယ်လူက ပန်းသီးတစ်လုံးထုတ်ယူပြီး တစ်ကိုက်ကိုက်၍ [illegible]ဖေက်ဆီ ပစ်ပေးလိုက်၏။ မိုးဖေက်က ဆီးဖမ်းပြီး ဆက်စားသည်။

နှစ်ယောက်လုံး ဆိုဖာမှာ ရှေ့ဆင့်နောက်ဆင့် ထိုင်လိုက်ကြတဲ့ [illegible]အထိ နေမင်းက သေချာကြည့်နေပြီးမှ...

"လိုက်ပါတယ်နှစ်ယောက်က"

ဟုပြော၍ မဲ့လိုက်သည်။ ပြီးတော့ သတင်းစာကို ခပ်တည်တည် [illegible]ဖြန့်ဖတ်နေသဖြင့် ခလယ်လူက သတင်းစာကို ဆွဲဖယ်ပစ်လိုက်၏။

"ဘာပြောတာလဲ ဒီကမေးတာကို မဖြေဘဲနဲ့"

"ဘာဖြေရမှာလဲ သူဟာသူ လမ်းများတာ မင်းနဲ့ ဘာဆိုင်လို့လဲ"

ခလယ်လူက မဲ့မဲ့ကြီးပြုံး၍ နှုတ်ခမ်းမွေးဆွဲလိုက်တော့ လျှောင် [illegible]သလိုလို ပြောင်သလိုလို...

"ဆိုင်လို့ပေါ့ကွ သူ့ကကားရှိတော့ အရမ်းအဆင်ပြေနေတာ ခုဆို [illegible]မြတ်ကို အကြိုအပို့လုပ်ရတာကြည့် ကျန်တဲ့အချိန်ဆိုလည်း သွား



www.burmeseclassic.com

www.burmeseclassic.com



ချင်သလိုသွား နေချင်သလိုနေ”

“ထင်သားပဲ ပြောရင်းဆိုရင်း ပါလာပြီ”

နေမင်းက နေရာမှထလိုက်ပြီး ရေခဲသေတ္တာသွားဖွင့်သည်။ ရေဘူးယူတာပေမယ့် ပန်းသီးထားသည့် ခြင်းကလေးဆီ မျက်လုံးကရောက်သွား၏။ ပန်းသီးငါးလုံးထည့်ထားတာ နှစ်လုံးပဲကျန်၏။ သိပ်အကောင်းကြိုက်တဲ့ကောင်....

ထမင်းဟင်းလည်း ဖွယ်ဖွယ်ရာရာ သူပဲကြိုက်သည်။ သွားရည်စာဆိုလည်း ကောင်းတာဆို မကြိုက်တာသိပ်မရှိ။ ရေဘူးထုတ်ယူပြီး ဒီဘက်လှည့်လိုက်တော့ မိုးဇက်က သူ့ကို စိုက်ကြည့်၍...

“နေမင်း မင်းရင်ထဲမှာ တစ်စုံတစ်ရာ ရှိနေသလိုပဲ”

“ဘာရှိတယ် ထင်လို့လဲ”

“မသိဘူး”

“မသိရင် အသာနေ”

နေမင်းက ဆိုဖာမှာ ခပ်တည်တည်ပြန်ထိုင်လိုက်၏။ ခလယ်လူက ဘာကိုမှ ဂရုမထားသည့် အပြုံးနှင့်...

“ငါ စဉ်းစားနေတာက ဒီလိုကွ အလုပ်မလုပ်သေးဘူးဆိုပြီး ဒီတိုင်းနေရတာ ကြာတော့ ကလေးကချေလိုပဲ ငါနဲ့ငြိတဲ့ ကောင်မလေးတွေက တချို့ကျတော့ မာနကြီးလွန်းတယ် မယုံလွယ်တဲ့လူတွေကို အထင်ကြီးအားကိုးလာအောင် ပြောဆိုနိုင်ဖို့က သိပ်မလွယ်ဘူး ရန်ကုန်မှာ အခြေမချနိုင်သေးပေမယ့် ကားတော့ စီးပြဖို့ လိုလာပြီ”

“သိပ်လိုတာပေါ့ လိုပါတယ်လို့ မင်းကိုငါပြောနေတာ ကြာပြီဥစ္စာ ဘယ်သူ့ကိုသွားပြီး ညှိနှိုင်းနေတာလဲ”





မိုးဇက်ဝင်ပြောလိုက်ပုံက ခပ်ရိရိ၊ နေမင်းကို တိုင်ပင်နေစရာမလိုဘူးဟု ပြောလိုက်သလိုမျိုး၊ နေမင်းက ဂရုမစိုက်ပါ ဘယ်သူကကော ပြောပါ တိုင်ပင်ပါလို့ တောင်းဆိုနေလို့လဲ။ ခလယ်လူ ခုတလောစေညွှန်းနဲ့ မမြတ်တို့ ထွက်သွားကြတိုင်း မရိုးမရွဖြစ်ကျန်ခဲ့တာကို သူအကဲ ခတ်မိသည်။

မမြတ်ကို ပိုးပန်းနေတာမျိုးတော့ ဟုတ်ဟန်မတူပါ၊ ဒီကိစ္စမျိုးမှာ ဒီကောင် ဝါသနာကိုပါတာဖြစ်သည်။

“ခက်နေတာက ကားဝယ်မယ်ဆိုပြန်တော့လည်း မော်ဒယ်နိမ့်တာ မလိုချင်ဘူးကွ စေညွှန်းတောင် ပရာဒိုစီးနိုင်တာ ငါလည်း ....”

“မင်းကလည်း အဲဒါခက်တာ”

ခလယ်လူကနေမင်းကို ကြည့်ပြောနေသော်လည်း ဝင်ပြောနေသူက မိုးဇက်ပဲဖြစ်နေ၏။

“ကားဆို ပြောင်ပြောင်လက်လက်တောက်ပနေရင် တော်ပြီပေါ့ကွာ ဘယ်ကားဘယ်တန်ကြေးဆိုတာထိ မင်းကောင်မလေးတွေ သိမလား ကားစီးနိုင်ရင် ပြီးတာပဲ စေညွှန်းနဲ့ မင်းနေရာတကာ မယှဉ်နဲ့လေ သူက သူ့အဖေက နိုင်ငံခြားမှာလည်း တကယ့်လုပ်ငန်းကြီးတွေနဲ့ မြန်မာပြည်မှာ မိဘဘိုးဘွားအမွေတွေက အများကြီး သူလာမယ်ဆိုတာနဲ့ နေစရာတိုက်နဲ့ စီးဖို့ကားက ပြင်ဆင်ပြီးသား...

မိုးဇက်က ဒီလိုလေးတော့ ပြောပေးရှာသားဟု တွေးမိကာ နေမင်းက တစ်ဘက်လှည့်၍ပြုံး၏။ မတူဘူးဆိုတာ သိကိုသိရမှာပေါ့။

“မင်းမှာ ကုမ္ပဏီတစ်ခုထူထောင်နိုင်ဖို့က အမိက မိဘက ရင်းနှီးပိုးပေးနေပေမယ့် တိုးတက်မှုရှိအောင် ကြိုးစားရဦးမှာ ဘာမှ မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရသေးဘူး ကားအကောင်းစားကြီးဝယ်စီးလိုက်ရင် အန်တီမေတို့က မပြောဘဲနေတော့မလား ပရာဒိုတစ်စီး ဘယ်လောက်မှတ်လို့လဲ"

"ခွေးကောင် မင်းမှသိတာမဟုတ်ဘူး ပါးစပ်ပိတ်ထား ဒီမှာ စိတ်ကူးနဲ့ လက်နဲ့ မတည့်ရတဲ့အထဲ"

"တည့်အောင် စဉ်းစားပေါ့ လွယ်လွယ်ကူကူ"

နှစ်ယောက်တည်း ထဖြစ်နေကြပြန်သည်။ နေမင်းက ခလယ်လူကို ခပ်လှောင်လှောင် ပြန်ကြည့်၏။

"ဟုတ်သားပဲ မင်း ချက်ချင်းကြီး ဘာကိစ္စ ကားဝယ်မယ်ထဖြစ်တာလဲ"

"ဝယ်ဖို့လိုလို့ပေါ့ကွ ယောကျ်ားချင်းပဲ သူတောင်ကားစီးနေနိုင်ရင် ငါဘာလို့ မစီးနိုင်ရမှာလဲ ဝယ်ပြမယ် ကြည့်"

နေမင်းက ရယ်လိုက်သည်။

"ဝယ်ပေါ့ ကားနှစ်စီးရှိတော့ ပိုတောင်ကောင်းသေးတယ်"

"မင်းကကော"

ခလယ်လူက သူ့ဘက်လှည့်လာပြန်ကာ…

"မင်း အမေနဲ့ စေညွန်း အဖေက စီးပွားဘက်တွေဆို မင်းလည်း ချမ်းသာတာပဲ မဝယ်ဘူးလား"

"ဘာလို့ ဝယ်ရမှာလဲ ငါက စေညွန်းနဲ့အဖော်လိုက်လာတာ ဒီမှာ နေမှာမဟုတ်ဘူး"

"နေဖြစ်သွားရင်ကော"

"ဖြစ်စရာကို မရှိဘူး"

"စေညွန်းက နေဖြစ်ရင်ကောကွာ"





"သူလည်း ပြန်မှာပါ"

နေမင်း ပြောပုံကြောင့် ခလယ်လူကမဲ့လိုက်၏။ မိုးဇက်ကတာအဓိပ္ပာယ်မှန်းမသိဘဲ ရယ်ပြီး…..

"မင်းကောင်ကို ခေါင်းကြည့်ပါဦး ခုတောင်မှ မမြတ်နဲ့"

"ဟိတ်ကောင်"

နေမင်း ပျာပျာသလဲထတားကာ မီးဖိုခန်းဘက်လှမ်းကြည့်၏။ ဒီနေ့ တနင်္ဂနွေနေ့မို့ မမြတ်ရှိနေသည်။

ထိုစဉ်မှာပဲ မမြတ်က အနီရောင် ဇကာလေးတစ်လုံးကိုကိုင်လျက် ခြံထဲဆင်းထွက်သွားလေသည်။ သုံးယောက်လုံး လှမ်းကြည့်လိုက်မိကြ၏။

ခလယ်လူက ဆွယ်တာတွေပဲ တော်တော်များများဝတ်ထားတာ မြင်ရတတ်သည့် မြတ်တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်သည်။

ဆွယ်တာဆိုလည်း သူမကိုယ်မှာ ဘယ်အချိန်ကြည့်ကြည့် လက်ခုံပေါ်ထိ လက်ကအရှည် ခါးကတင်အောက်ထိ လည်ပင်းဆို မေးဖျားထိ တက်ခေါက်ထားသော တစ်ကိုယ်လုံး အတွင်းသား ဘယ်နေရာကိုမှ မမြင်အောင် ဖုံးကွယ်ထားသလိုမျိုး…

ထမီစကကတ် ကျပ်တာတိုတာ ဘယ်အခါမှ မဝတ်၊ ဝတ်လိုက်တိုင်း ရှိုးရှိုးထဘီက ခြေဖမိုးလေးပေါ်ထိ ပုံနေတတ်၏။ လမ်းလျှောက်လျှင်တော့ တက်နင်းမိမှာပဲဟု တွေးမိဖူးသည်။ လျှောက်သွားလိုက်တော့လည်း သူ့နည်းနဲ့သူတော့ ဟုတ်လို့ပဲဖြစ်သည်။ ကြည့်ရင်း တွေးလိုက်မိတာ ခလယ်လူက မမြတ်ကွယ်သွားမှ ဒီဘက်လှည့်၍…

"မင်းက မင်းကောင်ကို အထင်တွေစွတ်ကြီးမနေစမ်းပါနဲ့ မမြတ်



www.burmeseclassic.com

www.burmeseclassic.com



ကို စေညွန်းက မျက်စိမကျနိုင်ဘူးလို့ ထင်လား"

နေမင်းက ငြိမ်နေ၏။

"မမြတ်က ခပ်တုံးတုံးပုံစံပေမယ့် မျက်မှန်မပါရင် မမြင်တာလေး ကလွဲရင် ချစ်စရာလေး အပွန်း"

အထင်မြင်သေးသော ခပ်ရိရိရယ်သံက မခံချင်စရာ။

"မင်းကြည့်လေ စေညွန်းက ထမင်းနဲ့ဟင်းနဲ့ ဘာဘာညာညာ တောင့်တောင့်တတရှိဖူးလား မုန့်တစ်ချပ် ကော်ဖီတစ်ခွက်နဲ့လည်း ပြီးသွားတတ်တာ ထမင်းစားရင်လည်း ပန်းကန်ထဲမှာ ထည့်ထားတာ လေး စားပြီးရင်ပြီးရော ထပ်ထည့်တာ စားကောင်းတာ ပြောသံကြား ဖူးလား ဒီကောင် တကယ်မလှုပ်တလှုပ်နဲ့"

"အဲဒါ မင်းနဲ့ ဘာဆိုင်လဲ"

"မမြတ်နဲ့ ဆိုင်နေတာကို ပြောမလို့ပါ မမြတ်လည်း ဒီအတိုင်းပဲ အသီးအရွက်ကြော်လေးပါရင် ထမင်းစားတတ်တယ် စားတော့လည်း နေမကောင်းတဲ့ကြောင်စားသလောက်လေး သူတို့နှစ်ယောက် ထပ် တူတာက နှစ်ယောက်လုံး အစားမမက်ကြပေမယ့် ကြီးမားထွားကျိုင်း လိုက်ကြတာ လွန်ရော"

"အေးလေ"

မိုးဇက်က ထောက်ခံနေသေးသည်။ ဟုတ်တာပဲဟု တွေးမိပေ မယ့် နေမင်းဘာမှမပြောဖြစ်ပါ။

"စေညွန်းဆိုရင် တော်ရုံမိန်းကလေးနဲ့ ဘယ်လိုမှ မလိုက်ဖက်ဘူး ဒီကောင်ကအနေချောသန့်ပြီး အရပ်ကမြင့်တော့ မိတယ်"

စိတ်ရင်းမှန်နဲ့ ပြောနေတာ ဟုတ်ရဲ့လားဆိုသည့် မျက်လုံးနှင့်





နေမင်းက မျက်လွှာပင့်ကြည့်၏။ ဟုတ်ဟန်မတူပါ ခလယ်လူမျက်နှာ က အပိုးမသေသော အပြုံးနှင့်...

"မမြတ်ကလည်း မိန်းကလေးထဲမှာကို ရှားတဲ့အရပ်မျိုးနဲ့ တောင့် တောင့်ဖြောင့်ဖြောင့် အူဟူတူ အတတာနဲ့ နည်းနည်းထူးတာလေးက လွဲရင်ကွာ အပွန်း..သူတို့နှစ်ယောက် တကယ်လိုက်တာကွ"

"ဟား..ဟား..ဟား"

မိုးဇက်က ကျယ်ကျယ်လောင်လောင်ထရယ်သည်။

"မင်းကကွာ မိန်းကလေးတစ်ယောက်ဖြတ်သွားတုန်း ဒီလိုထရယ် တာ ကောင်းသလား"

နေမင်း မျက်နှာပျက်ပျက်နှင့် လှမ်းပြောမိ၏။ မိုးဇက်က ဂရုမစိုက်ပါ။

"ခလယ်ပြောတာကို သဘောကျလို့ပါ နေမင်းရာ ငါလည်း မင်း လိုပဲ ဒီကောင် မမြတ်ကို ကြိုချင်ပို့ချင်လို့ ကားဝယ်ဖို့ လမ်းစရှာနေ တယ်ထင်တာ မမြတ်လို မိန်းမတစ်ယောက်ကို သူ့အထင်ကြီးမှာ မဟုတ်ဘူးလို့ ငါအစကတည်းက သိထားတော့ ရှုပ်ကုန်တာပေါ့ အခု ရှင်းသွားတာ"

မိုးဇက်က နေမင်းရင်ထဲမှာ ရှိနေတာကို သွယ်ဝိုက်၍ ပုတ်ချလိုက် တာပါ။ ခလယ်လူ မမြတ်လို မိန်းကလေးကို မကြိုက်ဘူးဆိုတာ သူသိ အောင် ဟိုလိုလို ဒီလိုလိုနှင့် တမင်အသိပေးလိုက်ခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မမြတ်ကို နှိမ့်ချပြောလိုက်တာတော့ စိတ်ထဲမှာ မကောင်း ခလယ်လူကလည်း မိုးဇက်ဘက်ကို ပြုံးပြလှည့်ကာ...

"ဘာကွ ငါက မမြတ်ကို ကြိုက်နေတယ် ဟုတ်လား"

"မဟုတ်ဘူး အစကထင်သလိုလိုဖြစ်သွားတာကို ပြောတာ မင်းက



www.burmeseclassic.com

www.burmeseclassic.com



စမှကားဝယ်မယ် ဖွတ်ကြီးဖြစ်နေတာကို”

“ဝါကိစ္စနဲ့ဒါပဲကွ မင်းတို့က ထင်စရာလား လင်မယား ဖြစ်ပြီးရင်တောင် ဒါမင်းရဲ့ ယောကျ်ားနော်လို့ လက်တို့သတိပေးနေရမယ့်ကြောင်တောင်တောင် မိန်းမမျိုးကို ဒါက အရူးမို့ ကြိုက်ရမှာလား”

“ခလယ်”

နေမင်း ဒေါသသံကို ထိန်းလို့မရ။

“မင်းတို့ စကားပြောတာ တစ်ဖက်သားကြားသွားရင် မကောင်းဘူး မင်းတို့ကိုကော ဘယ်သူက ကြိုက်ပါချစ်ပါလို့ တောင်းဆိုနေလို့လဲ”

“မင်းတို့ပဲ ဒါကကြိုက်မယ်လို့ထင်နေတာ”

“ဘယ်သူက ထင်တာလဲ မင်းကို ဝေဖန်ဖို့ စိတ်မဝင်စားဘူး သူများကိုလည်း ချိုးချိုးဖွဲဖွဲမပြောပါနဲ့ မဖြတ်က သိက္ခာရှိတဲ့ မိန်းမတစ်ယောက်ပါ။ သူ့အတွက်ဘယ်သူ့ကိုမှ ဝန်လေးစေခဲ့တာ မရှိဘူး အူတူတူ အတတဆိုတာလည်း သူစိတ်မဝင်စားတာကို မှတ်မှတ်သားသား မရှိတတ်တာပါ။ ဆရာဝန်တစ်ယောက်တောင် ဖြစ်လာတဲ့လူကို အရူးလိုလို ဖာတ်သွင်းပြီး မပြောပါနဲ့”

နေမင်းမျက်နှာက ဒေါသကြောင့် နီနေသည်။ မိုးဇော်က ပခုံးနှစ်ဖက်တွန့်၏။ ခလယ်လူက အရယ်မပျက်ပါ။

“ဆောရီး ဒါက အဲဒီလို သဘောမထားပါဘူး တို့အချင်းချင်းပဲရှိနေလို့ ပွင့်ပွင့်လင်းလင်းဝေဖန်တာ မဖြတ်က ခင်ဖို့ကောင်းပါတယ်”

မပြောချင်ဘဲ ပြောလိုက်ရသလိုမျိုး ပြောပြီးတော့ ပခုံးမသိမသာ တွန့်၏။ နေမင်းက စိုက်ကြည့်နေလျက်....





အခန်း (၁၁)

“ဟာ မဖြတ် မဖြတ် အဲဒါဘာလုပ်တာလဲ”

စေညွှန်း ကားပေါ်က ဆင်းလာသည့် ခြေလှမ်းတွေက အိမ်ပေါ်ကို လွှားခနဲ လွှားခနဲ။

“စေညွှန်း”

မြတ်က စတိုခန်းလေးရှေ့မှာ ဆောင့်ကြောင့်လေးထိုင်လျက် သူ့မရှေ့မှာ ခွေးသားပေါက်လေးတွေ ၁လေးကောင်...

စေညွှန်းအနားရောက်လာကာ ပြုံးပြုံးကြည့်ပြီးမှ တွန့်ခနဲဖြစ်သွားကာ နောက်ပြန်ဆုတ်သည်။

ခွေးလေးတွေက မျက်စိမပွင့်တပွင့်နှင့် ကွိစိကွစ တစ်ကောင်နဲ့တစ်ကောင် လုံးထွေးရစ်ပတ်နေလျက်...

“ဘယ်ကဟာတွေလဲ ဘာတွေလဲ အဲဒါ”

“ခွေးလေးတွေလေ စေညွှန်းရဲ့ အပြင်မှာကွေးနေတာ မိုးရေထဲမှာ စေညွှန်းရယ် သနားပါတယ် ပြီးတော့ သူတို့အမေက ဘယ်သူ့ရိုက်သိုက်လဲ မသိဘူး ခြေတစ်ဖက် ကျိုးနေရှာတယ် ဟော”

ပြောနေကြတုန်း သားသမီးတွေ အော်သံကြားတဲ့အတိုင်း သိုက်သာပုံရသော အဝါရောင်ပိန်ခြောက်ခြောက် ခွေးမကြီးတစ်ကောင်က



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တစ်ဖက် ထော့ထော့နှင့် နောက်ဖေးတံခါးဝမှာ ပေါ်လာသည်။

"ဟိုမှာ ဟိုမှာတွေ့လား မိုးရေတွေစိုနေတာပဲ ခွေးမတွေက မွေးခါနီးရင်နေရာရှာကြတာပဲ စေညွှန်းရဲ့ သူ့ခမျာ မွေးပြီးမှ မောင်းထုတ်ခံရလို့ ကလေးကိုတောင်ချီမြှောက်ချီ သယ်နေရှာတာ ဒီမှာခဏတော့ နေပါစေနော်"

"ဟာ အဲဒါ အမိပ္ပာယ်မရှိတာ ဒါ ခွေးနေတဲ့အိမ်မှမဟုတ်တာ အခု သွားပြန်လွှတ်လိုက်ပါ သွားပါ ရွံစရာတွေ"

ခွေးလေးတွေ ရှုစိရှုစိကို မသတီသလိုကြည့်ကာ စေညွှန်းက ခြေဦးနားမှာ ရှိနေသည့် ခြေသုတ်စောင်စုတ်အား ခွေးမကြီးရပ်နေတဲ့ဆီ လွှဲကန်ပစ်လိုက်၏။

"တောက်...သွားစမ်း"

"အို...မလုပ်ပါနဲ့"

စောင်စုတ်က အလုံးလိုက်တန်းဝင်သွားသည်။ ခွေးမကြီးလန့်ဖျတ်ဆုတ်လိုက်သဖြင့် နောက်ခြေတစ်ဖက်က မသန်သောကြောင့် ခွေခနဲ လဲသွားသည်။ မြတ် စိုးရိမ်တကြီး ထရပ်လိုက်သည်။

"အပြင်မှာ မိုးတွေရွာနေလို့ ခဏခေါ်လာတာပါ စေညွှန်း ရက်ရက် စက်စက် မောင်းမထုတ်ပါနဲ့"

"ရက်စက်ရမှာပဲ မြတ် ဆရာဝန်ဖြစ်နေပြီး ဒီလို သတ္တဝါတွေကို ဘာဖြစ်လို့ မရွံမရှာ တယုတယ ကိုင်နေတာလဲ တကယ့် အံ့သြတယ် သနားတာကတခြား ရောဂါပိုးမွှားကတခြားပါဗျာ အဓိပ္ပာယ်မရှိ"

"ကိုင်မှ ပါမှာပေါ့ မကိုင်ဘဲနဲ့ အိမ်ပေါ်ရောက်မှာလား"





"မြတ် တောင်းပန်ပါတယ် ဒီမှာလည်း မထားပါဘူး နောက်ဖေးက ဂိုဒေါင်လေးဘေးက အမိုးအောက်ထဲသွားထားမှာ"

"ဟာ မရဘူး ဒီခွေးတွေတစ်ညလုံး အော်နေမှာ အဲဒီအသံကို ကျွန်တော် သိပ်မုန်းတယ် နေမင်း ဟေ့"

"ဟေ"

နေမင်း ရေချိုးခန်းထဲက ပြေးထွက်လာသည်။ အသံတွေကို သူကြားနေရသည်။ ရေချိုးနေတုန်းမို့ ကပျာကယာ ပြီးစီးအောင်လုပ်နေရတာဖြစ်၏။

သူ ရေစက်လက်နဲ့ ထွက်လာတော့ ခွေးပေါက်လေးတွေက တရှုံ့ စမ်းတဝါးဝါးနှင့် ရွှေ့လျားနေကြပြီ။ မမြတ် ဘယ်က ဘယ်လိုသွားခေါ်လာမှန်းမသိ။

"ဒါတွေကို ဆွဲထုတ်ပစ်လိုက်စမ်းပါကွာ ပြီးရင် ဒီနားကို ရေဆေးချပစ်လိုက် ညစ်ပတ်လိုက်တာ"

စေညွှန်း ရှုံ့တွမဲ့ရွဲ့ကာ ခါးထောက်လိုက် ခေါင်းခါလိုက်၊ နေမင်း သိသည်၊ ရက်စက်တတ်တာမျိုး မဟုတ်သော်လည်း ခွေးတွေကြောင်တွေကို စေညွှန်းချစ်ပါတယ်ပြောတာ တစ်ခါမှ မကြားဘူးခဲ့။

အထူးသဖြင့် အစားအသောက် အနေအထိုင် ဇီဇာမကြောင်တတ်သည့် စေညွှန်းဟာ ရွံတတ်သည့်နေရာမှာတော့ နှစ်ယောက်မရှိနိုင်။

ဒီလို ပုပုရွရွ အသည်းယားစရာတွေကို မပြေ-နှင့် အလွန်တန်ဖိုးကြီးသော အလှမွေးခွေးတွေကိုတောင် သူရွံသည်။

အိမ်တစ်အိမ်ကို ဝင်သွားပြီဆို အဲဒီအိမ်ရှင် ရင်ခွင်ထဲမှာ ခွေးပိုက်ထားတာမြင်လိုက်ကြည့် အဲဒီအိမ်က ဘာကျွေးကျွေး မစားတော့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ရေတောင်မသောက်...

"မင်းကလည်းကွာ ခွေးလေးက ချစ်စရာလေးပါ"

"ခွေးကခွေးပဲ အဲဒီခွေးသန့်နေအောင် သူတို့ပဲ အညစ်အကြေ ချွတ်ပေးကာကွ လက်တွေကို ငါမသတီဘူး"

စေညွှန်းတို့ နေရာတကာ ဇီဇာမကြောင်တတ်ပေမယ့် မကြိုက် တာကို မကြိုက်တဲ့အတိုင်း တစ်ယူသန်စွာ စွဲတတ်တာကျတော့ ဘယ် သူနဲ့မှ မတူပေ။

ဟိုမှာ မမြတ်ကလည်း မျက်နှာငယ်လေးနှင့် ငိုတော့မလိုလို စေညွှန်းကလည်း ကင်းကင်းတုန်နေသည်။ နှစ်ယောက်ကြားမှာ ရပ် တရက် ဘာလုပ်ရမှန်းမသိ။

"မဟုတ်ဘူး စေညွှန်း နေမင်းခဏနေပါဦး ဆွဲချတာက မိုးရေထဲ ကိုတော့ ဆွဲမချပါနဲ့ ဟိုနောက်ဖေးက ဂိုဒေါင်ဘေးကို သွားပို့ပေးပါ ဒီနေရာကိုလည်း မြတ်ပဲ ဆေးပေးပါ့မယ် ဒီတစ်ညတော့ ခြံထဲမှာပဲ နေပါစေနော်"

"ဟား ပြဿနာပါလား အဲဒီကောင်တွေအော်တာ ကျွန်တော် လုံးဝမကြိုက်ဘူး မမြတ်အမိပ္ပာယ်မရှိတာတွေ လျှောက်မလုပ်နဲ့ဗျာ"

"ဘာတွေဖြစ်နေတာလဲ"

မိုးဇက်နဲ့ ခလယ်လူတို့ ပြေးတက်လာကြသည်။ ခွေးတွေကို လာပွဲကြည့်ကာ မြတ်လည်ဝင်းရည်ကြည့်နေသော အပြင်က ခွေးမကြီး ကိုလည်း မြင်သွား၏။

"မမြတ် ခေါ်လာတာလား"

ဟု ခလယ်လူက မေး၏။





"အင်း ခြံဝက အုတ်ခုံဘေးမှာလေ ရေမြောင်းက ရေမရှိတော့ အဲဒီထဲမှာဝင်မွေးနေတာ ညနေက ခြံထဲဆင်းရင်းနဲ့ မြင်ခဲ့တာပါ အခု မိုးရွာတော့ သတိရလို့ သွားကြည့်တာ မြောင်းထဲမှာ မိုးရေတွေနဲ့ ခွေး လေးတွေစိုရွှဲနေတာပဲ သနားပါတယ်နော်"

"ဟုတ်တာပေါ့"

ခလယ်လူက အားတက်သရော...

"ဟုတ်သားပဲ စေညွှန်းရာ မင်းကလည်း သတ္တဝါချင်းပဲ သနားပါ တယ်"

"မင်း သနားရင် တခြားမှာတဲ့သွားထိုးပေးလိုက် ငါ့ခြံထဲမှာ လက် မခံဘူး"

"နေကြပါဦး"

နေမင်းက ပြဿနာမဖြစ်ခင် ကြားကဝင်၍...

"မမြတ်ပြောတာ မဆိုးပါဘူး မိုးတွေလည်း ရွာနေတယ်ကွာ ငါ အဲဒီနားမှာ သေသေချာချာ သွားထားလိုက်မယ် မင်းဘာသံမှ မကြား ရအောင်လည်း လုပ်ပေးလိုက်ပါ့မယ် ပြီးရောမို့လား"

စေညွှန်းက တစ်ခုခုပြောဖို့ကြည့်က နေမင်းက အပြောမခံဘဲ တွန်းလွှတ်၍...

"သွားပါ မနက်ကျတော့ မင်း မမြင်စေရဘူး အဲဒီနားထိ ငါသန့် ရှင်းပေးမယ် တော်ပြီကွာ...သွားတော့...သွား"

စေညွှန်း စိတ်ပျက်သည့် မျက်နှာနှင့် မြတ်ကို ခပ်စောင်းစောင်း ကြည့်သည်။ မြတ်က ဘယ်သူ့ကိုမှမကြည့်ဘဲ စောင်စုတ်ကလေးပေါ် ကနေ ဖွဲ့ဆင်းနေသည့် ခွေးလေးတကောင်ကို တယုတယကောက်ယူ



www.burmeseclassic.com

www.burmeseclassic.com



ကာ အခင်းပေါ် ပြန်တင်ပေးနေ၏။

စေညွှန်းမျက်နှာတစ်ချက်မဲ့သွားပြီး ချာခနဲလှည့်ထွက်သွား၏။ ထို ညက မိုးစက်မှုန်တွေကျနေသည့်အောက်မှာစေညွှန်းမှလွဲ၍ သူတို့လေး ယောက် ခွေးသားအုပ်မ မိသားစုနှင့် အလုပ်ရှုပ်တော့သည်။

နေမင်းက ခွေးမိသားစုအတွက် ဂိုဒေါင်ဘေးမှာမဟုတ်ဘဲ ဂိုဒေါင် ထဲထည့်လိုက်၏။ ပြီးတော့ တံခါးတွေ အကုန်ပိတ်ပစ်လိုက်ပြီး...

"ကဲ ဒေါ်ခွေးမရေ အပေါ့အပါးသွားချင်လည်း အဲဒီမှာပဲ သွား ပေတော့"

"ဟိုတ်ကောင် မင်းတံခါးပိတ်ထားတော့ မနက်ကျရင် ခွေးချေး ကျုံးနေရမှာပေါ့"

မိုးဇက်ကပြောတော့ သူခေါင်းခါ၏။

"ကျုံးရလည်းကျုံးလိုက်ဖို့ပဲ ဒီသတ္တဝါတွေ ကွိစိကွစအော်ကြရင် အပေါ်ကနေ စေညွှန်း ဒေါသူပုန် ထလိမ့်မယ်"

"ဟုတ်တယ် ပိတ်လိုက်ပါ နေမင်းရယ် မနက်ကျ ဒီထဲမှာ မြတ် ကိုယ်တိုင်ဆေးကြောပေးပါ့မယ် စေညွှန်းတာအားစိတ်ဆိုးသွားရင် ဒုက္ခ"

မြတ်ကလည်း အရေးထဲမှာ ခွေးမကြီးခြေထောက်ကို ဆေး စည်းပေးနေသေးသည်။ နောက်ထပ်သေချာတာ တစ်ခုကို နေမင်း တွေးလိုက်မိ၏။

မနက်ဖြန်ကစ၍ နှစ်ရက်လောက်တော့ စေညွှန်းထမင်းနဲ့ ပါးစပ် အဆက်ပြတ်သွားလိမ့်မည်။ ဒါမှမဟုတ် မမြတ် ထမင်းမချက်နဲ့တော့ လို့များ ပြောလိုက်လျှင် အားလုံးငတ်သွားနိုင်၏။





အခန်း (၁၂)

ပြန်ချိန်က မရောက်သေးပါ။ ဒါပေမဲ့ နားနေခန်းထဲမှာ မြတ်ထိုင် နေတုန်းပဲ ညှော်သည်ဟု ပြောသဖြင့် ထွက်လာလိုက်တော့ အံ့ဩသွား မိ၏။

"မြတ်"

ဆေးပညာပိုစတာတွေကို လိုက်ကြည့်နေသည့် သူက ဖျတ်ခနဲ လှည့်ကြည့်ပြီး ပြုံးပြရင်း နှုတ်ဆက်သည်။

"သူ..."

မြတ်ဘယ်လို ခေါ်ရမှန်းမသိ၊ နာမည်ကို ရုတ်တရက် စဉ်းစား ရပါ။ သူအနားရောက်လာတော့မှ...

"စွမ်း...အဲ...ကိုစွမ်းနော်"

"ဟုတ်ပါ့ဗျာ ကိုယ်က စွမ်းညို့ပါ မြတ်မှတ်မိသားပဲ"

ဟုတ်သားပဲ သူနဲ့ မြတ်ကို ဘယ်သူကမှ မိတ်ဆက်ပေးခဲ့တာ မဟုတ်ဘဲ မလွှင်ခေါ်လိုက်တာကို ကြားပြီး မြတ်အဲဒီလောက်ထိ မှတ် မိနေခဲ့သည်။ မြတ် ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလွှင် ခေါ်လိုက်တာ ကြားဖူးလို့ပါ ကိုစွမ်းမြတ်ဆီကို လာတာ လား"

"ဟုတ်တယ် မြတ်နဲ့ကိုယ် အဲ မြတ်ကိုလာကြို ပေးပြီးတဲ့ နောက် နေ့ပဲ ကိုယ် စက်ဘူကိုသွားရတယ် ညကမှ ပြန်ရောက်တာ မြတ် ပြီးပြီ မို့လား သွားမယ်လေ"

သူက နာရီကိုမြှောက်ကြည့်ပြီး ပြန်ဖို့ပြောလာ၏။

"မြတ်ကိုလား မြတ်ကို နိုင်ငံလာကြိုမှာ"

"စေညွန်း နိုင်ငံဆိုတာ ဘယ်သူလဲ"

သူ မမလွှင်နဲ့ မဆုံဖြစ်ခဲ့ဘူးလား။ ဒီဆေးရုံမှာ လုပ်နေတာကျ တော့ ဘာလို့သိသလဲ။ မြတ်က ရှုပ်ရှုပ်ယှက်ယှက်တွေ ခေါင်းထဲ မထည့်တတ်သဖြင့် ဆက်မတွေးတော့ပါ

"စေညွန်းက မြတ်အခုနေတဲ့ တိုက်ကပဲ သူ့ဆီမှာ မြတ်နေတာ လေ သွားရလာရတာ အဆင်မပြေလို့ မြတ်ကို ကူညီတာ မမလွှင် စီစဉ်ပေးတာပဲ မပြောဘူးလား"

"ဩော်"

စွမ်းညို့မျက်နှာတော့ နည်းနည်းမကောင်းဖြစ်သွားသည်။ ဆေး ရုံကြီးပေါ်မှာ လူသွားလူလာတွေက ရှုပ်နေ၏။ ကြာကြာရပ်နေလို့က မကောင်း...

"မြတ်နဲ့ ကိုယ်တွေ့ချင်လွန်းလို့ လာကြိုတာ ညက ဖုန်းဆက် ချင်လို့ မလွှင်ကို လှမ်းမေးတော့လည်း အဲဒီမှာ ဖုန်းမရှိဘူးတဲ့"

စွမ်းညို့က မြတ်ကို ရိုဝေသော မျက်ဝန်းများနှင့် စူးစိုက်ကြည့် ၍...





"မြတ် ယုံနိုင်မလားမသိဘူး တကယ်ပါ ခဏပဲ မြင်လိုက်ရပေ မယ့် လူသာမအားတာ စိတ်က မြတ်ကိုပဲ သတိရနေမိတယ် ခဏဖြစ် ဖြစ်တော့ ပြောချင်တယ်ကွာ အဲဒီတစ်ယောက်ကို ပြန်လွှတ်လိုက်လို့ ရဘူးလား ခဏလေးပါ"

"ဟင့်အင်း"

သူ့မျက်နှာကို နားမလည်သလိုလေး ငေးနေမိရင်း မြတ်ခေါင်း ခါသည်။

"ဘယ်ကောင်းမလား ကိုစွမ်းရယ် သူက မြတ်ရဲ့ဒရိုင်ဘာမှ မဟုတ်တာ ပြီးတော့ မြတ် ဘယ်ယောက်ျားလေးနဲ့မှ နှစ်ယောက်တည်း မသွားလာခဲ့ဘူး"

စွမ်းညို့က ခဏငိုင်သွားပြီးမှ ခေါင်းညိတ်သည်။ ပြီးတော့ ဘောင်း ဘီအိတ်ထဲက လက်ကိုင်ဖုန်းလေးကို ထုတ်၍ မြတ်လက်ထဲကို မြတ် ကိုင်လိုက်မိသည်အထိ အတင်းကြီးထိုးထည့်ပြီးမှ...

"အဲဒါ ယူထားလိုက် ညကျရင် ကိုယ်ဖုန်းဆက်မယ်နော်"

မြတ်ဘာမှ မပြောရသေးခင် သွားမယ်ဟုပြောပြီး သူထွက်သွား၏။ ထိုအချိန်မှာ စေညွန်းရောက်နေပြီဆိုတာကို မြတ်သတိမထားမိလိုက်ပေ။

စွမ်းညို့ထွက်သွားတဲ့အထိ ဖုန်းကိုကိုင်လျက် နားမလည်စွာ ရပ် နေမိဆဲ။ သူမရှိးသားဘူးဆိုတာကိုတော့ စိတ်ကခံစားမိ၏။

ဒါပေမဲ့ ကားပေါ်မှာ မျက်လုံးချင်းစကားပြောခဲ့မိသလား၊ ဒါမှ မဟုတ် သူမရင်ခုန်ခဲ့မိတာ ရှက်တာလား မရိုးသားစွာလား။

ဘာပဲဖြစ်ဖြစ် တွေ့ခဲ့ရကြတာ တစ်ကြိမ်တစ်ခါတည်းနဲ့ ဒီလောက် ထိရင်းနှီးကြဖို့ သင့်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာတော့ သူ့ဟန်းဖုန်းက ရောက်နေလေပြီ။ တွေးနေရင်း နာရီကြည့်၍ မျက်နှာမော့လိုက်တော့ ကားကိုလှမ်းမြင်လိုက်၏ စေညွန်း ကတော့ မြတ်ကားပေါ် ရောက်လာတဲ့အထိ ဘာမှမပြော ဘဲ...

"မမြတ်"

"ဟင်"

အိမ်ရောက်ခါနီးမှ လှည့်မကြည့်ဘဲခေါ်သည်။ မြတ်က သူ့ လှည့်ကြည့်၍...

"ဘာလဲ စေညွန်း"

"မမြတ် ကျွန်တော့်ကို စိတ်ဆိုးနေလား"

"ဟင် ဘာကိုလဲ ဘာဖြစ်လို့ မြတ်က စိတ်ဆိုးရမှာလဲ"

"မနေ့ညက ခွေးကိစ္စလေ ကျွန်တော် အဲဒါကိုတော့ တကယ် သည်းမခံနိုင်တာ"

"ဩော် စေညွန်းရယ် မြတ်ကတောင် တောင်းပန်ရဦးမှာကို တ ကယ်ဆို မြတ်က စေညွန်း မြို့ငြင်သွားအောင် မလုပ်သင့်ဘူးလေ တ ကယ်ပါ မြတ် ဖွတ်တရွတ် ပြောမိလုပ်မိတာကလေ ခွေးလေးတွေကို သနားလွန်းလို့ပါ"

စေညွန်းက မြတ်ကို လှည့်ကြည့်လိုက်၏။

"မြတ်က ကျွန်တော့်ကို အိမ်ပိုင်ရှင်မို့လို့ မြို့ငြင်မှာကြောက်သလို လိုပုံစံမျိုးနဲ့ ပြောတာလား"

"ဟုတ်တယ်လေ စေညွန်းက အိမ်ရှင်ပဲဟာ စေညွန်းစိတ်ဆိုးလို့ နှင်ချရင် မြတ်က ဆင်းသွားရမယ့်သူ ဒါ အမှန်ပဲ မဟုတ်ဘူးလား"





"မဟုတ်ဘူး"

စေညွန်းက စကားပြောရင်း ကားမောင်းရင်းနှင့် မိုးတွေသည်း လာတော့ စကားက ပြတ်တောက် ပြတ်တောက် ပြောနေရ၏။

"ကျွန်တော် အဲဒီလိုစိတ်နဲ့ ပါဝါပြတာမဟုတ်ဘူး ကျွတ်ဘယ်လို ပြောရမှန်း မသိဘူး"

စိတ်ရှုပ်ထွေးသွားတာက လက်နှောက်ပါသွားကာ ကားတစ်စီး နှင့် သီသီကလေး ကပ်ဖြတ်သွား၏။

"အမလေး"

ကားက ဝေ့ခနဲ လည်ထွက်သွားဟော့ မြတ် အလန့်တကြား ထအော်သည်။ မိုးတွေက သည်းလာ၏။ စေညွန်း ကားကို လွတ်ကင်း သည့်နေရာထိ ဆွဲချ၍ ရပ်ထားလိုက်သည်။

မြတ် မျက်လုံးလေး ပြူးနေဆဲ...

"မိုးတွေ တအားသည်းနေလို့ ပြီးတော့ ကျွန်တော် စိတ်လှုပ်ရှား ရင်း ကားမောင်းလို့ မရဘူး"

မြတ်က မှုန်ဝါးနေသော မိုးရေထဲကို လှမ်းကြည့်ကာ လက်ကလေး ပိုက်လိုက်ပြီး...

"စေညွန်းက မြတ်ကို စိတ်ဆိုးသွားလို့လားဟင်"

"မဆိုးပါဘူး ဒါပေမဲ့ စော်ကားခံလိုက်ရသလိုပဲ ကျွန်တော့်မှာ အဲဒီလို စိတ်တကယ်မရှိဘူး"

"မြတ်ကတော့ မရှိလို့ဘယ်ရမလဲ စေညွန်းရယ် ရန်ကုန်မှာ စားစ ရာနေစရာ အဆင်ပြေဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့"

စေညွှန်း မျက်နှာမကောင်းဘဲ တစ်ဘက်လှည့်သွား၏။ မြတ် ရင်ထဲမှာ မတင်မကျနှင့် ဘာမှလည်း မပြောတတ်ဘဲ ဒီအတိုင်းနေရသည်။ ထိုစဉ်…

"ဂျိမ်း"

"အား"

လျှပ်ရောင် ဖွေးကနဲ လက်သွားပြီး မိုးခြိမ်းသံကြီးက နားကွဲမတတ် မြတ် တအားအော်ကာ လက်ပိုက်လျက်နဲ့ ချပစ်လိုက်တော့ ဒက်ရှ်ဘုတ်နှင့် နဖူးဆောင့်မိသွား၏။

"မမြတ်"

ဆောင့်မိသံကြောင့် သူ့အနားတိုးလိုက်ကာ မြတ်ကို ဆွဲထူမိ၏။

"အား..ကျွတ်..ကျွတ်"

မြတ် ကုတ်ကုတ်လေးပါလာလျက် မိုးထပ်ခြိမ်းလိုက်မှာကိုလည်း စိုးရိမ်နေကာ နဖူးလေးကို ပွတ်နေရှာသည်။

"မြတ်ကလေ မိုးတွေရွာပြီး အဲဒီလို မိုးခြိမ်းရင်…"

"ဒိန်း"

"အား"

ကျယ်လောင်သော မိုးခြိမ်းသံကြီးကြောင့် နှစ်ယောက်သား ပူးကပ်သွား၏။ မိုးရော လေရော ဆူညံစွာ သည်းမည်းနေသည့်ကြားမှာ တဒိန်းဒိန်း တဒိုင်းဒိုင်းပစ်ချနေသည့် မိုးကြိုးလျှပ်စီးများက ချက်ချင်းကြီး မှောင်ကျသွားလျက်…





"မမြတ် ခဏလေးနေလိုက်လေ"

ရင်ခွင်သည် နွေးထွေးလျက် အားလုံးအတွက် လုံခြုံသွားသလို ရှိပေမယ့် မြတ်မနေရဲပါ။ အလန့်တကြား ကိုယ်တိုင်ဖက်ထားမိပြီးမှ မသင့်တော်ဘူးဆိုတာလည်း သိသည်။

တဝင်းဝင်းလက်နေသည့် လျှပ်ရောင်တို့ကြောင့် မိုးထစ်ချုန်းခြင်းတွေ ဖြစ်နေဦးမှာကိုလည်း ကြောက်၏။

စေညွှန်း က သူမကို ထွေးပွေ့ထားလျက်နှင့် ပင့်သက်ရှိုက်၏။ ပြီးတော့ ဘာတွေဖြစ်ကုန်မှန်းမသိသော ကိုယ့်ရင်ဘတ်ထဲကို ဝင်မကြည့်မိအောင် လွှင့်ပစ်ထားလိုက်သည်။ မိုးခြိမ်းသံတွေပဲ ဖြစ်ပါစေ…



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

"မမြတ်"

"ဟင်"

"ဟား ဘာတွေလဲ ဘာတွေလုပ်နေတာလဲ အဲဒါ"

မြတ်က လက်မှာပေနေဆဲရှိသည့် ဂျုံမှုန့်တွေကို လက်ဖဝါးနှစ်ဖက် ပွတ်ခါချရင်း လှည့်ကြည့်၏။ ခလယ်လူကိုမြင်တော့ ပြုံးပြလိုက်ပြီး မီးဖိုဘက်ကို ပြန်လှည့်၏။

"ပေါင်မုန့်အသားညှပ်လုပ်နေတာလေ ကြိုက်လား"

ခလယ်လူက မြတ်ကျောပြင်လေးနောက်ကနေ လုပ်ကိုင်ထား သမျှကို သေချာလိုက်ငုံ့ကြည့်၍...

"အသားညှပ် ဟုတ်လား ကျွန်တော်မြင်တာတော့ အစိမ်းကြော်တွေ ညှပ်ထားသလိုပဲ"

မြတ်က ရယ်လိုက်ပြီး ခလယ်လူရင်ခွင်ထဲရောက်နေသည့် အဖြစ်ကြောင့် ဘေးကို အနည်းငယ်ရွှေ့ရပ်လိုက်ပြီးမှ စားပွဲနဲ့ ခလယ်လူကြားမှာ ဘေးတိုက်ရပ်လိုက်သည်။





"ဟုတ်တယ်လေ မြတ်က အသားငါးတွေမှ မစားတာ ဒါက မြတ် အတွက် လုပ်ထားတာပဲ ခလယ်တို့အတွက်က ပြီးပါပြီ"

"ဪ ဒီလိုလား"

ခလယ်လူက တစ်ကိုယ်လုံးတောက်ပအောင် ဝတ်စားထားသည့် ပုံစံနှင့် ဟန်ပါပါရယ်သည်။ ပြီးတော့ မြတ်၏ ချွေးစို့နေသော မျက်နှာ လေးကိုကြည့်ကာ...

"ပင်ပန်းလိုက်တာ မမြတ်ရာ ဝယ်စားလိုက်ရင် ပြီးတာပဲ"

"ဘယ်တူမလဲခလယ် ကိုယ်တိုင်လုပ်တော့ စိတ်တိုင်းကျစားလို့ ရတယ် အကုန်အကျသက်သာပြီး များများစားလို့ရမယ် နောက်ပြီးတော့ အသားညှပ်ပေါင်မုန့်ပဲ ဝယ်လို့ရမှာပေါ့ အစိမ်းကြော်ညှပ်တာကျတော့ ကိုယ်တိုင်စားချင်တာလေးတွေ ထည့်ချင်သလို ထည့်လို့ရမလား"

မြတ်က ပြောလည်းပြောရင်း လုပ်ကိုင်ထားလက်စ ပစ္စည်းတွေကို သိမ်းသည်။ ပေကျံနေတာကိုတွေ ဆေးကြောသန့်စင်၏။ ခလယ်လူက လူကိုထိမှာ စိုးသဖြင့် နောက်ဆုတ်ရပ်နေပြီးမှ ထွက်မသွားဘဲ လိုက် ကြည့်နေ၏။

"မမြတ် ဒါလည်း ရတာပဲနော်"

"အင်း စားစရာတော်တော်များများတော့ လုပ်တတ်တယ် အိမ် မှာလည်း မကြာခဏ လုပ်ပေးရတာယ် မီးဖိုချောင်ကိုယ်ပဲ တာဝန်ယူ ထားရတော့ ဘာမဆို တတ်ထားမှ မျက်နှာမငယ်မှာပေါ့"

လှည့်မကြည့်ဘဲ စကားပြောရင်း အလုပ်လုပ်နေသည့် မြတ်ကို ခလယ်လူက ဘေးတိုက်ကနေ စူးစိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးချယ်သားကာမှ မြတ်၏ လက်ဖဝါးလေးတွေက ရဲတွတ်နေသည်။

လက်သည်းရှည်မရှိသည့် လက်ချောင်းထိပ်ဖျားကလေးတွေက ရှူးသွယ်နေတာမျိုးမဟုတ်ပါ။ ဒါပေမဲ့ ပြည့်ပြည့်သွယ်သွယ်လေးတွေ ဖြစ်သည်။

လက်ဆစ်ကလေးတွေမြှုပ်လျက် စိမ်းမြသော မွေးညင်းနုလေးတွေ ဖုံးနေပုံက ဖျစ်ဆုပ်ပစ်ဖို့ ကောင်းနေသည်။

"မမြတ်က အိမ်မှုကိစ္စတွေ ဟိုတုန်းကတည်းက လုပ်နေခဲ့ရတာလား"

ဟု ကောက်ကာငင်ကာမေးတော့ မြတ်က ဖျတ်ခနဲ လှည့်ကြည့်၏။ မျက်လုံးချင်းဆုံပြီးမှ ခေါင်းညိတ်သည်။

"ဟုတ်တယ် အိမ်ကလူတွေက မြတ်ချက်ကျွေးတာမှကြိုက်တာ တို့ကလည်း ဝါသနာပါတယ်လေ ကိုယ်ချက်တာကို သူများ အားရပါးရစားနေရင် ကျေနပ်တယ် ဒီမှာ ထမင်းချက်ပြုတ်ပေးဖို့ သဘောတူလိုက်တာလည်း ဆေးရုံကို ကိုယ်ပိုင်ကားနဲ့သွားချင်တာ တစ်ခုတည်းကြောင့် မဟုတ်ပါဘူး သိပ်မဆင်းရဲခဲ့ဘူးပေမယ့် တို့လည်း မချမ်းသာပါဘူး ဘဝကို ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ရင်ဆိုင်ဖို့ အင်အားတော့ တို့မှာရှိတယ်၊ အမှန်ကတော့ မင်းတို့အားလုံး စားသောက်ရေးအဆင်မပြေဖြစ်နေတာကို ပြေလည်စေချင်တာ တစ်အိမ်တည်း နေနေကြတာဆိုတော့ ဒါကူညီသင့်တယ်လို့လည်းထင်တယ် အဲဒါကြောင့် မမလွင်ပြောတော့ တို့ချက်ချင်းပဲ ခေါင်းညိတ်ခဲ့တာ"





"ယုံပါတယ်ဗျာ မမြတ်စေတနာကောင်းတာကို သိပါတယ် ဒါပေမဲ့"

သူစကားရပ်သွားတော့ မြတ်က မီးဖိုကိုငုံ့ကြည့်၍ တစ်လိုင်း ပိတ်ပစ်လိုက်ရင်း မတ်မတ်ပြန်ရပ်သည်။

"ဒါပေမဲ့ ဘာဖြစ်လို့လဲ ပြောလေ"

"မမြတ်ပုံစံကို ကြည့်ရတာ မယုံနိုင်ဘူး"

"ဘာကိုလဲ"

"မမြတ်က မိသားစုနဲ့နေရတာလား သူများနဲ့ ကြီးပြင်းရတာလား"

မြတ် မျက်နှာတစ်ချက်တော့ ပျက်သွား၏။ ဒါ့ထက်ထိတော့ သူမနေရင်းထိုင်ရင်း သိချင်းညည်းနေသလို မပြောချင်ပါ။ သာယာနာပျော်ဖွယ်ကောင်းတဲ့ အလင်္ကာလည်း တစ်ပုဒ်မှမပါခဲ့သည့် သူမဘဝ။

"ကျွန်တော်က စပ်စုတာ မဟုတ်ပါဘူး ဒီလိုလေ မမြတ်က အခုဆရာဝန်တစ်ယောက်ဖြစ်နေပြီ တစ်ကိုယ်လုံးလည်း ကြမ်းတမ်းခဲ့တဲ့ လက္ခဏာဘာမှမရှိဘူး ဥပမာ လက်ဖဝါးလေးတွေပေါ့ အလုပ်ပင်ပန်းခဲ့တဲ့ ဘဝကို ဖြတ်ကျော်ခဲ့ရတယ်ဆိုတဲ့ လက္ခဏာဘာမှ မရှိဘူး"

"ဒါပဲလား"

မြတ်က နာရီလေးငုံ့ကြည့်ပြီး မျက်ခုံးပင့်မေးတော့ ခလယ်လူက ရှေ့ကိုတိုးရပ်၍ သေချာစိုက်ကြည့်သည်။

"နောက်ပြီးတော့ အရမ်းလှတဲ့ဆိုတဲ့ မိန်းမတွေထက် မမြတ်က သာတယ်"

"ခလယ်ကတော့ လုပ်ပြီ ပေါင်မုန့်တွေ ကျက်တော့မှာ တကယ်ကျွေးမှာ မပူနဲ့"

ခလယ်လူက မျက်နှာမော့၍ရယ်သည်။ ပြီးတော့ ဖြ[illegible] ဆွဲထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် ဇွန်းပေါ်က ပေါင်မုန့်တွေကို ဝိုင်းကူချပေးရင်း...

"တကယ်ပြောတာပါ မမြတ်က လှတယ်ဆိုတာတွေထက် ပိုပြီး ကျက်သရေရှိတာ ဘယ်နားမှာပဲနေနေ ထင်းနေတာပဲ အစက အမှတ်တမဲ့ပဲ နောက်မှ ကျွန်တော်သတိထားမိလာတာ"

"ဟုတ်ပြီ ကျွေးဖို့ဆုံးဖြတ်ပြီးပြီ ကဲ ယူသွားတော့ အဲဒါတွေ စားပွဲပေါ်မှာချလိုက်"

"ဟော စားစရာတွေလား ငါလည်းကူမယ် ဒါမျိုးဆို ဝါသနာကိုပါတာ"

မိုးဇက်လည်း ဝင်လာသည်။ သူလည်း မိုးပြာရောင်ရှပ်နှင့် ဘောင်းဘီ ခိုပြာရောင်ပွပွကို စတိုင်ကျကျဝတ်ထားကာ ရေမွှေးနံ့က အရင်အခန်းထဲရောက်နေခဲ့တာ ဖြစ်သည်။

အပြင်ထွက်ကြမလို့ ဝတ်စားတောက်ပလာကြသည့် အလယ်မှာ မြတ်က ချွေးကလေးတွေနှင့် လုံးနေသည်။

"စားလို့ရပြီ မိုးဇက်ရဲ့ အဲဒီမှာ ကော်ဖီကော လက်ဖက်ရည်ကော ဖျော်ထားပြီးသား ဒြော် ပေါင်မုန့်မကြိုက်ရင် ကိတ်ခြောက်တွေ ယူစားလို့ရတယ်နော် မြတ်ကို အားမနာနဲ့"

"ဘယ်အားနာမလဲ ရေချိုးပြီးဒီကဖြတ်တော့ ပြောသံတွေကြားကတည်းက စားချင်နေတာ မမြတ်စားဖို့ဆိုတဲ့ အစိမ်းညှပ်ပေါင်မုန့်လည်း စားမှာပဲ"

"ဟော့ကောင်"

"ဘာလဲ"

"မလွန်နဲ့"





"ဘာဖြစ်လဲ မမြတ် ကျွေးမှာမို့လား"

မြတ်က သွားလေးတွေပေါ်အောင် ရယ်နေလျက် အားလုံးကို ချပေးသည်။

"မမြတ် ဘာတွေလဲ"

နေမင်း ထပ်ရောက်လာတော့ မျက်နှာသစ်ပြီးကာစ ပန်းပေါ်မှာ တဘက်စောင်တင်လျက်သား...

"နေမင်း မျက်နှာစင်အောင် မသုတ်ရသေးတဲ့လူ စားခွင့်မရှိဘူး"

"ဘယ်သူက ပြောတာလဲ"

"မမြတ်က"

နေမင်းက ခုံဆွဲထိုင်ပြီးမှ မြတ်ကိုမော့ကြည့်၏။ မြတ်က နေမင်းရှေ့ကို ပန်းကန်တိုးပေး၏။

"အလကားစနေတာ ရော့ စား ဒီမှာ ငရုတ်ဆီ"

နေမင်းက အသားညှပ်ကိုကိုင်လျက် အစိမ်းကြော်ညှပ်ကို ကိုင်လိုက်နှင့် ပြီးတော့ မြတ်ကိုမော့ကြည့်၍...

"ဒါတွေ ဒီမနက်မှ မမြတ်လုပ်ထားတာလား"

"အင်းလေ ဘာဖြစ်လို့လဲ"

ငရုတ်ဆီဆိုတာကိုပါ ဆွဲယူလိုက်ပြီး နေမင်းက သေချာကြည့်သည်။ ဒါလည်း ဝယ်ထားတာ မဖြစ်နိုင်။

"ပင်ပန်းလိုက်တာ မမြတ်ရယ် စားချင်ရင် ကျွန်တော် သွားဝယ်ပေးမှာပေါ့"

နေမင်းပြောပုံက စိတ်မကောင်းခြင်းများနှင့် လှိုက်လှဲနေသည်။ ခလယ်လူ ပြောသွားတာကျတော့ အလုပ်ရှုပ်ခံနေတာကိုပဲ ကဲ့ရဲ့သလိုက်



www.burmeseclassic.com

www.burmeseclassic.com



သလိုလို နှာခေါင်းရှုံ့၍ လက်ခါခြေခါဖြစ်၏။

"တော်ကြာ အလုပ်သွားရမှာနဲ့ မမြတ် တစ်ချက်မှနားရ
မဟုတ်တော့ဘူး"

နေမင်းထပ်ပြောတော့ ခလယ်လူက ကော်ဖီတွေငှဲ့ထည့်နေရင်း
မျက်လုံးကြီးဝင့်ကြည့်လိုက်ပြီး...

"ကဲ တော်ပါတော့ကွာ ရယ်ကြမ်းကြီးနဲ့ မင်းသနားနေလည်း ပေါင်
မုန့်တွေ မုန့်တွေကို မျိုမချဘဲ မီးထဲသွားပစ်ထည့်လိုက်"

"အေးလေ ဒီမှာ မျိုချရမှာ လည်ပင်းလှည်းနင်းသွားသလိုပဲ"

"တော်သေးတာပေါ့ လှည်းနင်းသွားဖော်ရလို့"

"ကဲ တော်ကြပါတော့ အားလုံးသွားကြလာကြမှာမို့လား စား
ရာရှိတာ စားကြလေ စေညွှန်းကော"

"ရေချိုးနေတယ်"

နေမင်းက မြတ်လက်ထဲက ကြက်သားဖလုံကိုကြည့်၍ ပါးစပ်ထဲ
ထည့်သည့် ပေါင်မုန့်က လမ်းတစ်ဝက်မှာပဲ ရပ်သွားသည်။

"မမြတ် ဟင်းချက်ဦးမယ်"

"ဟုတ်တယ် ဒါမှအားလုံး ညမနက်စားလို့ရမှာပေါ့ ပေါင်မုန့်က
ဘာရိတ်ဖတ်စ်လေ"

"ဟား...."

နေမင်း ပေါင်မုန့်ကို တစ်ဝက်ပါအောင် ကိုက်ချပစ်လိုက်ကာ..

"တကယ်ပဲကွာ မျိုမကျတော့ဘူး"

ဟု ဗလုတ်ပလောင်းသံနှင့်ပြောတော့ မိုးဇက်က ကျောကုန်းကို
ထုပေး၏။





"မျိုချ မျိုချ လည်ပင်းမှာ ဂျမ်းဖြစ်ပြီး ဆေးရုံရောက်ဖို့ ရှိနေပြီ"

"မျိုမကျလို့ပါကွာ ရေလေးဘာလေးပေးလိုက် ဟိုမှာ နောက်
တစ်ခုကိုင်နေပြီ"

"ဟား..ဟား"

မြတ်လည်း ရယ်နေသည်။ သူတို့စားသောက်ပြီးကြမှ ဗိုက်တွေ
ပွတ်၍ ထ၏။

"တကယ် ပွတ်ဒ်တယ်ဗျာ မမြတ်ကတော့ စွယ်စုံပဲ မမြတ်ကိုရတဲ့
ယောကျ်ားဆို ဘာကယ်ကံကောင်းမှာပဲ"

ကောင်းတယ်ဆိုလို့ ကျေနပ်နေသည့်မြတ်၏ အပြုံးလေးတွေ
ခအီမလည်းရပ်တန့်ကုန်၏။ မိုးဇက်က မြတ်ထိုင်မည့် ခုံကိုကိုယ်တိုင်
ဆွဲယူပြီးမှ...

"ထိုင် မမြတ် ပြီးပြီမို့လား ကျွန်တော်တို့က ပြန်ဧည့်ခံမယ် စား"

မြတ်က သူမစားဖို့အတွက် သက်သက်လွှတ်ပေါင်မုန့်ကို သပ်သပ်
လေးချပြီးမှ ထိုင်၏။

"ဟော့ကောင် မင်းစကားက ဘာစကားလဲကွ မမြတ် ရှက်သွားပြီ"

ပိတ်သလိုလိုနှင့် ခလယ်လူက ထိုစကားကိုပဲ ပြန်စ၏။ မိုးဇက်က
ရယ်၍....

"ဟုတ်တယ်လေကွာ မမြတ်က ဆရာဝန် ပြီးတော့ ချစ်ဖို့လည်း
ကောင်းတယ် မီးဖိုချောင်မှာလည်း ပြောစရာမရှိဘူး အများအပေါ်မှာ
လည်း ဒီလောက်စေတနာထားတဲ့သူက သူချစ်တဲ့ခင်ပွန်းဆိုရင် ဘယ်
လောက်ပြုစုမလဲဆိုတာ"

"အံမာ သူက စိတ်ကူးယဉ်နေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ..ဟဲ တွေးကြည့်တာပါ"

မြတ် ပေါင်မုန့်ကိုကိုင်လိုက်ပြီးမှ ပြန်ချပြီး လက်ဖက်ရည်ငှဲ့လိုက်သည်။ တစ်ဝက်လောက်မှာ အလန့်တကြား ရပ်ပစ်လိုက်ပြီးမှ တစ်ဝက်ပဲ ရှိသေးတာကို သတိရကာ ထပ်ငှဲ့ချ၏။

ထို့နောက် လျှံကျလုလုကျမှ ကမန်းကတန်း ရပ်လိုက်ရပြန်သည်။

နေမင်းက မြတ် လက်ကလေးတွေ တုန်နေတာကို သတိထားမိလိုက်၏။ မိုးဇက်နဲ့ ခလယ်လူက အစအလွန်သန်ပါ၏။ အရယ်လည်း မရပ် အပြောလည်း မနား။

"လူဆိုတာ အားလုံးပြည့်စုံတယ်မရှိတတ်ဘူးကွ အိမ်ထောင်ရှိနိုင်နင်းတယ်ပဲထားဦး မမြတ်လို အမောပြေလောက်တဲ့ မျက်နှာလေးနဲ့ ပန်းပုထုဆစ်ထားသလို ကိုယ်လုံးမျိုး"

"ဟား..ဟား"

မိုးဇက်စကားကို ခလယ်လူက ရယ်၍...

"မှန်တယ် လှလှပပ ဒီလိုတော်တာလေးရတော့ကော ဆရာဝန်ဖြစ်နေဖို့ဆိုတာ ဖြစ်နိုင်မလား"

"မင်းကပိုသွားပြန်ပြီ ဒါဆိုလည်း"

"မိုးဇက်"

နေမင်း မျက်နှာက နီရဲနေ၏။ လေသံကလည်း မာ၏။ မြတ်က နေရာကထဖို့ပြင်နေပါပြီ။ မိုးဇက်အပြုံးမပျက် ဘာမှမသိသလို လှည့်ကြည့်ပြီးမှ...

"ဟာ ဆောရီးနော် မမြတ် အမှတ်တမဲ့ ယောကျ်ားလေးချင်းဆို





ပြီး ပြောနေမိတာ ဟဲ..ဟဲ ယောကျ်ားတွေချည်း နေနေကျဆိုတော့ မေ့သွားတာ ဆောရီးနော်"

ထပ်ခါ ထပ်ခါ ဆောရီးလုပ်ရင်း မျက်နှာပိုးသတ်၏။ ခလယ်လူက မြတ်လက်ထဲကို ပေါင်မုန့်လေး ထည့်ပေးလိုက်ကာ..

"ကျေနပ်ပါ မမြတ်ရယ် အချင်းချင်းတွေပဲ ပြောမှားဆိုမှား ဖြစ်ကြတာ ခွင့်လွှတ်ပါ ရော့ စားနော် ကျေအေးတယ်ဆိုစား"

မြတ်ခမျာ မျက်နှာလေးမဖော်ရဲဘဲ ...

"အဲဒီလောက် မစပါနဲ့ ခလယ်ရယ် မြတ်စိတ်ဆိုးတာ မဟုတ်ဘူးပါပေမဲ့..."

"နိုး ဘဲရိုးဆောရီး ဘယ်တော့မှ မပြောတော့ဘူး စားလိုက်ပါဦးဗျား"

မြတ် ရှက်လွန်းသဖြင့် ဘာမှလည်း မသိတော့ပါ။ ထထွက်သွားလျှင် အားလုံးအထင်မှားကုန်မှာစိုး ပေါင်မုန့်ကိုပါးစပ်ထဲထည့်၍ အာသီသ မရှိတော့ဘဲ ဝါးလိုက်ရ၏။

"ဟင်"

မြတ် မျက်လုံးလေးပြူးကာ ဝါးလက်စရှတ်ခမ်းလေးတွေ ရပ်တန့်သွား။ ဖျတ်ခနဲမော့ကြည့်တော့ ခလယ်လူက ကြောင်တောင်တောင်မျက်နှာနှင့် မေးဆတ်၏။ မိုးဇက်က ခလယ်လူလုပ်လိုက်တာကို သိသောကြောင့် မချိုမချဉ်နှင့် မျက်နှာကို ဟိုလွှဲ ဒီလွှဲ...

မြတ် ဆတ်ခနဲ ထရပ်ကာ ဘေဇင်ဆီပြေး၍ ပါးစပ်ထဲမှာ ရှိသမျှတို့ ထွေးထုတ်လိုက်သည်။ အသားညှပ်ပေါင်မုန့်ကြီး....

"ခလယ် မင်း မင်းဘာလုပ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နေမင်း ဝုန်းခနဲထရပ်လိုက်၏။ ခလယ်လူက မိုက်နှိမ်၍ ဝါးခေ
ရယ်ချလိုက်ကာ...

"ဟား..ဟား..ဟား မမြတ်ကလည်း ဒီလောက်ရှင်းရှင်းကြီး နို
ထည့်ပေးလိုက်တာကို ဝါးပစ်လိုက်တာကိုး မျက်စိက တကယ်သေ
တာပဲ"

"ခလယ်"

နေမင်း အသားတုန်လာတယ် ဒေါသတွေဖြစ်နေတာကို ခလယ်
လူက ဂရုမစိုက်ပါ။

"ဘာဖြစ်လဲ မမြတ်ရာ မကြိုက်လို့မစားတာပဲဟာ ရောဂါကြောင်
လည်းမဟုတ်ဘူး နတ်ကြောင့်ရှောင်ထားတာလည်း မဟုတ်ဘူး ဝါး
တော့ မျိုချလိုက်ပေါ့"

မြတ်ခမျာ ရန်လှည့်မတွေ့နိုင်ဘဲ ရေမြေးယူပြီး ပလုတ်ကျင်းနေ
ရှာ၏။

"ဟာ မမြတ်က ဝက်သားကို တကယ်ရှောင်ထားတာလား
ဆောရီးဗျာ"

မိုးဇက်က ရယ်ကျဲကျဲပြော၍ မြတ်ဆီလျှောက်သွားသည်။ ခလယ်
လူက နောက်ကလိုက်သွားပြီး...

"မမြတ် ဆောရီးနော်"

"ခလယ်လူ မင်းတို့က ဆောရီးတစ်လုံးကို ကိုင်ထားပြီး လူကို
ထင်တိုင်းစော်ကားနေတာ မလွန်လွန်းဘူးလားကွ ဟင် သူမကြိုက်
တာကို ဒီလိုထလုပ်တာ မင်းတို့ရိုင်းစိုင်းလွန်းတယ်"

နေမင်းက စားပွဲကို ဖျန်းခနဲပုတ်၍ အော်သည်။ ခလယ်လူက





ဂရုမစိုက်သည့် မျက်နှာနှင့် ခပ်စွေစွေပြန်ကြည့်၍ နေမင်းမျက်နှာဆီ
ကြည့်မရောက်ဘဲ မြတ်ဆီပြန်လှည့်၏။

"မင်း နေစမ်းပါ နေမင်းရာ မမြတ်က ငါတို့ပျော်တတ်တာကို
းလည်တယ် ငါတို့ချင်းက ပြီးပါတယ်"

"အေး မမြတ်က မပြီးလို့မှမရတာ သူက မိန်းကလေး နေရာတ
ာ ဘယ်ပြောရဲမလဲ"

စကားသံက အေးအေးဆေးဆေးပါပဲ။ ပြောရင်း စေညွှန်းက တစ်
လှမ်းချင်း ဝင်လာသည်။ စားပွဲကိုပတ်၍ ခလယ်လူဆီ လျှောက်သွား
၏။ ခလယ်လူကလည်း စေညွှန်းအသံကြားတော့ နောက်ပြန်လှည့်လာ
သည်။

တည့်တည့်မျက်နှာချင်းဆိုင်မိသည်နှင့် စေညွှန်းက ခလယ်လူ၏
အကျီရင်ဘတ်ကို လက်တစ်ဖက်နှင့် ဆောင့်ဆွဲပစ်လိုက်၏။

"ဘယ်သူပြီးပြီး ငါမပြီးဘူး ခလယ် မင်း ထပ်ရိုင်းလိုက်စမ်း"

ခလယ်လူက အံကြိတ်၍ မပြောမဆို လက်သီးတစ်လုံး ပစ်သွင်း
၏။ စေညွှန်းက မျက်နှာလှည့်ပစ်လိုက်ပြီး ခလယ်လူ၏ နှာခေါင်းတည့်
တည့်ကို အနီးကပ် ဖြောင့်လက်သီးတစ်လုံး ထည့်ပေးလိုက်သည်။

"ခွပ်"

ခလယ်လူ ဟက်ခနဲ လန်ကျသွား၏။

"စေညွှန်း မင်း..မင်း အချင်းချင်းကိုကွာ"

မိုးဇက်က ခလယ်လူကို ပြေးထူ၏။ ခလယ်လူ နှာခေါင်းမှ စီးကျ
လာသည့် သွေးတို့က မြင်မကောင်း...

"အို... မလုပ်ကြပါနဲ့ စေညွှန်း...တော်ပြီ တို့တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ် ပျာပျာသလဲတားရင်း ချက်ချင်း ပြန်ကျုံ့ထလိုက်သည် ခလယ်လူနဲ့ စေညွှန်းနှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်၏။

မြတ်သည် ကိုယ့်အဖြစ်ကိုတောင် သတိမထားနိုင်ဘဲ နှစ်ယော လုံးကို တောင်းပန်သည်။ ခလယ်လူ၏ နှာခေါင်းမှ သွေးချင်းချင်း လျက် အုပ်ထားသည့် လက်ချောင်းများကြားမှပင် တိုးထွက်နေတာ မြင်လျှင်...

"အို သွေးတွေ မနည်းဘူး"

မြတ် စိုးရိမ်စိတ်နှင့် လှည့်လိုက်တော့ စေညွှန်းက မြတ်လ မောင်းလေး တစ်ဖက်ကို ဆောင့်ဆွဲပစ်လိုက်၏။ မြတ်က စေညွှ ရင်ခွင်ထဲသို့ ယိုင်တိယိုင်တိုင်လေးပါလာကာ လက်မောင်းမှာ ဖိဆု ထားသည့် စေညွှန်းလက်ကို ဖယ်ချဖို့ ကြိုးစားရင်း...

"သွေးတွေ အရမ်းထွက်နေတာ စေညွှန်းရယ် အချင်းချင်းတွေ မြတ် ဘယ်လိုမှ သဘောမထားပါဘူး"

စေညွှန်းက မြတ်ပခုံးလေးနှစ်ဖက်ကိုပါ ဆုပ်ကိုင်၍ မျက်နှာချ ဆိုင်ကြည့်လိုက်၏။

"အချင်းချင်းဆိုတဲ့ စကားမမြတ်ထပ်မပြောနဲ့ ဒီကောင့်မှာ ဒီစိ မရှိဘူး တစ်ခါက မတော်တဆ နောက်တစ်ခါက တိုက်ဆိုင်တယ်ထ ဦး တမင်တကာ ထပ်ကျူးလွန်ပြီးမှ စတာပါလို့ လျှောချတာ ဘာ အခါပေါင်းများစွာ စော်ကားနေတာကို ဒီအတိုင်းသည်းခံနေရင် သူ မိုက်ဘူး ကိုယ်မိုက်တာ သည်းခံတာ မဟုတ်ဘူး ကြောက်တာ မမြ ဘာမှလုပ်ပေးဖို့မလိုဘူးလား"

မြတ်လက်ကလေးကို စေညွှန်းဆွဲချခေါ်သွား၏ နေမင်းကလည်





မှန်ကုတ်ကုတ်တစ်ချက်ကြည့်ပစ်ခဲ့ပြီး လှည့်ထွက်လာခဲ့သည်။ သူ့အနေ နဲ့ကတော့ လက်ပါဖို့ မရည်ရွယ်ခဲ့ပါ။ အသားတုန်မတတ် ဒေါသဖြစ် လာပေမယ့် ကာယကံရှင်က သည်းခံနေနိုင်သေးတာကို ခြွင်းချက်ထား ခဲ့တာဖြစ်၏။

မမြတ်ကသာ ရှိုက်ငင်ငိုကြွေး၍ ပေါက်ကွဲလာလျှင်တော့...

သူ့ခြေလှမ်းတွေ အသံတွေကြောင့် တုံ့ခနဲဖြစ်သွား၏။

"မမြတ် ခင်ဗျား မျက်မှန်ကြီးတပ်ထားပြီးတော့ ဘာတွေကို ကြည့်နေတာလဲ ဘယ်သူ့ကိုမှ စိတ်မဝင်စားရင်နေလို့ရတယ် ဒါပေမဲ့ ကိုယ့်ကိုစော်ကားလာရင်တော့ တုံ့ပြန်ရမှာပဲ မတုံ့ပြန်ချင်လည်း ရှောင် ထွက်လိုက်ပေါ့ လူတစ်ယောက်က ကိုယ့်ကို ပါးစပ်နဲ့ကော လက်နဲ့ ကော ဒီလောက် စော်ကားစနေတာကို"

"မြတ် အဲဒါမသိဘူး အတူတူနေကြတဲ့လူချင်း တမင်တကာကြီး ဒီလောက်ပြောနေလိမ့်မယ်လို့ ထင်ကိုမထင်တာ ဘာစကားမျိုးပဲဖြစ် ဖြစ် မတော်တဆ ပြောမိတာဆိုရင် မြတ် ဘယ်လို ဖွဲယူရမလဲ"

"နားရင်းဆွဲတီးပစ်ရမှာပေါ့ ဘာလဲ မတော်တဆလို့ပြောပြီး အတင်းဆွဲလှဲစကားပြောရင် ခွင့်လွှတ်မှာပဲလား"

"ဟင်"

မြတ် နှုတ်ခမ်းလေးဟလျက် ဖျတ်ခနဲ မော့ကြည့်၏။ စေညွှန်းက မြတ် လက်ကောက်ဝတ်လေးကို ဆုပ်ကိုင်ပစ်လိုက်၍...

"မတော်လို့နော်ဆိုတဲ့စကား ပုခက်ထဲက ကလေးကို သင်ထား လို့ရတယ် လူတွေကို ပါးစပ်နဲ့ အကဲခတ်လို့မရဘူး မျက်လုံးက ကြည့် ရတာ"



www.burmeseclassic.com

www.burmeseclassic.com



စေညွန်းကို ကြည့်နေရင်း မြတ် မျက်ဝန်းလေးတွေ အရောင်လဲ့လာ၏။ မျက်ရည်ဝေ့ဝေ့နှင့် မျက်တောင်လေး တဖျတ်ဖျတ်ခတ်သည်။

"မြတ် မြတ်က မျက်လုံးမှမကောင်းတာ စေညွန်းပြောလိုက်ပါ သိပ်တုံး သိပ်အတဲ့ မိန်းမလို့"

"ကျွတ်"

စေညွန်း ရင်ထဲမှာ နင့်သွားသည်။ မြတ်လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အကြာကြီး ငုံ့မိုးကြည့်နေမိ၏။

မျက်မှန်လေး၏ နောက်ကွယ်မှာ ညှိုလဲ့နေသော မျက်ဝန်းထဲမှာ ရှိုးသားစွာ ဝေ့လည်နေကြသည့် မျက်ရည်တို့က မြင်ရက်စရာမရှိ။

ကိုယ့်ကို မလေးမစားကိုယ်ထိလက်ရောက် အရှက်ခွဲခဲ့သူကိုပဲ ဒေါ်ရာမြင်တော့ ဆေးကုပေးဦးမလို့တဲ့။

ကျောချမှ ဓားပြမှန်းသိတာမျိုးလည်း မဟုတ်။ ဓားပြမှန်းသိနေရင်တောင် တောင်းပန်ရင် ကျေအေးလိုက်နိုင်တဲ့ ပုံကို ဘယ်လိုလုပ်မလဲ။ မြတ်ကို ဘယ်လို မိန်းကလေးဟု သတ်မှတ်ရမှန်းတောင် မသိတော့ပါ။





## အခန်း (၁၄)

ဒီနေ့ ဆေးရုံရောက်လာကတည်းက စိတ်က ကိုယ်မှာပါမလာ သလိုဖြစ်နေသည်။ ဟိုနေ့က ဖြစ်ခဲ့သည့် ကိစ္စကြောင့် ခုလယ်နဲ့ စေညွန်း အဆင်မပြေကြတော့ပေ။

စေညွန်းသည် ဘယ်သူ့ကိုမှ ခေါ်ခေါ်ပြောပြော သိပ်မရှိတော့ဘဲ သူမ ကို လိုက်ပို့လာကြိုတာတောင် မျက်နှာက တစ်ချက်မှ မလျှော့ခဲ့။ မြတ်စိတ်ထဲမှာ အားငယ်သလိုလို စိတ်မကောင်းသလိုလို။ တော်ရုံသဖြင့်တော့ သူမ ဝမ်းမနည်းတတ်ပါ။

ဝမ်းနည်းစရာရှိသမျှကို ပေါ်လာရင်လည်း ကြံဖန်ဖျောက်ပစ်နိုင်သည့် စွမ်းရည်ရှိသောကြောင့်သာ မိန်းမမြတ် ဆရာဝန်မတစ်ယောက် ဖြစ်လာခဲ့သည်။

စိတ်ဆင်းရဲသောကကို ဘေးလူတွေထင်ကြသလောက် သူမ မခံစားရ၊ ခုလည်း ဝမ်းနည်းနေတာမဟုတ်ပေမယ့် ဒါကို မကြာခဏ တွေးမိနေသည်။

"ေသွန်းက ငါ့ကိုများ စိတ်ခုသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သူမဘာယ်လို စကားပြောလိုက်မိလို့လဲဟု တောက်လျှော တွေးမိရင်း စိတ်က ထိုအဖြစ်အပျက်များဆီမှာပဲ ဝဲလည်နေသည်။

စေညွှန်းနဲ့ နေမင်းက ခပ်သွေ့သွေ့ဖြစ်သွားသော်လည်း ခလယ်လူ ကတော့ ထူးဆန်းစွာ ပုံစံမပျက်ဘဲ ရှိနေပြန်သည်။

"မမြတ် ကျွန်တော် ကားဝယ်ပြီးပြီ"

ဖြစ်ပြီးကြသည့် ညကပဲ မြတ် ဆေးရုံက ပြန်ရောက်ပြီး မကြာ ခင် မြတ်နားကို ခလယ်လူရောက်လာခဲ့သည်။

သူ့မျက်နှာမှာ ဘာဆိုဘာမှ ရှိမနေဘဲ ဟိုတုန်းကလို ပြုံးရယ်နေ တာပဲဖြစ်သည်။

"ဘာကြည့်နေတာလဲ မျက်မှန်ကြီးတဝင်းဝင်းနဲ့ မမြတ် ကျွန်တော် ကိုစိတ်ဆိုးလို့လား"

"ဟင့်အင်း"

"မသိဘူး စကားများ မပြောချင်တော့ဘူးလားလို့"

တစ်ယောက်နဲ့တစ်ယောက် ပြုံးပြုံးရယ်ရယ် ပြောဆိုဖြစ်ကြသေး ဘဲရှိသေးသည် နေမင်းရောက်လာသဖြင့် စကားပြတ်သွားခဲ့သည်။

"ကျွန်တော် မိုက်နာနေလို့ မမြတ်ဆီမှာ ဆေးလေးဘာလေး ရှိ ဘူးလား"

တဲ့ နေမင်းရောက်လာသည်နှင့် ခလယ်လူက လှည့်ထွက်သွား ၏။

ဒီလိုတွေ ရှောင်ဖယ်သွားကြတာ မြင်တော့ မြတ် စိတ်မကောင်း ကိုယ့်ကြောင့်ဖြစ်ခဲ့ရတာတွေမို့ မျက်နှာလည်း ပူမိသည်။ အားလုံး အရင်လိုပဲ ပြန်ဖြစ်သွားစေချင်သည်။ ဒါပေမဲ့ မြတ် ကြိုးစားဖို့ မပြမ်





မှန်းကို သိ၏။

စေညွှန်းပုံစံက အတော်ကြီးတည်တင်းလျက် ခလယ်လူကို လည်း ဘယ်လိုနည်းနဲ့မှ ကျေနပ်ပြေလည်သွားမှာမဟုတ်တာ သိသာနေ သည်။

ထိုအခါ စေညွှန်းဘာကိုအကြိတ်အခဲဖြစ်နေတာလဲဆိုသည့် အ တွေးက ဝင်လာ၏။ ဘယ်သူ့ကို ဖြစ်နေတာလဲဆိုတာလည်း တွေးမရ ပါ။

ကိုယ့်ကိုပါ မခေါ်မပြောဘဲနေတာဆိုတော့ မကျေနပ်နေတာ ကိုယ်ပါနေလား...

"မမြတ်ရေ ဆရာထွန်းခေါ်နေတယ်"

"အော်...ဟုတ်ကဲ့"

ခွဲစိတ်ခန်းဝင်ဖို့ရှိနေတာကို မြတ်သိလျက်နှင့် စိတ်က လွင့်ပါး သွားခဲ့၏။

"ဆရာမ အိုတီကို အကြောင်းကြားပြီးပြီလား"

"ပြီးပါပြီ"

မြတ်ခေါင်းညိတ်၍ လူနာဆီရောက်လာခဲ့တော့ သားအိမ်အနာ ဖြစ်သည့် လူနာ၏ဘေးမှာ အလုပ်သင်ဆရာဝန်ကလေးတွေလည်း ရှိနေသည်။

ဆရာထွန်းက လူနာကို စမ်းသပ်ရင်း မြတ်ကိုလှည့်ကြည့်၏။ ပြီးတော့ နာခေါင်းပိုက်နှင့် ဆီးပိုက်ထည့်ရန် ညွှန်ကြားပြီး ထွက်သွား၏။ မြတ်က ဆရာဝန် လိုအပ်တာတွေပြီးအောင် ပြင်ဆင်ပြီးမှ ခွဲခန်းသွင်း သည်၊ မေ့ဆေးဆရာဝန်က လူနာကိုမေ့ဆေးပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာထွန်းက မြတ်ကို ခပ်စူးစူးကြည့်၍ တစ်စုံတစ်ခု ပြောချ နေသလိုရှိ၏။

ဒီဆေးရုံမှာ စပြီးတာဝန်ထမ်းဆောင်စဉ်ကတည်းက ဒေါက်တာ ဦးထွန်းတင်ဆိုတာက မြတ်ကို အကြံပေးကူညီခဲ့တာတွေ အများကြီး

မြတ် မေ့တတ်တာကိုရော ဘာကိုဖြစ်ဖြစ် အဖြူထည်အတိုင် တွေးယူတတ်တာကိုရော ပြီးတော့ တစ်စုံတစ်ခုသော အကြောင်းအ ကို စိတ်ဝင်စားနေပြီဆိုလျှင် ကျန်တာအားလုံးကို မေ့သွားတတ်တာ ကအစ နားလည်နေ၍လည်း မကြာခဏ သတိပေးဖူး၏။

"သတိမေ့တတ်တာ မကောင်းဘူး မြတ်ရဲ့ မကောင်းမှန်းသိရ သတိထားရမယ် သတိဆိုတာ လူတစ်ကိုယ်လုံးရဲ့ ထိန်းချုပ်မှုပဲ အဲ ရိုက်ဆုံးမလို့ မရဘူး သင်ပေးလို့ရတာ မျိုးမှ မဟုတ်ဘဲ ကိုယ့်ဟာကို ပြုပြင်"

ဆရာထွန်းက ဆေးတက္ကသိုလ်ကျောင်းသူ ပထမနှစ်တက်နေ သမီးလေးတစ်ယောက်နှင့် မုဆိုးဖိုပါ။

အနေတည်သည်။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် စာနာမှုနှင့် ပြောဆိုဆ ဆံတတ်သည်။ မြတ်ကိုလည်း အမြင်မတော်တာတွေ့လျှင် ဆုံးမပြေ ဆိုတတ်သူ။

ခုလည်း ခွဲစိတ်ခန်းဝင်ကာနီးမှ မြတ်ငိုင်နေတာကို သတိပေး ၍ မကြာခဏ ကြည့်နေတာပဲဖြစ်သည်။

ကိုယ်လုပ်ရမည့်အပိုင်းကို အာရုံစိုက်ကာ မြတ်သေချာအော ဂရုစိုက်လိုက်သည်။ ခွဲခန်းက ထွက်သည်နှင့် ဆရာထွန်း စကား ဖလသည်။





"ဘယ့်နှယ်လဲ ညည်းစိတ်နဲ့လူမကပ်ဘူးမို့လား"

"ရှင်"

မညာတတ်ခဲ့သည့် မြတ်မျက်ဝန်းလေးတွေက ဘယ်တော့မှ သည်း ညာဖို့အဆင်သင့်မရှိခဲ့ဘဲ ဆရာထွန်းကို မျက်တောင်ဖျားလေး တွေ ပင့်ကပ်တက်သွားသည်အထိ ငေးခနဲဖြစ်၏။ ဆရာထွန်းကရယ် လိုက်ပြီး မြတ်ရှေ့ကနေ ဆက်လျှောက်သွားကာ...

"အိမ်မှာတစ်ခုခု အဆင်မပြေဖြစ်ခဲ့ပြီလို့ ဆရာကတော့ထင် တယ် ဟုတ်တယ် မဟုတ်ဘူးတော့ ပြောပါ"

မြတ်တစ်ယောက်တည်း ခေါင်းလေးညိတ်လိုက်ပြီးမှ ဆရာထွန်း နောက်ကို ခပ်သွက်သွက်ကလေးလိုက်သည်။

"ဟုတ်ပါတယ်ဆရာ စိတ်ညစ်စရာလေး နည်းနည်းရှိလာလို့ တွေးမိသွားတာပါ ဘာဖြစ်လို့လဲဟင် မြတ် အလုပ်လုပ်တာ သတိမ်း အစောင်းဖြစ်သွားလို့လား"

ဆရာထွန်းက ပြန်လှည့်ကြည့်ပြီး ခေါင်းခါ၏။

"ဖြစ်သွားမှာ စိုးလို့ပါ ဆရာတို့လက်ထဲမှာ အသက်တွေရှိတယ် လေ ကိုယ့်ရေးကိုယ်တာက သပ်သပ် တာဝန်က သပ်သပ် ထားနိုင်ဖို့ ညည်းကြိုးစားသင့်တယ် ခွဲခန်းမဝင်ခင်လေးအထိ ညည်းရဲ့ စိတ်က တာဝန်ပေါ်မှာ မရှိဘူး"

မြတ် စိတ်မကောင်းဖြစ်ခြင်းများဖြင့် ညနေရောက်တဲ့အထိ ဆရာထွန်းပြောစကားတွေကို သတိရလိုက် ခလယ်လှူနဲ့ စေညွှန်း တို့၏ မျက်နှာတွေက ပေါ်လာလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ထိုထက်ပိုဆိုးသည်က စေ့ညွှန်းရောက်မလာမီ သူမဇရှေ့ကို ရောက်လာသူက စွမ်းညို့..

"ဟင်"

စွမ်းညို့က အဖြူရောင်နှင်းဆီလေးတွေချည်း ပါကင်ထုပ်ထားသည့် ပန်းစည်းလေးကို တစ်ဖက်ကကိုင်၍ ကားပေါ်ကဆင်းသည်။

တံခါးကို နောက်ပြန်ပိတ်ပြီး မြတ်ကိုအရင်ပြုံးပြ၏။ သနပ်ခါးရောင် ရှပ်လက်တိုပွပွကို ဒီတိုင်းနက်ခ်တိုင် တပ်ဝတ်၏။

ဘောင်းဘီရှည်အနက်နှင့် ဖြူဝင်းသော ပုံစံက ရှင်းသန့်နေသည်။ မြတ်ရှိနေသည့်နေရာကို တလွှားလွှားလှမ်းလာပြီး ပြုံးမပြနိုင်ဘဲ ဖြစ်နေသော မျက်နှာလေးကို မလွှဲတမ်းကြည့်၏။

"မြတ်"

ပြန်ထူးဖို့လည်း မေ့နေကာ သူနဲ့ပန်းစည်းကိုမြတ်က မဆိုင်သလိုလေး ကြည့်နေဆဲ။ မြတ် ပြန်ဖို့ ပြင်ဆင်ပြီး စောင့်နေတာ သူ့ကို မဟုတ်။

ရှစ်မိနစ်လွန်သည်အထိ ရောက်မလာသေးသော စေ့ညွှန်းကို မျှော်ရင်း သူမလာတာ ဟိုကိစ္စနဲ့ ပတ်သက်နေနိုင်သလားဆိုတာ သာ တွေးမိနေခြင်းဖြစ်သည်။

မဟုတ်ရင် စေ့ညွှန်းက ငါးမိနစ်ခန့်အမြဲစော၍ရောက်ခဲ့သူ။

"မြတ်ဆီကို ကိုယ်စောစောရောက်အောင် ထွက်လာတာ ကြို မယ့်သူ မလာခင် ခဏဖြစ်ဖြစ် စကားပြောချင်လို့ ဒါမှမဟုတ် ဒီနေ့ တော့ မရမက ခွင့်တောင်းပြီး ခေါ်မှာပဲဆိုပြီးတော့လေ"





"ရှင်"

"ဒီလို မြတ်က လာကြိုမယ့်သူကို အလေးထားတယ်မို့လား ဲတော့ ကိုယ်က အဲဒီလူကို မြတ်ရဲ့အုပ်ထိန်းသူလို့ ခွင့်တောင်းရ ပေါ့ ခုတော့ သူခုထိမရောက်သေးဘူး ကိုယ်ကံကောင်းသွားပြီ ရှေ့က ကော်ဖီဆိုင်လေးမှာ ခဏသွားထိုင်ရအောင်နော် ရော့ ဒါ ာ်အတွက် မြတ်နဲ့အရမ်းလိုက်ဖက်မယ့် အဖြူရောင်လေးတွေ ယ်ရွေးဝယ်လာတာ အဖြူစင်ဆုံး ကိုယ့်ရဲ့မိန်းကလေး"

နားထဲမှာ ရှုပ်ကုန်ပြီ၊ မြတ်က ဦးနှောက်ကို ထိုမျှထိ အလုပ်ရှုပ် သမဟုတ်ပါ။

သူကော်ဖီဆိုင်ကို ခေါ်သည့်ကိစ္စက ခေါင်းထဲမှာ ရေးကြီးခွင် ယ်ဖြစ်သွားတုန်း ပန်းစည်းကို ကမ်းပေးသည်။

မြတ် မယူရသေးဘဲ အဖြူစင်ဆုံး ကိုယ့်ရဲ့မိန်းကလေးဟု င်ပွန်းတပ်လိုက်၏။ ဘာတွေလဲ။ ပန်းကိုလည်းမယူဖြစ် စွမ်းညို့ ာတွေ အဓိပ္ပာယ်ဆောင်၍ ပြောနေမှန်းလည်း မသိဘဲ အနားက က်သွားငဲ့ကြည့်သွားသူတွေကိုလည်း သတိမထားမိခဲ့ပေ။

"မြတ် ယူလေ"

"ရှင်"

"မြတ်အတွက် အလိုက်ဖက်ဆုံးပန်းကလေးတွေပါ မြတ်ကို ယ်အမြဲသတိရနေတာလည်း မြတ်ဟာ ဒီပန်းလေးတွေလို ဖြူလို့"

"မြတ်က"

"ပန်းစည်းကလေးကို ယူရင်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်က မျက်မှန်လေးတစ်ချက်ပင့်၍ ပန်းတွေကို ငုံ့ကြည့် သည်
ပြီးတော့ သူ့ကို ပြန်မော့ကြည့်၏။

'မြတ်အတွက် ဝယ်လာတာပါ'လို့ ဘာလို့များ ရိုးရိုးလေး မပြော
ခဲ့တာလဲ၊ မရိုးသားဘူးဆိုတာကို သိလိုက်တော့ ယူဖို့ကို တွန့်သွား
သည်။ ဒါပေမဲ့ ပြုံးနေသည့် သူ့နှုတ်ခမ်းတွေကို သနားနေမိသည်။

သူဒီလိုပဲပြောတတ်တာဖြစ်ပြီး ရင်ထဲမှာ ရိုးရိုးပဲရှိနေတာဆို
ခက်မည်။ ပြီးတော့ အူတူတူ အတတ မိန်းကလေးအဖြစ်လည်း
ဝေဖန်ခံရပေါင်းများပြီမို့ မြတ်ထင်နေတာ တလွဲတွေပဲဖြစ်နေပြီလား

ရင်ထဲမှာ ရှုပ်သွားပြီဆို ဦးနှောက်က လက်ခံ၍ ဖြေရှင်းပေး
ခြင်း မရှိတတ်သည့် မြတ်၏ အားနည်းချက်ဟာ ရှုပ်နေတာကို
အကြာကြီးလည်း လက်ခံမထားတတ်ပေ။

"မြတ် မြတ်အတွက် ဟုတ်လား"

ထပ်မေးတော့ စွမ်းညို့က အသံမထွက်ဘဲရယ်သည်။

"မြတ်ရယ် ပန်းစည်းလာပေးတာများ ကမ္ဘာ့အရေးအခင်းကြီး
ဖြေရှင်းရမှာ ကျနေတာပဲ ပန်းစည်းလေးပေးတာ ဘာဖြစ်လဲ ခင်မင်
ကြတဲ့ သူတွေလက်ဆောင်ပေးကြတယ်၊ လူမမာသွားမေးရင်တောင်
ပေးကြသေးတယ်"

မြတ်၏ မျက်နှာလေးက ဝမ်းသာအားရဖြစ်သွားသော်လည်း
မသိမသာလေးမဟုတ်။ မျက်ခုံးလေးနှစ်ဖက် ပင့်တက်သွားပြီး မျက်
ဝန်းလေးတွေ လက်သွား၏။ ထို့နောက် ပန်းစည်းလေးကို တမြတ်
တနိုးပုံစံလေးနှင့် ဆုပ်ကိုင်လိုက်ကာ...





"အဲဒီလိုပဲ ကိုစွမ်းက စောစောကပြောပါလား ဟို မြတ်ကလေ
ကိုစွမ်းက ဘာတွေပြောမှန်းမသိတော့ ပန်းစည်းကိုယူလိုက်ရင်
ဘာဖြစ်သွားနိုင်လဲလို့ စဉ်းစားပြီး..."

"မြတ်ရယ်"

စွမ်းညို့နှုတ်ခမ်းဖိဖိနှင့် မချင့်မရဲ အံကြိတ်သည်။ မြတ်၏ မျက်
နှာလေးကို ရွှန်းလက်သော မျက်ဝန်းများနှင့်ကြည့်ကာ ရင်ထဲမှာ
မင်းဟာ ဖြူတာတွေထက်ပိုရင့်ပါတယ် မြတ်ရယ်။

မြတ်သည် ကြည့်လေ ချစ်စရာကောင်းလေ၊ ရယ်လိုက်လို့ ပါးမို့
လေးတွေ ပင့်တက်သွားတာ၊ မျက်တောင်လေးတွေ မှေးကျသွား
တာကအစ ဘယ်လောက်ပဲ ဟက်ဟက်ပက်ပက်ရယ်နေပါစေ
နှုတ်ခမ်းဖွင့်ထားတာကလည်း ရုပ်ဆိုးသွားတယ်မရှိ။

သွားတန်းကလေးတွေကလည်း ညီညီစိစိကလေးတွေပဲမို့ သူမ
ရယ်လိုက်တိုင်း ပါးကလေးဖြစ်ဖြစ် ပျစ်လိမ်ပစ်ချင်မိအောင် ချစ်ဖို့
ကောင်းသည်။

မြတ်ကို သူတစ်ခါပဲမြင်လိုက်ရပြီး ဘယ်လိုမှ မေ့ဖျောက်လို့
မရခဲ့တာဟာ ကိုယ်တိုင်ပင် ထူးဆန်းနေခဲ့သည့်အဖြစ်ပါ။

ဘယ်သူယုံယုံမယုံယုံ အစိမ့်ဟာယ်ရှိတာ မရှိတာမသိ၊ မလွှင်
တအံ့တသြဖြစ်နေတာကိုလည်း မရှက်နိုင်ခဲ့ဘဲ မြတ်ကိုရအောင်
ကြိုးစားဖို့အတွက် ဒီနေ့စခဲ့တာ ပထမခြေလှမ်း...

"မြတ် ခဏတော့ အချိန်ပေးမယ်မို့လားဟင်"

"ဟင်...ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားမှာ တစ်ခုခုလိုက်စားဖို့ပါ မြတ်ကို ကိုယ်ဝေးဝေးခေါ် မသွားဘူးနော်"

မြတ်ကဆွဲခြင်းလေးတစ်ဖက် ပန်းစည်းလေးတစ်ဖက်နှင့် ခဏ ငေးသွားပြီးမှ ခေါင်းညိတ်သည်။

"အင်း ဒီနားဆိုလိုက်မယ်လေ လာကြိုတဲ့ကားကို မြင်သာတဲ့ နေရာမှာပဲနော်"

"စိတ်ချပါ မြတ်ရယ်"

ဆွဲခြင်းလေးကို သူဆွဲယူလိုက်တော့ မြတ်က မပေးဘဲ ဖိဆုပ်ထားသေးသည်။ စွမ်းညို့က မြတ်လက်ဖမိုးလေးကို ဆုပ်ကိုင်လိုက်ပြီး ဖယ်ချပစ်၏။

ပြီးတော့ ဘာဖြစ်ဖြစ် ကြောက်လန့်တကြားဖြစ်သွားတတ်သည့် မြတ်၏ မျက်ဝန်းလေးတွေကို စိုက်ကြည့်၍ ပြုံးပြလိုက်သည်။

ဆိုင်ထဲရောက်တော့လည်း ကိုကာကိုလာမှာ၍ သူကိုယ်တိုင် ဖန်ခွက်ထဲ ထည့်ပေးလိုက်တာကို မြတ်ကရှက်နေသည်။

"သောက်လေ"

ရှေ့ကိုတိုးပေးလိုက်တော့ ပတ်ဝန်းကျင်ကို ဝေ့ခနဲတစ်ချက် ကြည့်သည်။ ဖန်ခွက်ကို နည်းနည်းလေးမှ မကြည့်ဘဲ မျက်လုံးထပ် ရွှေ့တော့ လက်မောင်းဖြူဖြူလေးထက်က နာရီဆီသို့ဖြစ်၏။ စွမ်းညို့က ပြုံးလိုက်၏။

"ဒီကနေ မြင်နေရတာပဲ မြတ်ရယ် သူကားတစ်ခုခုဖြစ်နေလို့ နေမှာပေါ့ သောက်ပါ"





မြတ် အအေးသောက်တော့မှ သူပင့်သက်ရှိုက်မိကာ...

"ကိုယ်ဖုန်းဆက်တာ ဘာဖြစ်လို့ မကိုင်တာလဲဟင်"

"ဟင်"

"ကိုယ်ဖုန်းခေါ်တာ ခဏခဏပဲ လုံးဝကို မကိုင်ဘူး"

ဟုတ်ပါရဲ့ သူဖုန်းကို မြတ်သေသေချာချာ သိမ်းထားလိုက်တာ က်ကလွှတ်လိုက်တာနှင့် လုံးဝကို သတိမရတော့ပေ။ ပြီးတော့ ဒီနောက်ကတည်းက ဖြစ်လိုက်ရတဲ့ ပြဿနာတွေ။ ဖုန်းက မြတ် ၏ အဝတ်သေတ္တာလေးထဲမှာပါ။

အဝတ်ခေါက်ကြားထဲထည့်၍ သော့ခတ်ထားသည့်ကိစ္စ ဖုန်း တလည်း ဘယ်လိုလုပ်သိမလဲ။

"မြတ် ဖြေလေ ကိုယ့်ကို မြတ်နည်းနည်းမှ ခေါင်းထဲမထည့်ဘူး ား"

"ထည့်ပါတယ်"

"ထည့်တယ်"

သူ ဒါကိုပဲ ထပ်မေးတော့ မြတ်က အားနာသလိုလေး ခြောက် ပ်ကပ်ရယ်၏။

"မြတ်ကလေ မြတ်ကမေ့တတ်တယ်ကိုစွမ်းရဲ့ ကိုယ်နဲ့သက် ိုင်နေတဲ့ တစ်ခုခုကို ခေါင်းထဲထည့်ထားရရင် ကျန်တာဘာကိုမှ တွေးမိဘူး တစ်ခုခုကိုပဲ အာရုံစိုက်လာခဲ့တဲ့ ညဉ်က မပျောက်တော့ ာ"

"ကိုယ်နဲ့ သက်ဆိုင်တဲ့ တစ်ခုခုကိုပဲ ခေါင်းထဲထည့်ထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကိုယ်က မြတ်နဲ့သက်ဆိုင်ဖို့ ကြိုးစားရတော့မှာပေါ့နော်”

“ရှင်”

အံ့ဩသွားသလိုလေး ပင့်ကြည့်လာသည့် မျက်ဝန်းလေးတွေ

အား အသံကို မဖြစ်ပေါ်စေဘဲ စကားတွေ အများကြီးပြောသွား

နိုင်သော မျက်ဝန်းများ၌ စွမ်းညို့က စူးစိုက်ကြည့်၏။

မြတ် မျက်ဝန်းက စာတွေကို စိတ်ဝင်တစား နားလည်အောင်

ဖတ်ရှုမှာ မဟုတ်ဘူးဆိုတာကို သိပေမယ့် ကိုယ်ချစ်နေတာကိုတော့

အကဲခတ်နိုင်လိမ့်မည်။

ဒါဟာ မိန်းမနဲ့ ယောကျ်ားဆိုတဲ့ ရှင်းပြသင်ကြားပေးဖို့မလို သော

စိတ်၏စွမ်းအားနှင့် ဆက်သွယ်ချက်တစ်ခုဖြစ်သည်။

“မြတ်”

“ရှင်”

“မြတ်နဲ့ပတ်သက်တဲ့ အကြောင်းတော်တော်များများကို မလွှ

ဆီမှာ ကိုယ်မေးခဲ့တယ်”

မြတ် ဘာမှ မပြောဘဲ သူ့ကိုပဲ စိုက်ကြည့်နေ၏။ စားပွဲပေါ်

တင်ထားသည့် လက်ဖဝါးလေးတစ်ဖက်ကတော့ ခပ်ဖိဖိ ဆုပ်ထား

လျက်...

“ဘာဖြစ်လို့ မေးတာလဲ မမေးတော့ဘူးလားဟင်”

မြတ်က ခေါင်းခါလိုက်၏။ ထိုအခါကျမှ မြတ်ဟာ သူ့ထင်

လောက် မဟုတ်သေးဘူးဆိုတာ သိလိုက်ရ၏။

“မြတ် မသိချင်ပါဘူး”





ဟု မျက်လွှာချပစ်ရင်းပြောကာ...

“မြတ်ကို စိတ်တွေ ထွေပြားကုန်အောင် မလုပ်ပါနဲ့ ကိုစွမ်း မြတ်လေ ငြိမ်သက်အေးချမ်းနေတာကိုပဲ ခံစားနိုင်တာ”

“မြတ်..မြတ် ကိုယ်ပြောချင်တာကို သိနေတယ်နော်”

စွမ်းညို့ ပျာပျာသလဲမေးတော့ မြတ်က နောက်ထပ်ခေါင်းခါ လိုက်ပြီး...

“မသိပါဘူး အသိမပေးဖို့တောင်းပန်တာပါ မြတ် ပြန်တော့မယ်”

“ဟာ မြတ်ရယ် ကားမလာသေးဘူးလေ”

“သူလာမှာ မဟုတ်တော့ဘူး”

ပြောပြီး မြတ်က ဘာ့မှအရာမယွင်းသေးသည့် အအေးအပြည့် နှင့် ဖန်ခွက်ကို အားနာရမှန်း မသိဘဲ ထရပ်လိုက်သည်။

“ကိုယ်လိုက်ပို့ပါရစေ”

စွမ်းညို့ သူ့ကားပေါ်မှာ မြတ်ပါလာအောင် အတော်ကြီး ကြိုးစားလိုက်ရသည်။

“မြတ်ရယ် အပျင်းပြေလို့ပဲ သတ်မှတ်ပြီး နားထောင်ကွာ ကိုယ်စကားပြေ တစ်ပုဒ်ရွတ်ပြနေတယ်လို့ပဲ သဘောထား တကယ် တော့ အချစ်ဟာ သူ့ကို လူတွေဘယ်လိုပဲခံစား ခံစား ဘယ်လို ဥပမာတွေပဲတင်တင် အချိန်တန်ရင် လျှို့ဝှက်ပစ်ခတ်မှုတွေနဲ့ ရင်ထဲ ရောက်အောင် ပစ်ခွင်းလာတတ်တာပဲ သူ့ကို အမိန့်ပေးကန့်သတ် နိုင်တဲ့ ပညာရှင်မရှိဘူး သူကလည်း ဘယ်သူ့ကိုမှ မကြောက်ဘူး ကမ္ဘာတည်သရွေ့ အချစ်က ဒီတိုင်းရှိနေမှာပဲ မြင်မြင်ချင်း နှစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အချစ်မျိုးကို မနိုင်မြဲဘူးလို့ ဘယ်ပေတံနဲ့ တိုင်းမလဲ”

မေးတာ မဟုတ်သော်လည်း စွမ်းညို့က ကားမောင်းရင်း စကား ကို ရပ်ပစ်လိုက်သည်။ ပြီးမှ ဆက်၍...

“နှစ်ရှည်လများ အချိန်ယူစဉ်းစားနေခဲ့ကြပြီးမှ လက်မထပ်ဖြစ် ကြတာတွေ၊ မထင်မှတ်ဘဲ ချစ်မိသွားတဲ့သူနောက် ပါသွားကြတာတွေ အားလုံးကို နားလည်တတ်ရင် မြန်တယ်၊ ကြာတယ်ဆိုတာ မရှိဘူး ဆိုတာကို လက်ခံလာမှာပါ”

မြတ်က နှင်းဆီပန်းစည်းလေးကို ငုံ့ကြည့်နေရာမှ စွမ်းညို့ကို လှည့်ကြည့်၏။

“ကိုစွမ်းက စကားပြေတွေ ရွတ်ပြနေတာလား၊ ဒါမှမဟုတ် ရင်ဖွင့်နေတာလား”

“ဘာကို ရင်ဖွင့်တယ်ထင်လဲ”

“ချစ်နေတာတွေလေ၊ ကိုစွမ်းတစ်ယောက်ယောက်ကို...”

“အဲဒီတစ်ယောက်ကို ဘယ်သူလို့ မြတ်ထင်လဲ”

မြတ် မဖြေဖြစ်ပါ။ ကိုယ့်ကို ရည်းစားစကားပြောရလော ... အောင်လည်း တွေ့ဖူးဆုံဖူးခဲ့တာ မရှိသေးဘဲ..။

“မြတ်၊ ဖြေလေ”

“မသိဘူး၊ ဘယ်သူ့အကြောင်းပဲဖြစ်ဖြစ် မြတ်မဝေဖန်ချင်ပါဘူး ဒီလိုစကားမျိုးတွေ မြတ်ကို လာမပြောပါနဲ့နော်၊ ဒါတွေကို နားထော ပြီး အကြံပေးဖို့ထိလဲ မြတ်ခေါင်းထဲမှာ ဘာမှမရှိဘူး”

ကားလေးက လမ်းထဲကို ကွေ့ဝင်လာသည်။ စွမ်းညို့က အ...





ထွက်သွားအောင် တမင်တကာ လွှတ်လွှတ်လပ်လပ်ကြီး သက်ပြင်း ချသည်။ ဒီနေ့အဖို့ သူ ရှေ့ဆက်တိုးဖို့ မဖြစ်နိုင်တော့မှန်းကို နား လည်လိုက်မိ၏။ အချစ်ကိုရဖို့ ဘယ်လိုနည်းလမ်းတွေ ရှိနေသေးလဲ။

ခက်နေသည်က အချစ်ဟာ သူ့အတိုင်းလွတ်လပ်စွာ ရှိနေပါ သော်လည်း ကာလသတ်မှတ်ချက်များနှင့် စည်းမျဉ်းဘောင်တွေက ကန့်သတ်ထားခဲ့ကြတာ ဖြိုဖျက်ချပစ်နိုင်ဖို့ မလွယ်။

သို့သော် သူ မြတ်ကို ချစ်နေခဲ့သည်က အမှန်တရား...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

မိုးအုံ့နေတာကတော့ နေ့လည်ကတည်းကပါပဲ။

ဒါပေမယ့် လေးနာရီခွဲပြီးသွားတော့ သဘောထားကြီးကြီးထား ဖို့ ဖိနှိပ်သွန်သင်ထားရသည့် ဒေါသက ရိုင်းစိုင်းချင်လာပြီ။ ဘောလုံး ကို ခြင်းထဲမသွင်းဖြစ်ဘဲ ကွင်းထဲမှာ လှည့်ပတ်ပုတ်နေရင်း စိတ်က ဘောလုံးမှာ မရှိ။

သူ ဆေးရုံရှေ့ရောက်တော့ မမြတ်ကို ဟိုတစ်ခါ စကားပြော နေတာမြင်ရသော အမျိုးသားနဲ့ပဲ ကားပေါ်တက်သွားကြတာ မြင် လိုက်ရသည်။

ပြီးတော့ မမြတ်လက်ထဲမှာ အဖြူရောင်ပန်းစည်းတစ်စည်း...။

မမြတ်၏ဆွဲခြင်းက ဟိုတစ်ယောက်လက်ထဲမှာ..။ သူတို့နှစ် ယောက်ဟာ ဟိုးအရင်ကတည်းက သိကျွမ်းထားကြသူတွေဆိုတာ ကတော့ စိတ်ထဲမှာ ခံစားမိနေသည်။

ဘာပဲဖြစ်ဖြစ် လာကြို့သွားပြီဆိုတော့ သူလှည့်ပြန်ခဲ့သည်။ ခုထိတော့ ပြန်မရောက်သေးပါ။ ထိုစဉ် ခြံထဲကို ကားတစ်စီး ဝင်လာ သည်။အသစ်စက်စက်အဖြူရောင်ကားလေးနှင့် ခလယ်လူ။





စပို့ရှပ်အဖြူအနက်အစင်းကျားနှင့် လူပုံက မနေ့တနေ့ကထက် ၍ လန်းဆန်းနေသည်။ ခလယ်လူက ပေါ်တီကိုအောက်မရောက် ဲ ကားကို ရပ်ပစ်လိုက်ပြီး ဆင်းလာ၏။

တစ်ချက်ပဲလှမ်းကြည့်ကာ ဘောလုံးပုတ်မပျက်ဘဲ ရှိနေသည့် စေညွန်းနှင့် မလှမ်းမကမ်းမှာ ခြေရဲ့ရပ်ပြီး ခပ်နွဲ့နွဲ့ ခါးထောက်၏။ ပလွန်ပွလွန်းသော ကာကီရောင် စတိုင်လ်ဘောင်းဘီပွက ခြေ ထောက်ပေါ်၌ ပုံကျနေသည်။

ခေါင်းကို အနည်းငယ်ငဲ့စောင်းကာ စေညွန်းကို ကြည့်၏။

"စေညွန်း .."

သူ့ခေါ်တော့မှ ဘောလုံးကို ခွေခနဲခုန်၍ ပစ်သွင်းလိုက်ပြီး စေညွန်း ဒီဘက်လှည့်ပြီး....

"ဘာလဲ"

"ငါ မမြတ်ကို တွေ့ခဲ့တယ်"

"ဘာဖြစ်လဲ"

စေညွန်းမျက်မှောင်ကုတ်ထားတာကို ခလယ်လူက စူးစူးရဲရဲ စိုက် ကြည့်၍ ရှေ့ကို တစ်လှမ်းချင်း ဆက်လျှောက်လာ၏။

နှစ်ယောက် သိပ်မကွာတော့မှ ခြေစုံရပ်၍...

"မမြတ်ကို မင်းသွားမကြိုတာလား။ ထားလိုက်တာလား"

"အဲဒါ ငါ့ကိစ္စပါ၊ မင်းနဲ့ မဆိုင်ဘူး"

"မင်းကိစ္စကို ငါစိတ်မဝင်စားပါဘူး၊ ဒါပေမဲ့ မမြတ်ကိုတော့ မင်းလို ငါ သဘောမထားနိုင်ဘူး၊ မှားတဲ့လူကို မမုန်းတတ်တဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက် အန္တရာယ်ရှိတယ်၊ ထပ်ခါ ထပ်ခါ စော်ကားခဲ့တဲ့ ငါ့ကို အမြဲခွင့်လွှတ်နေခဲ့တဲ့ မမြတ်အတွက် ငါသိတတ်ချင်တယ် စေညွန့်း"

"ရှင်းရှင်းပြော..."

အရမ်းခင်ခဲ့ကြသည့်နှစ်ယောက်ဟာ အခုတော့ ရန်သူတွေလိုပါပဲ။ တစ်ယောက်ကိုတစ်ယောက် လက်နက်မဲ့ပစ်ခွင်းသော မျက်ဝန်းတို့ဖြင့် ရင်ဆိုင်ကြည့်နေကြရင်း....

"မမြတ်ကို ကြိုးဖို့ ပိုဖို့ ငါတာဝန်ယူမယ်"

ကြိုတွက်ပြီးသားမို့ စေညွန့်း၏ စေ့ပိတ်နေသော နှုတ်ခမ်းလွှာတို့က လွန့်ခနဲ မဲ့ကျသွား၏။

"မင်းက ဒီမှာ ဘယ်လောက်နေရမှာမို့လို့လဲ"

စေညွန့်းပြောလိုက်ပုံကို ခလယ်လူသဘောကျသွားသလို ပခုံးတွန့် ပစ်လိုက်ရင်း ရယ်သည်။

"ငါတို့ချင်း ရက်ချိန်းညှိနေတာမှမဟုတ်ဘဲ စေညွန့်း၊ အဲဒါကနောက်မှ မမြတ်နဲ့ငါ ဆက်ညှိသွားရမှာပါ၊ ငါ ဒီမှာ တစ်နှစ်စာချုပ်ထားတာက အများကြီးလိုသေးတယ်"

စေညွန့်းက ဘေးတိုက်ရပ်လိုက်ပြီးမှ ခပ်စောင်းစောင်းပြန် ကြည့်၏။

"ဟုတ်တယ်၊ ဘာအတွက်မှ ညှိနိုင်းဖို့မလိုဘူး၊ အကုန်လုံး မသင်ဆိုင်ကြတဲ့လူချင်း သူ့လက်ခံရင် မင်းသဘောပဲ"

"အိုခေ...."





ခလယ်လူက လေလေးချွန်၍ မြောက်ကြွကြွလှမ်းရင်း လှည့်ထွက်သွား၏။ စေညွန့်းမျက်ဝန်းတွေ ကျဉ်းမြောင်းလျက် ကျန်ခဲ့လေသည်။

ရင်ဘတ်ကြီးတစ်ခုလုံးမှာ ပူလောင်ခုန်ပေါက်နေ၏။ ဘာလဲ၊ ဘာဖြစ်တာလဲ။ မချစ်ခဲ့၊ မကြိုက်ခဲ့ဖူးတာလည်း မဟုတ်။ ဟိုမှာဆိုချစ်ရေးကြိုက်ရေးက ပိုလို့တောင် လွတ်လပ်နေသေးသည်။

ဒယ်ဒီက သူ့အလုပ်နဲ့သူ။ ကုမ္ပဏီအစည်းအဝေးတွေ သွားလျှင်သူ့ကို ခေါ်သွားသည်။ လုပ်ငန်းရှင်တွေထဲမှာ ဆွဲသွင်းမိတ်ဆက်ပေး၏။ ဒယ်ဒီ့လိုပဲ တစ်ချိန်ချိန်မှာ သူလည်း ထက်မြက်သော လူတစ်ယောက်ဖြစ်လာမှာပဲ အားလုံးက ထင်ကြေးပေးကြသည်။

တစ်ခါတစ်လေ ဒယ်ဒီနှင့်များအတူရှိနေလျှင် လုပ်ငန်းအကြောင်းပြောရင်း သူ့မျက်နှာမှာ စိတ်မပါတာတွေ သိသာစွာထင်ရှားလာလျှင်....

"စိတ်မဝင်စားလဲ နားထောင်၊ မပြီးသေးဘူး၊ စိတ်မပါလက်မပါနဲ့ပဲ နားရည်ဝနေရင် ရပြီ"

ဒယ်ဒီက သူ့လို ပညာတတ်ဖို့လည်း မျှော်လင့်သည်။ စီးပွားရေးမှာလည်း အောင်မြင်စေချင်သည်။ ချစ်မှုရေးရာမှာ ဘာမှဝင်စွက်ဖက်ခြင်း မပြုခဲ့။

"ဘာကို အရင်ရှာသင့်သလဲဆိုတာကို စဉ်းစား၊ သားသမီး ကောင်းဆိုတာ စောင့်လေမျိုးနွယ် ဆိုတာကိုမမေ့ရဘူး၊ မွေးခံထိုက်စေ ဆိုတာပဲ ခံထိုက်စံထိုက်တဲ့ သားသမီးကောင်းဖြစ်အောင် ကြိုးစားဖို့ပဲ၊ ကျွန်ုပ်ရကြီးကို ဖြတ်ရမှာပဲဆိုပြီး ဆန်တစ်အိတ်လောက် ထမ်းသွားမလား၊



www.burmeseclassic.com

www.burmeseclassic.com



ရောဘူးရိုတ်သွားမလား၊ အလိုအပ်ဆုံးကို မြင်တတ်ရမယ်”

ဒယ်ဒီက ရှည်ရှည်ဝေးဝေး သိပ်မပြောပါ။ သူငယ်ချင်း ကောင်မလေးတွေနဲ့ ဘယ်လိုနေနေ၊ ဘယ်လောက်ပဲ ရင်းနှီးရင်းနှီး၊ တစ်ခွန်းမှ မေးမြန်းခြင်းမရှိ။ ရှိသားတာ မရှိသားတာကိုလည်း စိတ်ဝင်စားဟန်မပြ။ သူ့အတွက်က သူငယ်ချင်းလည်း မရှား။ ချစ်ကြမယ်ဆိုရင် လည်း ရင်ခုန်စရာတွေက အများကြီးရှိသည်။

ခက်ခက်ခဲခဲဖြစ်ရလောက်အောင် ဘာမှမရှိ။ ဒီလိုပဲ ချစ်သူလိုလို၊ ဘာလိုလို ရင်းနှီးကြ တွဲကြ။ ဘာလိုလိုနဲ့ပဲ ဘာတွေဖြစ်ကုန်မှန်း မသိဘဲ ကိုယ့်မှာလည်း ဘာမှမကျန်ခဲ့။ သူလည်း ဟိုရောက် ဒီရောက်။

ပြန်တွေ့ကြတော့ သူငယ်ချင်းတွေ ပြန်ဖြစ်ကုန်ရော။ ရင်ထဲမှာ ဘာရှိခဲ့လို့လဲ။ စေညွှန်းအောက်နှုတ်ခမ်းကို ဖိကိုက်ရင်း မျက်နှာငုံ့လိုက်တော့ ရေ့မှာ စက္ကူစွန်လေးတစ်ခု။ စွန်တွေလုပ်ပြီး ဟိုပစ်ဒီပစ် ပစ်တတ်တာ နေမင်းပဲဖြစ်သည်။

ဘောင်းဘီထဲလက်နှိုက်ရင်း စွန်လေးကို ခြေတစ်ဖက်နှင့် လွှဲကန်ပစ်လိုက်မိ၏။ စက္ကူစွန်လေးက လွင့်မသွားဘဲ သူ့ခြေထောက်ဘေးမှာပဲ ပြန်ကျသည်။ စေညွှန်း မုဆိုးဒူးထောက် ထိုင်ချလိုက်ပြီး စွန်လေးကို ကောက်ယူလိုက်သည်။

“ကြိုးစားထား..”

နေမင်း၏ လက်ရေးပဲဖြစ်သည်။ တောင်ပံနှစ်ဖက်လုံးမှာ ရေးထားသည်။ တစ်ခါတစ်လေ စွန်ပေါ်မှာ ရည်းစားစကားပြောပြီး ကောင်မလေးတွေဆီ ပစ်လွှတ်တတ်တဲ့သူကလည်း ဝါသနာ တစ်မျိုးပါ။

“ကြိုးစားထား” ဆိုသည့်စာလုံးလေးကို ဟိုဘက်ဒီဘက်ဖတ်





နေရင်း သူ ပြုံးလိုက်မိသည်။ ဘာကို ကြိုးစားရမှာလဲ။ တိုက်တိုက်ဆိုင်ဆိုင် ကိုယ့်ကိုကိုယ် ဘာဖြစ်နေမှန်းမသိဘဲ မကျေမနပ်ဖြစ်နေခဲ့သည့် စိတ်က ရယ်ချင်သွားသလိုလို၊ မလုံမလဲဖြစ်မိသလိုလို..။

နဖူးက ဆံပင်ကို တစ်ချက်ဆွဲချကာ ထရပ်လိုက်မိ၏။ လွှဲပစ်လိုက်တော့ စက္ကူစွန်လေးက ဝဲခနဲ ပြေးလွှားကာ ပန်းစင်လေးပေါ်မှာ မှီနားသွားသည်။

အဲဒီလို သူစိတ်ချအေးချမ်းစွာ နေလိုသည်။ ပူလောင်နေတာတွေကို ငြိမ်းချမ်းချင်၏။ ဆေးရှိဖို့က ရောဂါမသိ။

သူ ဘာဖြစ်နေတာလဲ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"လာပါ စွမ်းရဲ့၊ ကားပေါ်မှာ ဒီလိုကြီးထိုင်နေခဲ့တာ မကောင်းပါဘူး၊ လာ အတူတူပဲ လိုက်ခဲ့"

"မလွင်က ကြာမှာမို့လို့လား"

"ဪ..လူမမာ လာမေးတဲ့ဟာ၊ ပြောလို့ရမလား၊ လာပါ"

စွမ်းညို့ ကားပေါ်က ဆင်းလိုက်ရသည်။ မလွင်ကို အထူးတောင်းဆိုစရာတွေ ရှိနေလို့ ရင်ဖွင့်ဖို့ ပြေးလာတော့ လူမမာဆီသွားဖို့ ထွက်လာတာနဲ့ တိုးသည်။

"မလွင်ကို ကျွန်တော် အရေးကြီးတာ ပြောစရာရှိလို့" ဟု စကားစလိုက်တာနဲ့...

"ဒါဆို အေးဆေးပြောလေ၊ မလွင်လဲ ကားမမောင်းချင်တာနဲ့ အတော်ပဲ၊ ခေါင်းတွေမူးနေလို့၊ လူမမာသွားမေးမလို့ လိုက်ပို့စမ်းပါကွယ်"

ပြောလာတော့လည်း သူ့မှာ ပြောစရာကို ခဏမျိုသိပ်ပြီး လိုက်ပို့ခဲ့ရ၏။ မလွင်က စွမ်းညို့၏ မရီးတော်သူပါ။ ဒါပေမယ့် အစ်ကို ဇော်ဆက်က စွမ်းညို့၏အစ်ကိုဝမ်းကွဲပဲမို့ မရီးဝမ်းကွဲ ဖြစ်လာရ၏





ဇော်ဆက်နဲ့လည်း သိပ်တွေ့ဖြစ်ကြတာမရှိတော့ အစတုန်းကတော့ မလွင်နဲ့တောင် သိပ်မရင်းနှီးပေ။

မွေးချင်းတွေအားလုံးက မြန်မာနိုင်ငံနှင့် နိုင်ငံခြားကို ကူးလူး နေထိုင်ကြသူတွေမို့လည်း ရင်းနှီးမှုတွေ နည်းခဲ့ကြတာဖြစ်သည်။

မလွင်က ခင်ဖို့ကောင်းပါသည်။ အိမ်ကို တစ်ခါနှစ်ခါ ဝင်ထွက်ဖူးသည်နှင့် မောင်ငယ်တစ်ယောက်လိုပဲ တရင်းတနှီးရှိခဲ့သည်။

ဇော်ဆက်က နိုင်ငံခြားသင်္ဘောသား။ သူက နိုင်ငံတော်တော် များများကို ရောက်သူ..။ ဇော်ဆက်နှင့် ဆုံဖြစ်သည့်အခါ လူကြုံပါးလိုက်တာလေးတွေ၊ စာတွေ။ ပြီးတော့ စွမ်းညို့ကိုယ်တိုင်လည်း လက်ဆောင်တွေ ဝယ်လာတတ်၏။ နောက်ပိုင်းမှာတော့ မောင်နှမတွေလိုပဲ ရင်းနှီးခင်မင်သွားခဲ့ကြ၏။ ထို့ကြောင့်လည်း ရင်ထဲကကိစ္စကို မလွင်ကို ဖွင့်ပြောပြီး အကူအညီတောင်းဖို့ စိတ်ကူးနှင့်...။

"ရှူး...."

ရှေ့ကဝင်သွားသည့်မလွင်က ဖျတ်ခနဲ လှည့်ကြည့်ကာ လက်ညှိုးထောင်၍ တိုးတိုးဟု သတိပေးတော့ စွမ်းညို့ ခြေလှမ်းတွေ တုံ့သွား၏။ ဖြတ်ခဲ့သည့်ဧည့်ခန်းကို ပြန်ကြည့်တော့လည်း ဘယ်သူမှ ရှိကြတာ မဟုတ်။ ဒါ ဘယ်သူ့အိမ်လဲ။

ခြံဝမှာ 'မြင့်မိုရ်စံအိမ်' ဟု ဆိုင်းဘုတ်ချိတ်ထားတာ တွေ့ခဲ့ပေမယ့် လူလည်း တစ်ယောက်မှမတွေ့။ ဝင်လာတုန်းက ကိုယ့် အတွေးနဲ့ကိုယ် အမှတ်တမဲ့...။

အဆောင်ဆောင် အခန်းခန်းဖြင့် ကြီးကျယ်ခမ်းနားသော စံအိမ်ကြီးကို ခုမှပဲ သတိတရငေးကြည့်မိသည်။ ပါကေးအထိုင်ရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်က လူရိပ်ပေါ်နေအောင် လက်လက်ထနေသည်။ ဒါပေမဲ့ ဖိနပ်ချွတ်ဖို့မလိုဘဲ နင်းဖြတ်ခွင့်ရနေ၏။

ခြေရာ ဖုန်စလည်း စိုးစိမျှမရှိ။ ဖိနပ်ကို လက်ညှိုးလေးဖြင့်ညွှန်၍ မလွင်က ခြေသံကို သတိပေးပြန်သည်။ သူခေါင်းညိတ်၍...

"ဘယ်သူမှလဲ မရှိဘူး၊ လူနာ ဘယ်မှာလဲ"

"အထဲမှာ...၊ လူတွေမှ ဒီအိမ်မှာ တအားပဲရှိတာ၊ ဒီလိုနေရာမျိုး ဖြစ်ဖို့ကို တို့တွေ စည်းစည်းလုံးလုံးနဲ့ ဘယ်လောက်ကြိုးစားခဲ့ရတယ် မှတ်လဲ၊ တော်ကြာ တိုင်းတရားရှေ့နေတွေ လာကြလိမ့်မယ်"

မလွင်က နောက်ပြန်လှည့်ရပ်ပြီး လေသံဖြင့်ဖြေသည်။ ဒါတောင် တိတ်ဆိတ်လွန်းသည့် တိုက်ကြီးထဲမှာ လေသံမျှကို ဖျောက်လို့မရ။

"လာ...လူနာက အခြေအနေ သိပ်မကောင်းဘူး၊ နောက်တော့ မလွင် ပြောပြမယ် သိလား"

သူတို့နှစ်ယောက် လှေခါးကြီးပေါ်ကို တက်ခဲ့ကြတော့ စွမ်းညို့ စိတ်မလုံချင်။ လှေကားက ကြောင်လိမ်လှေကားကြီးဖြစ်ပြီး အပြင် ကကြည့်တော့ မမြင်ရပေ။ လှေကားကို အထူးသဖြင့် ဝှက်ကွယ် ထားသလို တည်ဆောက်ထားတာဖြစ်ပြီး လူမမြင်ပေမယ့် အလွန် ကြွရှသော ပွတ်လုံးတိုင်ကြီးများနှင့် ရွှေရောင်ကတ္တီပါခန်းဆီးပါ ဖြန့် ခင်းထားသည်။

လက်တန်းအပေါ်တိုင်တွေမှာ ကြေးသွန်းထားသဖြင့် ဖိတ်ဖိတ် လက်နေ၏။ လှေကား၏ အရည်အချင်းက ခန့်မှန်းရဲစရာမရှိ။

လှေကားရင်းကျမှ ဖိနပ်ချွတ်ပြီး တက်ခဲ့ရသည်။ တိတ်ဆိတ် ခြင်းနှင့် ခမ်းနားထည်ဝါခြင်းကြောင့် သူဟာ လူစိမ်းတစ်ယောက် အဖြစ်





လိုက်ပါလာခဲ့မိခြင်းကို လိပ်ပြာမလုံချင်။

ပြီးတော့ တိုက်၏ အငွေ့အသက်တို့က လျှို့ဝှက်သည်းဖို ဆန်နေ၏။

"မလွင်"

လှေကားအကွေ့မှာ သူခေါ်တော့ မလွင်က လှည့်ကြည့်သည်။

"ကျွန်တော် လိုက်လို့ဖြစ်ပါ့မလား၊ မကောင်းဘူးထင်တယ်"

"ရပါတယ်၊ လာ"

လူမမာရှိနေတဲ့အိမ်က အသည်းအသန်လူမမာကို ထားပြီး တစ်အိမ် လုံးမရှိကြတာက အံ့သြဖွယ်ဖြစ်၏။ သို့သော် ဒီလိုရှင်းနေတောင် အထူး တလည် စီစဉ်ထားရတယ်ဟုလည်း မလွင်က ပြောခဲ့သေးသည်။ အပေါ် ထပ်ရောက်တော့ ခေါင်းရင်းခန်း သုံးခန်းမြောက်တွင် အမြီးဖြန့်နေသော ကြေးဒေါင်းရုပ်ကြီးရှိနေသည့် အခန်းတံခါးရှေ့မှာ မလွင်ရပ်လိုက်၏။

ပြီးတော့ တံခါးကို အသာလေး တွန်းလိုက်သည်။

"ဟော၊ မိန်းကလေး လာကွယ်"

အထဲမှာ ကြေးကုတင်ကြီးနှင့် လူနာသည် အသက်ရှစ်ဆယ်ခန့် ရှိလိမ့်မည်ထင်သည်။ အိပ်ပျော်နေတာ မဟုတ်လောက်ပါ။

မျက်ကြောစင်းစင်းနှင့် နှုတ်ခမ်းအနည်းငယ် ဟနေ၏။ အဖြူ တွေလိုချည်း ဖြစ်နေသော ဆံပင်ခပ်ပါးပါးတို့က ခေါင်းအုံးထက်မှာ မသေမသပ် ကျနေသည်။ ခုတင်ဘေးမှာတော့ လူကြီးနှစ်ယောက် ကထိုင်လျက်...။

မလွင်နှင့် သူပါလာတာတွေ့တော့ မျက်နှာတွေ သိသာစွာ ပျက် ယွင်းသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို စိတ်ချရပါတယ် အန်ကယ်၊ ကျွန်မရဲ့ မတ်ပါ၊ စက်သွ စက်မှုဇုံမှာတာဝန် ထမ်းဆောင်နေတဲ့လက်ထောက်အင်ဂျင်နီယာပါ လိုအပ်ရင် အကူအညီပေးမယ့်သူပါ"

"ဪ..."

သိပ်လိုလိုချင်ချင်ဖြစ်သွားတာမျိုး မဟုတ်ပါ။ ဒါပေမယ့် မျက်နှာ တွေလွှဲ၍ လူနာထံ စိတ်မကောင်းစွာ ပြန်ကြည့်ကြသည်။

ပြီးတော့ နာရီကြည့်လိုက်ကြတာ ပြိုင်တူ...။

"ကောင်လေး အချိန်မီရောက်ဖို့ လိုတယ်"

ဟု မျက်ခုံးအလွန်ထူသော လူကြီးက လူနာကိုကြည့်၍ ပြော၏။

"ရောက်ပါမယ် ဒေါက်တာ၊ ကျွန်မ ထပ်ခေါ်ထားပါတယ်"

ထိုစဉ်မှာပဲ လှုပ်ရှားသံကြားလိုက်ရပြီး မလွင် ကပျာကယာ ထွက်သွားပြီး ပြန်ဝင်လာတော့ အနက်ရောင်လက်ဆွဲသေတ္တာကိုယ် စီနှင့် လူကြီးသုံးယောက်။

မလွင်ပြောသည့် တိုင်းတရားရုံးချုပ်ရှေ့နေဆိုတာပဲ ဖြစ်မည်။ ဒီစံအိမ်ကြီးထဲမှာ အလွန်အရေးကြီးသော လျှို့ဝှက်မှုတစ်ခုကို အသက် တစ်ချောင်းဖြင့် ဆက်ယူပြီး အချိန်မီလှုပ်ရှားနေကြတာမှန်း စွမ်းညို့ အကဲခတ်လိုက်မိ၏။

ထို့ကြောင့် အားလုံးခေါင်းချင်းရိုက်နေကြဆဲမှာ သူ အခန်းပြင် ထွက်လာခဲ့သည်။ ထိုအခါ လှေကားကြီးထိပ်ဘက်မှ ခြေလှမ်းကျဲကျဲ နှင့်လျှောက်လာသော လူရွယ်တစ်ယောက်နှင့် မျက်နှာချင်းဆိုင် လိုက်မိလေသည်။

တစ်ယောက်ကိုတစ်ယောက် ငေးခနဲ ကြည့်မိကြ၏။ အသက်





အားဖြင့် သူ့ထက်ငယ်မှာ သေချာသည်။ သူ့ထက်အရပ်ပိုမြင့်ပေမယ့် ဖြူဝင်းသောအသားနှင့် နှုတ်ခမ်းရဲရဲတို့က ဆံပင်ရှည်များနှင့်တွဲစပ်၍ နုဖတ်နေသည်။

မျက်ခုံးတို့ကို မမြင်ရအောင် ခပ်ပါးပါးရှည်ကျနေသည့် ရှေ့ ဆံပင်တို့က မျက်ဝန်းများအထိ မစို့မပို့ထောက်နေသည်။ ထိုနောက် က မျက်ဝန်းများကတော့ စူးရဲလွန်းပါဘိ။ ကိုယ့်ကို ပြန်ကြည့်လိုက် တာ ကိုယ့်လိုအတွေးနဲ့မှ ဟုတ်ရဲ့လား။

မကျေနပ်သော၊ ကိုယ့်ကိုသိနေပြီး ပတ်သက်မှုတစ်စုံတစ်ရာ ရှိခဲ့ဖူးသော၊ ဘယ်လိုကောက်ချက်ချရမှန်းမသိသည့် မျက်လုံးများက မျက်ကွယ်သို့ မရောက်မချင်း သူ့မျက်နှာကိုပဲ စူးနစ်စွာ...။

စောစောက သူတို့ပြောကြသည့် ကောင်လေးဆိုတာလား။ စွမ်းညို့နောက်သို့ မရောက်ဘဲ မျက်နှာခပ်စောင်းစောင်းနှင့် လှည့် ကြည့်မိရင်း မျက်ဝန်းထောင့်မှာ လူမမာခန်းထဲသို့ ဝင်သွားသည့် အရိပ်ကို မြင်နေရသည်။

ဘယ်သူဆိုတာ သေချာမသိ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

နေမင်းက သူ့ရှေ့မှာရပ်လိုက်ပြီး ထိုင်လည်းမထိုင်ဘဲ ဘာ စကားမှလည်း မဆိုသေး။ စေညွန်းက ဒရင်းဘက်မှာ လျှော့ရဲရဲမှီလျက် မော့ကြည့်သည်။ ထိုအခါ မျက်ဝန်းချင်းဆုံလိုက်မှ....

"ငါ စိတ်မကောင်းပါဘူးကွာ၊ သိပ်မရင်းနှီးကြပေမယ့် မင်းရဲ့ ဘွားအတွက် မင်းဘယ်လိုခံစားနေရမလဲဆိုတာ စာနာပါတယ်"

ပြောရင်း ဘေးက ခုံပုလေးမှာ သူ ဝင်ထိုင်လိုက်သည်။

"မင်းဘယ်လိုလုပ်မလဲ စေညွန်း"

စေညွန်းက မျက်ခုံးနှစ်ဖက်ကို ခပ်တွန့်တွန့်ချိုးထားလျက် ဘာ စကားမှမပြော။

"မင်းရဲ့ဘွားက ရည်ရွယ်ချက်တော့ တော်တော်ကြီးတယ်နော် သူကျန်ခဲ့မယ့် အမွေအနှစ်တွေကို မင်းကလွှဲပြီး ဘယ်ဆွေမျိုးမှ တစ်ခိုးတစ် မရလိုက်ကြဘူး၊ အိမ်ပေါ်မှာ ရှိသမျှအုပ်စုတွေကို ရှင်းပစ်လိုက်တာ ဘယ်လောက်သေသပ်လဲ၊ အိပ်ရာထဲမှာ လဲနေပေမယ့် တကယ် ခေါင်းကောင်းတယ်"

စေညွန်းက သက်ပြင်းမှုင်းမှုင်းချလိုက်သည်။

"ငါ ဒီကိုလာကတည်းက အလုပ်နဲ့ဆိုပေမယ့် စိတ်ထဲမှာ တကယ် ရှိတာက ခဏတဖြုတ် ပျော်ပျော်နေချင်တာပဲ၊ အဲဒီစိတ်ကြောင့် ထင်





တယ်၊ ဘွားကို ငါ ဂရုမစိုက်သလို ဖြစ်သွားခဲ့တယ်၊ ဘွားဆီကို ငါ ရောက်တော့ 'မြေးလေး' ဆိုတဲ့ခေါ်သံနှစ်ခွန်းကို သဲ့သဲ့လေးပဲ နောက်ဆုံးကြားလိုက်ရတယ်၊ ငါ့လက်ကို ကိုင်ချင်ရှာပေမယ့် ဘွားရဲ့လက်က ငါ့လက်ကို မကိုင်လိုက်မိဘဲ ပြုတ်ကျသွားတယ်၊ တကယ် ခံစားရတယ်ကွာ၊ ငါ့အတွက် ဘွား အများကြီးလုပ်ပေးခဲ့ပြီး ငါကတော့..."

"စေညွန်း...."

နေမင်း စေညွန်းလက်မောင်းကို အားပေးသလို ဖိဆုပ်ခါလိုက်သည်။

"ဒါကတော့ကွာ၊ မင်း ဒီကိုရောက်ကတည်းက နေဖို့ထိုင်ဖို့ တောင် ကြိုပြီးစီစဉ်ပေးထားခဲ့မို့လား၊ ဘွားခေါ်တွေ့မှ သွားရမယ်လို့ သတ်မှတ်ချက်နဲ့ မင်းနေခဲ့တာပဲ၊ ဒီလို ဖြစ်သွားမယ်မှန်းသာသိရင်တော့ တစ်မျိုးပေါ့၊ ဒါပေမဲ့ ငါထင်တယ်၊ ဘွားလည်း တော်တော် မလွယ်ကူလို့သာ မင်းကို ခေါ်မတွေ့ခဲ့တာနေမှာပါ၊ အားလုံးပြီးသွားပြီပဲကွာ၊ လူငယ်တွေပဲ၊ ပြီးခဲ့တာကို တသသခံစားနေရတာ အချိန်မှာ မရှိပါဘူး၊ ရှေ့ ဘာဆက်လုပ်ကြမလဲဆိုတာပဲတွေး"

"ဘွားက မြင့်မိုရ်စံအိမ်ကြီးကို တော်တော်သံယောဇဉ်ကြီးတာကွ၊ သေတမ်းစာထဲမှာ 'မြင့်မိုရ်စံအိမ်' ကို ငါကလွဲပြီး ဆွေမျိုးသူစိမ်းမည်သူတစ်ဦးတစ်ယောက်လက်ထဲမှ ပေါင်နှံခြင်းဖြင့်လည်းကောင်း၊ ရောင်းချခြင်းဖြင့်လည်းကောင်း၊ လွှဲပြောင်းခြင်းမပြုပါဘူးလို့ ကတိပြုလက်မှတ်ထိုးပြီးမှ အမွေအားလုံးကို ဆက်ခံစေခဲ့တာ"

"အင်း...."

နေမင်းက ခေါင်းညိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလွင်ကိုလည်း သူ ကျေးဇူးဆပ်ခဲ့သေးတယ်၊ အားလုံးကို မေ့ ကူညီလို့ပဲ ခုလို ချောချောမောမော ပြီးမြောက်သွားတာ၊ တာဝန် ရှိ တဲ့ ပြောရေးဆိုခွင့်ရှိသူတွေအားလုံးနဲ့ ဘွားတိတ်တဆိတ် ဆက်သွ မိအောင်၊ သေတမ်းစာနဲ့ စာချုပ်စာတမ်းတွေကိုစွ အဆင်ပြေအောင်

"ဟုတ်တယ်၊ မလွင်က တကယ်သဘောဖြူပါတယ်၊ ဘာမှ သွေးသားတော်ကြတာ မဟုတ်ဘဲနဲ့ ဘွားကလဲ အားကိုးတယ်၊ မလွ ကလဲ ကူညီတယ်၊ မင်းကိုတောင် သူ့မောင်လေးလိုပဲ ဂရုစိုက်ခဲ့တာ

"ဟုတ်တယ်"

နေမင်း မမြင်သော စေညွန်း၏စိတ်မျက်လုံးထဲမှာ ပုံရိပ်တစ် ပေါ်လာ၏။ ထိုတစ်ယောက်ကိုလည်း မလွင်က ကောင်လေးလို့ ခေါ် သံကြားလိုက်သေးသည်။ ပြီးတော့ စွမ်းလို့လည်းခေါ်သည်။

ထိုသူကို စွမ်းဆိုတာ မကြားခင်ကတည်းက မမြတ်ရဲ့ဘေးမှာ နှစ်ခါမြင်ဖူးသည်။ ခုမှပဲ ရှင်းသွားပါသည်။

မမြတ်ကိုလည်း မလွင်လာပို့ခဲ့တာပဲ။ မလွင်နဲ့ခင်နေသော စွမ်း ဆိုတာက မမြတ်နဲ့ ရင်းနှီးနေတာ မဆန်းပါ။

သို့သော်.....။





အခန်း (၁၈)

နောက်နေ့မှာ သူကားထုတ်ဖို့ဆင်းသွားစဉ် ဧလယ်လူက ထွက် သွား၏။ သူ့အိမ်ပေါ် ပြန်တက်လာခဲ့သည်။

"ဘယ်လိုဖြစ်သွားတာလဲ ဒီကောင်၊ အစကတော့ မမြတ်ကို သူ့ပဲ ဂေါက်လိုလို၊ ကြောင်သလိုလိုနဲ့"

နေမင်းကလည်း မကျေလည်။

"မင်း ဒီအတိုင်းကြည့်မနေနဲ့ စေညွန်း၊ ဒီကောင်က ဖြူတဲ့ကောင် မဟုတ်ဘူး"

"မတတ်နိုင်ဘူး၊ ဒါ သူ့အခွင့်အရေး"

မျက်နှာမှာတော့ ဘယ်လိုသဏ္ဌာန်တွေ ပေါ်နေမလဲ သူမသိ။ သူ ပြတင်းပေါက်နားမှာ ရပ်နေမိလိုက်၊ ရေခဲသေတ္တာဖွင့်၊ ရေဘူး ယူပြီးသောက်လည်း မသောက်ဖြစ်ဘဲ ရမုကောက်၍ တီဗီလှမ်း ဖွင့်ပြန်သည်။ ပြီးတော့ အစီအစဉ်ပေါ်လာမှ ပြန်ပိတ်ပစ်၍...

"နေမင်း၊ ဘွားတစ်နှစ်ပြည့်လုပ်တဲ့အထိ ငါ မနေတော့ဘူး၊ မင်းရော"

"ဟင်...ငါက"

နေမင်း အံ့သြဟန်နှင့် ဆိုဖာမှာထိုင်တော့မလို့ပြင်ပြီးမှ ခပ်



www.burmeseclassic.com

www.burmeseclassic.com



မတ်မတ် ပြန်ရပ်၏။

"မင်းပဲ မပြန်ချင်သေးဘူး၊ ဘွားအတွက် တစ်နှစ်ပြည့်ဒါနသေ ပြုပေးဖို့ နေဦးမယ်ဆို၊ မင်းကိုယ်တိုင်ပဲ အန်ကယ်ဇင့်ကို ဖုန်းဆက် လိုက်တာမို့လား၊ ငါ့ကို မမေးနဲ့လေ၊ မင်းပြန်မယ်ဆို ငါက ထလိုက် ရုံပဲ"

နေမင်းက သူ့နားကိုလိုက်ထွက်လာပြီး မျက်နှာကို သေချာ ကြည့်၏။ စေညွန်းက ဆံပင်တွေကို ထိုးသိပ်တင်၍ ဆိုဖာပေါ်မှာ ထိုင် ချလိုက်သည်။

"စေညွန်း၊ မင်းဘာဖြစ်နေလဲ"

"ဘာမှ မဖြစ်ဘူး"

နေမင်းက ခေါင်းကုတ်၍...

"မဖြစ်ရင်လဲ အေးအေးချမ်းချမ်းနေကွာ၊ တို့မြန်မာနိုင်ငံမှာ သေသေချာချာတောင် မနဲ့ပြန့်သေးဘူး၊ ပြီးတော့ မင်းပြန်မယ်ဆိုရင် မြင့်မိုရ်စံအိမ်ကို ဘယ်လိုလုပ်မလဲ"

"မပေါင်ရဘူး၊ မရောင်းရဘူးလို့ ပါတာပဲ၊ လှူပစ်ခဲ့မယ်"

"ဟာကွာ၊ ဒီလောက်ထိ နန်းတော်ကြီးလို ခမ်းနားနေတဲ့ တိုက်ကြီးကို...."

"အဲဒီတော့လည်း ဘုန်းကြီးကျောင်းဖြစ်သွားရုံပဲ ရှိမှာပါ"

"ဩော်....ကဲ၊ ဒါတော့ ပြဿနာဖြစ်ရဦးမယ်၊ မင်းတစ်ဘက်သတ် လုပ်မယ်မှန်းသိရင် နိုင်ငံခြားက မြေးရောက်လာတဲ့အထိ၊ လွှဲပြောင်း ပေးနိုင်တဲ့အထိ မင်းရဲ့ဘွား အသက်ငင်ပြီးစောင့်နေမှာမဟုတ်ဘူး၊ ဒီမြို့ တိုက်ကိုရော"





"ရောင်းပစ်ခဲ့မယ်၊ ဘာလုပ်ဖို့လဲ၊ ငါ့ဒယ်ဒီနဲ့ ဝိုင်းကူညီပြီး ဦး ဆောင်နိုင်အောင် ကြိုးစားလိုက်မယ်"

နေမင်းက စေညွန်းမျက်နှာကို စူးစိုက်ကြည့်ကာ...

"အန်ကယ်ဇင်ကိုယ်တိုင်က မင်းကို ဟိုပြန်လာရမယ်လို့ တာထစ်ချ သတ်မှတ်လွှတ်လိုက်တာ မဟုတ်ပါဘူးကွာ၊ တကယ်လို့ သာ မင်းဒီမှာ ပျော်နေရင် မြန်မာနိုင်ငံမှာ ဖက်စပ်ကုမ္ပဏီထူထောင်ပြီး ဟိုနဲ့ဒီ သား အဖလက်တွဲဖို့လဲ အစီအစဉ်ရှိထားတဲ့သူပါ"

"ဘာလဲ၊ မင်းက ဒီမှာနေစေချင်လို့လား"

နေမင်းက ငိုင်နေပြီးမှ ခပ်ဖြည်းဖြည်းခေါင်းခါ၏။ တကယ် တော့ သူဟာ စေညွန်းနှင့်သာမတွေ့ခဲ့လျှင် အချိန်တန်တာနဲ့ မြန်မာပြည်မှာပဲ ပြန်ပြီး ခေါင်းချမယ့်သူ..။ စေညွန်းကတော့ သူ့ဘဝမှာ ဘာကို မှ စူးရှခင်တွယ်ခဲ့ဖူးခြင်းမရှိသလို ရင်ထဲမှာ စွဲလမ်းထားတာ ဘာမှ မရှိ။

စေညွန်းကိုခင်သော သူလည်း ခုတော့ စေညွန်းလိုပဲ ဖြစ်လာခဲ့ ၏။ သူ့အတွက်ကလည်း ဘယ်မှာပဲနေရနေရ သိပ်တော့ မဆန်းပြားပါ။ နောက်ဆံတင်းစရာ သံယောဇဉ် တစ်မျှင်တစ်လေမှ သူ့မှာမရှိ။ စေညွန်း မျက်နှာကို သူ သေချာကြည့်၍ ဘေးမှာဝင်ထိုင်လိုက်သည်။

"တစ်ခု ရှိသေးတယ်၊ ခလယ်လူနဲ့ စာချုပ်ချုပ်ထားတာ မပြည့် သေးဘူး"

"ဒါက ပြဿနာမရှိပါဘူး"

"မမြတ်ကလဲ သနားဖို့ကောင်းပါတယ်"

ဒီနာမည်ပါလာတိုင်း ဟိုမျက်နှာပုံစံက ဖျတ်ခနဲ ပေါ်လာသည်။ ဝတ်စားနေထိုင်ပုံအရ ခပ်နိမ့်နိမ့်ထဲက ဘယ်လိုမှမဖြစ်နိုင်။ မမြတ်



www.burmeseclassic.com

www.burmeseclassic.com



လိုမိန်းမမျိုးမှာ သူ မသနားလည်း သနားမယ့်လူတွေ ဝိုင်းဝိုင်းလည်နေတာ နေမင်းမသိဘူးထင်သည်။

ပြုံးယောင်သမ်းပြီးမှ အံကြိတ်ပစ်သည့် စေညွှန်းမျက်နှာကို နေမင်းကလည်း မလွှတ်တမ်း ကြည့်နေခဲ့၏။ သို့သော် တစ်စုံတစ်ရာ မပြောရသေးမီ ကားသံကြားလိုက်ရသဖြင့် မျက်လုံးတို့က ထိုဆီသို့ ရောက် သွားသည်။

"ပေး...မမြတ်"

မြတ်က အရင်ဝင်လာတာဖြစ်ကာ ခလယ်လူက နောက်က ပြေးတက်လိုက်ပြီး ခွဲခြင်းကို တစ်ခါတည်းပါအောင် ယူလိုက်နိုင်၏။

"ရတယ်၊ ရတယ် ခလယ်၊ ရောက်နေပြီပဲဟာ၊ ပေး..."

"မမြတ်ရယ်၊ ရောက်နေမှပဲ၊ အားနာနေပြန်ပြီ၊ အထဲမှာ ပန်းသီးတွေပါတဲ့ဥစ္စာ၊ ကျွန်တော်ပဲ ရေခဲသေတ္တာထဲ ထည့်ပေးမယ်"

ခလယ်လူက ဘယ်သူ့မှ ဂရုမစိုက်။ မြတ်က နေမင်းတို့ဆီ ဝေ့ခဲ့ကြည့်သည်။ စေညွှန်းမျက်ဝန်းများနှင့်ဆုံလိုက်စဉ်မှာ မျက်လွှာလေးချ၍ ခပ်သုတ်သုတ်လေး လှည့်ဝင်သွားသည်။

မြတ်ဟာ ခပ်တန်းတန်းဖြစ်သွားကြသည့် စေညွှန်းနှင့် ခလယ်လူတို့ဆက်ဆံရေးကြားမှာ ပြေလည်အောင် ကြိုးစားဖို့အထိ ရည်ရွယ်ခဲ့ဖူးသော၊ အားလုံးနှင့် မပြေလည်တာ မရှိတဲ့သူ။

ခုကျတော့ သူမအပေါ်မှာ ခလယ်လူကသာ တောင်းပန်သည်။ လိုက်လျောသည်။ စေညွှန်းကတော့ နောက်ပိုင်းမှာ ဆေးရုံကို ပင် လာမကြို့တော့ပေ။

ပထမတစ်ရက်ညနေက ကိုစွမ်း လမ်းထိပ်အထိလိုက်ပို့ခဲ့သည်။





နောက်နေ့မှာ သူမ အကြောင်းပြကောင်းကောင်းနှင့် ရှောင်ခဲ့နိုင်ပေမယ့် အိမ်ကို လိုင်းကားစီး၍ ပြန်ခဲ့ရပါသည်။ စေညွှန်းကတော့ ကြိုမလာတော့ဘဲ လိုက်ပို့ဖို့တောင် ရှောင်သွားခဲ့ပါပြီ။

အခန်းတံခါးပိတ်၍ မှန်တင်ခုံရှေ့မှာထိုင်ရင်း မြတ် မျက်မှန်ကလေးကို ခွဲချွတ်လိုက်သည်။ မြတ် နေရာတကာမျက်ရည်မကျတတ်သော်လည်း မျက်ရည်မကျဘဲ ငိုချင်နေခဲ့သည်က အန်ချင်ပြီး အန်လို့မရသည့်ဝေဒနာထက် အဆပေါင်းများစွာ ဆိုးဝါးနေခဲ့၏။

ဒီအိမ်ဟာ စေညွှန်းအိမ်ဖြစ်သည်။ ခလယ်လူကလည်း ငှားနေတာမို့ နေခွင့်ရှိနေသည်။ သူမက ဘာလဲ။ ရှက်သည့်စိတ်ကြောင့် ဖျင်းခဲ ဖြစ်သွားစဉ် ပါးတစ်ဖက်ကို ကိုင်လိုက်မိသည်။ ရှက်လို့ မျက်နှာနီကြသည်ဆိုလျှင် မြတ်ကတော့ ကိုယ့်ပါးပြင်နီနေသလား၊ ဝါနေသလားသည်း မမြင်ရပါ။

မျက်မှန်ကလေးကို ပြန်ကောက်တပ်လိုက်မှ မှန်ထဲက သူမပုံရိပ်ကို သေချာမြင်လာရ၏။ ပါးပြင်မှာ နီနေတာတော့မမြင်ရပါ။ ဒါပေမယ့် မြတ် ရှက်နေဆဲပါ။

သူနဲ့ငါ သဘောတူခဲ့ကြတာ၊ အပြန်အလှန်ကူညီဖို့ပဲ။ သူက ဒါကို သက်မခံချင်လို့ ရှောင်နေတာဖြစ်မှာ၊ နင် မဆီမဆိုင်သူများ အိမ်မှာ ဒီလိုပဲနေသွားမှာလား မြတ်..ဟင်၊

မှန်ထဲကို ငေးနေရင်း မြတ် လေးတွဲ့စွာထလိုက်မိသည်။ မနေ့လေးကနေ ရန်ကုန်ကို ရောက်လာကတည်းက မြတ်စိတ်တွေ ယောက်ဂယက်ပါ။ ထို့ပြင် ရန်ကုန်မြေမှာ ခြေချလိုက်စဉ်မှာပဲ စွမ်းညီဆိုသော ယောကျ်ားတစ်ယောက်၏ ညှို့ပြုံးမှာသူမရင်ခုန်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခုချိန်ထိ ရင်ခုန်သံကို မြတ်တပ်မက်ခြင်း မပြေ သေးပါ။ သူကတော့ မြတ်ကို ဘယ်လိုမြင်၍ ဘယ်လိုတွက်ထား မသိ။ မြတ်သိထားတာက အချစ်ဆိုတာနဲ့မြတ် ဘာမှမဆိုင်။

"မြတ်၊ မင်း ကိုယ့်ကိုဘယ်လိုမြင်လဲဟင်"

ခုပဲ ခလယ်လူက ကားပေါ်မှာ မေးခဲ့သည်။

"မသိဘူးလေ"

"မမြတ်၊ ရည်းစားမထားဖူးဘူးလား။ မဟုတ်ရင်တောင် ကိုယ် ချစ်နေတာမျိုးဖြစ်ဖြစ်၊ သူက ကိုယ့်ကို ချစ်နေတာမျိုးဖြစ် ဖြစ်ပေ"

"မသိဘူးလေ၊ တို့မှ ဒါတွေ စိတ်မဝင်စားတာ"

ဖြေလိုက်တာ အမှန်အတိုင်းပါပဲ။ ခလယ်လူကတော့ ရယ်သည် မယုံကြည်ဘူးဆိုလည်း မတတ်နိုင်ပါ။ ဒါပေမယ့်....။

"ကျွန်တော် ယုံပါတယ်"

ဟု ခလယ်လူက ပြန်လှည့်ပြောခဲ့၏။ ပြီးတော့ ဘာတွေ ပြော နေမှန်းမသိ။ ခလယ်လူ အနားမှာရှိနေတာလည်း မြတ် စိတ်မချ သာရပါ။ ဘာပဲဖြစ်ဖြစ် တစ်ခုခုကတော့ ဖြစ်သင့်နေပါပြီ။

အံဆွဲထဲက စာအုပ်လေးတစ်အုပ်ကို ထုတ်ယူ၍ အထဲက ဖုန်း နံပါတ်တစ်ခုကို ရှာလိုက်သည်။

မမလွင်၏ ဖုန်းနံပါတ်။ သတိမကောင်းသည့်ခေါင်းထဲမှာ တော် နှင့်တော့ ဘာမှအလွယ်တကူ ထည့်လို့မရ။ ထို့ကြောင့် စာအုပ် ဖွင့်ပြီး စွမ်းညှို့ပေးထားသည့် ဟန်းဖုန်းလေးကို ထုတ်လိုက်သည် ခေါ်လိုက်တော့ မမလွင် ချက်ချင်းကိုင်သည်။

"မမလွင်"





"ဟင် ညီမလေး၊ အမလေး မဆက်စဖူး ဘာအကြောင်းတွေ လို့လဲဟင်"

"မမလွင်၊ မြတ်ကို တိုက်ခန်းလေးတစ်ခန်းလောက် ငှားပေးဖို့ ကူညီပါလားဟင်"

"ဟင် တိုက်ခန်းငှားမယ်၊ ဟုတ်လား၊ ဘာဖြစ်လို့လဲ ညီမလေး ယ်"

မမလွင်ကို မြတ် ဘယ်လိုပြောရမှန်းမသိ။ ဒီကဖြစ်နေတာ တွေကို ပြောဖို့ကျတော့ တစ်ခုခု တစ်စုံတစ်ရာကို ထောက်ပြလိုက် နဲ့ ရှင်းသွားမှာမဟုတ်။

"မြတ် ညီမလေး၊ ပြောလေ"

"ဘာမှမဖြစ်ပါဘူး၊ မြတ်...ဟိုလေ...မြတ်ဘာသာ ပြောင်းနေ င်လို့"

"သြော်...."

မမလွင်အသံက အနည်းငယ်ဖျော့ကျသွား၏။ တော်တော်နဲ့ အသံပြန်မလာတော့ မြတ် အားနာသွားမိသည်။ တကယ်ဆို ထစ်ခနဲ မမလွင်ရေ၊ လုပ်ပါဦးလို့ပဲ တမ်းတသင့်သလား။ ကိုယ့်ကြောင့် သူများအလုပ်ရှုပ်ရတာ ကောင်းပါ့မလား။ မြတ်လည်း တွေးမိသွား ် နားထဲမှာ စကားပြောနေသံတွေလိုလို..။ ဒါပေမယ့် မမလွင် သူမကိုတော့ ဘာမှတုံ့ပြန်ပြောမလာသေးပါ။ မြတ် ရင်ထဲမှာ နင့် သွားသည်။

ဖုန်းကို နားမှခွာလိုက်ပြီး ပိတ်ပစ်လိုက်စဉ် မငိုတတ်သည့် ကဝန်းတို့မှ မျက်ရည်တို့ ဝေ့ဝဲလာခဲ့သည်။ ထိုစဉ် ဖုန်းလေး ပြန်



www.burmeseclassic.com

www.burmeseclassic.com



မြည်လာ၏။

နှုတ်မဆက်ဘဲ မြတ် ပိတ်ပစ်လိုက်၍ မမလွင် ပြန်ခေါ်တာ
မြတ် ဖုန်းကိုပြန်ဖွင့်၍ တော်တော်နှင့် နားမထောင်ဖြစ်ခဲ့။

"ဟဲလို...."

"မြတ်..."

"ဟင်..."

နားကနေ လန့်ဖျတ်၍ ခွာလိုက်မိသည်။ ကိုစွမ်းများလာ
နောက်တစ်ခါ ပြန်နားထောင်မှ...။

"မြတ်၊ ဖုန်းမချပစ်နဲ့နော်၊ ကိုယ် မလွင်နားမှာရှိနေတုန်း မြ
ဆီက ဖုန်းဝင်လာတာ၊ အဲဒါကြောင့် အမိအရကောက်ဆက်ရတာ
မဟုတ်ရင် မြတ်က ဖုန်းမှမကိုင်တာ"

"ကိုစွမ်း"

"ဗျာ..."

စွမ်းညို့က တမင်ရယ်မောသံနှင့် ထူးသည်။ မြတ် မရယ်နိုင်
အားလုံးရှုပ်ထွေးလာခဲ့သမျှဟာ မြတ်အတွက် ကောင်းတာဘာမှ မ

"မြတ်၊ ပြောစရာရှိနေလို့လား၊ ပြောလေ၊ မပြောရင်လဲ ကိုယ်
ပြောချင်တယ်၊ ဒီမှာပြောချင်လွန်းလို့ ရင်ပြည့်ရင်ကယ်ဖြစ်နေတာ
သိလား"

"မပြောပါနဲ့၊ ဘာမှမပြောပါနဲ့လို့ မြတ် ပြောမလို့၊ ချစ်တာ
မေတ္တာတွေနဲ့ ဘာကြောင့်မှ မြတ် မပတ်သက်ချင်တော့ဘူး"

"ဘာကိုလဲ မြတ်ရယ်၊ ကိုယ်အဲဒါတွေ ပြောရသေးလို့လား"

"ပြောဖို့တွေရှိနေလို့ တားတာပါ၊ မြတ်က ရင်ထဲမှာကော





ခေါင်းထဲမှာကော ဘာမှမရှိခဲ့ဖူးသလို နောက်လဲရှိဖို့ မစဉ်းစားဘူး၊
အဲဒီအရှုပ်အထွေးဒဏ်တွေကိုလဲ ခေါင်းထဲက ဘယ်လိုမှလက်မခံဘူး၊
အခု မမလွင် အနားမှာရှိတယ်မို့လားဟင်၊ ခဏပြန်ပေးပေးပါ"

"မပေးချင်သေးဘူး မြတ်ရယ်၊ ကိုယ်ပြောချင်လို့ ပြန်ခေါ်ထား
တဲ့ဟာ၊ ကိုယ်လေ...."

"ကိုစွမ်း၊ ကျေးဇူးပြုပြီး တော်ပါတော့နော်၊ မြတ် တောင်းပန်
တာပါ"

စကားပြန်တာကို မစောင့်တော့ဘဲ မြတ် ဖုန်းကို ပိတ်ထား
လိုက်၏။ ထင်သည့်အတိုင်းပဲ ချက်ချင်းထမြည်လာတာပဲဖြစ်၏။
စိတ်ညစ်ခြင်းများစွာနှင့် နောက်ထပ်ပြန်ကောက်လိုက်ရကာ...

"မြတ်"

"ပြောပါ"

"မြတ်ကို ကိုယ်ချစ်နေခဲ့တာ တကယ်ပါ၊ ခဏလေးနော် မြတ်၊
ဖုန်းမချလိုက်ပါနဲ့၊ ခဏလေးပဲပြောမှာ၊ မြတ်ကို ဘာမှပြန်မမေးပါဘူး၊
မြင်မြင်ချင်းပဲ ချစ်မိတယ်ဆိုတာ ရှိတတ်ပါတယ် မြတ်ရယ်၊ ရင်ဘတ်
ထဲထိ ထည့်မပေးနိုင်သေးရင်တောင် ခေါင်းထဲ နည်းနည်းလောက်
ထည့်ပေးပါကွာ နော်၊ မလွင်ကို မြတ်က အခန်းရှာခိုင်းတာ ကိုယ်ကြား
တယ်၊ မြတ်မှာ အခက်အခဲတွေရှိနေရင် ကိုယ်လဲကူညီချင်တယ်၊
ညီအစ်ကိုမောင်နှမလို စိတ်ထားနဲ့ပါ၊ ကိုယ့်ကို တိုင်ပင်ပါလား မြတ်
ရယ်၊ မြတ်ကျေနပ်အောင် မြတ်ရဲ့အနားမှာ ကိုယ်ရှိနေပေးရမယ့်
အချိန်တွေမှာ လုံးဝရိုးသားစွာ နေမှာပါ၊ မကြိုက်မယ့် စကား သုံးဝ
မပြောဘူး။ မြတ်အတွက် ကိုယ်ကူညီဖြေရှင်းပေးနိုင်ခွင့် ရရင်ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ လုပ်အားလေးနဲ့ဖြစ်ဖြစ်၊ ပါးစပ်နဲ့ပဲဖြစ်ဖြစ်၊ အပွန်း .. ပို့ရှင်း သွားအောင် ပြောမယ်၊ နှုတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်း ဆိုတာမျိုး”

သူ့စကား ရပ်သွားတော့မှ မြတ်က တည်တည်ငြိမ်ငြိမ်လေး ပြန်ပြော၏။

“မြတ် ဘာအကူအညီမှ မလိုတော့ပါဘူး၊ အခု အဲဒါပြန်ပြော ချင်လို့ပါ၊ မမလွင်ကို ဖွင့်ပြောလိုက်ပြီးမှလေ နေရာတကာ အပူကပ် ခဲ့ပေါင်းများပြီဆိုတာကို တွေးမိပြီး မမလွင်ကို အားနာသွားမိတယ် အဲဒါကြောင့် ပြောပေးပါ၊ မြတ်ပြောလိုက်တဲ့ စကားတွေကို ခေါင်းထဲ မှာ မထားပါနဲ့လို့၊ ကိုစွမ်းကိုလဲ မြတ်ကျေးဇူးတင်ပါတယ်၊ အမြတ်မီး ဖြူစင်ဗွာ ရန်းကန်လာခဲ့တဲ့ မြတ်ဘဝကို ဒီအတိုင်းပဲ သွားချင်တာပါ ဒီဖုန်းကိုလဲ မြတ် ပြန်ပေးချင်တယ်၊ မနက်ဖြန် ဆေးရုံမှာ လာယူ လိုက်ပါနော်၊ ထပ်မခေါ်ပါနဲ့တော့၊ တောင်းပန်ပါတယ်”

မြတ် ဖုန်းကိုပိတ်၍ မွေ့ရာအောက်ကို ထိုးသွင်းပစ်လိုက်သည်။ ပြီးတော့ နေရာမှ ထရပ်၏။ အထူးသဖြင့် သူမ ရှောင်ဖယ်ချင်သော လူဟာ စွမ်းညို့ဆိုသောယောကျ်ား...။ ရင်ခုန်သံတွေကို သူမ ကြောက် သည်။

ပထမဆုံးရင်ခုန်သံတွေကို ဖြစ်ပေါ်စေခဲ့သူဟာ နောက်ထပ် လည်း မြတ်ရဲ့ရင်ခုန်သံတွေ စည်းချက်များကုန်အောင် ဖြားယောင်း နိုင်ဖို့တွေ ရှိနေသည်။

ယောကျ်ားလေးဆိုရင် နီးနီးဝေးဝေး၊ ဘယ်ယောကျ်ားနဲ့မှ မပတ်သက်ချင်တော့။ ကျွန်မ ငြိမ်းချမ်းပါရစေ...။





အခန်း (၁၉)

ဖုန်းကို လှမ်းယူလိုက်ရင်း လက်ဖဝါးရဲရဲလေးကိုပါ ထွေးဆုပ် စစ်လိုက်ချင်သည်။ မြတ်ရဲ့မျက်နှာလေးက ပြုံးနေပေမယ့် ခါတိုင်း လို နုသစ်ရွှန်းလဲ့နေတာမျိုးမဟုတ်။

ညှိုးနွမ်းနေတာလေးတွေကို ဖုံးလို့မရ။ သူ့ရင်ထဲမှာ ပို၍ထိခိုက် စေသည့်အရာသည် ‘မြန်မြန်သွားပါတော့’ လို့ ပြောနေသလို အနည်းငယ်မျှပင် လှိုက်လှဲမှုရှိမနေခဲ့သော မျက်ဝန်းကလေးတွေပဲ ဖြစ်၏။

“မြတ်၊ ကိုယ် ဒီဖုန်းကို ပြန်လိုချင်လွန်းလို့ ရောက်လာတာ မဟုတ်ဘူး”

သူ စကားစလိုက်တော့လည်း မြတ်က အစမခံတော့ဘဲ...

“မြတ်ကို ဖုန်းတစ်လုံးလုံး အကြာကြီးပေးထားခဲ့တာ ကျေးဇူး တင်ပါတယ်၊ အင်း...”

သူ့လက်ထဲကို ဖုန်းပြန်ရောက်ရေးအတွက်ပဲ ဦးတည်၍ နှုတ် ဆိုးပေးပြီးမှ....



www.burmeseclassic.com

www.burmeseclassic.com



"မြတ် ဒီနေ့ အော်ပရေးရှင်းရှိနေလို့ စကားကြာကြာမပြောနိုင်တာ ခွင့်လွှတ်ပါ"

မြတ် ဒါပဲထပ်ပြောသည်။ သူမျက်ဝန်းများကိုလည်း မဆုံစေ့အောင် ရှောင်ဖယ်ကာ မြတ်က ဆေးရုံထဲကို လှည့်ဝင်သွားသည်။

ရက်စက်ပါပေ့ဟု ရင်ထဲမှာ မြည်တမ်းကာ စွမ်းတစ်ယောက်တည်း ရပ်ကျန်ခဲ့၏။ တာဝန်ချိန်ဆို အမြဲတမ်း ဂျူတီကုတ်အဖြူရောင်လေးနှင့်ပဲ နေတတ်သည့် မြတ်၏ပုံစံလေးကို မကွယ်မချင်းလိုက်ငေးကြည့်နေမိတာ ကိုယ့်ကို ဘယ်သူတွေ ကဲ့ရဲ့ကြည့်နေကြမလဲဆိုတာလည်း သတိမထားမိခဲ့ပါ။

မြတ်ဟာ အိမ်ကစထွက်လာကတည်းက ဂျူတီကုတ်ကို ဖြူးရောက်တဲ့အထိ မချွတ်တမ်းဝတ်ထားတာပဲဖြစ်ရမည်ဟု သူတွက်မိ၏။ ဟိုတုန်းကတည်းက အကျင့်ပါနေခဲ့ပုံရသော ဆွယ်တာခါးရှည်လက်ရှည်လည်ကပ် လည်စည်းဆိုတာလည်း အပူအအေး အချိန်မရွေး သူမကိုယ်ပေါ်မှာ တွေ့သည်။

အပေါ်မှာ ဂျူတီကုတ်ထပ်ဝတ်ထားရတာကိုလည်း အေးသည်အိုက်သည် ဖြစ်သွားခြင်းမရှိ။ ဒါဟာ ချွေးအစို မျက်နှာမညိုသော အမြဲတမ်းလန်းဆန်းနေတာလေးကို မြင်ရုံနှင့် သိသာ၏။

စွမ်း ပင့်သက်ရှိုက်လျက် နောက်ပြန်လှည့်ခဲ့ရသည်။ ဘယ်အချိန်ကြည့်ကြည့် အသားအရေအရောင်ပြောင်းနေဟန်မျိုး မရှိ။ အိမ်နေ အပြင်ထွက် ဘယ်လောက်ပင်ပန်းနေနေ၊ ဝင်းဝင်းစက်စက်လေးလှနေသည့် မြတ်၏မျက်နှာလေးကို ဘယ်ကြည့်ကြည့် ဖျောက်လို့မရ။





ချစ်တယ် မြတ်ရယ်....။

တမ်းတမ်းတတည်းမိရင်း ကားထဲရောက်တာတောင် လက်နှစ်ဖက်ကို စတီယာရင်ပေါ် တင်လျက်သားနှင့် ငုတ်တုတ် ထိုင်နေမိသည်။

ချစ်သူမရှိခဲ့ဖူးပါဟု ကျိန်ပြောပြချင်သည်။ ဘုရားစူးစေ့ တကယ်ချစ်တာပါဟု အော်ပစ်ချင်မိ၏။ မြင်မြင်ချင်းချစ်မိတယ် ဆိုတာကိုမယုံတာလား။ တကယ်ပဲ ချစ်တဲ့အရေးကို စိတ်မဝင်စားခဲ့တာလား။

မမြင်ရတော့ ပိုမြင်ချင်သည်။ တားထားကာမှ ရှေ့တိုးချင်၏။ ဘယ်သူဝေဖန်ပါစေ။ ခုမြင် ခုချစ် ဘာပြောပြော သူကတော့ ချစ်နေမိပြီမို့ ဆက်ကြိုးစားဖို့ပဲ တွေးတော့သည်။

အချစ်ကို ဘယ်လို သိမ်းပိုက်နိုင်မလဲ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"စေညွန့်၊ မင်းနည်းနည်းတော့ လျှော့ဖို့ကောင်းပြီ"

ပြောနေရင်း သူ မုတ်၍ပြေးနေတုန်း စေညွန့်းက လှစ်ခနဲ လုယူသွားေ၏။

"ဟိတ်..."

"မရဘူး"

ဘောလုံးက စေညွန့်းလက်ထဲမှာ ဘယ်လိုမှ ပြန်လုမရတော့။ ထို့နောက် စေညွန့်းပဲ တစ်လုံးထပ်ရသွားသည်။ နှစ်ယောက်တည်း ရှင်းရှင်းလေးနှင့် ချွေးပြန်နေကြတာချင်းအတူတူ စေညွန့်းက ရယ်နေသည်။ နေမင်းမျက်နှာကတော့ ညိုပုပ်လျက်...။

"ငါ အားရှိအောင် မင်း နည်းနည်းလျှော့ကွာ"

"ဘာလို့ လျှော့ရမှာလဲ၊ မင်းပြန်လုပေါ့၊ အချင်းချင်းလျှော့ခိုင်းရလား၊ ရှက်လဲ မရှက်ဘူး"

နှစ်ယောက်ကြားမှာ ဘောလုံးက လူတွေနှင့် ဖျတ်ခနဲ ဖျတ်ခနဲ ရောထွေးကာ စကားပြောသံတွေပါ ရှုပ်ယှက်ခတ်လာသည်။

"မင်းပဲ ကစားရအောင်ခေါ်ပြီး ငါက ရေချိုးပြီးစကြီး လိုက်လာရတာ၊ အပျော်ကစားတာကို ဗိုလ်လုပွဲကျနေတာပဲ၊ အသည်းအသန်"





မောပိုက်သံက ဒေါသပါထွက်နေသဖြင့် စေညွန့်းက ရယ်လိုက်ပြီး နောက်တစ်လုံး ထပ်သွင်း၏။

"အိုးခေ..."

ဘောလုံးပြန်ကျတာကို မစောင့်တော့ဘဲ ပွဲသိမ်းပစ်လိုက်တော့သည်။ ချက်ချင်း။ ပြန်ဖမ်းဖို့၊ ပြန်လုထားဖို့ ခြေကားယား လက်ကားယား ပြင်ဆင်နေသော နေမင်းမှာ ဒေါသတွေထိုးသိပ်ဖြစ်ကာ...

"တွေ့လား၊ သူပဲ၊ ဟွန်း မပြောလိုက်ချင်ဘူး"

"မပြောနဲ့တော့"

စေညွန့်းက သစ်ပင်ရိပ်အောက်မှာ အသင့်ယူထားသည့်ခုံမှာ သွား၍ ပစ်ခတ်ထိုင်ချလိုက်၏။ နေမင်းက နောက်ကလိုက်လာကာ ကျန်သည့်ခုံမှာ ဝင်ထိုင်သည်။ စေညွန့်းက အနက်ရောင်နဖူးစည်းလေးနှင့် ဆံပင်အချို့ကလည်း ဖရိုဖရဲပြန်ကျနေကြသည်။

အဖြူအနားကွပ်နှင့် အနက်ရောင်ချိုင်းပြတ်စွပ်ကျယ်ကို အားကစားဘောင်းဘီတို အနက်စင်းနှင့် တွဲဝတ်ထား၏။ ရင်ဘတ်၊ လက်မောင်း၊ လက်ဖျံ၊ ခြေထောက်အဆုံး အသားစိုင်တွေကို မြင်နေရသော်လည်း အဆင်ပြေနေ၏။

သူ့မှာတော့ စပို့ရှပ်လက်တို၊ ဘောင်းဘီရှည်နှင့် ဆံပင်တွေလည်း ရှုပ်ယှက်ခတ်မနေပါ။ ဒါပေမယ့် မျက်နှာ၊ နားထင်၊ ပါးပြင်၊ လည်တိုင်နေရာများအားလုံးတွင် ရွှဲနစ်ပြောင်လက်နေသည့် ချွေးတို့က မြင်မကောင်း။

ဒီကောင်က တော်ကိုတော်တာပဲ။ မောလို့ ဒေါသပိစိကွေး လေးဖြစ်နေပေမယ့် စေညွန့်း တကယ်တော်တာကိုတော့ အထင်မကြီးဘဲ



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်ပါ။ ဘတ်စကက်တောမှာ ဆုတွေတစ်သီတစ်တန်းကြီး ရခဲ့ဖူးသည့် စေညွန့်း...။

"ဘယ့်နှယ့်လဲ၊ ဒီလိုလေး ထိုင်နေတော့ မြတ်ကိုသတိမရဘူးလား"

တွေးတာက သပ်သပ်။ ရှေ့မှာထိုင်လိုက်မိတော့ ပြောလိုက်မိတာက တခြား။ ပြုံးနေသည့် စေညွန့်းမျက်နှာ ကွက်ခနဲ ပျက်သွား၏

"ရသင့်တယ်လေကွာ၊ ဟိုတစ်ခါ ဆန်းဒေးမှာ တို့ဆော့တုန်းက ဒီလိုထိုင်နားကြတော့ မြတ် အအေးပုလင်းလေးတွေ လာပို့တာ"

"တော်တော့ကွာ"

စေညွန့်းက ခပ်တိုးတိုးပြော၍ မျက်မှောင်ကုတ်၏။ နေမင်းက လည်း နဖူးကချွေးတွေကို သပ်ချပစ်ရင်း မျက်နှာမှာ ရယ်မြူးရိပ်တို့ ပျောက်ကွယ်ကုန်၏။

ပြီးတော့ သူမျက်နှာမူ၍ ထိုင်လိုက်မိသည့် ခြံအဝင်ဝညာဘက် ခြမ်းကို မျက်လုံးက ရောက်သွားခဲ့ပြန်သည်။ ခလယ်လူနဲ့ မိုးဇက် သူတို့လည်း ဒီဘက်လှမ်းကြည့်တာနဲ့ နေမင်းမျက်နှာ ဆုံသွားသည်။ သူတို့ကပဲ မျက်နှာပြန်လွှဲ၍ ဂစ်တာတီးကြ၊ ရယ်မောကြနှင့် အရှိန် မပျက်။ ထို့ပြင် ခုနလေးတင်ပဲ ရောက်လာသည့် စူပါမင်းရောင် ဝတ်စုံနှင့် ဆံပင်ပခုံးလောက် ရှိနေသော မိန်းကလေးတစ်ယောက် ရှိနေသည်။

တကယ်ရှုပ်တဲ့ကောင်တွေ။ နေမင်း နှာခေါင်းတစ်ချက်ရှုံ့၍ မျက်နှာလွှဲပစ်လိုက်၏။ အနူလက်နှင့် ရွှေခွက်ကိုနိုက်သည်ဟု ပြော လျှင် ရိုင်းမည်မထင်။ အပြင်မှာရှုပ်တာတွေကလည်း ယောကျ်ား





လေးချင်းမို့ မသိချင်၊ မမြင်ချင်မှအဆုံး။ သုံးလည်း သုံးနိုင်သည်။ တွဲလည်း တွဲနိုင်ပါ၏။ ဒါတောင် အိမ်ဆီပေါက်ရောက်လာတာ ကတော့ လွန်လွန်းသည်။

သူလိုလူက မြတ်ကို ဘယ်လိုပုံစံနဲ့မှန်းမသိဘဲ ပရောပရီ သွား လုပ်နေတာ ရွံဖို့ကောင်း၏။ ဘယ်သူမဆို တစ်ပုံစံတည်း ဆက်ဆံ တတ်သော မြတ်တစ်ယောက်လည်း မျက်ရိပ်ပြလည်း မသိ၊ ခေါင်းခါ ပြလည်း မရ။

"စေညွန့်း၊ ဟိုမှာ အိမ်ထဲပါလာပြီကွ၊ ဘယ်သူ့ပစ္စည်းလဲ မသိဘူး"

နေမင်းက ပြောပေမယ့် စေညွန့်းက လှည့်မကြည့်ပေ။

"ဘယ်သူ့ဟာဖြစ်ဖြစ်ကွာ၊ စိတ်ဝင်စားမနေနဲ့"

ပြော၍ စေညွန့်း ထရပ်လိုက်သည်။

"ဟော..."

နေမင်းအသံ ထွက်လာပြန်သည်။ စေညွန့်းမျက်လုံးတွေက ထိုဆီ သို့ ရောက်သွားသည်။ မြတ်သည် ဆေးရုံက ပြန်လာပုံလေးနှင့် ခွဲခြင်းလေးဆွဲလျက် ခြံဝကနေ လှမ်းလာနေ၏။

"ဟော..ဟိုကောင်၊ ကြည့်စမ်း၊ ဘာလုပ်တာလဲ"

စေညွန့်း စိုက်ကြည့်နေစဉ်မှာပင် ခလယ်လူက မြတ်ကို သွားကြို ၍ ခြင်း ပခုံးလေးကို သိုင်းဖက်၍ သူတို့ထိုင်နေရာကို ခေါ်နေတာ တွေ့ သည်။ ဘာဖြစ်ဖြစ်..။ စေညွန့်းမျက်နှာ ရဲခနဲ တက်သွားပြီး မျက်နှာ လွှဲလိုက်၏။ ပြီးတော့ တိုက်ထဲဝင်ဖို့ ခြေလှမ်းတို့က သယ်ဆောင် သွားလေသည်။

မြတ်က သူတို့ကို မမြင်ပါ။ ဘယ်သူကြိုမှာမှ မလိုချင်၍



www.burmeseclassic.com

www.burmeseclassic.com



အော်ပရေးရှင်းရှိသေးသည်ဟု အကြောင်းပြ၍ နောက်ချန်နေခဲ့တာ ပဲဖြစ်သည်။ နေခဲ့တုန်းက နေခဲ့ပြီး ဟိုမှာလည်းအလုပ်မရှိဘဲ ထိုင်၍ အချိန်မဖြုန်းချင်သည်မို့ ပြန်လာခဲ့တာ သိသာနေပြီထင်သည်။

ခြံထဲဝင်လိုက်တာနဲ့ ခလယ်လူတို့လူစုကို လှမ်းမြင်လိုက်တော့ မြတ် နည်းနည်းတော့ မျက်နှာပူသွားမိသည်။ ဒါပေမယ့် ခြေလှမ်း တော့ ရှေ့ဆက်မပျက်ခဲ့ဘဲ လျှောက်လာစဉ်......

"ဟော မြတ်ပြန်လာပြီ၊ ဆောရီး မြတ်ရယ်၊ မောင် လာကြို မလို့ဟာ၊ ဒီမှာ ညှို့သည်ရောက်နေတာနဲ့"

"အို...ခလယ်"

"ခဏလေး..."

ခဏလေးဆိုတာကို တိုးတိုးလေးကပ်၍ နှုတ်ခမ်းလှုပ်ရုံပြော ပြီး ပခုံးကို တင်းခနဲ ဆွဲဖက်ပစ်လိုက်သည်။ မိုးဇက်က မျက်ခုံးပင့် လိုက်ပြီ ရယ်ကျဲကျဲ။ စုပ်မင်းရောင်ဝတ်စုံနှင့် မော်ဒယ်လိုကိုယ်လုံး မျိုးလေး ရှိသော မိန်းမလှလေးတစ်ယောက်က သမင်လည်ပြန်လှည့် ကြည့်ပြီ မြတ်ကိုမြင်တော့ ခြေဆုံးခေါင်းဆုံး ကြည့်သည်။

ပြီးတော့ တဖြည်းဖြည်းထရပ်လိုက်၏။ နောက်ထပ် မဲ့ပြုံးလေး နှင့် မျက်နှာချင်းဆိုင် လာရပ်သည်။ မြတ် ဘာလုပ်ရမှန်းမသိ ဒီသုံးယောက် ဘယ်လိုပတ်သက်၍ သူမကို ဘယ်အခန်းကဏ္ဍမှာ ဆွဲထည့်လိုက်မှန်းလည်း နားမလည်နိုင်။

ပခုံးမှ စုသိမ်းဖက်ထားသည့် ခလယ်လူ၏လက်တို့နှင့် ထိစပ် နေရာမှာ မီးနှင့်ကပ်ထားခံရသလို ပူလောင်သွားသည်။ ထိုလက်ကို ဖယ်ချတော့ ဖယ်သည့်လက်ကိုပါ ခလယ်လူကဖိကပ်ဖက်ထားကာ—





"ဒါ ကိုယ်နဲ့ လက်ထပ်မယ့်ချစ်သူလေ၊ ဒေါက်တာ မြတ် တဲ့"

"အို...မဟုတ်တာ."

မြတ် တစ်ကိုယ်လုံး တုန်ယင်သွားသည်။ လက်ထဲက ဆွဲခြင်း က ဒိုင်းခနဲ လွတ်ကျ၏။

"မြတ်ကလဲ ရှက်နေပြန်ပြီ၊ သူက သိပ်ရှက်တတ်တာ"

မြတ်က တအားရုန်းပစ်လိုက်တော့ မရမကဆွဲထားရင်း ခလယ် လူက ဖြေရှင်းနေသေးသည်။

"ဖယ်...မဟုတ်တာတွေ၊ မင်း....."

မြတ် ရှက်လွန်းသဖြင့် အသားများပင် တုန်လာသည်။ ဆွဲခြင်း ကိုလည်း မကောက်ဖြစ်ဘဲ တိုက်ထဲသို့ ရုန်းဖယ်ပြေးထွက်ခဲ့မိ၏။ ရက်စရာကောင်းလိုက်တာ....။

မျက်ဝန်းမှာ မျက်ရည်တွေ ချက်ချင်းပြိုဆင်းလာကြသည်။ တိုက်ကြီးပေါ်ကို ပြေးတက်လိုက်စဉ် တစ်ယောက်နှင့် တိုးတိုက်မိ ၏။ ဘယ်သူဆိုတာလည်း မော့မကြည့်မိတော့ပါ။

ဒါပေမယ့် သူ့လက်မောင်းတစ်ဖက်ကို လွှဲပါသွားအောင် တိုး တိုက်သွားသည့် မြတ်ကို လိုက်ကြည့်ရင်း စေ့သွန်းနောက်ပြန်လှည့်၏။

ဟိုသုံးယောက်...။ မိုးဇက်က မိန်းကလေးကို ခြေဟန်လက် ဟန်နှင့် ဘာတွေ ရှင်းပြနေမှန်းမသိ။ ခလယ်လူကတော့ သူ့နောက် ရောက်နေပါပြီ။ လက်ထဲမှာ ကပျာကယာ စုသိပ်ထည့်လာပုံရသော သေသပ်စွာပါလာသည့် ဆွဲခြင်းလေးကို ကိုင်လျက်...။

"မြတ်..."



www.burmeseclassic.com

www.burmeseclassic.com



အနားကခုနပဲ ကပ်ဖြတ်၍ ပြေးလိုက်သွားပြန်သည်။ ဘာတွေဖြစ်နေကြတာလဲ။ သူ လှည့်မကြည့်လိုက်တော့ မသိပါ။ သိတာတစ်ခုက မမြတ်နဲ့ ခလယ်လူတို့တော့ ပြောဆိုဆက်ဆံမှုတွေ အဆင်ပြေနေကြသည်ဟု....။

"စေညွှန်း၊ ဟိုကောင်....ဟိုကောင်"

ခလယ်လူ ဝင်သွားပြီး နေမင်းလည်း ပြေးလာ၏။

"ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ၊ ခလယ် မမြတ်ကို အရှက်ခွဲလိုက်တာ၊ မင်းကမကြည့်ဘဲ၊ ငါ အားလုံးမြင်တယ်၊ ဒီကောင် ထပ်ပြီး မျက်နှာပြောင်ဦးမလို့"

ဟု ကသောကမျောပြောပြီး ခြေလှမ်းကျဲကြီးများနှင့် လိုက်ဝင်သွားသည်။ မကြာလိုက်ပါ။ နေမင်းနှင့် ခလယ်လူ၏ မကျေလည်သံများကို စေညွှန်း ကြားလိုက်ရ၏။

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ ခလယ်၊ ဒါ ဘယ်သူပိုင်နက်လဲ၊ မမြတ်က ဘယ်သူ့ဆီမှာ ခွင့်တောင်းပြီး ဘယ်သူနဲ့ပတ်သက်လို့ ရောက်လာတာလဲ၊ မမြတ်ဘက်က မကျေနပ်ဘူးဆိုရင် ကာကွယ်ပေးဖို့ ငါတို့မှာ တာဝန်ရှိတယ်"

"မကျေနပ်ဘူးလို့ မင်းကို ဘယ်သူပြောလဲ၊ မမြတ်နဲ့ ပတ်သက်ပြီး ငါ ဘာလုပ်လုပ် လူကြမ်းဖြစ်နေအောင် မင်းတို့ ဘာဖြစ်လို့ ဖန်တီးနေကြတာလဲ နေမင်း၊ မမြတ်နဲ့ငါ ဘာပြဿနာဖြစ်ခဲ့ဖူးတာ ရှိလို့ မင်းတို့အမြဲတမ်း ကဖျက်ယဖျက် လိုက်လုပ်တာလဲ၊ ငါတို့ချင်း ဘာဖြစ်ဖြစ် ဝင်ပါဖို့မလိုဘူး၊ သူ ကျေနပ်ဖို့ မကျေနပ်ဖို့ ငါ့အရည်





ချင်း..."

"ဘာကွ...."

စေညွှန်း လှေကားအောက်ကနေ မော့ကြည့်လိုက်တော့ အပေါ်ဘိပ်မှာ နေမင်းနဲ့ ခလယ်လူ"

ခလယ်လူက မြတ်ဆီသွားဖို့ ရှေ့တိုးသည်။ နေမင်းက ပိတ်ကာားပြီး..

"မင်းတို့ ဘာတွေဖြစ်ကုန်ကြတာ ငါမြင်တယ်၊ အရှည်အရှင်းတွေဘာတွေ လာမပြောနဲ့၊ ရှက်တတ်၊ အားနာတတ်တဲ့ မိန်းမစ်ယောက်ကို မင်း မျက်နှာပြောင်တိုက်ရဲလို့ ပြောခွင့်ဆိုခွင့် ရနော၊ မမြတ်ကို မင်းထပ်မနှောင့်ယှက်ပါနဲ့"

"ဘာ...ငါက မျက်နှာပြောင်တိုက်တယ် ဟုတ်လား"

ခုလယ်လူ၏အသံနှင့်အတူ ခွပ်ခနဲ လက်သီးသံတစ်ချက် ထွက်ပါလာပြီး နေမင်းမျက်နှာ လန်ထွက်သွား၏။ စေညွှန်း လှေကားစ်တွေကို ကျော်လွှားနင်းဖြတ်သွားလျက် ထိုဆီရောက်သွားသည်။ လယ်လူ နောက်ထပ်ပစ်သွင်းလိုက်သည့် လက်သီးကို လက်နှင့်က်ထုတ်ပစ်လိုက်ကာ ရင်ဘတ်ကို လက်တစ်ဖက်နှင့် ဆောင့်တွန်းစ်လိုက်၏။ နံရံပေါ်သို့ နောက်ပြန် အင့်ခနဲ ကျသွားမှ....

"မမြတ်နဲ့မင်းက ဘာလဲ"

စေညွှန်းက နေမင်းကို ကျောပေးထားလျက် ခလယ်လူကိုခုစေ့ ကြည့်လျက်မေး၏။

"အဲဒါ ယောကျ်ားတဲ့လား စေညွှန်း၊ ဒီမေးခွန်းကိုမေးဖို့ထိ မင်းမှာမှုရေးမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုလူကို ရှိဖို့မလိုလို့မေးတာလေ၊ မမြတ်နဲ့မင်း ဘာမှ ပတ်သက်တာမဟုတ်ဘဲ ခင်မင်မှုကို အခွင့်အရေးယူတာမျိုးလား ဒါမှမဟုတ်…"

"ခမြတ်ကို ငါ စိတ်ဝင်စားလို့"

စေညွန်း တိတ်ကျသွားသည်။ ခလယ်လူက မဲ့ပြုံးနှင့် စောင်းသွားသည့် အကျီကော်လံကို ဟန်ပါပါပြန်ဆွဲတင်လိုက်သည်။

"ငါ ကြေညာပြီးပြီနော်၊ ငါ့အခွင့်အရေးနဲ့ငါ ဘယ်လိုကြိုးစား ကြိုးစား၊ နောက် ဝင်မရှုပ်ကြေး"

စေညွန်းက စေ့စေ့ကြည့်ကာ…

"သူ အခွင့်အရေးပေးတာမဟုတ်ဘဲ မဖြစ်ဖို့တော့လိုတယ်"

ပြောပြီး ချာခနဲလှည့်၏။ နေမင်းမျက်နှာက နီရဲနေဆဲ။ နှစ်ယောက်နှင့်တစ်ယောက်၏ မျက်နှာများမှာ မာနနှင့် မဲ့ပြုံး။ ခင်မင်ရင်းနှီးခဲ့ဖူးသည့် ကာလတွေက ခုချိန်မှာ အားလုံးပျောက် ကွယ်ခဲ့ပြီဖြစ်၏။ စေညွန်းသည် အိမ်ရှင်မို့ သည်းခံပေးခဲ့တာမဟုတ်သလို ရင်းနှီးခဲ့ဖူးလို့လည်း မဟုတ်ပေ။

သူ သည်းခံပေးလိုက်တာဟာ မမြတ်ရင်ထဲကို မသိနိုင်ခဲ့၍သာ ဖြစ်သည်။ မမြတ် သူကိုတော့ ရှောင်ဖယ်သွားခဲ့ပြီး ခလယ်လူကိုကျတော့ အရမ်းရင်းနှီးနေခဲ့၏။

သူဘယ်လိုမှ ကာကွယ်ချိန်မရ၊ ကာကွယ်သင့်သည်ဟုပင် ယူဆမထားခဲ့သော 'ဆူးတစ်ချောင်းက နှလုံးသားဗဟိုနေရာမှာ နစ်အေအောင် စူးခဲ့၏။ စိတ်တို့က ရှုပ်ထွေးစွာ ဒါကိုပဲတွေးနေမိရင်း၊ မရှင်းလင်းဖြစ်ရရင်း၊ နောက်တော့ ရင်နာမိခဲ့သည်။





မြင်နေရလေ၊ ခံစားရလေ။ မမြတ်နဲ့သူ ရင်းနှီးခဲ့ပါသည်။ သူ မမြတ်ကို ခင်လည်းခင်သည်။ ဒါပေမယ့် ရင်ထဲကို ဒီလိုထိအောင် ရောက်သွားခဲ့မှန်း မသိပါ။ မမြတ်နဲ့သူ ဘာတွေဘယ်လိုဖြစ်ခဲ့ပြီး အလိုလိုဝေးကွာသွားခဲ့မှန်း မသိသော်လည်း ဦးဆုံးရှောင်ထွက်သွားခဲ့သူက သူမပဲဖြစ်သည်။

ပေါက်ကွဲပျက်စီးသွားတာကမှ အပိုင်းအစတွေ ကျန်ခဲ့ဦးမည်။ ညင်သာစွာ ပြိုကွဲခြင်းမှာ ဒဏ်ရာရှာမတွေ့…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

စတိုးဆိုင်လေးထဲမှာပဲ ဖုန်းဝင်ဆက်ပြီး ပြန်ထွက်လာတော့ မျက်လုံးတို့က လမ်းပေါ်ရောက်သွားသည်။

ပရာဒိုကားပေါ်မှာ စေညွှန်း။ မြတ် မျက်လွှာလေးချပစ်လိုက်ပြီး ပလက်ဖောင်းအတိုင်းပဲ လျှောက်ခဲ့၏။ သွားချင်ပါသည်ဆိုမှ နေစရာကမရှိ။ ရပ်ကွက်ထဲကနေ အလုပ်ထွက်လုပ်ကြသည့် မိန်းကလေးတချို့လို ကြုံသလိုကျသလို အဆောင်မှာနေဖို့ကျတော့ ကိုယ်ကဆရာဝန်ဖြစ်နေသည်။

တိုက်ခန်းငှားဖို့ကိစ္စမှာ စပေါ်ငွေက နည်းနည်းနောနော မဟုတ်။ မြတ်မှာလည်း ဆရာဝန်ဆိုပေမယ့် အလုပ်ဝင်ခဲ့တာ သိပ်မကြာသေး။ ဆေးခန်းထိုင်ဖို့တောင် အစီအစဉ်မရှိနိုင်သေးသည့် အဖြစ်။ တိုက်ခန်းကောင်းကောင်းငှားဖို့ စပေါ်ကို မတတ်နိုင်ပေ။ ရတာမလို လိုတာမရ....။

ရလာသည့်တိုက်ခန်းတွေကျတော့လည်း မြတ် စိတ်တိုင်းမကျ





နိုင်။ ဒါပေမယ့် ကြားထဲက ကူညီပေးနေရှာသည့် ဆရာထွန်းတို့မိသားစုကိုလည်း အားနာနေမိပြီဖြစ်၏။ မြတ် ခြေလှမ်းတွေ အမိုက်ုာယ်မှဲ့နေဆဲ အနားမှာ အရိပ်တစ်ရိပ် စွန်းထင်းကျလာပြီး...

"မမြတ်"

"ဟင်..."

မြတ် မော့ကြည့်လိုက်တော့ စေညွှန်း။ လက်မောင်းအစင်းပါသည့် စပို့ရှပ်လက်တိုအနက်နှင့် ဘောင်းဘီရှည်အနက်။ ဆံပင်ရှည်တို့က ပခုံးပေါ်မှာ ဒီအတိုင်းကျနေလျက် ခိုပြာရောင်တစ်ဝက်ရောနေသည့် မျက်မှန်ကို တပ်ထား၏။

ဖြူဝင်းနေသောမျက်နှာနှင့် ဒီဇိုင်းကတော့ အားလုံးထဲမှာထင်းနေသည်။ မြတ်ဘေးမှာ ပါလာတော့ တစ်ချို့က သမင်လည်ပြန် လိုက်ကြည့်ကြသည်။ လူတွေကြည့်တာကိုမနှစ်သက်တတ်သည့် မြတ်ကတော့ ခြေလှမ်းကို ပို၍ ကြဲပစ်လိုက်သည်။

"မမြတ်၊ ဘယ်သွားမှာလဲ၊ ကျွန်တော် လိုက်ပို့မယ်လေ"

"ရတယ် စေညွှန်း၊ မြတ် ကိစ္စရှိလို့ပါ"

စေညွှန်း လာမကြိုတော့တဲ ထားခဲ့တာကို မြတ် ကြေကွဲနေဆဲပါ။ ကြိုစေချင်လွန်းလို့ မဟုတ်ပေမယ့် ရှက်နေမိသည်။ သူကမသိပေမယ့်လည်း ကိုယ်က မျှော်နေခဲ့သေးသည်။

လာကြိုမှာဟု မျှော်နေရင်းနဲ့ပဲ ကိုစွမ်းကိုပဲ ပို့နိုင်းခဲ့ရသည်။ ကိုယ့်ဟာကိုယ်ပဲ လိုင်းကားတိုးစီးခဲ့ရသည်။ ထို့ကြောင့် အခွင့်အရေးဆိုတာ ကိုယ်နဲ့ထိုက်တန်တာကိုပဲ ရသင့်တာမျိုးပါ။ မတန်မရာကို မျှော်လင့်ခဲ့မိတာကိုပဲ ရှက်နေမိတာ ခုထိ အရှိန်မပြေ။



www.burmeseclassic.com

www.burmeseclassic.com



'မြတ်ရယ်၊ ညည်းက ကိုယ်ပိုင်ကားစီးဖို့များ မျှော်လင့်နေသေးလားဟင်' ကိုယ့်ကိုကိုယ် ဆုံးမခဲ့ရသည်။ သူမက ကိုယ်ပိုင်ကားလေးနဲ့ သွားခဲ့ပြန်ခဲ့တာမှ မဟုတ်တာ။ နောက်ကို အကျင့်မပျက်စေနဲ့ အထပ်ထပ်သတိပေး၍ မေ့ဆေးတင်နေရသည်။ စေညွန့်ကိုမြင်တိုင်း ရှက်နေခဲ့လို့လည်း ဒါတွေကိုမေ့ဖို့ ထွက်ခွာသွားချင်တာဖြစ်သည်။ ပြီးတော့ ခလယ်လူ....။

မြတ် အားလုံးကို ခါးသီးနေခဲ့ပါပြီ။

"မမြတ်"

ခေါင်းကို ပိုငုံ့၍ ခြေလှမ်းနေတာက ခလုတ်တိုက်မတတ်မို့ စေညွန့်က မြတ်ကို သေးကမှီအောင်လိုက်ရင်း ငုံ့ကြည့်၏။

"မမြတ်က ကျွန်တော်လိုက်လာတာကို မကြိုက်လို့လားဟင်"

"မဟုတ်ပါဘူး၊ ဒါပေမယ့် မြတ် လွတ်လွတ်လပ်လပ် သွားပါရစေ"

စေညွန့်ကလည်း အလျှော့ပေးဖို့ စိတ်ကူးရှိခဲ့ပုံမပေါ်ပါ။

"သွားလေ၊ ဘယ်သွားသွား ကျွန်တော်လိုက်ပို့ပါ့မယ်၊ ကား ဟိုမှာ ရပ်ထားခဲ့ရတယ်၊ လာပါ"

"ဟင့်အင်း"

မြတ်က ခြေလှမ်းကိုရပ်ပစ်ကာ မျက်မှန်လေးကို သေချာပြုပြင်ပြီးမှ မော့ကြည့်၏။

"ကျေးဇူးတင်ပါတယ်၊ မြတ် ဒီအတိုင်းပဲသွားပါရစေ စေညွန့်၊ နောက်ထပ်တစ်ခါ ဒီလိုသိမ်ငယ်မှုမျိုး မြတ် ခံစားနိုင်မှာမဟုတ်တော့ဘူး၊ တောင်းပန်ပါတယ်"





"ဘယ်လို..."

ပြုံးပြက်လက်လာသော မျက်ဝန်းတွေက ငိုချင်လာတာမှန်း သိသာစေ၏။ မြတ် ဖျတ်ခနဲ ငုံ့ချကာ ဆက်လျှောက်တော့ စေညွန့်က မြတ်၏ လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်၏။

"မမြတ်"

"အို မလုပ်နဲ့လေ"

လူကြားထဲမှာ မြတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ လက်ကိုမလွှတ်ဘဲ စေညွန့်က နှစ်ယောက်ပိုနီးအောင် ရပ်လိုက်ကာ ဆုပ်ထားသည့်လက်တို့ကို အလယ်မှာကပ်ထားလိုက်၏။

"ကျွန်တော်တို့ စကားပြောရအောင်"

"မပြောချင်ဘူး"

"မပြောလို့ မရဘူး၊ မမြတ်မကြားချင်လဲ ကျွန်တော် မေးချင်နေတာတွေရှိတယ်၊ ပြီးတော့ မမြတ်သွားသမျှ လိုက်ပို့ပါ့မယ်၊ အတူနေကြတဲ့လူတွေပဲ၊ မမြတ် ဒီလောက် မစိမ်းပါနဲ့၊ အတူမသွားမလာဖူးကြတာလဲ မဟုတ်ဘူး၊ လိုက်ခဲ့ပါ"

ဘာကြောင့်မှန်းမသိဘဲ ဒီကားပေါ်ပြန်ရောက်ခဲ့ချိန်၌ ရင်ထဲမှာ ဘယ်လိုမှမကောင်း။

"မမြတ်၊ ဘယ်သွားမလဲဟင်၊ အရင်သွားမလား၊ အေးအေးဆိုင် စကားပြောလို့ကောင်းတဲ့ တစ်နေရာ ခဏနားမလား၊ ကျွန်တော့်သဘောကတော့ မမြတ်နဲ့ကျွန်တော် ဘယ်လိုကြီးဖြစ်သွားမှန်း မသိတာကို အရင်ပြောချင်တယ်၊ ရှင်းလင်းသွားတော့မှ"

သူ့စကားမဆုံးခင် မြတ်က လှည့်ကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"မြတ်က ဘာဖြစ်နေလို့လဲဟင်"

မြတ်ကမေးရင်း ပါးပြင်ထက်သို့ ကျူးကျော်လာသည့် ဆံ လေးတွေကို နားရွက်နောက်မှာ သိမ်းညှပ်ထားလိုက်၏။ စေညွှန်း ကားမောင်းရင်း မြတ်ကို လှည့်ကြည့်သည်။ နားသယ်စပ်က ဆံ လေးတွေ နားရွက်နောက်ရောက်သွားတိုင်း မှောင်လဲ့စိမ်းမြနေသည် မွေးညှင်းနုလေးတွေက ပါးသိုင်းမွေးရာလေးအတိုင်း ရိပ်ရိပ်ကလေး ဆင်းနေတတ်သော ထူးခြားစွာ နုဖတ်နေသည့်မျက်နှာလေး။

ပါးပြင်လေးတွေကလည်း ရှိန်းမြမြ။ ထူမြန်းသည့် နှုတ်ခမ်းလေး တွေမှာ အမြဲတမ်းပြုံးနေတတ်တာကိုက မြတ်၏မျက်နှာလေးမှာ ဆွဲဆောင်မှုရှိနေတာ ဖြစ်သည်။ ပြီးတော့ ထိုနှုတ်ခမ်းလွှာလေးတွေ က မနီပေမယ့် အမြဲတမ်းစိုအိနေတတ်သည်။ မြတ် နှုတ်ခမ်း မဆိုးတတ်တာကို သတိထားမိတော့ နှုတ်ခမ်းလေးလှနေတာကို မကြာခဏ ငေးဖြစ်ခဲ့၏။ ခုလည်း အမှတ်တမဲ့ ငုံ့ကြည့်မိရင်း ငေးခဲ့ ဖြစ်ကာ ပြီးမှ ခပ်ယဲ့ယဲ့ပြုံးပြပြီး ရှေ့ပြန်လှည့်ရသည်။

"မမြတ် ဘာဖြစ်နေတာလဲလို့ ကျွန်တော်က မေးရမှာလေ မေးချင်နေတာကြာပြီ၊ ဒါပေမယ့် အပြောမတတ်ရင် ဆဲတာနဲ့တူ၊ သတဲ့ စကားများသွားမှာ စိုးတာ၊ ပြီးတော့ သူများအတွက်က လျှို့ဝှက်ချင် တာဆိုရင် မကောင်းဘူး"

"ဘာလဲ၊ မေးလေ၊ မြတ်မှာ လျှို့ဝှက်စရာမရှိဘူး။ မြတ်က ဘာဖြစ်နေလို့လဲ"

ဒါပဲထပ်မေးတော့ လိုရာသွားလို့မရတော့မှန်းသိကာ စေညွှန်းက ကားကို ကန်ပတ်လမ်းဘေးက အအေးဆိုင်လေးနားမှာ ရပ်လိုက်





သည်။ အအေးဆိုင်လေးမှာ ဈေးခုံအဖြစ် စားပွဲသုံးလုံးကို ခပ်ကျဲကျဲ င်းလျက် ရောင်စုံထီးလေးတွေ မိုးထားသည်။ စားပွဲတစ်လုံးမှာ ခုံတွဲ တစ်တွဲပဲရှိပြီး နှစ်လုံးက လွတ်နေ၏။

"လာ...ဒီမှာ ထိုင်ရအောင်"

စားပွဲပုလေးမှာ သူအရင်ထိုင်ပြီး စေညွှန်းက မြတ်ထိုင်ဖို့ ထိုင်ခုံ ရွှေ့ပေးသည်။ ကျောက်စိမ်းရောင်နှင့် အနက်ရောထားသည့် သားပျော့ဝတ်စုံလေးနှင့် ဆလင်းဘက်အနက်လေးကို လွယ်ထား ဖြင့် မြတ်ပုံစံလေးက နုဖတ်နေသည်။

"ဘာသောက်မလဲ"

"မင်းကြိုက်တာ မှာပါ"

"ကိုလာနှစ်လုံးပေး"

စေညွှန်းက မျက်မှန်နဲ့ပေမယ့် ခိုပြာရောင်ညို့မှောင်နေသည့် မျက်ဝန်းများ၏ ရွှန်းလဲ့နေခြင်းကို မြင်နေရသည်။ နှုတ်ခမ်းအစုံကို စေ့ပိတ်ထားသော်လည်း မျက်ဝန်းအစုံက ညို့ရီနေ၏။ မြတ် အမှတ် တမဲ့ သေသေချာချာကြီး မော့ကြည့်နေပြီးမှ မျက်နှာလွှဲဖို့ သတိ ရရင်း.....

"စေညွှန်း"

ရှက်ရှက်နှင့် မျက်လွှာချပြီးခေါ်သည့်အသံက ပြေပြေပြစ်ပြစ် ရှိဘူးထင်သည်။

"မြတ်ကို ပြောစရာရှိတယ်ဆို၊ ဘာပြောမလို့လဲ ပြော"

"ခုနက ကိစ္စပဲ၊ အစက ပြန်စမယ်၊ မမြတ် ကျွန်တော့်ကို တစ်ခုခု ဖြစ်နေသလိုပဲ၊ အဲဒါကို သိချင်တယ်၊ ပြီးတော့ စလယ်လူနဲ့ရင်းနှီးနေ



www.burmeseclassic.com

www.burmeseclassic.com



တာက ဟိုကောင် ဖွတ်ရောနေလို့လား၊ မမြတ် ဆန္ဒအတိုင်းလား နောက်တစ်ခုက..."

စေညွန့်း စကားရပ်သွားတော့ မျက်လုံးချင်း ဆုံမိကြပြန်သည်။ အနားမှာ အအေးပုလင်းနှစ်လုံး ပူးလျက်သာချပေးသွားတာကို လည်း ငဲ့မကြည့်ဖြစ်။ သို့သော် စေညွန့်းက မကြည့်ဘဲ ပုလင်းနှစ်လုံးကို ဆွဲယူ ကာ မြတ်ကို တစ်လုံးထိုးပေး၏။

"မမြတ်ကို ခလယ်လူက ကြိုပို့ပေးဖို့ ကြိုးစားတာကို ကျွန်တော် နောက်ဆုတ်ပေးခဲ့ပါတယ်၊ အဲဒါက မမြတ်နဲ့သူ ရင်းနှီးနေကြတာ မြင်လို့"

"ဘာ...စေညွန့်း၊ မင်းက"

ဒါဟာ မြတ် ခုမှသိရသည့်ကိစ္စ။ ခလယ်လူ သူ့ကို လာလာကြို နေသည့်ကိစ္စမှာ စေညွန့်းနှင့်သူတို့ချင်း သဘောတူပြီးသား။ မြတ်နဲ့ ခလယ်လူ ရင်းနှီးနေတာ မြင်လို့တဲ့။

တကယ်ပါ။ မြတ်ရင်ထဲမှာ ပြောချင်လွန်းသည့် စကားတွေ တွန်းထိုးရုန်းကန်လာကြသော်လည်း ပါးစပ်ထဲကနေ ဘာမှ ထွက် မလာနိုင်။ စေညွန့်းကလည်း မြတ်၏မျက်ဝန်းလေးတွေကိုပဲ စိုက်ကြည့် ကာ ပုလင်းကိုတစ်ဖက်က ကိုင်ရင်း မျက်မှန်ကို သာသာလေးဆွဲ ချွတ်လိုက်သည်။

"မမြတ်မှာ ကျွန်တော်တို့ထက် ပိုပြီးရင်းနှီးတဲ့ မိတ်ဆွေ ရှိနေ သေးတယ်မို့လား"

မြတ်က ငေးကြည့်နေဆဲ။

"စစ်နေတာ မဟုတ်ပါဘူး။ ကျွန်တော်သိချင်လို့ မေးတာပါ။





ပ်စုတာ ဝါသနာမပါပေမယ့် အဲဒါကို ကျွန်တော်သိချင်နေတာ ဘာဖြစ်လို့လဲဆိုတော့"

စေညွန့်းက စကားရပ်၍ မြတ်ကိုမကြည့်ဘဲ နှုတ်ခမ်းကို [ သည်။ အအေးပုလင်းကိုကြည့်၍ ပိုက်တံလေးနှင့် မွှေနေပြီးမှ ဖျ ရှိနေ ကြည့်ကာ.....

"အဲဒါ မမြတ် ဖြေစမ်းပါ၊ ဘယ်သူက ဘာလဲ"

"ရှင်းရှင်းမေးပါ စေညွန့်း၊ မြတ် အဲဒီလောက်ရှုပ်တာကို တွေကို ချင်ဘူး၊ ခေါင်းထဲက ရှုပ်တာကို လက်ကိုမခံချင်တာ၊ မင်း ဘ သိချင်တာလဲဟင်၊ တည့်တည့်ပြောလိုက်ပါ"

"ကျွတ်....."

စေညွန့်း ကျွတ်ခနဲ ဖြစ်ကာ ဆံပင်တစ်ချက်သပ်ပြီးမှ ပြောဖို့ ပါးစပ်ပြင်သည်။ မမြတ် ဘာဖြစ်လို့မသိတာလဲ။ ဒါမှမဟုတ် တမင် မဖြေချင်တာလား။မြတ် မျက်နှာမှာတော့ တမင်တကာ ဖုံးကွယ်ဟန် ဆောင်ခြင်း ဘာမှရှိမနေတာကို သူ သိနေသည်။ ဒါပေမယ့် သူလည်း ဒီမေးခွန်း ကို မမေးချင်။ မသာတတ်သော မမြတ်က ဘယ်လိုဖြေမလဲ။

"မေးလေ စေညွန့်း၊ မြတ်က သည်းမခံတတ်တဲ့လူမျိုး မဟုတ် ပါဘူး"

"မေးပါ့မယ်၊ ဒါပေမယ့် ကျွန်တော်လဲ မမေးချင်ဘူး၊ မမြတ် တစ်ခုပဲ ပြောပါ။ ကျွန်တော့်ကို ဘယ်လိုအတွေးမျိုးနဲ့ ရှောင်ဖယ်ဖယ် လုပ်သွားတာလဲ"

မြတ်က မျက်တောင်လေး [illegible] သွားသည်။ စေညွန့်း [illegible] မေးတာ ဒါမဟုတ်ပါ။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝ. "မြတ်က ရှောင်ဖယ်ဖယ်လုပ်တယ် ဟုတ်လား၊ ဘာဖြစ်လို့ နေသာ ရှောင်ရမှာလဲ၊ စဉ်းစားကြည့်ပါဦး၊ စေညွှန်းက အိမ်ရှင်ပါ၊ စေညွှန်း

ဲဖြူတော့ဘူးထင်လို့ မြတ်ကလဲ ဆုံးဖြတ်ထားပါတယ်"

အနား ဘာကို ဆုံးဖြတ်တာလဲ"

ငှံမကြ တိုက်ခန်းငှားဖို့လေ၊ ခုန မြတ် အဲဒါကိုရှာနေတာ"

ကာ ပြာင် တိုက်ခန်းငှားမလို့၊ ကျွန်တော်က မကြည်ဖြူဘူးလို့ မြတ် ယ်သူကပြောလိုက်တာလဲ"

နောဖွဲ့တ် ခေါင်းလေးငုံ့သွားရှာသည်။ နားရွက်နှစ်ဖက်နောက်မှ မြင်ညှပ်ထားသည့် ဆံနွယ်ပျော့ပျော့လေးတွေက ရှေ့ကို လွတ်လွတ် ၁လပ်လေး ဝဲကျလာ၏။

"ကျွန်တော်လဲ မမြတ်က ကျွန်တော့်ကို ရှောင်နေတယ်ပဲထင် ဘာ၊ မမြတ်နဲ့ကျွန်တော့်ကြားမှ တစ်ခုခုတော့ မှားနေပြီထင်တယ်"

ဖဝေဖဝါပြောနေပုံမျိုးနှင့် ရှေ့ကို ကိုယ်ကိုကိုင်း၍ ငုံ့နေသည့် မျက်နှာလေးကို သေချာလိုက်ကြည့်၏။

"မမြတ်ကို ဆေးရုံမှာ ပန်းစည်းပေးတာ ဘယ်သူလဲဟင်"

မြတ်. ဖျတ်ခနဲ မော့ကြည့်၏။ ဘာမေးခွန်းမှ ဆက်မေးဖို့မလို တော့ဘဲ စေညွှန်း ဒါ့ကြောင့် လှည့်ပြန်သွားတာလားဟု ချက်ချင်းတွေး လိုက်မိသည်။

"ကျွန်တော် လာမကြို့ဘဲနေတာ ပထမဆုံးနေ့က အဲဒါကြောင့် ပါ၊ နောက်နေ့ကျတော့လဲ...."

"အဲဒါ ဘာဆိုင်လို့လဲ စေညွှန်း၊ မြတ်က သူနဲ့လိုက်သွားမယ်လို့ စေညွှန်းက ဘာလို့ထင်တာလဲ၊ မြတ်က အဲဒီလိုမိန်းမမျိုးလား"





"ဟာ...မဟုတ်ပါဘူး၊ ကျွန်တော်ခံစားမိလိုက်တာက အဲဒီလိုမျိုး မဟုတ်ဘူး"

သူ့စကားမဆုံးခင် မြတ်က ခေါင်းခါပစ်လိုက်သည်။

"ထားလိုက်ပါတော့၊ မြတ်ကလဲ ဒီလိုပဲဆုံးဖြတ်လိုက်ဖို့ ရှိနေ တာကြာပါပြီ၊ သူများ သူစိမ်းတစ်ယောက်အိမ်မှာ လခလဲ မပေးရ ားဖို့လဲ မပူရနဲ့ ကြာကြာနေရတာ မကောင်းဘူးဆိုတာလဲ မြတ် တွေးမိနေခဲ့တယ်၊ ဒါကြောင့် တိုက်ခန်းရှာနေတာ၊ ပြီးခဲ့တာတွေကို အတိုင်းပဲ ထားလိုက်ကြတာကောင်းပါတယ်"

တည်တည်ငြိမ်ငြိမ်လေး ပြောနေသည့် မြတ်ကို စေညွှန်းက စိုက် ကြည့်၍ ဘာမှမပြောဘဲ နေပေးလိုက်၏။ မြတ် ပြောလို့ပြီးသော် လည်း သူ့မျက်နှာမှာ ဆွေးရိပ်တစ်ချက်သန်းလျက် မဲ့ပြုံးနှင့် ကျန်ရစ် ခဲ့သည်။

မြတ်က အအေးတစ်ငုံလောက်သောက်ပြီး လက်ကလေးပိုက် လျက် ဘာမှဆက်မပြောဘဲနေလျှင် နှစ်ယောက်အနေအထားက ချက်ချင်းကြီး တင်းမာအေးစက်သွားခဲ့၏။

"မမြတ် စကားတွေ တော်တော်တတ်လာတယ်နော်၊ တွေ့စ ာဆို ကလေးလိုပဲ၊ အဲဒီတုန်းက မမြတ်ရဲ့ ပြောဟန်ဆိုဟန်လေး တွေ ခုထိ ကျွန်တော့်ရင်ထဲမှာ သိမ်းထားခဲ့တာ၊ မမြတ်ကို ကျွန်တော် င်မင်ခဲ့တဲ့အထဲမှာ ဘာညစ်နွမ်းမှုမှ မပါခဲ့ပါဘူး၊ ကူညီခဲ့တာတွေ ာလည်း တစ်ဖက်သတ်ဘာမှမရှိဘူး၊ မမြတ်လဲ ကျွန်တော့်ကို ပြန် ကူညီခဲ့တယ်၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပဲ မဟုတ်ဘူးလား၊ တိုက်ခန်း ားဖို့အထိ ဖြစ်သွားတာဆိုတော့ တကယ်စိတ်မကောင်းဘူး"

ရင်ထဲမှာ ဟိုတစ်ယောက်ကို မရှင်းလင်းသေးပါ။ ပန်းစည်း ပြ



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်ထားခဲ့သူအပေါ် မမြတ် အားကိုးသွားသလား။ သူထင်သလို မမြတ်နဲ့ ထိုသူရဲ့ ဝတ်သက်မှုဟာ...။

အတွေးများနဲ့ စေညွှန်း သက်ပြင်းမချနိုင်ဘဲဖြစ်သွား၏။ သူ မမေးချင်ဘဲနှင့် မေးလိုက်ပြီးပြီ။ မမြတ်က သေချာမဖြေခဲ့ပါ။ ဒါပေမယ့် ကိုယ့်ဘာသာပဲ ဘာသာပြန်ရမည်ဆိုလျှင် 'ဘာမှမဟုတ်ဘူး' ဆိုသည့်အဖြေပဲ ကျန်၏။

မမြတ် ပြောဆိုဆုံးဖြတ်ပစ်လိုက်တာတွေကျတော့ 'ဒီလိုမှ ဟုတ်ရဲ့လား' ဟု သံသယအတွေးများကို ဖြစ်စေပြန်သည်။ မြတ်က သူ့မျက်နှာကို မျက်လွှာလေး ပင့်ကြည့်၍...

"ပြန်ရအောင်လေ"

"မမြတ်ရယ်၊ နည်းနည်းတော့ လက်ရာလေးပျောက်သွားအောင် သောက်လိုက်ပါဦး၊ တကယ်ပဲနော်၊ မမြတ်က ကျွန်တော့်ကို တော်တော်စိမ်းသွားတယ်"

"မဟုတ်ပါဘူး စေညွှန်းရယ်၊ မြတ်က မိန်းကလေးမို့လား၊ ဆင်ခြင်မှုဆိုတာ မရှိလို့မဖြစ်ဘူး"

အဲဒီဆင်ခြင်မှုက ကျွန်တော့်အပေါ် မှာပဲလားဟု မေးလိုက်လျှင် မမြတ် သူ့အပေါ် ဒီထက်ပိုဆိုးသွားနိုင်သည်။ ရင်ထဲမှာမကောင်းပါ။ ဒါပေမယ့် မမြတ်ကို သူ 'ရှိပါစေတော့' ဟု သဘောထားကာ ကျော်ခိုင်း မသွားခဲ့နိုင်ဘဲ ဖြစ်နေသည်။

ပြီးတော့ မမြတ်ကို ဘယ်သူနဲ့မှ ငြိတွယ်ခြင်းမရှိနိုင်ဘူးဆိုသည့် ယုံကြည်စိတ်က မသိမသာခိုင်မာနေခဲ့ပြီး မျှော်လင့်မိသည့်ရင်ထဲမှာ ဘယ်လိုမှ ထားရစ်ခဲ့လို့မရ။ စေညွှန်း စိတ်လှုပ်ရှားလာကာ အအေး





ပုလင်းကို ခပ်ဖိဖိ ဆုပ်ထားမိသည်။

ကန့်ဘောင်ဘက်က ခပ်ပြင်းပြင်းတိုးဝှေ့လာသည့် လေပြည်ကြောင့် မြတ်၏ ဆံယဉ်စလေးတွေ တဖျတ်ဖျတ် တိမ်းယိမ်းပါသွားသည်။

"ဒီလိုမိန်းမမျိုးကို ကြိုက်ရအောင် ငါက အရူးလား"တဲ့။ ဟိုတုန်းက ခလယ်လူ ပြောဖူးသည်။ အမှတ်တမဲ့တွေ ထားတတ်လွန်းသောမေ့တတ်သည့်မြတ်ကို စတွေ့ကတည်းက သူ့ရင်ထဲမှာတော့ အမှတ်တမဲ့ မဟုတ်ခဲ့ပေ။ ဒါကို ကိုယ့်ကိုကိုယ် သေချာခဲ့သည့် အချိန်မှာ မြတ်ကတော့ အမှတ်တမဲ့တွေ ဖြစ်ခဲ့ပြန်သည်။ သူနဲ့ မြတ်၏ အမှတ်တမဲ့များအားလုံးကို အမှတ်တရဖြစ်ရန်မှာ.....

"တစ်ခုတော့ရှိတယ် မမြတ်၊ မမြတ်လိုပဲ ကျွန်တော့်မှာလဲ ပြောစရာတွေရှိတယ်"

"မြတ်ကိုလားဟင်"

"အင်း..."

မြတ်က သူစကားစလိုက်သည်နှင့် မျက်ဝန်းတွေက သူ့ထံမှာ စူးနစ်လာ၏။ သူပြန်စိုက်ကြည့်သော်လည်း မျက်နှာမလွှဲပါ။ တစ်ခါတစ်ခါ မမြတ်ဟာ မိန်းကလေးလို ရှက်ကိုးရှက်ကန်း အမူအရာလေးတွေနှင့် ရှောင်ထွက်သွားဖို့ကိုလည်း မေ့နေတတ်ပုံရှိလေသည်။

"ဘွားရဲ့နာရေးကိစ္စတုန်းက မမြတ်က ကျွန်တော်နဲ့ရှိနေပြီး မလွှင်ဘက်က မိတ်ဆွေနည်းနည်းပဲ ဝင်ထွက်ခဲ့တာ၊ အဲဒါကို....."

"စေညွှန်းရယ်၊ အဲဒါ မြတ် တောင်းပန်ပါတယ်၊ အဲဒီရက်က မြတ် ရင်ထဲမှာလဲ ဘာတွေဖြစ်နေမှန်းကို မသိဘူး။ တုံ့ပြန်တာတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဒါပေမယ့် စေညွန်းက ခပ်တန်းတန်းဖြစ်သွားတော့ မြတ်လဲ ဒီအတိုင်းပဲနေလိုက်ပါတယ်၊ နာရေးဖြစ်တဲ့ရက်မှာ ဆေးရုံမှာကိုပဲ အလုပ်တွေ အရမ်းရှုပ်ခဲ့တာ မြတ် တောင်းပန်ပါတယ်”

တစ်ခု ရပြီ။ မြတ်ထံမှ အားနာခြင်းကို သူ့နှုတ်ခမ်းမှ သည်းခံသည့်အပြုံးတစ်ရပ်နှင့် ဆုပ်ဖမ်းထားလိုက်နိုင်၏။ နောက်ထပ် ခြေလှမ်းပြင်ဖို့ ထပ်၍ ပင့်သက်ရှိုက်ကာ....

“အခုကော၊ ရန်ကုန်မှာ ကျွန်တော်ရှိနေသေးတာ ဘာကြောင့်လို့ထင်လဲ မမြတ်”

“မသိဘူး”

မြတ်က မဆိုင်းမတွ ခေါင်းခါလိုက်ပြီးမှ တစ်ခုခုကို တွေးမိသွားပုံရကာ....

“စေညွန်းတို့ အိမ်ကိစ္စတွေက ပြီးသွားပြီလား”

ဟု ထပ်မေး၏။

“ပြီးပြီလို့တွက်လဲ ရတယ်၊ ကျွန်တော်ကတော့ ဒီအတိုင်းတွက်ထားတာပဲ”

“ဒါဆို မပြီးသေးဘူးပေါ့”

“ဟုတ်တယ်၊ ဘွားက ကျွန်တော့်ကို မြန်မာပြည်မှာပဲ အခြေရှစေချင်ပုံရတယ်၊ အမွေကိစ္စကို နောက်ဆက်တွဲထားပစ်ခဲ့တယ်”

မြတ်က ခေါင်းညိတ်၍ သူ ဆက်ပြောလာမှာကို နားစွင့်နေသည်။

“ကျွန်တော့်ခေါင်းထဲမှာ အမွေကိစ္စတွေကို အစကတည်းက ထည့်မထားခဲ့တာ မမြတ် ယုံလား”

“အင်း....”

ရွှေသမင်စာပေ



မြတ်က ခေါင်းညိတ်သည်။ ပြီးတော့...

“ဒါဆို စေညွန်းက မြန်မာပြည်ကိုချစ်တဲ့စိတ်တော့ ရှိတာပေါ့၊ ဒီကို လာချင်တာသက်သက်နဲ့ လာခဲ့တယ်ဆိုတာ မလွှင်ကလဲ ပြောဖူးတယ်၊ သူလဲ အံ့သြနေတယ်လေ၊ အမွေကိစ္စနဲ့ပတ်သက်ပြီး စေညွန်းက ဘာမှကို မလုံးပမ်းဘူး၊ မေးတာမြန်းတာလဲ မရှိဘူးတဲ့၊ ရောက်ကတည်းက ထားတဲ့နေရာမှာပဲနေပြီး သွားလာလည်ပတ်နေတာ အလည်သက်သက်လာတဲ့ လူလိုပဲတဲ့”

“ဟုတ်တယ်၊ ကျွန်တော် အခုလဲ အမွေကိစ္စကိုသာဖယ်လိုက်ရင် ပြန်ဖို့တစ်ခုပဲ ရှိတယ်၊ မပြန်သေးဘဲ နေခဲ့တာ မမြတ်ကြောင့်”

“ဘယ်လို...”

မြတ် မျက်လုံးလေးပြူးသွားပြီး မျက်မှန်ကို ပင့်သည်။ ရှေ့ကို မျက်နှာလေး နည်းနည်းတိုးကြည့်ပြီး....

“မြတ်ကြောင့်...ဟုတ်လား စေညွန်း”

“ဟုတ်တယ်၊ မမြတ် ကျွန်တော့်ဆီမှာ နေနေလို့လေ၊ အခု ကျွန်တော်ထပြန်သွားရင် မမြတ် နေထိုင်ဖို့ လောလောဆယ် ဒုက္ခများသွားမှာ စိုးတယ်၊ ကျွန်တော့်ဘဝမှာ ဘယ်တုန်းကမှ ပူပင်သောက မရှိခဲ့ဖူးဘူး။ ရမှာကိုလဲ မျှော်လင့်ခဲ့တာမရှိဘူး၊ မရမှာ စိုးလို့လဲ စိတ်မဆင်းရဲခဲ့ရဘူး၊ ခုန မမြတ်အတွက်ပူပင်မိတာဟာ ကျွန်တော့်အတွက် ပထမဆုံးခံစားဖူးတဲ့ သောကပဲ”

မြတ်က အံ့သြသောမျက်ဝန်းလေးတွေနှင့် ငေးကြည့်နေခဲ့၏။

“မမြတ် ယုံလား”

“ဟင်....”

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြန်းခနဲ မေးလိုက်တော့ မြတ် ကိုယ်လေးတွန့်သွားသည်။ သို့အခါကျမှ ရှက်အမ်းအမ်းမျက်နှာလေးမှာ ဖျန်းခနဲ ရဲတက်သွား ခဲ့၏။ စေညွန်းက ပြုံး၍ မျက်နှာလွှဲလိုက်သည်။ ပြီးတော့ ပြန်ကြည့်လိုက် မိကြတာလည်း ပြိုင်တူပဲဖြစ်ကာ....

"အားလုံး ကျွန်တော့်ဘက်က ရိုးရိုးလေးပဲ တွေးခဲ့တာပါ၊ မြတ် ရိုးသားမှန်းသိလို့ ကူညီချင်တာတစ်ခုပဲ၊ ဒါပေမယ့် မြတ်က ခွဲထွက် ဖို့ဆုံးဖြတ်ပြီးပြီဆိုရင် ကျွန်တော်လည်း ပြန်ဖို့စဉ်းစားရမှာပါ"

"နိုင်ငံခြားကို ပြန်သွားမယ်"

"ဟုတ်တယ်"

"အပြီးလားဟင်"

"ဘယ်တော့မှ ပြန်မလာတော့ဘူး"

"အို...."

မြတ်၏မျက်နှာလေး သိသာစွာ ပျက်ယွင်းသွား၏။ ခင်မင်ခဲ့ ကြသော လူတစ်ယောက် ကိုယ့်မျက်စိရှေ့ကနေ ကျောခိုင်းပျောက် ကွယ်သွားမှာကျတော့ လက်မခံချင်။ ဟန်မဆောင်တတ်သည့် မျက်ဝန်းတွေက စကားပေါင်းမြောက်များစွာ ပြောနေခဲ့သည်။

"ဘာပဲဖြစ်ဖြစ် စေညွန်းရယ်၊ ဒီမှာ မလွင် ပြောပြဖူးတယ်၊ အမွေ တွေက အများကြီးပဲတဲ့၊ စေညွန်း တပ်မက် မတပ်မက် မိဘဘိုးဘွား မွေဆိုတာ သားသမီးမြေးသားက ဆက်ခံထိုက်ပါတယ်၊ ထိန်းသိမ်း ဖို့လဲ ဝတ္တရားရှိတယ်၊ ကိုယ်ရောက်လာခဲ့တာလဲ ဒီရည်ရွယ်ချက်တွေ ပဲ မဟုတ်ဘူးလား၊ နောက်ပြီးတော့ အဘွားရဲ့စေတနာတွေကို ရေစုန်မျောပစ်လိုက်တာမျိုး မလုပ်သင့်ဘူး၊ သူ သေဆုံးသွားတဲ့ အထိ





အမွေတွေကို စေညွန်းလက်ထဲ မှန်မှန်ကန်ကန် ရောက်သွားဖို့ တွက် အများကြီး လုံးပမ်းခဲ့ရှာတာ"

"ဒါတွေအားလုံး မှန်ပါတယ်၊ ဒါပေမယ့် တွက်ကြည့်ရင် ဘွား စ်စေချင်တာက ဘွားရဲ့ဆန္ဒပဲ၊ အကုန်လုံး လှူပစ်လိုက်ရင်လဲ ်ကားရာတော့ မကျပါဘူး။ ဒယ်ဒီကော ကျွန်တော်ကော ဒါတွေ ို မက်မက်မောမောကြီး မဖြစ်ခဲ့ဘူး၊ အကြောင်းရင်းက မြန်မာ ြည်မှာ အခြေချဖို့အကြောင်းတွေ ဖြစ်လာမှာစိုးလို့ပါ"

"ဒါနဲ့ စေညွန်းအယ်ဒီက မြန်မာပြည်မှာ နေချင်ရင်လဲ ခွင့်ပြုမှာဆို"

"ကျွန်တော်ကိုယ်တိုင်က ဘယ်မှာနေမယ်ဆိုတဲ့ ရည်ရွယ်ချက် ျိုး မရှိခဲ့သေးတာ"

"ဘာဖြစ်လို့လဲ"

"မချစ်တတ်သေးလို့"

"ဘယ်လို...."

မြတ်က တကယ်နားမလည်သလိုလေး မေးတော့ သူ ပြုံးလိုက် သည်။ နှစ်ယောက်စလုံး အအေးသောက်ဖို့အတွက် သတိ မရကြ တော့ဘဲ စကားတွေကလည်း လိုရင်းမရောက်နိုင်ဘဲ ရှိလေသည်။

"မြတ် စဉ်းစားကြည့်လေ၊ ခင်တွယ်တာ၊ သံယောဇဉ်ဖြစ်ကြ ာတွေ မရှိတဲ့သူအတွက် ဘယ်မှာဖြစ်ဖြစ် နေလို့ရတာပဲ၊ ပျော်တာ တွေ၊ ရင်ပူစရာတွေမှ မရှိဘဲ၊ မဟုတ်ဘူးလား"

မြတ်က အင်တင်တင်မျက်နှာလေးနှင့် ခေါင်းညိတ်သည်။ ရင်ထဲ ှ စေညွန်းကို မပြန်စေချင်သည့်ဆန္ဒတွေ ဖြစ်နေသော်လည်း ားဆီးပိုင်ခွင့် သူမှာ မရှိ။ အစကတည်းက ဘာမှမဆိုင်ခဲ့ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းတွေပဲ။

"မမြတ်"

"ဟင်.."

"ခုနေ ကျွန်တော်ပြန်သွားမယ်ဆိုရင် မမြတ် ဝမ်းသာမှာလား"

"အို...ဘာဖြစ်လို့ ဝမ်းသာရမှာလဲ"

မမြတ် ပျာပျာသလဲ ထပြောသည်။

"စေညွှန်းရယ်၊ ကိုယ့်ရပ်ကိုယ့်မြေကို စွန့်ခွာသွားမယ့်အဖြစ်က ဝမ်း သာဂုဏ်ယူစရာမှ မဟုတ်တာ၊ ပြီးတော့ စေညွှန်းနဲ့တို့တွေက အရမ်း ရင်းနှီးခဲ့ကြတဲ့သူတွေ"

"မမြတ်၊ ကျွန်တော့်ကို သွားစေချင်လား၊ မသွားစေချင်ဘူး လား။ အဲဒါပဲ ပြောပါ"

"မသွားစေချင်ပါဘူး၊ ဒါပေမယ့် မြတ်က တားခွင့်မရှိဘူးလေ"

စေညွှန်းက အအေးပုလင်းကို ဘေးဖယ်ပစ်လိုက်ပြီး လက်ပိုက် လျက် တံတောင်နှစ်ဖက်ကို စားပွဲပေါ်တင်၏။ မြတ်၏ မျက်နှာလေး နှင့် ပို၍နီးအောင်ကပ်ကာ စူးစိုက်ကြည့်လိုက်ရင်းမှ...

"မတားချင်လဲ အကြံပေးတဲ့သဘောပေါ့၊ မမြတ်စကားကို ကျွန်တော် နားထောင်ချင်တယ်"

"ဟင်...."

မြတ် မျက်တောင်လေးပုတ်ခတ်လျက် စဉ်းစားသွားသည်။ စေညွှန်း ပြောသမျှတွေထဲမှာ မရိုးသားတာ ဘာမှမပါသေးပါ။ ဒါပေမယ့် ဝေ့လည်ကြောင်ပတ်ဖြစ်နေသော စကားတွေက နီးလာလိုက်၊ ဝေးသွားလိုက်။





မြတ် လူကဲမခတ်တတ်တာလား။ ဒါမှမဟုတ် မလည်တာပဲ လား။ စေညွှန်း၏ဆိုလိုရင်းကို အနီးဆုံးထိအောင် မခန့်မှန်းနိုင်ဘဲ ဖြစ် နေ၏။ အစကတည်းက နှိက်နှိက်ချွတ်ချွတ် မစဉ်းစားတတ်ခဲ့သော စိတ်က ဝေ့ခနဲ ဝဲခနဲ ချာလည်လည်သွားပြီဆို အမှန်တရားတွေက လုံးဝပျောက်ကွယ်သွားတတ်ပြီ....

"စေညွှန်း ဘာကိုဆိုလိုတာလဲဟင်"

မြတ် မာယာများနေခြင်းမဟုတ်တူးဆိုတာ စေညွှန်း ယုံကြည်သည်။

"ကျွန်တော် ရိုးသားစွာ ပြောချင်ပါတယ်၊ ဒါပေမယ့် အမှန် တရား က နေရာတကာ ဖွင့်ချလို့မကောင်းတာတွေ ရှိတယ်၊ မမြတ် ကျွန် တော် ပြောတာကို စိတ်ဆိုးမှာလား"

"ပြောလေ၊ ရိုးရိုးသားသား ပြောဆိုကြရင်း စကားများကြရင် မြတ်က နားလည်နိုင်ပါတယ်၊ မြတ်တို့က ခင်မင်ခဲ့ကြတဲ့သူတွေပဲ"

စေညွှန်းက ကျေနပ်စွာ ပြုံးသည်။ တစ်ဆက်တည်းမှာပင် မြတ် က တစ်ဖက်သား စကားပရိယာယ်ထဲကို အလွယ်တကူ မျောပါတတ် ရှာသောအဖြစ်ကို တွေးမိ၍ စိုးရိမ်စိတ်က ဆက်တွဲပါလာခဲ့မိ၏။

မြတ်၏ အဖြူထည်မျက်ဝန်းလေးတွေကို သူ စိတ်မချတော့ပါ။ အခွင့်အရေးသမားတစ်ယောက်ဟာ ဒီမျက်ဝန်းတွေအပေါ်မှာ အသုံးချသွားနိုင်သည်မို့....။

"ပြောလေ စေညွှန်း"

မြတ်က သူ စကားသံထွက်မလာတော့ စိတ်မရှည်သလိုလေး မေးလာ၏။ ထိုစံစားချက်လေးတွေထဲကို တစ်စုံတစ်ရာ ထည့်ပေး လိုက်ဖို့ စိတ်ကူးလိုက်မိကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက် ပထမဆုံးခင်မင်စိတ်၊ ပူပင်စိတ်တွေ ခံစားဖူးအောင် ရင်းနှီးခဲ့တာ မမြတ်ပဲ ရှိတယ်၊ မမြတ်တိုက်တွန်းလာတာကိုပဲ ကြားချင်တယ်၊ မြန်မာပြည်မှာ နေပါဦးလို့ မမြတ်ပြောရင် ကျွန်တော်...."

သူ ဆက်မပြောတော့။

"ပြောလေ စေညွန်း။ မြတ်က မသွားပါနဲ့ဆိုရင် စေညွန်းက နေမှာလား"

စေညွန်း လှစ်ခနဲ ပြုံးလိုက်သည်။

"မမြတ်ကကော၊ တိုက်ခန်းငှားပြီး ခွဲထွက်မှာလား"

"ဒါကတော့..."

"မသွားပါနဲ့တော့၊ ကျွန်တော်တို့ ဒီအတိုင်းပဲနေကြတာပေါ့ နော်၊ ရန်ကုန်မှာ သာသာ မသာသာ ရယ်မောစိုပြည်နိုင်ဦးမယ်ဆိုရင် မြန်မာပြည်ကို ကျွန်တော့်ဒီထက်ပိုပြီး ခင်တွယ်မှာပါ"

မြတ် နှုတ်ခမ်းလေးပြုံးသွားသည်။ သူ့ကို ပြန်ကြည့်ရင်း သွားလေးတွေပေါ်အောင် ရယ်၏။

"စေညွန်းကို မြတ် ခင်ပါတယ်"

"ကျွန်တော်ကတော့ ချစ်နေတာ"ဟု ရင်ထဲမှာ တိတ်ဆိတ်စွာ ပြန်ပြောရင်း စေညွန်းက ပြုံးနေသည်။

"တစ်ခုတော့ ရှိတယ် စေညွန်းရယ်၊ မြတ်အတွက်နဲ့ ခလယ်နဲ့ စေညွန်းရန်မဖြစ်ကြပါနဲ့ မြတ်လေ အဲဒီလိုဖြစ်ကြရင် ရှက်တယ်သိလား၊ မြတ် ဘယ်လိုပဲ ခံစားရ ခံစားရပေါ့၊ သူများတွေ မြတ်ကြောင့် ဘာမှ မထိခိုက်စေချင်ဘူး။ သူလဲ မြတ်လိုပဲလေ၊ စေညွန်းအိမ်မှာ နေရတဲ့သူ၊





လို ပြောင်းနိုင်းတာတွေဘာတွေ ဖြစ်ကုန်တဲ့အထိဆိုတော့ စိတ်ကောင်းဘူး"

"မမြတ်ကို သူ စိတ်ဆင်းရဲ အရှက်ရအောင် လုပ်နေတာတွေ ချတော့ စိတ်မဆိုးဘူးလား"

"ဟင့်အင်း၊ သူက ခင်တတ်တာပါ၊ တစ်ခါတစ်ခါ ပြောပုံဆိုပုံင်းပေမယ့် ပြီးတော့ ဘာမှလည်း ဟုတ်တာမဟုတ်ဘူး"

"ဘာမှမဟုတ်ဘူးဆိုတာ သူ ပြောတာလား"

စေညွန်းက ကောက်မေးလိုက်တော့ မြတ်က ကြောင်ကြောင်လေး ပြန်ကြည့်၍ ရုတ်တရက်မဖြေနိုင်။ ခဏနေပြီးမှ....

"သူ ပြန်တောင်းပန်တယ်၊ ခင်လို့ စကားမှားသွားတာပါတဲ့"

မမြတ်ရယ်....။ စေညွန်းမျက်နှာ မဲ့ခနဲ ဖြစ်သွားခဲ့သည်။ 'ပြောင်းပဲယုံ' လို့ ထအော်ပစ်လိုက်လျှင် မမြတ် ငိုသွားနိုင်သည်။ ဒီကောင်မျိုးနဲ့ မမြတ်ကို ဘယ်လိုစိတ်ချမလဲ။

'မမြတ်ကို ငါ စိတ်ဝင်စားလို့' ဟု ပြောသွားခဲ့သည့် မျက်လုံးတွေမှာ အလွန်မုန်းတီးရွံရှာဖွယ်ကောင်းသည့် ကောက်ကျစ်မှုတွေပြည့်အသိပ်။ ဒီလောက်လည်း အစအနောက်သန်လို့ ငိုခဲ့ရပြီးပြီ။ နလာခဲ့ရသမျှတောက်လျှောက်မှာ မရိုးသားတာတွေချည်းပြော၍ းတော့ ဆောရီး လုပ်ပစ်တတ်တဲ့ကောင်။

မြတ်ကို သူ ဘယ်လိုမှခွင့်မလွှတ်ချင်အောင် ဖြစ်လာခဲ့မိသည်။ ရိုးသားတာတော့ မမြတ် သိပါလိမ့်မည်။ ဒါကို တမင်တကာ မသိလိုလုပ်ပစ်ပြီး ခွင့်လွှတ်သည်းခံခဲ့တာ ဖြစ်မည်။

ကိုယ်ပဲ စွဲချက်တင်၊ ကိုယ့်ဟာကိုယ်ပဲ လျှောက်လဲချက်ပေး၍



www.burmeseclassic.com

www.burmeseclassic.com

ဖြေရ၏။ ပြီးတော့ ဒါကို မျိုသိပ်မထားချင်တော့ဘဲ....

"မမြတ်က ကျွန်တော့်ကျတော့ အပြောအဆို မတူးလွန်ခဲ့ပေ နဲ့တောင် အမူအရာကိုမှန်းပြီး ကောက်ချက်ချပစ်တယ်နော်၊ ခုလိုသာ ကျွန်တော် မဖြေရှင်းဘဲနေရင် အားလုံးလွဲကုန်ကြမှာ"

သူ ပြောတော့ မြတ်၏မျက်ဝန်းလေးတွေမှာ တောင်းပန် အားနာသော ညှိုးငယ်မှုတွေ ပြည့်တက်လာခဲ့၏။

"အဲဒါလေ မြတ် တောင်းပန်ပါတယ်၊ ခလယ့်ကို ခွင့်လွှတ်နိုင် တာက ဟို...အဲဒါ...ဟုတ်တယ်၊ စေညွန်းကိုကျတော့ မြတ်လေ....အဲ ဘာမှန်းမသိတာကြီးကို...၊ ဘယ်လိုတွေးလိုက်မိမှန်း မသိဘူး၊ အဲဒါ လေ...၊ အဲဒါပါနော်...၊ မြတ် မရှင်းတတ်ဘူး"

စေညွန်း ရယ်သည်။ မြတ် မျက်နှာလေးနီသွား၏။ ပြီးတော့ မျက်မှန်လေးကို မနေတတ်သလိုလေးပင့်၍ ခေါင်းငုံ့ပစ်လိုက်တာကို သူ မချင့်မရဲငေးကြည့်နေမိသည်။

မြတ် အဲဒီလို အမူအရာလေးတွေ ဖြစ်သွားတတ်တာက အလွန် ရှားပါးသည့်မြင်ကွင်းပါ။ ဒါဟာ တခြားမိန်းကလေးတွေလို တမင် တကာ မူနွဲ့ဟန်နှင့် ဖန်တီးယူတာမျိုးမဟုတ်။ နေရာတကာလည်း မြတ်က မရိုးသားမှုကို ရှေ့တန်းမတင်တတ်သူ...။

ရိုးရိုးလေးပဲ မြင်တတ်လွန်းလို့ ရှက်သွားလောက်အောင် ဘယ် စကားမျိုးကိုမှ ဖွေယူခဲ့ခြင်းမရှိ။ သူ စိုက်ကြည့်နေတော့ မျက် လုံးချင်းမဆုံအောင် ရှောင်ဖယ်ပစ်ကာ...

"မြတ် မာနကြီးတာတော့ မဟုတ်ပါဘူး၊ ကိုယ်က မိန်းကလေး ဆိုတဲ့အမြင်နဲ့ပါ၊ စေညွန်း မခေါ်မပြောဘဲနေတာ မြတ် အရမ်းခံစားရ





တာပဲ၊ အဲဒါပဲ ခဏခဏတွေးနေမိတယ်၊ စိတ်ဆင်းရဲတာကို အစိမ်း သက်သက်ကြီး ခံစားလိုက်ရတော့၊ ဟိုလေ...အဲဒါကို မခံစားနိုင်ဘူး"

စေညွန်း မြတ်ကို စူးစိုက်ကြည့်နေရင်း ဘာမှမပြောဘဲနေ၏။

"မြတ်လေ၊ ဘဝကို နိမ့်တာမြင့်တာ ပုံစံအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ ရတာပါ၊ ဒါပေမယ့် ခုလိုမျိုး သိမ်ငယ်ဝမ်းနည်းတာမျိုး မခံစားခဲ့ဖူး ဘူး၊ အဲဒါ တကယ်.."

"ခုလိုဆိုတာ ဘာကိုပြောတာလဲ"

"ဟင်..."

မြတ် နားမလည်လိုက်ဘဲ မျက်လုံးချင်းဆုံလိုက်ပြီးမှ...

"ဟို....."

ဘာပြောရမှန်းမသိ။ စေညွန်းက မြတ်မညာရဲအောင် အပြုံး အရယ်မဲ့သော နှုတ်ခမ်းတို့ကို စေ့လျက် သူ့ခိုးဖမ်းသလို စူးစူးရဲရဲ ကြည့်နေသည်။

ကိုယ့်ပြောလိုက်တဲ့ စကားတွေ ဘယ်ဆီဘယ်ဝယ်ဦးတည်၍ ပြေးမှန်သွားမှန်းမသိသော မြတ်၏ မျက်ဝန်းတွေက ချောက်ချား သွားသည့်ပုံ။

"ပြောလေ မမြတ်၊ ကျွန်တော်က ရိုးရိုးပဲ နားထောင်မှာပါ၊ ခုလိုဆိုတာက ကျွန်တော်နဲ့ မခေါ်မပြောဖြစ်ကြတဲ့ အခြေအနေကို ပြောတာမို့လား"

"အင်း...ဒါပေမယ့်လေ၊ မြတ်က.."

"ရိုးရိုးပဲလို့ ထပ်မပြောပါနဲ့၊ မမြတ်ပြောချင်တာကို ကျွန်တော် နားလည်တယ်၊ ဒါပေမယ့် မမြတ် ကိုယ့်ကိုကိုယ် ပိုပြီးနားလည်ဖို့တော့



www.burmeseclassic.com

www.burmeseclassic.com



လိုလိမ့်မယ်ထင်တယ်”

“ဘာကိုလဲဟင်”

“ကျွန်တော်တို့ ဆုံခဲ့ကြတဲ့ သံယောဇဉ်တွေ”

မြတ် ငြိမ်သက်သွား၏။

“မမြတ်ကို ကျွန်တော် ခင်ထယ်ဆိုတာတွေထက် ခင်တယ်၊ အဆုံးစွန်ထိပေါ့၊ ကျွန်တော်တို့ ဒီအတိုင်းပဲနေသွားကြဖို့ သဘောတူတယ်ဆိုရင် နောက်ထပ် ကျွန်တော်က ဘာမှမပြောဘဲ ထင်ရာတွေးပြီး ကောက်ချက်မချဖို့လဲ ကတိပေးစမ်းပါ”

မြတ်က ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။ စေညွန်းက မေးထောက်ကြည့်၍...

“ပြေလည်ပြီနော်”

“အင်း...”

“ဒါဆို သွားမယ်၊ ဘယ်လိုက်ပို့ရမလဲ ပြော”

“ဟင့်အင်း၊ ပြန်မယ်”

ဒီအတိုင်းကျန်နေသေးသည့် အအေးဗိုးတွေရှင်းကာ နှစ်ယောက်အတူ ထရပ်လိုက်သည်။ စေညွန်းက မြတ်လက်ဖဝါးလေးကို လှမ်း၍ဆုပ်ကိုင်ပစ်လိုက်သည်။

မြတ် မော့ကြည့်တာကို ဂရုမစိုက်ဘဲ ပြန်ရုန်းလိုက်တာကို လည်း မလွှတ်။ မြတ်လက်ကလေးကို ဖိဆုပ်ထားလျက် အတူထွက်လာခဲ့သည်။ ပြီးတော့ မျက်နှာလေးပျက်ပျက်နှင့် ပါလာရှာသည့် မြတ်ကို ငုံ့ကြည့်ကာ စေညွန်း ကြိတ်ပြုံးမိသည်။

တကယ် အသေအချာပါ။ မြတ်ကို ကျွန်တော်ချစ်တယ်။





အခန်း (၂၂)

“ဟား ဟား ဟား”

ရယ်သံကြောင့် ခြေလှမ်းတို့က ထမင်းစားခန်းရှေ့မှာ တုံ့ခနဲဖြစ်သွားသည်။

“ဘယ်လိုခေါ်လိုက်တယ် ခလယ်၊ တို့ကို...”

“မိန်းမလေ၊ မှားသွားလို့လား။ မိန်းမမို့လို့ မိန်းမခေါ်တာ နာစရာလား မိန်းမရယ်”

“ဟင်း...”

မြတ်၏အသံလေးက တုန်လှိုက်နေသည်။ ရှေ့ဆက်မထွက်နိုင်ဘဲ ထစ်ငေါ့ခွံ့အသွားလောက်အောင် တအံ့တသြ။

“ဟင်း..မခေါ်နဲ့၊ မင်း ငါ့ကို အဲဒီလိုမခေါ်ပါနဲ့၊ ဒီနာမည်ကို”

“ဟား ဟား မိန်းမမြတ်တဲ့၊ ဒီနာမည်လောက်လှတာ ရှိကိုမရှိဘူး၊ မြတ် ဆိုတာကြီးက ရိုးပါတယ်ဗျာ”

ခလယ်လူ၏ ပိုင်နိုင်သောမျက်လုံး၊ ရှင်းစိုင်းသည့် ရယ်သံများကို မြတ် မချိတင်ကဲ နားထောင်ကာ ငေးနေရလျက် ‘မိန်းမမြတ်’ ဆိုသော နာမည်ကို သူဘယ်လိုသိသွားမှန်း စဉ်းစားလို့မရ။

တကယ်တော့ မြတ် လွတ်ကျကျန်ခဲ့သည့် ဆွဲခြင်းကို ပြန်ကောက်ပေးခဲ့သောနေ့ကတည်းက ခလယ်လူ သိသွားခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်လိုသည့်အရာဟာ သေချာပေါ်တတ်၏။

မိန်းမဖြတ် ဆိုတာ နာမည်ရင်းမှန်း သူ သိလိုက်ကတစ်က ယုံပင် မယုံနိုင်။ သေချာအောင်စောင့်လိုက်ပြီးမှ အားရှိပါးရှိ ခေါ်ပစ်လိုက်တာဖြစ်၏။

မြတ် မျက်လုံးလေးပြူးလျက် ကော်ဖီတစ်ဝက်ကျနေသော ပန်းကန် ငွပ်ခနဲ လွတ်ကျသွားတာကိုလည်း အားနာရမှန်းမသိ။ ကိတ်ခြောက်ကို အရသာခံဝါးရင်း မျက်လုံးတို့ကိုပါ အစာကျွေးနေမိ၏။

"ခလယ်"

"ဟင်..."

"မင်း ဒီနာမည်ကို မေ့လိုက်ပါ။ နောက်ထပ်မခေါ်ပါနဲ့၊ မြတ် တောင်းပန်ပါတယ်"

စောစောက ဖြုန်းခနဲ ခေါ်သလွှမ်းသွားသည့်အသံမျိုး မရှိတော့ဘဲ မြတ်က တောင်းပန်၏။ ခလယ်လူက နှုတ်ခမ်းပိတ်ဝါးရင်း ပခုံး တစ်ဖက်တွန့်ပြ၏။

"ကျွန်တော်ကလည်း ပြန်မေးချင်တာ၊ မိန်းမဖြတ်လို့ ဘာဖြစ်လို့ မှည့်ထားတာလဲ"

"ဒါက မိဘတွေရဲ့စိတ်ကူးဖြစ်မှာပေါ့ ခလယ်ရယ်၊ မြတ် မသိဘူး၊ မိန်းမလို့ခေါ်တာကြီးကိုတော့ မလုပ်ပါနဲ့"

"မဖြတ်ရယ်၊ မိဘပေးတဲ့ နာမည်ဆိုတာ မပစ်ပယ်ကောင်းဘူးတဲ့၊ မိန်းမလို့ ခေါ်တာ ဘာဖြစ်လို့လဲ၊ ကျွန်တော်က မဖြတ်ကို စော်ကားချင်လို့ မဟုတ်ဘူး"





ထိုစကားအရောက်မှာ ခလယ်လူ၏ သံစဉ်တွေကော တေးသွားတွေပါ လုံးဝပြောင်းလဲသွား၏။ သူသည် စားပွဲကို ရင်ဘတ်နှင့် ထိကပ်၍ မြတ်ကို စေ့စေ့ကြည့်ကာ...

"အဲလိုခေါ်ရတာကို ရင်ခုန်တယ်"

"အို...."

"မဖြတ်ကို ကျွန်တော်....."

"ဟင့်အင်း...ဟင့်အင်း.."

မြတ် စားပွဲကနေထွက်သွားဖို့ ပြင်တော့ ခလယ်လူက ဖျတ်ခနဲ ပိတ်ရပ်၍...

"မဖြတ်၊ ခဏလေးပြန်ထိုင်ပါ။ ကျွန်တော် မဖြတ်ကို အေးအေးဆေးဆေး ပြောချင်တာ၊ ခွင့်တောင်းတဲ့သူကို မဖြတ် ခွင့်ပြုသင့်ပါတယ်၊ ကျွန်တော် မရိုင်းချင်ဘူး"

ခြိမ်းခြောက်သံနှင့် တူနေသော်လည်း မြတ် တကယ်စိုးရိမ်ထိတ်လန့်ကာ မျက်နှာငယ်လေးနှင့် ပြန်ထိုင်လိုက်မိသည်။ ခလယ်လူ၏ ပုံစံကို မြတ် ကြောက်လာခဲ့၏။

အထဲကို လှည့်ဝင်လိုက်ဖို့ ခြေလှမ်းပြင်နေသည့် နေမင်း နောက်ပြန်ဆုတ်သည်။ ဒါက ဆွေးနွေးကြတော့မယ့်အပိုင်းဆိုရင် သူ ဝင်မပါသင့်။ ပြီးတော့ မဖြတ်နဲ့ခလယ်လူ၏ ဆက်ဆံရေးက တစ်ခုခု ကွဲပြားဖို့ကောင်းနေတာလည်း ကြာပါပြီ။ နေမင်း အခန်းရှေ့ကနေ ထွက်ခဲ့သည်။

မြတ်ကိုသာ စူးစိုက်ကြည့်နေသော ခလယ်လူကတော့ ရှေ့နောက်ဝဲယာ ဘယ်ကိုမှ ဂရုမစိုက်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မမြတ်ကို ကျွန်တော် ချစ်တယ်"

"မဟုတ်တာ..."

မြတ်က ခေါင်းခါ၍ သူ့မျက်နှာကို စိတ်ပျက်စွာ ကြည့်နေခဲ့၏။ အချစ်နဲ့ပတ်သက်၍ သူမရင်ထဲမှာ ဘာမှရှိမနေတာကို ဘယ်လို ပြောရမှန်းမသိ။ ခလယ်လူ ပြောနေတာကို သူမ မကြားချင်သည်က ရိုးသားစွာ ဆက်ဆံရင်းနှီးခဲ့ကြတာလေးတွေကို နှမြောမိ၍ပါ။

ခလယ်လူကတော့ သူ ပြောချင်တာ ပြောဖြစ်ဖို့ကအဓိက။

"ကျွန်တော်က လူတော်လူကောင်းတော့ ဟုတ်ချင်မှဟုတ်မယ် ရည်းစားများတဲ့ကောင်ကို လူပွေလို့ခေါ်ရင် ကျွန်တော်က လူပွေပဲ ဖြစ်မှာ၊ ဒါပေမယ့် ရည်းစားဘယ်လောက်များများ အိမ်ထောင် ဖက်တစ်ယောက်ပဲ ရွေးလို့ရမယ်၊ မမြတ်ကို ကျွန်တော် လက်ထပ် ချင်တယ်"

သူ ခဏစောင့်လိုက်သေးသည်။ မြတ်က မျက်နှာလေးညှို လျက် ဖွဖွလေးလက်ပိုက်၍ ငြိမ်နေသည်။

"ရည်းစားထားတိုင်း ရင်ခုန်လို့မရဘူးဆိုရင် မမြတ် နားလည် ပါ့မလား မသိဘူး၊ ကျွန်တော်ကတော့ မမြတ်ကို ရင်းနှီးထိတွေ့လိုက် ရချိန်မှာ ရင်ခုန်သလိုမျိုး ဘယ်မိန်းမနဲ့မှ မခံစားခဲ့ဖူးဘူး"

"တော်ပါတော့ ခလယ်၊ မြတ်ကို နည်းနည်းတော့ အားနာပါ။ အဲဒါတွေကို စိတ်မဝင်စားဘူး၊ ဟိုတုန်းကကော၊ အခုကောပဲ၊ နောက် လည်း မလွမ်းလောက်ဘူးဆိုတာ သေချာတယ်၊ မြတ်ရဲ့ ဘဝကလေ"

"အဲဒါ ကျွန်တော် သိတယ်၊ မမြတ် ဖြတ်သန်းခဲ့ရတဲ့ ဘဝကိုလဲ နားလည်တယ်။ မမြတ် ယုံကြည်အားကိုးထိုက်တဲ့ ယောကျ်ားဖြစ်ခေ





ရမယ်ဆိုရင် လက်ခံမလား"

မြတ်၏ပါးပြင်လေး ရဲခနဲ အရောင်ရင့်၏။ ရှက်သွားတာက ရင်ခုန်သံကြောင့်မဟုတ်ဘဲ ရင့်သီးလာသော စကားလုံးများကြောင့် ဖြစ်၏။

"ကျွန်တော့်မှာ ရင်းနှီးဖို့ငွေ အပြည့်ရှိတယ်၊ မိဘမျိုးရိုးဂုဏ် မနိမ့်ဘူး၊ မမြတ်ကို တင့်တယ်အောင်ထားနိုင်ပါတယ်"

"ခလယ်..."

"ပြောပါ၊ မမြတ်ကို ကျွန်တော်က ချစ်နေရင်ပြီ၊ ကျွန်တော့် ကို ပြန်ချစ်ချစ် မချစ်ချစ် ပြောပြတာနော်၊ ရင်မခုန်တတ်တာတွေ၊ မချစ်တတ်တာတွေ ရှုတ်ပြနေမှာစိုးလို့၊ ရည်းစားတွေထားခဲ့ပေမယ့် ကျွန်တော်က အချစ်ကိုတော့ သိပ်စိတ်မဝင်စားဘူး၊ မိန်းမတစ် ယောက်ကို နောက်ပြောင်ပျော်ရွှင်ချင်တာသက်သက်ထက်ပိုပြီး လိုချင်တပ်မက်လာတာကို အကြာကြီး မျိုသိပ်မနေနိုင်တာ၊ ကျွန်တော် လိုချင်တာရရင် ပြီးတာပဲ၊ နောက်ပြီးတော့ မမြတ်မှာ နောက်ပိုင်းက ပူပင်ကြောင့်ကျမယ့် အုပ်ထိန်းသူမရှိဘူးဆိုတာ ကျွန်တော် သိတယ်၊ ကျွန်တော့်ကို ရွေးလိုက်လို့ မမြတ် မမှားနိုင်ပါဘူး"

မြတ် နှုတ်ခမ်းလေးကို ဖိကိုက်ထားမိသည်။ သူလိုယောကျ်ား ရှာမှရှား ဆိုသည့်သဘောနှင့် မြတ်၏ဘဝကိုတော့ သာသာထိုးထိုး လေး ဖိနှိပ်ပြောနေသော ခလယ်။ မြတ်၏ နီထွေးစိုအိသော နှုတ်ခမ်း သားလေးတွေကို ရိုင်းစိုင်းစွာ စိုက်ကြည့်နေ၏။ နုမွတ်ဝင်း စက်နေ သည့် နားသံယ်ဆံစမှ လည်တိုင်ကျော့လေးတွေဆီမှာ မျက်လုံးအရှုံက



www.burmeseclassic.com

www.burmeseclassic.com



စူးစူးရဲရဲ ပြေးလွှားနေသည်။

မိန်းမတစ်ယောက်ကို မြတ်နိုးစုံမက်၍ လက်ထပ်ခွင့်တောင်းနေသည်နှင့် မတူ။ ဘာနဲ့တူနေသလဲ မြတ် ကောက်ချက်ချဖို့လည်း မတတ်ပါ။ နေရာမှ တဖြည်းဖြည်း ထရပ်လိုက်ရင်း သူ့ကို နားလည်စွာ ပြန်ကြည့်မိ၏။ မြတ် နားလည်သွားသည်။

ဘယ်လိုနားလည်လိုက်တာမှန်း မပြောပြတတ်သော်လည်း မြတ်လိုချင်သည့် ဖြူစင်သည့်ရင်းနှီးမှုမျိုး ဘယ်လိုမှ မလာနိုင်တော့ဘူးဆိုတာကို သေချာနားလည်လိုက်၏။ မရိုးသားပါဘူးလို့ တရားဝင်ကြေညာလိုက်သူကို ရိုးသားနေသည့်စိတ်က ဘယ်လိုတုံ့ပြန်မလဲ။

"မြတ်၊ ကျွန်တော့်ကို ဖြေခဲ့မှဖြစ်မယ်၊ မြတ်ရဲ့အဖြေကိုရရင် ကျွန်တော် ဒီကသွားမှာ၊ မြတ်ကိုပါ ခေါ်သွားမယ်၊ အရင်လက်ထပ်ပြီးမှ လူကြီးစုံရာနဲ့ ပြန်အပ်မယ်"

သေချာလှချည့်လား။ ဒါဟာ မြတ်ရဲ့ မရေရာခဲ့သောဘဝကို နင်းပစ်လိုက်ခြင်းသာ။

"ခလယ်၊ မင်းကို မြတ်က ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးဘူး"

ထိုစကားကို မြတ် တစ်လုံးချင်းပြောခဲ့နိုင်သည်။ အားနာတတ်သည့်စိတ်ဟာ သတ္တိမရှိတာတော့ မဟုတ်ဘူးဆိုတာ သိစေချင်သည်။

မျက်နှာချင်းဆိုင်ရပ်နေကြရင်း အဓိပ္ပာယ်တစ်မျိုးစီနှင့် ငေးစိုက်ကြည့်နေမိကြ၏။ ခလယ်လူက ဖျတ်ခနဲ နေရာရွှေ့ကာ မြတ်၏ဘေးကို ရောက်သွားသည်။ မြတ်က နောက်ကိုခြေတစ်လှမ်းဆုတ်၍....

"မြတ်ကို မထိပါနဲ့"





ထိတ်ထိတ်လန့်လန့်လေး တားဆီးရှာသည်။ ထိုစဉ် ဂိုးဇက်က ချောင်းဟန့်သံပေး၍ အထဲဝင်လာသဖြင့် ခလယ်လူက မကြည့် မလင်လှည့်ကြည့်သည်။ ထိုအခါ မြတ် ချက်ချင်း ရှောင်ထွက်သွားလေသည်။

ခလယ်လူ၏ ဒေါသက မိုးဇက်ဆီမှာ....

"မင်းက ဘာလဲ မိုးဇက်"

မိုးဇက်က ရယ်ကျဲကျဲကြည့်ပြီးမှ ခုံမှာ ဝင်ထိုင်လိုက်သည်။

"မင်းကလဲ၊ မိန်းကလေးတစ်ယောက်ကို အဲဒီလို ဖွတ်ပြောဖွတ်ယူလို့ မရဘူးဆိုတာ နားလည်ဖို့ကောင်းတာပေါ့၊ အချစ်နဲ့ စိမ်းသက်နေဝဲ့ လူရိုင်းလိုပဲ၊ မမြတ်နဲ့ကျမှ ဘာဖြစ်တာလဲ"

ဟု မေးရင်း လက်ဖက်ရည်ဖျော်ပြီးသားကို ပန်းကန်ထဲငှဲ့ထည့်၏။ ခလယ်လူက ပွယောင်းယောင်းဘောင်းဘီရှည်ကြီးကို နှစ်ဖက်မ၍ ဆောင့်ခနဲ ပြန်ထိုင်သည်။

"မသိဘူး၊ ငါ သူ့ကိုရမှဖြစ်မှာ"

"မင်းပဲ မရူးဘူးဆို၊ တော်ကြာ အရူးဖြစ်သွားမယ်"

"မိုးဇက်၊ ငါ့ကို ဖဲ့နေတာလား"

"ဖဲ့စရာလားကွ၊ သူငယ်ချင်းအရင်းကြီး"

ခလယ်လူက မကျေမနပ် ကြည့်လိုက်ပြီးမှ....

"ဘယ်တုန်းက ဘယ်လိုစွဲလမ်းသွားမှန်း မသိဘူး၊ အိစက်နူးညံ့လွန်းပြီး နွေးနေတဲ့သူ့ကိုယ်လေးကို ခဏခဏ သတိရနေတယ်၊ ထိကိုင်မိတိုင်း ထိတ်ထိတ်လန့်လန့် ရုန်းတတ်တာလေးကိုပဲ ရင်ခုန်သွားတာ၊ သူများတွေတော့ မသိဘူး ငါက သူမကျေနပ်တာကို ဖွတ်သိုင်းလုပ်ဖို့ စိတ်ကူးကြည့်ရင်းကိုပဲ ပျော်နေတာ၊ အခုကကတော့ သဘော



www.burmeseclassic.com

www.burmeseclassic.com



တူနားလည်ဖို့ထက် ပိုင်ဆိုင်နိုင်ဖို့ပါပဲ"

"ဖွတ်ပါလား။ မမြတ်က မင်းကို ဘယ်လိုမှ စိတ်ဝင်စားမှာ မဟုတ်ဘူး၊ အဲဒါ ငါသိတယ်၊ ပြီးတော့ မိန်းမဆိုတာ ကြည်ဖြူလိုက် လျောတာကိုပဲ ကြိုက်တာ၊ ဖွတ်တရွတ်အနိုင်ယူတာကို မကြိုက်ဘူး။ မင်းက...."

"သူများက သူများ၊ ငါက ငါပဲ၊ မမြတ်က တစ်ကောင်ကြွက်ပါ"

"သူက ပညာတတ်"

"ဘာလုပ်ရမှာလဲ သူလခ၊ ငါ့တစ်ရက်ဖြုန်းပဲ ရှိတယ်"

"မင်းထက် စေညွှန်းက အလိုလိုက်ပုံရတယ်၊ ငါးစာချတာလား။ ပိုက်ကွန်လားတော့ မသိဘူး"

မိုးဇက်က သောက်ရင်းစားရင်း မပြတ်တမ်းပြောနေသည်။ ခလယ်လူမျက်နှာမှာ ရဲသွားလိုက်၊ တင်းသွားလိုက်။

"စိတ်တော့မဆိုးနဲ့ ခလယ်၊ စေညွှန်းက မင်းလိုမဟုတ်တာတော့ သေချာတယ်"

"ဘာလဲ"

"ပညာသုံးနေတာလား၊ တကယ်လား မသိဘူး၊ အပြောအဆို တတ်တယ်ကွ၊ ပြီးတော့ မင်းထက်ချမ်းသာတယ်၊ မပြည့်စုံတဲ့ မိန်းကလေးက သာလွန်ကောင်းမွန်တာကိုပဲ ရွေးမှာပေါ့"

"မရွေးရဘူး၊ ငါက ရအောင်ယူမှာ၊ ဘယ်လိုနည်းပဲသုံးသုံး၊ ငါ့ကို ပြဿနာရှာမယ့်သူကိုပါအရင်....၊ သူ့ဘက်မှာ ဘာအင်အားမှ မရှိတာ ငါသိတယ်"

ခလယ်လူက ဆုံးဖြတ်ပြီးသား။ အချစ်နဲ့စစ်မှာ မတရားတာ မရှိ။





အခန်း (၂၃)

နေမင်းကို ခွင့်တောင်းပြီး ဖုန်းဆက်တာပေမယ့် စေညွှန်းအခန်းထဲမှာမို့ စိတ်က သိပ်မလုံချင်။ အခန်းတံခါးဖွင့်ထားခဲ့ကာ နေမင်းက အပြင်ထွက်သွားသည်။

"မောင်လားဟင်.."

"..................."

"မောင်ရယ်၊ ဆက်ချင်တာပေါ့၊ အလုပ်က မရောက်သေးလို့ အစစအရာရာ အဆင်မပြေတာလေးတွေ ရှိနေတယ်၊ ပြီးတော့ ဒီမှာလဲ ဖုန်းရတာ မကြာသေးဘူး၊ ကိုယ့်အိမ်ရာမဟုတ်တော့ နေထိုင်ရတာ ဆင်ခြင်ရတာပေါ့"

"..............."

"ဘယ်လိုပြောလိုက်တာလဲ မောင်ရယ်၊ တကယ်ပဲ၊ လွမ်းတာဆွေးတာ ပြောစမ်းပါ၊ လူကို ရန်လုပ်နေတာနဲ့ပဲ"

"........................."

"အင်းပါ၊ ကဲ ကြိုက်သလောက်သာ ပြောတော့"

"..........................."

"ချစ်လဲ ချစ်တယ်၊ ခင်လဲ ခင်တယ်၊ လုံးဝ တခြားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးဘူး၊ တကယ်ပါ"

"..................."

"အင်းပါ၊ ကြိုးစားပါ့မယ်၊ အင်း...သူများအခန်းထဲ ဝင်ဆက်ရတာ ကြာကြာမနေချင်လို့ နော်၊ ညကျမှ ပြန်ဆက်မယ်၊ မောင်က မခေါ်နဲ့လေ၊ သူများဖုန်းက ထမြည်မှာပေါ့၊ မြတ်ပဲ တစ်နေရာက ပြန်ဆက်မယ်၊ အင်း..ဒါပဲ၊ ဩော်...ကဲ နောက်မှ ပြောစမ်းပါ"

ဖုန်းချပြီး မြတ် ဒီဘက်လှည့်လိုက်တော့ စေညွန်း။ တံခါးဘောင်တစ်ဖက်ကိုကိုင်၍ မတ်တပ်ရပ်ကြည့်နေသည်။ စေညွန်းမျက်လုံးတွေက ဖုန်းနှင့် မြတ်၏မျက်နှာပေါ်မှာ ဝေ့ဝဲလျက်။

"ဆက်ပါ၊ ကျွန်တော့်ဖုန်းကို မဆက်ရဲစရာ မရှိဘူး၊ ဖုန်းနံပါတ်ပေးလို့ ရပါတယ်"

"ဩော် ရပါတယ်၊ မြတ်လေ ပြောစရာလေးရှိလို့ နေမင်းကို ပြောပြီး..."

အားနာသည့်အပြုံးနှင့် နှုတ်ခမ်းလေးကိုကြည့်၍ စေညွန်းက မချိတရိပြုံးလိုက်သည်။

"အခန်းထဲမှာ ထားတာက အိမ်မှာလူများလို့ နောင် ပြဿနာ မရှုပ်ရအောင် ရှင်းထားချင်တဲ့သဘောနဲ့ပါ၊ မြတ်က မိန်းကလေးပဲ၊ လမ်းဘေးမှာ ဖုန်းဆက်တာ မကောင်းဘူး၊ ဒီဖုန်းနံပါတ် ပေးလိုက်ပါ၊ ဒီကပဲဆက်ပေါ့၊ ကျွန်တော်ရှိရှိ မရှိရှိ နေမင်းကို လှမ်းမှာထားမယ်၊ ဘယ်သူမှမရှိလဲ ဝင်ဆက်၊ အထူးသဖြင့် ကိုယ့်ချစ်သူနဲ့စကားပြောတာ အေးချမ်းလုံခြုံတဲ့နေရာပဲ ကောင်းတာပေါ့"

"ဟုတ်တယ်၊ မြတ်...ဟင်....ဘာ...."





မြတ် အမှတ်တမဲ့ ခေါင်းညိတ်လိုက်ပြီးမှ အလန့်တကြား ပြန်မော့သည်။ စေညွန်းက လှည့်ထွက်သွားပြီဖြစ်ရာ...

"စေညွန်း..."

မြတ် ခေါ်လိုက်တော့ ခြေလှမ်းရပ်ပြီး ပြန်ကြည့်သည်။ မြတ်က စေညွန်းအနားကိုတိုးကာ ထွက်သွားလိုက်ပြီး....

"စေညွန်း ဘာပြောလိုက်တာလဲဟင်၊ စောစောက စေညွန်း စကားထဲမှာ ချစ်သူဆိုတာ ပါသွားသလားလို့"

စေညွန်းက မပြောချင်တော့သည့်မျက်နှာနှင့် မြတ်ကို မျက်မှောင်ကုတ်၍ ပြန်ကြည့်၏။ ထပ်ကြားချင်တာလား၊ ထပ်ကြားချင်တာလား။ မျက်ဝန်းများနဲ့ပဲ မေးလိုက်ပြီး ခပ်ယဲ့ယဲ့ပြုံး၍....

"ဆောရီး၊ သူများကိုယ်ရေးကိုယ်တာကိစ္စကို ကျွန်တော် နားထောင်လိုက်မိသလို ဖြစ်သွားတယ်၊ တကယ်တော့ ဒီလိုကိစ္စမျိုး ပြောနေမယ် မထင်တာနဲ့ အမှတ်တမဲ့ ရပ်နေလိုက်မိတာပါ"

"မဟုတ်ဘူး၊ မြတ်က နည်းနည်းကောက်ကွေ့သွားရင် မတွေးတတ်လို့ပါ၊ စေညွန်း ဘယ်လိုပြောလိုက်တာလဲ၊ မြတ်ကို ချစ်သူနဲ့ စကားပြောနေတယ်လို့ ထင်တာလား ဟင်"

စေညွန်းက နှုတ်ခမ်းတွေကို စေ့ပိတ်၍ မဖြေဘဲကြည့်နေ၏။ ဒါပဲ ဟုထင်သော်လည်း စေညွန်းက 'ဟုတ်တယ်' လို့ မဖြေသေးသမျှ မြတ် ကလည်း မယုံနိုင်။ ငါ ဘာပြောလိုက်လို့လဲ ဆိုတာပဲ အထပ်ထပ် ပြန်စဉ်းစားကြည့်မိသည်။

အဖြေက ထွက်မလာ။ တစ်သက်လုံး မှဲ့တစ်ပေါက်မစွန်း အောင် ထိန်းသိမ်းလာခဲ့သည့် သိက္ခာတရားကို ဒီလိုထင်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါ။ ဒါပေမယ့် ဖြေရှင်းပြဖို့ကို စေညွန်းက 'ဟုတ်တယ်' 'မဟုတ်ဘူး' ဘာမှမဖြေ။ မြတ်၏ မျက်ဝန်းလေးတွေကို အကြာကြီး ငုံ့မိုးကြည့်နေပြီးမှ...

"ကျွန်တော် ထင်တာ မှားသွားလို့လား"

"ထင်တာကို ပြန်ပြောစမ်းပါ။ မြတ်က တကယ်ပဲ 'အ' ပါတယ်။ 'အ' တယ်လို့သဘောထားပြီးတော့ ထပ်ပြောလိုက်ပါ စေညွန်း"

စေညွန်း မျက်မှောင်ကုတ်ထားသည့် မျက်ခုံးတို့က အနည်းငယ် ပြေကျသွားခဲ့ပြီ။

"မောင်ဆို မမြတ်ရဲ့ချစ်သူ မဟုတ်ဘူးလား"

"မောင်...."

မြတ် လိုက်ရှုတ်ကြည့်ပြီး မျက်ခုံးလေးနှစ်ဖက် ချက်ချင်းပဲ မြင့်တက်သွား၏။ မျက်နှာလုံးသေးသေးလေးနှင့် အလွန်ချစ်စရာ ကောင်းသောမိုးမိုးမြင့်မောင်ကို ကွက်ခနဲ မြင်ယောင်သွားသည်။ ချစ်ကြလွန်းလို့ ဟိုတုန်းကတည်းက အမြဲတမ်း သူ့ကို မြတ်ခေါ်ခဲ့တာ က 'မောင်' တစ်လုံးတည်း။

"စေညွန်းရယ်"

မြတ်က မျက်လွှာလေးပင့်၍ ပေါ့ပါးပွင့်လင်းစွာ ရယ်လိုက် တော့ စေညွန်းက ဘာမှမမေးသေးဘဲ ရပ်ကြည့်နေသည်။

"မောင်ဆိုတာက မိုးမိုးမြင့်မောင် တဲ့၊ မြတ်နဲ့အတူတူ ဆရာဝန်ဖြစ်ကြတဲ့ သူငယ်ချင်း။ သူက အခုထိ မန္တလေးဆေးရုံမှာပဲလေ၊ သူ့ကို အမျှားဆွတ်ပြီး မြတ်က မောင်လို့ပဲ ခေါ်ခဲ့တာ"

"ဟင်..."





စေညွန်း ဟင်ခနဲ ဖြစ်ကာ တစ်ဆက်တည်းမှာ မျက်လွှာချပစ်ပြီး ရယ်၏။ နှစ်ယောက်သား ရယ်ဖြစ်ကြရင်း ပြန်မော့လိုက်ကြတော့ မျက်လုံးချင်းဆုံသည်။

"တော်သေးတာပေါ့ မမြတ်ရယ်"

စေညွန်း ခပ်တိုးတိုးပြောတာကို ကြားလိုက်ပေမယ့် မြတ် နားရှုပ်သွားသည်။

"ဘာဖြစ်လို့လဲဟင်"

"ဩော်၊ တော်သေးတာပေါ့လို့၊ အဟွန်း၊ ဒီ့ထက်ပြောမှားဆိုမှားတွေ ဖြစ်မကုန်တာကို ပြောတာ"

"အဟွန်း၊ စေညွန်းကလဲ၊ မြတ်က သည်းမခံတတ်တဲ့လူ ကျနေတာပဲ"

"ဒါနဲ့ ဘာဖြစ်လို့ ပြူးပြူးပြဲပြဲ လိုက်မေးလဲ"

မြတ်က ရယ်လိုက်ပြီး လျှောက်ထွက်သွား၏။ စေညွန်းက ဘေးမှာ အတူပါလာသည်။

"အဲဒါ သည်းမခံချင်လို့မှ မဟုတ်တာ၊ ချစ်သူမထားဘဲနဲ့ ထင်သွားရင်တော့ ရှက်တာပေါ့"

"မမြတ်ရယ်၊ မမြတ်မှာ ပညာစုံအရွယ်ရောက်နေပြီပဲဟာ၊ လက်ထပ်မယ်ဆိုရင်တောင် ဘယ်သူက ဘာပြောမှာလဲ"

"မြတ်က အဲဒီလိုမတွေးဘူး၊ ကိုယ့်ဘဝကို သူများအားမကိုးဘဲ ရပ်တည်ချင်တာ၊ အဲဒီလိုမာနမျိုးနဲ့ လောဘမကြီးတက်ဖို့လဲ ဘဝကပဲ သင်ပေးခဲ့တာပါ။ မြတ် ကြိုးစားသလောက်ပဲ ရချင်တယ်၊ မရနိုင်တာကိုတော့ ဘယ်တော့မှ မတမ်းတဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းရောက်လာကြတော့ မထိုင်ဖြစ်ကြဘဲ မျက်နှာချင်း ဆိုင်ရပ်နေမိကြသည်။ စေညွန့်းက စကားပြတ်သွားမည်စိုး၍...

"မရနိုင်တာဆိုတာ ဘယ်လိုဟာမျိုးလဲ၊ တစ်ခုခု ဥပမာ ပြော ပြပါလား"

"အဲ...ဟို..."

မြတ်က စဉ်းစားသလိုလေးလုပ်ရင်း မျက်တောင်လေးတွေ တစ်ချက်ခုစ်ချက် ခတ်သည်။ ပြီးတော့ သူ့မျက်နှာကိုကြည့်၍ စိတ်က မျက်နှာဆီမှာ ရှိနေပုံမပေါ်။

"အဲဒါ ဘယ်လိုပြောရမလဲ၊ ဟိုလေ၊ ငယ်ငယ်တုန်းကဆို သူများ လက်ထဲက ကစားစရာလေးတွေကို လိုချင်ရင် လက်ညှိုးထိုးတာနဲ့ ရတယ်၊ အဲ..အရွယ်ရောက်လာတော့ သူများ လှလှပပဝတ်သလို ကိုယ်ဝတ်ချင်တယ်၊ မရတော့ဘူး။ သူများတွေ ရေမိုးချိုးပြီးမှ ထမင်း စားကြတယ်၊ ပြီးတော့ အနားယူကြ၊ အချိုတည်းကြ၊ မြတ်ကျတော့ စားသောက်ဖို့ ချက်ပြုတ်ရတယ်၊ ဆာပေမယ့် ဆာတဲ့အချိန် စား ဖြစ်တာ သိပ်မရှိဘူး၊ ဗိုက်ပြည့်လို့ နားဖို့လဲ သတိမရဘူး၊ ဒါပေမယ့် မြတ် ဝမ်းမနည်းဘူး။ သူ့ဘဝ ကိုယ့်ဘဝ အခြေအနေကွာ ဟမှုတွေကို လက်ခံနိုင်အောင် ကြိုးစားခဲ့တယ်၊ နောက်ကို ပြန်မ ကြည့်တတ် အောင် ကြိုးစားပြီး ပညာသည်သာ ကိုးကွယ်ရာဆိုတဲ့ စိတ်ဓာတ်နဲ့ပဲ နေလာခဲ့တယ်လေ၊ အဲဒါကြောင့်ထင်တယ် သိလား"

ပြောနေရင်း မြတ်က ရယ်လိုက်သေးသည်။ ကြမ်းပြင်မှာ ခြေဖျားလေးတစ်ဖက်နှင့် ရုပ်တိုက်ဆော့နေပြီးမှ...

"ဥပေက္ခာထားလိုက်တာတွေများလွန်းပြီး သတိမေ့တတ်သွား





တာတော့ ဘာမှလုပ်မရတော့ဘူး"

ပြောပြီးရယ်နေတာလေးကို စေညွန့်းက ငေးကြည့်နေသည်။ မြတ်သည် အလွန်အေးချမ်းသည့် မိန်းကလေးမှန်း ကြာလေသိလာ ရလေ။ ဘဝကို အရိုးတိုင်းရင်ဆိုင်ရဲသလို ပြောရဲသူလည်း ဖြစ်သည်။ ထို့နောက်.....

"မြတ် ပြောနေတာတွေ စေညွန့်း နားလည်ရဲ့လားမသိဘူး"

"အင်း..."

သူ ခေါင်းညိတ်လိုက်တော့လည်း အားနာသလိုလေး ပြုံး၍...

"ဟုတ်မှာပါ၊ မြတ်က ကိုယ့်လိုပဲထင်ပြီး မေးနေတာ"

"မမြတ်က ဘာဖြစ်လို့လဲ"

"မသိဘူးလေ၊ သိပ် 'အ' တာပဲလို့တော့ ပြောတယ်"

"ဘယ်သူကလဲ"

"မောင်က"

စေညွန့်းက ပြုံးလိုက်ပြီး.....

"သူ မမြင်တတ်လို့ပါ။ ကျွန်တော်ကတော့ အဲဒီလို အဖြူရောင် နှလုံးသားလေးကိုပဲ မြတ်နိုးတာ"

"ဟင်...."

"သြော်၊ လူတိုင်းမြတ်နိုးစရာ ကောင်းကြတာမှမဟုတ်တာ မြတ်ရဲ့၊ ကျွန်တော်က ရိုးရိုးပဲ ပြောတာပါ"

"အဟွန်း"

မြတ်က မအီမလည်လေးပြုံး၍ ငြိမ်သက်သွားရှာတာကို မျက် တောင်တွေ မေးစင်းကြည့်ကာ စေညွန့်းက မသိမသာပြုံးသည်။ ရိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



ပဲဆိုသည့် တစ်ခွန်းနှင့် ဘာပြောပြောနားလည်ပေးရှာသော မြတ်ကို မြတ်နိုးရင်း၊ စိုးရိမ်ရင်းနဲ့ပဲ....။

ခင်ဗျား နေရာတကာအဲဒီလိုပဲ ခွင့်လွှတ်နေ သိလား၊ ရတနာလေးလို ကတ္တီပါစလေးနဲ့ထုပ်ပြီး မီးခံသေတ္တာထဲ ပစ်ထည့်ထားလိုက်ရင် လွန်ဦးမယ်။ ပန်းလေးနှစ်ဖက်ကို ဆောင့်ခါပြီး ကရုဏာဒေါသနှင့် အော်ဟစ်ဆူငေါက်ပစ်လိုက်ချင်သည်။

"မမြတ်"

"ဟင်"

"မိန်းမမြတ်ဆိုတဲ့ နာမည်ကို မကြိုက်ဘူးလား"

"ဟင် အဲဒါ စေညွှန်း သိတယ်"

စေညွှန်းက ခေါင်းညိတ်လိုက်ပြီး မြတ်လက်ကလေးကိုဆွဲ၍ ဆိုဖာတွေဆီ ခေါ်လာသည်။ မြတ်သည် ထိကိုင်တာကိုမကြိုက်ပေမယ့် စေညွှန်းနဲ့ဆို များသောအားဖြင့် သူမနှုတ်က ငြင်းပယ်တားဆီးဖို့ မေ့တတ်ခဲ့၏။

ခလယ်လူ ဖွတ်တရွတ်လုပ်တတ်တာကို ကြံဖန်မျိုသိပ်၍ ခွင့်လွှတ်ပေးလိုက်ရတာတောင် ရင်ထဲမှာ ရှက်ခြင်း၊ တမြေ့မြေ့တွေး၍ ယူကျုံးမရခြင်းများနှင့် ငိုခဲ့သလောက် စေညွှန်းအပေါ်မှာ ဤသို့အမြင်မျိုး ဖြစ်မကျန်ခဲ့တာ ထူးတော့ထူးဆန်းပါသည်။

ရိသဲ့သဲ့ မထီမဲ့မြင်မပြုံးတတ်သော၊ "ကျွန်တော်က ရိုးရိုးလေးပြောတာ" ဟု အရင်ခံပြီးမှ ပြောတတ်သော စေညွှန်းကို မြတ် တကယ်ခင်၍ဖြစ်လိမ့်မည်။

"ထိုင်ရအောင်"





မြတ်ကို ထိုင်ခိုင်းပြီး သူလည်းထိုင်ချလိုက်သဖြင့် အတူတွဲလျက်ကြီး။ မြတ် မနေတတ်မထိုင်တတ်နှင့် ဘေးကိုရွှေ့ဖို့ပြင်တော့ ဘေးမှာက ဆိုဖာလက်တင်။ သူ့ကိုလည်း ဘာမှမပြောဘဲ မြတ် စိတ်ညစ်သွားတာကို စေညွှန်း မသိချင်ယောင်ဆောင်ပစ်လိုက်သည်။ မြတ် တစ်ခုခုပြောမလာမီ သူက အရင်....

"နေမင်း ပြောတာလေ၊ မမြတ်နဲ့ခလယ် ပြောနေတာကို ကြားတာတဲ့"

"အို...."

နှစ်ယောက် ကပ်ထိုင်နေသည့်အဖြစ်ကို မြတ် မေ့သွားသည်။ ခလယ်၏ 'မိန်းမရေ' ဟု ခေါ်သံကိုပြန်ကြားကာ ထိုအသံကို နေမင်းကြားလိုက်ပြီဆိုသည့်အသိကြောင့် တစ်ကိုယ်လုံး ရှိန်းဖိန်းသွား၏။

နေမင်း ဒီအတိုင်းကြီး ပြန်ပြောလိုက်သလား။ မြတ် စေညွှန်းမျက်နှာကို မော့ကြည့်လိုက်တော့ သိပ်မကွာဝေးသည့်အနေအထားမှာ မြတ် ပါးမို့လေးတွေ နီရဲနေတာကို စေညွှန်းက သတိထားမိ၏။

"ကျွန်တော် စိတ်မကောင်းပါဘူး၊ မမြတ် စိတ်ဆင်းရဲမယ့်အလုပ်မျိုး ကျွန်တော် ဘယ်တော့မှမလုပ်ဘူးလို့လဲ ကတိပေးတယ်၊ ခစိုးရိမ်ပါနဲ့"

"ဘာ...ဘာကိုလဲဟင်"

သူ ပြောလေ မြတ် ပိုရှက်လေ။ စေညွှန်းက မြတ်ကို စိုက်ကြည့်ရင်း လက်ပိုက်ထားလိုက်သည်။

"မမြတ်ကို အဲဒီလိုမခေါ်ဘူးလို့ ပြောတာ"

"စေညွှန်းရယ်၊ မြတ်...မြတ် အဲဒါကို ရှက်တာ၊ မိဘပေးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ပေမယ့်"

"မဟုတ်ဘူး၊ မိန်းမဖြတ်ဆိုတာ အရမ်းကို သန့်သန့်ခန့်ခန့် ကျက်သရေရှိတဲ့ နာမည်ပါ၊ တမင်သက်သက် ညစ်ပတ်ပြီးခေါ်တဲ့ လူတစ်ယောက်တစ်လေကြောင့် မိဘမေတ္တာကို စော်ကားမိရင် မကောင်းဘူး၊ အဲဒါကို မေ့လိုက်ပါ"

"မေ့လို့မရဘူး စေညွန်း၊ ဟို...မြတ်လေ"

"ခလယ်ကို ကြောက်နေပြီ" ဟု ရင်ထဲမှာ ဆက်ပြောမိသော်လည်း စေညွန်းနှင့်ခလယ်လူက အဆင်မပြေကြသည်မို့ ပြောလိုက်လျှင် ပိုဆိုးသွားနိုင်သည်။

"ပြောလေ"

"ဟင့်အင်း၊ ဘာမှမဟုတ်တော့ဘူး၊ မြတ် သွားမယ်နော်"

"နေပါဦး"

"အယ်....စေညွန်း"

လက်မောင်းလေးကို ဖိဆွဲထားလိုက်တော့ မြတ် ကိုယ်လေးနဲ့ကျလာသည်။ စေညွန်းက ထိုလက်ဖဝါးလေးကို လက်ဖဝါးချင်းထပ်ဆုပ်လိုက်ကာ..

"မမြတ်၊ ကျွန်တော့်ကို ယုံတယ်မို့လားဟင်"

"အို ဘာဆိုင်လို့လဲ"

"မမြတ်နဲ့ ကျွန်တော် ခုလိုအေးအေးဆေးဆေး စကားပြောခွင့်ရတာ ကြုံတောင့်ကြုံခဲပါ၊ တစ်အိမ်ထဲနေပြီး မမြတ် အရမ်းအလုပ်ရှုပ်နေတာနဲ့ မဆုံဖြစ်ခဲ့ဘူးလေ၊ ထမသွားပါနဲ့ နော်၊ စကားပြောရအောင်"





ဒီလိုဆိုတော့လည်း လက်ကိုဆွဲထားလိုက်တာ ကိုယ်ထသွားမှာစိုးလို့ပဲဟု တွေးလိုက်မိကာ မြတ် စိတ်သက်သာရာရသွားသည်။

"လက်ကို လွှတ်လေ"

လက်ကိုပြန်ရုန်းတော့ ချက်ချင်းလွှတ်မပေးဘဲ ဖျစ်ညှစ်ဆုပ်စစ်လိုက်သည်။ ပြီးမှ လွှတ်၏။ နာကျင်သွားသည့်လက်ဖဝါးကို တစ်ဖက်နှင့်ဆုပ်ပွတ်ရင်း မြတ်က မော့ကြည့်၏။ စေညွန်းမျက်နှာမှာ ရင်းနှီးနူးညံ့သောအပြုံးကို တွေ့ရဖြင့် စိတ်မဆိုးရက်။

ခလယ်လူအပေါ်မှာတော့ မကျေမနပ် မျိုးသိပ်ကြိုးစား၍ ခွင့်လွှတ်ရသည်။ စေညွန်းကို မကျေနပ်စိတ် ဘာမှမဖြစ်။ ထို့နောက် ဖျတ်ခနဲ သတိရလိုက်သည်က စွမ်းညို့။

ကိုစွမ်းကိုတော့ သူမကိုယ်တိုင် စိတ်ဝင်စားရင်ခုန်ခဲ့ဖူးသည့် ညို့ငင်နိုင်စွမ်းသော ယောကျ်ားအဖြစ် ရှောင်သင့်၍ ဆင်ခြင်ခဲ့သည်။ အချစ်ကို မလိုလားသောစိတ်မှာ သူ့အချစ်ကိုလက်မခံချင်သလို ကိုယ်ကချစ်မိမှာလည်း စိုးခဲ့သည်။

ထို့ကြောင့် အချစ်နှင့် ဆင်ဆင်တူသောစကားတို့ကိုတောင် မကြားလိုခဲ့ပါ။ မြတ်ကိုယ်တိုင် စေညွန်းနှင့် ပတ်သက်လာတိုင်း ကြည်ဖြူချင်နေခဲ့သော ကိုယ့်စိတ်ကိုပင် နားမလည်နိုင်ခဲ့။

ဖြ ှန်းသည် သူ့ကိုယ်နှင့်မထိအောင် ဓာပ်ကပ်လေးလက်ပိုက်ထားသည့် မျက်မှန်လေးထဲက မြတ်၏မျက်ခုံးတန်းလေးတွေကို ငုံ့မိုးကြည့်၍ ပြုံးသည်။ ထိုအပြုံးကိုမြင်လျှင် ရှိုးသားပါတယ်လို့ မြတ်ယူဆနိုင်မည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

လက်ဖက်ရည်သောက်ဖို့ ငုတ်တုတ်ထိုင်တုန်း သောက်လည်း မသောက်ဖြစ်။ ထလည်း မထချင်ဘဲ မြတ် ဇောဇောစီးစီး ငိုင်နေမိသည်။

"မြတ်ရေ၊ နှင် ခဏတော့ပြန်ခဲ့ပါဦးဟာ၊ မမကိုမေးတော့ လည်း နှင် အလုပ်တွေရှုပ်နေတာ သူနဲ့မတွေ့ဘူးဆို၊ ဆရာဝန်ဖြစ်ပြီး အိမ်ပိုင်မရှိပေမယ့် လက်ကိုင်ဖုန်းလေးဘာလေးတော့ ထားပါဦး။ ငါတို့မှာ လူကြုံရှိလို့သာ စာပေးရတဲ့အဖြစ်ဟယ်၊ နှင့်အိမ်က လူတွေ ကျွတ်တမ်းဝင်ကုန်ပြီဟ သိလား၊ ပတ်ဝန်းကျင်လူတွေကလည်း နှင့်အတွက်ကြည့်ပြီး သူတို့ကိုဝေဖန်တော့ အခုဘာဖြစ်ကုန်ပြီ လဲ သိလား နှင့်ကို အိမ်တစ်ခြမ်း ဝိုင်းတစ်ခြမ်း ကန့်ပေးမယ်တဲ့၊ အဆက် အသွယ်တွေ ဖြတ်ထားလိုက်တာ သူတို့လဲ ဘယ်လိုက်ရမှန်း မသိ ဖြစ်နေတာ၊ မပြန်ချင်လဲ ငါတို့ကိုတော့ ဆက်သွယ်ပါဟာ၊ မမက ပြောတယ်၊ အဲဒါ သူ့ရဲ့ခံစားချက်၊ သူသဘောတဲ့၊ ငါတို့ပြောခိုင်းတာ ဘာမှ ပြောမပေးဘူး နှင် ခဏတော့ ပြန်လာဟာ၊ ဒါမှမဟုတ်ရင်လဲ ဒီလထဲမှာပဲ မေမေ ရန်ကုန်ဆင်းလာနိုင်တယ်၊ မေမေက နှင့် အတွက် ဒီလိုဖြစ်လာတာကို ဝမ်းသာနေတာ၊ မာနတွေ နည်းနည်း လျှော့ပါဟာ၊ ပညာတတ် ဆိုမေ





မယ့် မိဘကမရှိ၊ အခြေမဲ့အနေမဲ့ ဆိုတာကောင်းမလား၊ တကယ်ဆို နှင်က သူ့ဌေးသမီးပဲ၊ သူများလှည့်ပတ်တာ ခံခဲ့ရတာ၊ ကိုယ်ရသင့် တာကို ပြန်ယူပြီး ရပ်တည်ဖို့ ကြိုးစားစမ်းပါ။ အားလုံးကို ခုချိန်မှာ နှင်ဂရုမစိုက်ပေမယ့် ချစ်သူတွေ့ပြီး လက်ထပ်ဖို့ဖြစ်လာတဲ့အခါ မိဘအသိုင်းအဝိုင်းကြောင့် နှင် ဒုက္ခဖြစ်လိမ့်မယ်၊ သူတို့ကတော့ နှင့်ကို ဆက်သွယ်လို့မရဘူးဆိုပြီး အကြောင်းပြ ကောင်းကောင်းရသွားမှာပဲ၊ အဲဒါကို မေမေတို့က မခံချင်တာ၊ စေတနာ ထားတဲ့လူတွေကို အားနာလို့ပဲဖြစ်ဖြစ်၊ နှင် ပြန်ခဲ့နော်၊ မလိုချင်လဲ ခဏယူဟာ၊ ငါ့မင်္ဂလာဆောင်မှာ အဲဒီခြံကြီးနဲ့ လက်ဖွဲ့"

ဇာခြည်လွင်ရေးလိုက်သော စာရဲ့အောက်က ရယ်သံလေး ထည့် ပေးထားတဲ့ထိ စာကို မြတ် မှတ်မိနေသည်။ မနေ့ညနေကမှ စာကို ကိုစွမ်းကိုယ်တိုင် လာပို့ပေးခဲ့တာဖြစ်၏။ မဆုံဖြစ်အောင် အမျိုးမျိုး လှည့်ပတ်ရှောင်နေခါမှ 'မန္တလေးကလူကြုံ' ဟု ခေါင်းစဉ်တပ်ပြီး ရောက် လာသဖြင့် မြတ် ထွက်တွေ့လိုက်တော့ စွမ်းညို။

"မလွင်က ပေးခိုင်းလိုက်တာ"

မရဲတရဲအပြုံးနှင့် စာကိုလှမ်းပေးသည်။

"မြတ် ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ"

ဟုမေးသည်။

"အဲဒါ ဖြေပါ၊ ဖြေမှ ကိုယ်ပြန်မယ်"

ဟုပြော၍ ကိုစွမ်းအမူအရာတွေက ခပ်နီနီ မာကြောနေ၏။ ဘစ်ညလုံး စာကို ခဏခဏ ပြန်ဖတ်ခဲ့သည်။

ကိုစွမ်းရယ်၊ ခလယ်ရယ်၊ ပြီးတော့ စေညွှန်း။ သုံးယောက်၏



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆင်တူသော စကားသံတွေ မျက်ဝန်းတွေကို တွေးရင်း မြတ် ချာလပတ်ရမ်းနေခဲ့သည်။

ယောကျ်ားတွေ စိတ်ဝင်စားခံရတာကို မြတ် စိတ်ညစ်လာသည်။ ဟိုလူကို ရှောင်ရ၊ ဒီလူကို တွေ့ရနှင့် တစ်နေကုန် မိုးလင်းကမိုးချုပ် ပင်ပန်းခဲ့သည့်အလုပ်က တစ်ဖက်။ မြတ် အိပ်လို့လည်း မရခဲ့ပါ။

စားပွဲမှာ ငုတ်တုတ်ထိုင်၍ စဉ်းစားရင်း ခေါင်းတွေမူးလာသည်။ တစ်အိမ်လုံးမှာ လူစေတက်စေအပြင်ထွက်ရှိန်မို့ ဘာသံမှမကြားရ ဘဲ တိတ်နေပြီး ခါတိုင်းလို တစ်ယောက်တစ်လေ ဝင်လာတာမှ မရှိဘဲ တိတ်ဆိတ်နေခြင်းက စိတ်ကို ချုပ်တီးမှုကင်းမဲ့စေသလို ဖြစ်သွားကာ စားပွဲပေါ်မှာ လက်နှစ်ဖက်ယှက်၍ ပါးနှင့် ကပ်တင်လိုက်မိသည်။

လက်ဖက်ရည်သောက်ချင်စိတ်မဖြစ်ဘဲ ခေါင်းတွေမူးကာ အိပ် ချင်လာပြီး မျက်တောင်များတို့က ပင်ပန်းလာပြီဖြစ်သည့် မျက်လွှာတို့ကို မရမက ပိတ်ချည်းနှိုင်းနေခဲ့သည်။

မြတ် အိပ်ရေးကြီးတတ်သည့်အကျင့်ရှိပါသည်။ ဒါ့ကြောင့် သူများအိမ်မှာ ခဏတဖြုတ်ဝင်နားတတ်သည့်အကျင့်ကို ရှောင် ခဲ့သည်။ ကိုယ့်အိမ်ရာမဟုတ်ဘဲ သူငယ်ချင်းအိမ်မှာဖြစ်ဖြစ်၊ ဘယ်မှာ မဆို မြတ် ဘယ်တော့မှ မအိပ်ခဲ့ပေ။

ခရီးသွား၊ လမ်းသွား အိပ်ငိုက်ခြင်းကို အထူးတလည်သတိထား ၍ ရှောင်ရတာလည်း ဒါ့ကြောင့်ပဲ ဖြစ်၏။ အမြဲတမ်းဆင်ခြင်နိုင်ခဲ့ သူ။ စားပွဲပေါ်မှာ ခေါင်းလေး မှေးတင်လိုက်မိသည်နှင့် မြတ် နှစ်မြိုက်စွာ အိပ်ပျော်သွားခဲ့လေသည်။

ထိုအချိန်မှာ ဝင်လာသူက ခလယ်လူ။ သူ ဒီနေ့ အားလုံးထွက်





သွားတဲ့အထိ အခန်းအောင်းနေခဲ့တာက မြတ်နှင့်နှစ်ယောက်တည်း စကားပြောချင်လို့ဖြစ်သည်။ ကားကို မိုးဇက်ကိုမောင်းယူသွားဖို့လည်း သူပဲ ညွှန်ကြားခဲ့တာမို့ အားလုံးရှင်းသွားသည်နှင့် ဆင်းလာခဲ့တာ ဖြစ်သည်။

ညကတည်းက တနင်္လာဆို မြတ်အလုပ်နားသည်ဆိုတာ သူသိ ထားသည်။ သူ ဒီလို အထွက်မပြဘဲ စေညွှန်းက စိတ်ချလက်ချ ထားခဲ့ မှာ မဟုတ်။ ခုတစ်လောကျမှ မြတ်ကလည်း သိသာစွာ ရှောင်သည်။ စေညွှန်း ဂရုစိုက်နေတာကလည်း သူ့ကို ကျကျနနကြီး စော်ကားနေသ လို ခံရခက်စေ၏။ ဒီနေ့ ဒါကို ရှင်းရမည်။

အစက သူ့စိတ်ထဲမှာ ဗရုတ်ကျချင်သည်မှလွဲ၍ ဘာမှမရှိ။ ကိုယ်တိုင် အလေးအနက်ကြီးဖြစ်လာခဲ့တော့မှ....။

"ဟင်"

ထမင်းစားခန်းထဲဝင်လိုက်သည်နှင့် ခလယ်လူ ခြေလှမ်းတွေ တုံ့သွားသည်။ အနက်ရောင်ထမီအပွင့်နုတ်လေးနှင့် နက်ပြာရောင် ဆွယ်တာလက်ရှည်လေးကို ဝတ်ထားသည့် မြတ်သည် စားပွဲပေါ်မှာ မျက်နှာလေးစောင်းတင်ပြီး အိပ်ပျော်နေခဲ့သည်။ သူ့ခြေလှမ်းတွေ က မယုံနိုင်စွာဘဲ ရှေ့တိုးသွားလိုက်တာ တက်တက်ကြွကြွ။

"ဟား"

မြတ် အိပ်ပျော်နေသည့်မျက်နှာလေးကို သေချာကပ်ကြည့်ပြီး ခါးကိုပြန်မတ်၍ ခြေဖျားနှစ်ဖက် ကြွခနဲ ထောက်ပြီး ကျေနပ်စွာ ခေါင်းမော့ရယ်လိုက်သည်။

မြတ်၏ နားသယ်စပ်ဆံစလေးတွေကို ဖွဖွလေးတို့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်က မလှုပ်။ ပြီးတော့ လက်က ပါးပြင်လေးသို့ မရဲတရဲ တိုးကပ်သွား၏။ ထို့နောက် ထူပြည့်နီမြန်းနေသော နှုတ်ခမ်းသားတွေကို လက်ခုံနှင့် ထိကပ်၏။

"ရယ်ရတယ်ကွာ ခလယ်လူ၊ မင်း ဒီလောက်တောင် ကံကောင်းရသလား"

စိတ်ထဲမှာ အားရပါးရကြိမ်းဝါးကာ မြတ်၏ကိုယ်လုံးလေးကို သိမ်းကျုံးဖွေ့ယူလိုက်သည်။ ခြေလှမ်းတို့က အိပ်ခန်းဆီသို့ အမြန်ဆုံးလှမ်းခဲ့၏။ သို့သော် အခန်းတံခါးကို ပခုံးစောင်းနှင့် တိုက်ဖွင့်လိုက်စဉ်....

"အထဲကိုဝင်လိုက်ရင်တော့ အပြစ်က ပိုကြီးသွားလိမ့်မယ်၊ မင်း နောက်ပြန်ဆုတ်လိုက်ပါ ခလယ်"

"တောက်"

စေညွှန်း ရောက်လာပြီမှန်း သိလိုက်၏။ ခလယ်လူ လှည့်မကြည့်ဘဲ တက်ခေါက်သည်။

"ဟာ....မင်း..."

နောက်မှာ နေမင်း။ နှစ်ယောက်အသံဖြစ်လာမှ ခလယ်လူက မြတ်ကို ပွေ့လျက်နှင့် နောက်ပြန်လှည့်သည်။ မြတ်က သူ့လက်ထဲမှာ ပျော့ပျော့ခွေခွေလေး ရင်ခွင်မှာ ဖေးတင်လျက်။

"မင်း သူ့ကို ချထားခဲ့ပြီး ဒီကနေ ထွက်သွားလိုက်တော့ ခလယ်လူ"

စေညွှန်းက ခလယ် ဟုခေါ်လာခဲ့သမျှ ရှုံ့ရှာသောမျက်နှာနှင့် စိုက်ကြည့်၍ ခလယ်လူဟု ပြတ်သားစွာ ခေါ်သည်။ သူသာ အချိန်မီ





ရောက်မလာခဲ့လျှင် မြတ်၏ဘဝလေးခမျာ...။ လက်မတင်လေးပါလား။ ဒါပေမယ့် ခလယ်လူကလည်း စားရခါနီးမှ ပုတ်ချခံလိုက်ရသည့်အစာတစ်ခုလို မြတ်ကို နှမျောတသသောမျက်ဝန်းတို့နှင့် တစ်ချက်ငုံ့ကြည့်ကာ အံကြိတ်လိုက်၏။

"ယောကျ်ားချင်းပဲ စေညွှန်း၊ မနာလိုမဖြစ်ပါနဲ့၊ ငါက မမြတ်ကို အတည်ယူမှာ၊ ဒါပေမယ့် သူက မချစ်တတ်ဘူးကွ၊ အဲဒါကြောင့် သင်ပေးမလို့"

"ခွေးသူခိုး"

စေညွှန်း ဒေါသမထိန်းနိုင်တော့ဘဲ ခလယ်လူ မြတ်ကိုပွေ့ထားမှန်းသိလျက်နှင့် ပြေးထိုးမိလေသည်။ ခလယ်လူ ဘယ်လိုမှမကာကွယ်နိုင်ပဲ ခပ်ဟဟပွင့်နေသည့် တံခါးရွက်ပေါ်သို့ နောက်ပြန်ကျသွားသည်။ သို့သော် စေညွှန်းက မြန်သည်။ ခလယ်လူလက်ထဲက မြတ်ကို လက်မောင်းတစ်ဖက်ကနေ ဖမ်းဆွဲပစ်လိုက်သည်။

ထိုအခါ စေညွှန်း၊ မြတ်နှင့်ခလယ်လူတို့ သုံးယောက် အားလုံး ဝရုန်းသုန်းကား လဲပြိုကျကြသည်။

"ဟင်...အို"

မြတ် လန့်လန့်ဖျန့်ဖျန့် နိုးလာတော့ သူမသည် စေညွှန်းကျောပြင်ကို သိမ်းကျုံးဖက်ထားလျက်...။

"ဟိုတ်ကောင်၊ မင်းထွက်သွား"

ကုန်းရုန်းထလိုက်သည့် ခလယ်လူကို နေမင်းက ခွပ်ခနဲ ပြေးထိုးတာတွေ့၏။ ဘာတွေဖြစ်ကုန်တာလဲ။ လှမ်းကြည့်လိုက်တော့ အထဲမှာ ခလယ်လူ၏အိပ်ခန်း...။ အားလုံးက အိပ်ခန်းတံခါးဝမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား..ဘုရား။ မြတ်ခေါင်းထဲမှာ အုန်းခဲ ထကွဲသွား၏။ အဲဒီလို မဖြစ်ပါစေနဲ့။

"မင်းရဲ့ယုတ်မာမှုကို ငါ ဖော်ထုတ်ရမလား၊ ဒီကနေ အေးဆေး ထွက်သွားမလား။ ဒါပဲ မင်းစဉ်းစား"

မြတ် နားလည်သွားသည်။ ရှက်၍ ချောက်ချားလျက် စေ့ညွှန်းရင်ခွင်ထဲမှာ မျက်နှာလေးမှောက်ချပြီး ငိုပစ်လိုက်မိသည်။

ဒါတွေအားလုံး တကယ်မဟုတ်ပါစေနဲ့။





အခန်း (၂၅)

"တိုက်ဆိုင်လိုက်တာကွယ်၊ ဒီအချိန်မျိုးကျမှ အန်တီတို့က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာ၊ သမီးရဲ့မိဘတွေအဖြစ် မားမားမတ်မတ် ရပ်ပေးမယ်၊ ဘာမှမပူနဲ့၊ ဒီကိစ္စကို လက်ခံလိုက်ပါကွယ်"

"ဟုတ်သားပဲ မြတ်ရယ်၊ ငါတို့ရှိတာပဲဟာ၊ ဒါ မင်္ဂလာကိစ္စပဲ၊ တကယ်လဲမဟုတ်ဘူးဆိုတော့ နင်ယောကျာ်းမယူချင်တာ အဆင်ပြေမယ်၊ လောလောဆယ် သူကော ကိုယ်ကော အခက်အခဲရှိနေတာတွေ ပြေလည်သွားကြမယ်၊ မကောင်းဘူးလား"

ဒေါ်မေလွင်နှင့် ဗာရြည်လွင်က ခရီးရောက်မဆိုက်ဘဲ မြတ်ကို ခေါ်တွေ့ကြသည်။ ပြဿနာများနှင့် ခွေလဲမတတ်ဖြစ်နေသည့် မြတ်ကို တွေ့ကြတော့ စိတ်မကောင်း။ မလွင်ပြောပြထားသည့် ကိစ္စကို သူတို့က မြတ်ထက်အရင်သိပြီးသားဖြစ်ကာ သူတို့ကပဲ တိုက်တွန်းနေကြသေးသည်။

သားအမိသုံးယောက်ရှေ့မှာ မြတ်၏ အုံ့ညြလှုပ်ရှားဟန်လေးတွေ ပျောက်ဆုံးကာ ဆွေးမြေ့ကြေကွဲနေသော နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်နေရှာသည်။ အမြဲတမ်းအေးချမ်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ကို မွေးမြူတတ်ခဲ့သမျှ မြတ် ဒီအချိန်မှာ ဗုန်းဗုန်းလဲနေခဲ့ပါပြီ။

မြတ်၏ မျက်နှာလေးကိုပဲ တစ်ချိန်လုံးကြည့်နေခဲ့သည့် မလွင်က အားလုံးပြောပြီးမှ...

"တကယ်တမ်း ဒါတွေကို စေသွန်းအတွက် မလွင် စီစဉ်ပေးဖို့ တွေးမိခဲ့တာကြာပါပြီ၊ အဘွားကလဲ မှာခဲ့တယ်၊ သေတမ်းစာမှာလဲ ရေးထားတယ်၊ အဘွားဆုံးသွားပြီဆိုပေမယ့် ရှေ့နေကြီးတွေ အားလုံးရှေ့မှာ မလွင်က ကတိပေးခဲ့တယ်၊ ဒါ ဥပဒေနဲ့ မဆိုင်ပေမယ့် အချင်းချင်းနိုင်မြဲသင့်တဲ့ သစ္စာတရားပါ၊ ဒါကြောင့် စေသွန်း အတွက် မလွင်က ဆက်ပြီး ကူညီချင်တယ်၊ ဒါ သူလဲသိတယ်၊ လက်ခံချင်ပေမယ့် မြတ်မှာ အားနည်းချက်လေးတွေရှိတော့ ပြောရမှာ သူ အားနာနေတာ"

မလွင်က ခံစားချက်မဲ့နေသလို ငုတ်တုတ်လေးထိုင်လျက် ဘာစကားမှမပြောသည့်မြတ်ကို အတန်ကြာစိုက်ကြည့်၍ စောင့်နေသည်။ ဘာမှ မြတ် မပြောတော့မှ.....

"ပြီးတော့ သူ ကိုယ်တိုင်က ဘယ်မိန်းကလေးနဲ့မှ လက်ထပ်ဖို့ စိတ်မကူးခဲ့တော့ တခြားတစ်ယောက်နဲ့ လက်ထပ်ပေးဖို့လဲ တိုက်တွန်းလို့ မရဘူး၊ ခုလို သေတမ်းစာအရ အမွေကိစ္စမှာ အဆင်ပြေအောင် ဟန်ဆောင်လက်ထပ်ဖို့ဆိုတာကလဲ မိန်းကလေးတိုင်းကို စဉ်းစားလို့မဖြစ်ဘူးဆိုတာ မြတ် နားလည်မှာပါ၊ စေသွန်းရမယ့် အမွေတွေက မခန့်မှန်းနိုင်အောင်များတာ ဘယ်မိန်းကလေးကို ယုံကြည်ရမှာလဲ"





မြတ်က ငြိမ်သက်နေဆဲပါ။

"ရှေ့နေတွေကတော့ စေသွန်းကို မြန်မာပြည်မှာပဲ ရှိနေတုန်း မင်္ဂလာကိစ္စကို ပြီးချင်တယ်၊ ဒါတွေကို စောင့်ရှောက်စာချုပ်တွေနဲ့ တာဝန်ကြီးကြီးယူထားရမှာကို စိုးရိမ်နေကြတာ၊ ပြီးတော့ စေသွန်းက အမွေကိစ္စကို မက်မောတဲ့ပုံ မရှိဘူး၊ ဘယ်မှာပဲခေါင်းချမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားတာမျိုး မထားခဲ့ဘူး၊ ထွက်သွားပြီးရင် ဒီအမွေတွေကို ဘယ်တော့လာယူမလဲဆိုတာ မသိနိုင်ဘူးလေ၊ စိတ်ကူးမလွဲပါနဲ့ ညီမလေးရယ်၊ စေသွန်းကို လက်ထပ်လိုက်ပါ၊ လက်ထပ်ပြီးတာနဲ့ အမွေတွေလွှဲမယ်၊ သူလဲ နိုင်ငံခြားပြန်မှာပဲ၊ ထပ်ရှုပ်ဖို့ ဘာမှမရှိတော့ဘူး။ ဒီအတွက် မြတ် အခုနေတဲ့ တိုက်နဲ့ခြံရယ်၊ သူစီးနေတဲ့ ကားရယ်၊ အဲဒါတွေ ရမယ်၊ လူမသိသူမသိ လက်ထပ်ပြီး ပြီးသွားမှာပဲ၊ ကူညီလိုက်ပါကွယ်၊ စိမ်းသက်ကြတဲ့လူတွေမှ မဟုတ်ဘဲ"

"ဟုတ်သားပဲ မြတ်ရယ်၊ နင်ကလဲ ဟိုတစ်ယောက်ကို ငါတို့ မမြင်ဖူးပေမယ့် မိန်းမ မလိုချင်တဲ့သူဆိုတာ မမပြောတယ်၊ ဟန်ဆောင်လက်ထပ်ဖို့တောင် နင့်ကိုပဲ သူလက်ခံတာ၊ ဒီလိုလူမျိုးက နောက်ပိုင်းရှုပ်စရာဘာရှိလဲ"

ဓာခြည်လွင်က ဘာမှလည်းမသိဘဲ တိုက်တွန်းနေပြန်သည်။

"မြတ်ရယ်၊ အန်တီတို့က တိုက်တွေခြံတွေကို မက်ကြောင်းတာ မဟုတ်ပါဘူး။ ဒါတွေကို မမက်လို့ သူများတွေအပိုင်စီးတာကို တောင် မြတ် ကြည်ကြည်ဖြူဖြူ ပေးထားခဲ့တာကို သိပါတယ်၊ အဲဒီလို မိန်းကလေး မို့လို့လဲ ဟိုက ယုံကြည်တာဖြစ်မှာပေါ့၊ ပြီးတော့ သမီးတို့ငြင်းလဲ ခင်မင်ကြတယ်၊ ကျေးဇူးတင်တွေရှိကြတယ်ဆိုလို့ အန်တီက တိုက်



www.burmeseclassic.com

www.burmeseclassic.com



တွန်းတာ"

မြတ်က ဝေ့တက်လာသည့်မျက်ရည်တွေကို မျက်တောင်တို့ဖြင့် ပုတ်ခတ်ဖျောက်ဖျက်၏။ မျက်နှာလေး မော့လာပြီး မျက်မှန်လေးကို ပင့်တင်လိုက်သည်။

"မြတ်ကိုလဲ မယုံထိုက်ဘူးလို့ပဲ ပြောပေးပါမလွင်၊ အခြေမဲ့ အနေမဲ့ မိန်းကလေးမို့ အထင်မြင်သေးကြတဲ့ လူချမ်းသာဆိုတဲ့ ယောကျ်ားတွေကို မြတ် ကြောက်ပါတယ်"

"မြတ်ရယ်"

"မြတ်ကို လောလောဆယ် ဒီမှာပဲ တစ်ဝတ်လောက်နေခွင့် ပေးပါ၊ အဲဒီကိုလည်း မြတ် ပြန်မသွားတော့ဘူး"

"မသွားလို့မရဘူး ညီမလေး"

မလွင်က အမေဖြစ်သူကိုပါ စစ်ကူတောင်းသလို တစ်ချက် ကြည့်၍ မြတ်ဆီကို ပြန်လှည့်ကာ...

"ခလယ်လူက ညီမလေးကို မရရအောင်ယူမယ်လို့ ကြိမ်းဝါး သွားတယ်၊ ကောင်းကောင်းယူလို့မရရင် ဖျက်ဆီးမယ်တဲ့၊ ပြီးတော့ ပြီးတော့ စွမ်းကလဲ..."

"ဟင်.."

မြတ်‌ [illegible]ဝတ်ခနဲဖြစ်သွားသည်။

"စွမ်းဆိုတာ မမရဲ့ မတ်တော်တဲ့တစ်ယောက်မို့လား"

ဒါခြည်လွင်က မေးတော့ မလွင်က လှည့်မကြည့်ဘဲ ခေါင်းညိတ်သည်။ သူမသည် မြတ်ကို ပြောရခက်လွန်း၍ အားမလိုအားမရ ဖြစ်နေသောမျက်နှာဖြင့်.....





"စွမ်းက အထင်မြင်သေးလို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် မြတ်ရဲ့နောက်မှာ ကျောထောက်နောက်ခံ မရှိတာကိုသိတော့ သူကလဲ အကျဉ်းချုံးလက်ထပ်ပြီး သူ့အလုပ်လုပ်မယ့်နေရာတွေကို အတူခေါ် သွားချင်တယ်တဲ့"

"အို...မြတ်ကမှ သဘောမတူတာ"

"အဲဒါကြောင့် မလွင်ကို သူနားပူနေတာ၊ စဉ်းစားစမ်းပါ မြတ်ရယ်၊ ဟိုကလဲ မတ်တော်တဲ့သူ၊ စေညွန်းကကျတော့ မလွင်ကိုယ်တိုင် ပါဝင်ထားတဲ့ ကိစ္စအတွက်ကြောင့် မြတ်နဲ့ မလွင်ကဖြစ်စေချင်တာ၊ အားလုံးဟာ မလွင်ကြောင့်ဖြစ်ရတာတွေပါ၊ မလွင်လေ ရှုပ်ချင်လို့ တော့ မဟုတ်ပါဘူးကွယ်၊ ဒါပေမယ့် စလိုက်ကတည်းကကို အားလုံး ရှုပ်နေခဲ့တာ၊ အခု ခလယ်လူဆိုတာလဲ မလွင်ရဲ့အစီအစဉ်နဲ့ စေညွန်း အိမ်ပေါ်ရောက်သွားတာ၊ မြတ်ကို သူ ကြံစည်ခွင့်ရသွားတာကလဲ မလွင့်နဲ့ပဲ ဆိုင်ပါတယ်"

"ဒီလိုလဲ မဟုတ်ပါဘူး"

ဟု အားနည်းစွာဆိုရင်း မြတ် ခေါင်းလေးငုံ့သွားသည်။

"တကယ်ပါ၊ မလွင်တောင်းပန်ပါတယ်၊ အားလုံးအတွက် တောင်းပန်တာပါ မြတ်ရယ်၊ မလွင်ကလေ ဖြစ်စေချင်တာအားလုံး ကို ဖြစ်သွားစေချင်တာလဲ ရှိတယ်၊ မြတ်ကိုလဲ အဆင်ပြေစေချင် တယ်၊ လောလောဆယ် ညီမလေးမှာ အန္တရာယ်ရှိနေတာ သိရဲ့လား ဟင်၊ ခလယ်လူက သိပ်ရှုတ်တဲ့ ကောင်လေး၊ စွမ်းက မလွင်ပဲမျက်နှာပူ ရမယ့် သူ၊ ညီမလေးသာ စေညွန်းနဲ့ လက်ထပ်လိုက်မယ်ဆိုရင် အား လုံး လုံခြုံသွားပြီ၊ စေညွန်းအခက်အခဲကို မြတ် မကူညီချင်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

မြတ်က မလွင်ကိုကြည့်၍ ငိုင်နေသည်။ တကယ်ဆို စေညွှန်း ကျေးဇူးကြောင့်ပဲ မြတ် ခလယ်လူလက်ထဲမှာ ရေတိမ်မနစ်ခဲ့တာ ပါ။

"မြတ်ရယ်၊ တစ်အိမ်ထဲမှာနေကြတာတောင် ဒီကောင်လေး အလစ်ချောင်းနေသေးတာ၊ သူသာ အမြဲတမ်းစောင့်ကြည့်ပြီး ကြံစည် နေမယ်ဆိုရင် တစ်နေ့နေ့ဆိုတာ သူ့အတွက် ဟာကွက်ရှိမလာနိုင် ပါဘူးလို့ ပြောနိုင်မလား။ လုံခြုံဖို့ဆိုတာ မြတ်လက်ထပ် လိုက်ပြီဆိုတာပဲ"

"အားလုံးအဆင်ပြေနေတာကို လက်ခံလိုက်ပါသမီးရယ်"

ဒေါ်မေလွင်က တိုက်တွန်းလာပြန်သည်။

"စေညွှန်းကလေ မြတ် စိတ်ညစ်နေတဲ့အချိန်မှာ မပြောစေချင် ပါဘူး။ သူလဲ ပြောမထွက်ဘူး။ ဒါပေမယ့် မြတ် တခြားထွက်သွားမှာကို သူ စိုးရိမ်တယ်၊ ခလယ်လူ့အကြံကို သူလဲ မခန့်မှန်းနိုင်ဘူးလေ၊ မြတ်က သူ့ကို..."

"မလွင်"

"ဟင် စေညွှန်း"

ညှိခန်းမှာရှိသမျှ လူအားလုံး တံခါးဝကို လှည့်ကြည့်လိုက် ကြသည်။ မီးခိုးရောင်ဘောင်းဘီရှည်နှင့် ဖြာလွဲလွဲပေါ်မှာ အနက် စင်းပါသည့် ဖောရိန်းရှပ်ကို ဝတ်ထားသောစေညွှန်းက ခဏရပ်နေပြီးမှ ဆက်ဝင်လာ၏။

"ကျွန်တော် မမြတ်ကို ပြောပြလိုက်ပါ့မယ်"

သုံးယောက် ထရပ်လိုက်ကြချိန်မှာ မြတ် မထဖြစ်သေး။

"စေညွှန်း"





သူ့အနားရောက်လို့ မြတ် မတ်တတ်ရပ်လိုက်တော့ စေညွှန်းက လက်ဖဝါးနုနုကို ဆုပ်ကိုင်၍.......

"ခြံထဲမှာ စကားပြောရအောင်နော်"

"မြတ်......"

"ခဏလေးပါ၊ ကျွန်တော်ပြောတာကို နားထောင်ကြည့်ပါဦး မြတ်ရယ်"

သူပြောသမျှ နားထောင်ခဲ့ပြီးသည့်အချိန်တွင် မြတ်ကို စေညွှန်း သိမ်းပိုက်နိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၆)

"ဒါတွေ လိုလို့လားဟင်"

"လိုတာပေါ့ မမြတ်ရယ်၊ ဝတ်လိုက်ပါ"

မြတ် ကိုယ်မှာ ရတနာတွေ ပြည့်ကျပ်သွားသည်။

"လှလိုက်တာ မြတ်ရယ်"

"ဟုတ်ပါ့ကွယ်၊ ငါ့သမီးလေးက သဘောဖြူလွန်းလို့ သူတော်ကောင်းနဲ့တွေ့တာ၊ ဒီကလေး ဘယ်တော့မှ မဆင်းရဲဘူးဆိုတာ အန်တီက ဟိုးအရင်ကတည်းက ပြောရဲခဲ့တာ သိလား"

"မြတ်က ကံကောင်းလိုက်တာ၊ မန္တလေးမှာတုန်းက အိမ်တွင်းပုန်းလေး လုပ်ခဲ့ရတော့ မပေါ်လွင်ဘူး၊ အပြင်ထွက်လိုက်တာနဲ့ ချစ်တဲ့ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်ပြီး တကယ့်ချောချော ခပ်မိမိလေးနဲ့ လက်ထပ်ရတယ်၊ အားကျလိုက်တာ"

ပြင်ဆင်နေတုန်းကို အန်တီတို့ သားအမိတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်လာပြောကြ၏။ မြတ် အုံ့ညြှဟန်လေးနှင့် ဟိုလူမျက်နှာမော့ကြည့်၊ ဒီမျက်နှာမော့ကြည့်။

ဘာတွေပြောနေကြတာလဲ၊ စာချုပ်စာတမ်း ဖြစ်မြောက်ရုံပါ ပဲတဲ့။





ပြောတုန်းကတစ်မျိုး၊ ခုကျတော့ ဟိုတယ်မှာ မင်္ဂလာသွား ဆောင်တော့မလို မိတ်ကပ်ဆရာနဲ့ သေချာပြင်နေရသည်။

အိမ်ပေါ်မှာပဲ လက်မှတ်ထိုးကြဖို့ဆိုပြီး ဖိတ်ထားသည့် လူကြီးတွေဆိုတာကလည်း ဘယ်နှစ်ယောက်မို့လို့လဲ။ အထဲကကြားနေရတာကတော့ လူသံတွေ၊ တေးသံသာတွေ များပြားစွာ ဆူညံနေ၏။ မှန်ထဲမှာပေါ်နေသည့် ကိုယ့်ရုပ်ကိုတောင် စိတ်မဝင်စားဘဲ အပြင်ကိုပဲ စိတ်က ရောက်ကာ မြတ် စိတ်တွေညစ်လာမိသည်။

သူမ ထင်တာက ရှေ့နေရှေ့ရပ် နှစ်ယောက်သုံးယောက်နှင့် လက်မှတ်ထိုးပေးလိုက်ရုံပဲဖြစ်သည်။ ဒီထဲမှာ လက်ဖက်ရည်တိုက်ဘာညာရှိဦးတော့၊ လူအားလုံးဆယ်ယောက်ပေါ့။

"မြတ်ရေ ပြီးပြီလား"

ဇာခြည်လွင် နောက်ထပ်ဝင်လာတော့ မြတ်က ဇာခြည့်လက်ကလေးကို ဖမ်းဆွဲထားကာ...

"ဇာခြည်၊ အပြင်မှာ လူတွေ ဘယ်လောက်တောင် များလဲဟင်၊ ဒါနဲ့ လက်မှတ်ထိုးဖြစ်ကြရင် ပြီးပြီ၊ ဘယ်သူမှသိလိုက်မှာ မဟုတ်ဘူးဆို"

"မြတ်ရယ်"

ဇာခြည်လွင်က သူငယ်ချင်းတွေပီပီ မြတ် နှာခေါင်းလေးကို မနာအောင် ဆွဲလိမ်ကာ ဟက်ဟက်ပက်ပက် ရယ်သည်။

"ဘာဖြစ်ဖြစ် လက်ထပ်ကြရမှာပဲဟာ၊ ကဲပါ ဆရာမ မြန်မြန်လေးနော်၊ ဧည့်သည်တွေ စုံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိုစေ..."

ပြင်ပေးနေသည့်ဆရာမက ကန့်ကလျှပုံစံနှင့် အသည်းယားစရာဖြစ်အောင် ပျာယာခတ်ပြ၏။ ပြီးပြီဆိုကာ ထရပ်နိုင်းတော့ ညနေခြောက်နာရီ။

"မ.."

"စေညွန်း"

သူမ လက်လာကိုင်သူက စေညွန်း။

"လှလိုက်တာ မရယ်"

ပုစွန်ဆီရောင် ပိုးချိတ်ဝတ်စုံလေးနှင့် ပတ္တမြားတွေချည်း ဆင်ထားသည့် မြတ်တစ်ကိုယ်လုံးကို စေညွန်းက ရှန်းရှန်းစားစားကြည့်၏။

ဆံထုံးပို့ပို့လေးနှင့် မြတ်က ပတ္တမြားပန်းခိုင်တွေထိုးစိုက်လျက် တစ်ခေါင်းလုံး မြိုးပြက်လက်နေ၏။

မြတ်သည် သူမ၏ဦးခေါင်း ကိုယ်ခန္ဓာ မျက်နှာကအစ ဘယ်အရောင် ဘယ်လိုပုံစံဘာမှ စိတ်ဝင်စားပုံမရှိဘဲ စေညွန်းဆွဲကိုင်လိုက်သည့် လက်ကို ထပ်ဆုပ်၍

"စေညွန်း"

"နောက်မှမေးနော် မောင်အားလုံးပြောပြမယ် လာ"

"အို"

မြတ်ခေါင်းခါပစ်လိုက်မိသည်။ မတွေ မောင်တွေနဲ့ စေညွန်းမျက်နှာပေါ်က ပြောင်းလဲမှုတွေကိုကော ဘာမှနားမလည်တော့ဘဲ





"မရဘူး မြတ်ကို ခုပြောပြပါ လက်မှတ်ထိုးကြရုံပဲ မဟုတ်ဘူးလား အပြင်မှာ အခမ်းအနားကြီးတစ်ခုရှိနေသလိုပဲ ဘာတွေလဲဟင်"

"မရယ်"

စေညွန်းက မြတ်လက်ဖဝါးလေးကို မချင့်မရဲဖျစ်၍ မေးဖျားလေးကို မော့ယူလိုက်၏။

ပုစွန်ဆီရောင် ဖျော့ဖျော့စိုစိုလေးတင်ထားသည့် နှုတ်ခမ်းသားလေးတွေကို ငေးကြည့်ရင်း မေးဖျားမှာ ကိုင်ထားသောလက်က ပခုံးသို့ ဆင်းကျသွား၏။ နှုတ်ခမ်းကို ဖိပိတ်၍ ပြုံးပြလိုက်ရင်း...

"အစကတော့ အစီအစဉ်မရှိဘူးလေ မိတ်ဆွေအသိုင်းအဝိုင်းနဲ့ ရှေ့နေတွေရဲ့ အကြံပြုချက်တွေကလည်း ရှိတော့ ဖြစ်သင့်တယ်ထင်တာနဲ့"

"စေညွန်းရယ် မြတ် အဲဒီလို လူသိရှင်ကြားမဖြစ်ချင်ဘူး မြတ်က စေညွန်းကို ကူညီချင်တာ"

"ဟုတ်တယ်လေ ရိုးရိုးလေးပါပဲ"

သူပြောပြန်ပြီ ရိုးရိုးလေးဆိုတာကို ပါးစပ်ကမချဘဲ မတွေ မောင်တွေ ဘာလို့ဖြစ်ကုန်တာလဲဆိုတာ မေးချိန်မရ။

မင်္ဂလာပွဲတကယ်ပြင်ဆင်ထားခဲ့တာကို မြင်လိုက်ရလျှင် မြတ်လက်ဖျားလေးတွေ အေးစက်သွားသည်။

အိမ်ပေါ်မှာ ရှေ့နေနှစ်ယောက်ရယ် အသိသက်သေတွေနဲ့ စာချုပ်ပြီးတော့ ခြံထဲမှာ ပြင်ဆင်ထားသည့် စားပွဲတွေက မနည်းမနော။

မြတ်ကို အခန်းထဲထည့်ပိတ်၍ ပြင်ဆင်ပေးပြီး အပြင်မှာ ဒီည



www.burmeseclassic.com

www.burmeseclassic.com



ခံပွဲလေးဖြစ်သွားအောင် ဘယ်လိုစီစဉ်လိုက်တာလဲ။

ဒါကြောင့် လက်ထပ်ဖို့ကို မြင့်မိုရ်စံအိမ်မှာ စာချုပ်မှာဆိုပြီး မြတ်တို့ ဒီရောက်နေခဲ့ကြတာ မနက်တည်းကပါ။

ကြီးမားခမ်းနားလှသော စံအိမ်ကြီးက နန်းတော်ကြီးနဲ့ တူနေပေမယ့် အထဲမှာတော့ အိမ်သားတွေမရှိပါ။

အလုပ်သမားနှင့် မိန်းကလေးတွေကတော့ သုံးယောက်လောက်ရှိကြသည်။ ပြီးတော့ ခြံစောင့်နှင့် မာလီကော..

အိမ်ကြီးက လူနေနေသလိုပဲ လက်လက်တောက်နေခြင်းဟာ အိမ်ရှင်တွေမရှိကြပေမယ့် အလုပ်သမားတွေထားသောကြောင့် ဖြစ်ပါလိမ့်မည်။

မလွင်က ပျောက်နေလိုက် ပြန်ဝင်လာလိုက်နှင့် စေညွှန်းကလည်း ဒီကိုပို့ပြီးကတည်းက မတွေ့ရတော့ပေ။

ဒေါ်မော်လွင်နဲ့ ဇာခြည်လွင်ကတော့ လက်မှတ်ထိုးကြတဲ့အခါ မလှဘဲနေမယ် အိပ်လိုက်ဦး ဆိုတာကတစ်မျိုး အိပ်ရာကထတာဆာမှာပေါ့ဆိုပြီး နာနတ်သီးစိတ်ကျွေးတဲ့သူက ကျွေး အအေးတိုက်သူက တိုက်။ မြတ် ခြံထဲကိုလည်း အမှတ်တမဲ့ မကြည့်မိခဲ့ပါ။

ဒေါ်မော်လွင်ကပဲ သူ့အိမ်သူ့ရာလို မြတ်လက်ကလေးကို ဆွဲ၍ အခန်းတွေထဲ လိုက်ပြနေသေးသည်။

ပြီးတော့ စေညွှန်းဆိုတဲ့ ကောင်လေးက တော်တော်ချမ်းသာတာပဲနော် သူ့ကို လက်ထပ်တဲ့ မိန်းကလေးက ကံကောင်းမှာပဲဟု ပြောတော့ ညနေစာချုပ်မှာ လက်မှတ်ထိုးပေးရမှာမို့ မြတ် မလုံမလဲ





ခံစားမိခဲ့သည်။

တကယ်တမ်း ခြံထဲမှာ ပြင်ဆင်နေကြတာတွေကို မမြင်စေရအောင် ဖန်တီးကြတာလား။ ဒါဆို ဒီညှိခံပွဲက မြတ်မသိဘဲ မရိုးသားစွာ ကျင်းပတာ ဘာဖြစ်လို့လဲ။

"အို အိန်ဂျယ်လေးပါလား"

လက်ဆွဲနှုတ်ဆက်လာသူတွေကို မြတ်မသိဘဲ ပြုံးပြရသည်။

"လှလိုက်တာကွယ် သိပ်လိုက်ဖက်တာပဲ"

ဆိုတာတွေက နားနဲ့မဆံ့အောင်ပါ။

"အန်ကယ်တို့က ဒေါ်နှင်းခမျိုးဆက်သွေးလေး မြန်မာပြည် မှာကျန်ခဲ့မှန်းမသိကြဘူး၊ သူ့ကိုမြင်တာလည်း တော်တော်ကြာ နေတော့ နိုင်ငံခြားရောက်နေတဲ့ သားမက်နဲ့ မြေးတွေနဲ့ကော အဆက်အသွယ်ရှိရဲ့လား မသိဘူးဆိုပြီး စိတ်မကောင်းဖြစ်နေကြ တာ"

တချို့က နှုတ်ဆက်ကြရင်း အိမ်တွင်းရေး နည်းနည်းပါးပါး စကားစလာတော့ မြတ်စိတ်ဝင်စားသွားကာ ညှိခံပွဲထဲမှာ စိတ်က ဝင်လာလိုက် လုံးထွေးရစ်ဖွဲ့၍ တခြားလွင့်သွားလိုက်..

"အဲဒီအိမ်ကလူတွေ ချက်ချင်းကြီးရှင်းသွားတာ အံ့သြစရာပဲ နော်ဒါလည်း ကောင်းတာပဲ ခွေမျိုးနီးစပ်ဆိုတာ ဇယားရှုပ်တာပဲ"

တချို့ကတော့ လူတွေကြားထဲမှာပဲ ဝေဖန်ကြသည်။ ညှိခံ ပွဲက သိပ်အကျယ်ကြီးလည်းမဟုတ် တခမ်းတနားတော့လည်း မဟုတ်ပါ။

ဒါပေမဲ့ လူတွေက မြင့်မိုရ်စံအိမ်ကြီး၏ အတွင်းရေးကို စိတ်ဝင်စားကြတာမို့ ဖိတ်သမျှ အားလုံးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်ကပ်နေပေမယ့် ကျဉ်းကျဉ်းလေးနဲ့ပဲ စည်သည်။ သို့သော် စီစဉ်ခဲ့ သဘောတူခဲ့ကြတာ ညှော်ခံပွဲလုပ်ဖို့မှ မပါဘဲ။

ညှော်ခံပွဲပြီးခါနီးတော့ စေညွန်းလက်ကိုမြတ်က ဖြုတ်ချပစ်၍ လက်ကိုင်အိတ်လေးထဲက မျက်မှန်ကိုလည်း ထုတ်တပ်သည်။

"မျက်မှန်ကြီးမတပ်ပါနဲ့ဦး မရယ်"

"ဘာဖြစ်လဲ တပ်တော့ အစကတည်းက ဒီက အကန်းဆိုတာ စေညွန်း မသိဘူးလား"

"ဘာလဲကွာ ရင့်သီးလိုက်တာ မောင်က အဲဒါကြောင့် ပြော တာ မဟုတ်ဘူး မကို သူများတွေ ကြည့်ပါစေ မက ဘယ်သူ့ကိုမှ မမြင်တာကောင်းတယ်"

"ဟင် ဘာဖြစ်လို့လဲ"

"မောင့် တစ်ယောက်တည်းကိုပဲ မြင်တော့ မကောင်းဘူးလား အဲဒါလုံးဝစိတ်ချရတဲ့နည်း"

မြတ်က အနည်းငယ်ကျဲပါးသွားသည့် စားပွဲဝိုင်းတွေဆီ လှမ်း ကြည့်လိုက်ပြီး စေညွန်းဘက်ကို ပြန်လှည့်၍...

"စေညွန်း"

"ပြော"

"စေညွန်း လူတွေရှေ့မှာ ဟန်ဆောင်နေတာလား တကယ် ပြောနေတာလား"

"ဘာကိုလဲ မ"

"အဲဒီ မဆိုတာနဲ့ မောင်က"





စေညွန်းက ခပ်ကြိတ်ကြိတ်ရယ်ပြီး မြတ်လက်ဖဝါးလေးကို ဆုပ် ကိုင်၏။ မြတ်က အကိုင်မခံဘဲ ရုန်းပစ်တော့ မိအောင်ပြန်ဖမ်း၍ ဖိဆုပ်ထားသည်။

"ဘာဖြစ်လို့လဲ မက မောင့်ထက်အသက်ကြီးတယ်လေ ဒီလို ခေါ်ရမှာပဲပေါ့"

"အို မဟုတ်သေးပါဘူး အဲ..အဲဒါ..ရိုးရိုးသားသားမှ မဟုတ်တာ မြတ်နားရှက်တယ် မမြတ်ပဲခေါ်ပါ စေညွန်း"

"မခေါ်ချင်ဘူး မောင်က အိမ်ထောင်ဦးစီးယောကျ်ား မထက် လည်း အရပ်အများကြီးမြင့်တယ် ကိုယ့်မိန်းမကို မမြတ်လို့ ခေါ်စ ရာလား"

"ဘာ..ဘာပြောတယ်"

"မ ကလည်းကွာ"

"အို..လွှတ်..ဘာတွေပြောနေတာလဲ လွှတ်စမ်းပါ မြတ်နဲ့ စေ ညွန်း ဘာမှ မဟုတ်ဘူးနော် လက်မှတ်ထိုးပြီး စေညွန်းအမွေတွေရပြီး ရင် ကွာရှင်းပေးရမှာ"

"မြတ်ရယ်"

စေညွန်းဘာမှမပြောဘဲ မြတ်ကို စိုက်ကြည့်၍ရယ်နေသည်။ သူမ နှင့်အရောင်တူ တိုက်ပုံအင်္ကျီ ပုစွန်ဆီရောင် ပိုးချိတ်ပုဆိုးနှင့် စေညွန်း ကို မြတ်တအံ့တဩ မော့ကြည့်၍ ဒေါသဖြစ်ဖို့တောင် မေ့ နေသည်။

အမြဲတမ်း ရိုးရိုးလေးပဲဟု အရင်းခံပြီးမှ ပြောဆိုတတ်သော ဘယ်တုန်းကမှလည်း မြတ်အပေါ် အခွင့်အရေး မယူတတ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



စေညွှန်း မျက်ဝန်းများက ပြောင်းလဲနေသလိုလို..

သို့မဟုတ်လျှင် မြတ်က စိုးရိမ်ပိုနေတာလား၊ ဒါမှမဟုတ် သူမ အနဲ့ပြန်ပြီလား။ မဟုတ်ဘူး စေညွှန်း အဲဒီလို လုပ်မှာမဟုတ်ပါဘူး သူက အမွေကိစ္စပြီးတာနဲ့ ပြန်သွားမယ့်သူ ပြီးတော့ ကျိုကျိုတက်ချမ်းသာတဲ့ တစ်ဦးတည်းသောသား မြတ်လို အခြေမဲ့အနေမဲ့ ဘဝမျိုးနှင့် ယောကျာ်းလေးတစ်ယောက်၏ အထင်မြင်သေးစွာ ဖျက်ဆီးဖို့ ကြိုးစားခြင်း ခံရဖူးသည့် မိန်းကလေးကို...

"ကဲ ညီသည်တွေ ကုန်ပါပြီ မောင်လေးတို့အတွက် အနားယူဖို့လည်း မလွင်တို့အားလုံး စီစဉ်ပေးထားပြီးပြီဆိုတော့ တို့ပြန်မယ်"

"အို... မမလွင်"

မြတ် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ဟား..ဟား ဒီလိုဘယ်ရမလဲ မြန်မာပြည်မှာ အနေနည်းလို့ သူငယ်ချင်းအပေါင်းအသင်း မရှိတာနဲ့ ခဲဖိုးမတောင်းဘူးမထင်နဲ့ စေညွှန်း မင်းငါ့ကို မေ့နေသလား"

"ဟုတ်တယ် ဟုတ်တယ် မြတ်နော် ငါလည်းရမှဖြစ်မှာ"

နေမင်းနဲ့ ဓာခြည်လွင် ထပ်ပြောလိုက်တော့ မြတ် ကြက်သီးဖျန်းဖျန်းထလေသည်။ အားကိုးတကြီး လှမ်းကြည့်လိုက်သော်လည်း ဒေါ်မော်လွင်နဲ့ မလွင်တို့က ရယ်လို့ပြုံးလို့၊ ထိုပြင် ညီခံပွဲမှာ လက်ကျန်ရှိနေသမျှ လူအားလုံး သူတို့နားကို စုပြုံဝိုင်းအုံလာကြရာ တကယ့် မင်္ဂလာပွဲကြီးလို ရုတ်ရုတ်သဲသဲ တွန်းတွန်းထိုးထိုးတွေဖြစ်ကုန်၏။

ထိုအချိန်တွင် မြတ်ကို စာနာပါသည် ချစ်လှပါသည်ဆိုသော





အန်တီမော်တို့ မလွင်တို့ကော၊ ဓာခြည်လွင်ကလည်း မြတ်ကို တစ်ချက်ကလေးမှ လှည့်မကြည့်၊ ဘယ်မျက်နှာကိုကြည့်ကြည့် အားလုံးဟာ အလွန်ကြည်နူးဖွယ်ကောင်းသော မင်္ဂလာပွဲကို တက်ရောက်လာကြသလိုမျိုး။ ဝမ်းပန်းတသာ ရီးမြှင့်တက်ရောက်ပေးကြသည့် အပြုံးတွေဝေဆာနေကြ၏။

"မရဘူး ဒီလောက်မရဘူးနော် ဒီမင်္ဂလာပွဲက အရမ်းထူးခြားတဲ့ပွဲ တစ်ပတ်အတွင်း ချက်ချင်းကြီးထဖြစ်တာ"

"ဟုတ်တယ် တို့တွေစီစဉ်ရတာ လွယ်သလား ဖိတ်သမျှ မိတ်ဆွေတွေအကုန်တက်လာကြတာကိုကြည့် အဲဒါ ငါတို့အရည်အချင်း ပေး..ပေး ထုတ်လိုက်စမ်း"

"ကဲပါ မောင်လေးရယ် မြတ် ပင်ပန်းလှရောပေါ့ အေးအေးဆေးဆေးနားရအောင် မြန်မြန်သာပေးလိုက်တော့"

"မနားရပါဘူး အခန်းဝက်ရဦးမှာ နောက်ထပ်သုံးဆမပေးဘဲ မင်္ဂလာခန်းဝင်လို့မရဘူး အဲဒီကိစ္စ လုံးဝအလျော့အတင်းမရှိ ဒါပဲ"

ဘယ်သူတွေ ဘာတွေပြောနေကြမှန်း မသိဘဲ ဟိုကတစ်ခွန်း ဒီကတစ်ခွန်းဝိုင်းအော်နေကြသည်။

စေညွှန်းက မျက်နှာမဲ့သွားလိုက် ရယ်နေလိုက်နှင့် ဘယ်တုန်းက ထပ်ဖြည့်ထားမှန်းမသိသော ပိုက်ဆံတွေ ရက်ရက်ရောရော ထုတ်ပေးနေ၏။

မြတ် နဖူးမှာ ချွေးတွေစို့လာသည်။

ဝမ်းနည်းသည့်စိတ်က တစ်သက်လုံးမှာ အခိုးဝါးဆုံးပဲဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



စကားလည်း မပြောနိုင်တော့ တစ်ကိုယ်လုံးလည်း တုန်ယင်ချိနဲ့လာသည်။

စေညွန့်းဖက်ထားသည့် လက်ထဲမှာ ဟိုဘက်ယိမ်းသွားလိုက် ဒီဘက်ပြန်ပါလာလိုက် လူတွေရှုပ်နေသံဟာ မြတ်နားထဲမှာ သူမ မျက်နှာအား လက်ညှိုးထိုး လှောင်ပြောင်နေကြသည့်နှယ်။

လှေကားထစ်တွေကို နင်းဖြတ်တက်လာခဲ့စဉ် ရွှေရောင်ခင်း လက်နေသည့် ကြေးသွန်းသော လက်ရမ်းတန်းကြီးကို မျက်လုံး တစ်ချက်ရောက်၏။ လှေကားဆုံးသည်အထိ ရယ်မောနောက် ပြောင်နေကြသံတွေ မဆုံးသေးပါ။

"ရပြီ...အိုခေ...ရော့"

ကျေးဇူးပါကြပြီဆိုမှ လက်ထဲထည့်ပေးသွားသည့်သော့ကို မြတ်က ဖျတ်ခနဲလှမ်းယူလိုက်၏။ ဒီအခန်းထဲ ဝင်လိုက်ပေးဖို့ထိ တော့ မြတ်သဘောမကောင်းနိုင်။

လှေကားထစ်အတိုင်း ပြေးဆင်းသွားကြသည်။ ခါခြည်လွင် အပါအဝင် လူငယ်အချို့ကို မြတ်က ခပ်တည်တည်လေး လိုက်ကြည့် နေပြီးမှ စေညွန့်းဆီပြန်လှည့်သည်။

မြတ် ဘာမှ မပြောရသေးဘဲ စေညွန့်းက သော့ကိုင်ထားသည့် မြတ်လက်ကောက်ဝတ်လေးကို ဆုပ်ကိုင်လိုက်ကာ...

"အထဲခဏ ဝင်ကြည့်ဦးလေ ပြီးမှ မ ပြန်ထွက်လည်းရတာပဲ ဒါမှမဟုတ်ရင်"

စေညွန့်းက နာရီမြှောက်ကြည့်လိုက်၍...





"အဝတ်တွေလဲပြီး အပန်းဖြေအပြင်ခဏထွက်လို့ရသေးတယ် ခုမှ ကိုးနာရီခွဲပဲရှိသေးတာ"

"စေညွန့်း"

"ဟင်"

"မင်း...မင်း ငါ့ကို ဘယ်လိုသဘောထားလိုက်တာလဲ အခု တို့က ဘာလဲ မင်းနဲ့တို့က ဘာလဲ"

"လင်မယားလေ"

ဖြေပုံက ဘာမှမထူးဆန်းတဲ့ အဖြစ်တစ်ခုကို မြတ်ကပဲ သိလျက် နှင့် ထပ်မေးနေသလိုလို"

"လင်မယားတော်ဖို့မှ မဟုတ်တာ မင်းဘာတွေလျှောက်လုပ်နေ တာလဲ စေညွန့်း မင်းရဲ့ရှေ့နေတွေ အမွေလွှဲပေးဖို့ အခြေအနေလေး တစ်ခုဖြစ်သွားရုံပဲ ငါတို့လက်မှတ်ထိုးခဲ့ကြတာ မဟုတ်ဘူးလား စားပွဲတွေ ကုလားထိုင်တွေနဲ့ လူတွေလျှောက်ဖိတ်ပြီး ခြံထဲမှာ အကြီး အကျယ်လုပ်ပစ်လိုက်တာ ဘာသဘောလဲ"

စေညွန့်းက မြတ် ဒေါသဖြစ်နေတုန်း လက်ထဲကသော့ကို အ သာလေး ဖြုတ်ယူလိုက်၏။ အာရုံတစ်ခုပဲ စူးစိုက်တတ်သည့် မြတ် က ပြောချင်နေသည့် စကားလုံးတွေမှလွဲ၍ သော့ကို အမှတ်တမဲ့ပဲ မြေချပေးလိုက်သည်။

စေညွန့်း အခန်းတံခါးဖွင့်နေတော့မှ...

"အို...ပြန်ပေး...သော့"

စေညွန့်း တံခါးမဖွင့်နိုင်အောင် လက်ကိုပုတ်ချလုယူ၍ မရှေ့သော



www.burmeseclassic.com

www.burmeseclassic.com



အခါ လူကိုထုနက်ပစ်၏။

တံခါးက ပွင့်သွားသည်မို့ ထုနက်နေသည့် မြတ်လက်နှစ်ဖက်ကို ဖမ်းဆုပ်လိုက်မိစဉ် နှစ်ယောက်လုံး အထဲရောက်သွားကြ၏။

"ဟင်"

ပန်းနုရောင်လွှမ်းနေသော နှစ်ယောက်အိပ်ခုတင်၊ မွေ့ရာနုနု နှင့် တစ်ခန်းလုံးက မြတ်ရင်ထဲမှာတော့ အနီရောင်ရင့်လျက် ပူလောင်ဖြင်းပြသွားသည်။

"စေညွန်း"

မြတ် အလန့်တကြားနောက်ဆုတ်လိုက်တော့ ပိတ်ထားပြီးသည့် တံခါးကိုပဲ လက်ပြန်စမ်းမိတော့သည်။

စေညွန်းက တိုက်ပုံအင်္ကျီကို ချွတ်ပစ်ကာ အဖြူရောင် စတာစ်ကော်လံမှ အပေါ်ကြယ်သီးတို့ကို ဖြုတ်ရင်း မြတ်ရှေ့ကို တိုးလာသည်။

"မ အင်္ကျီတွေလဲလေ ဟိုဗီရိုထဲမှာ မအတွက် အင်္ကျီထမီတွေ ထည့်ပေးထားတယ် ရန်ဖြစ်ချင်နေလည်း နောက်မှဖြစ်တာပေါ့ မေးချင်တာရှိတာ နောက်မှမေး"

"မလဲဘူး နောက်မှမေးလို့ဘာလုပ်ရမှာလဲ ဒီထဲမှာ တို့အတွက် အဝတ်တွေထည့်ပေးရအောင် ဒီမှာဘယ်သူက နေမှာမို့လို့လဲ"

ပြောနေရင်း မြတ်က စေညွန်းနဲ့ဝေးအောင် သားထွက်ရပ်၏။

"ဘာမှလည်း မသိချင်တော့ဘူး မင်းဖန်တီးလိုက်တဲ့ အခြေအနေတွေထဲ ငါမပါဘူးနော် ငါ..ငါက မင်းကို ကူညီခဲ့တာ ဟန်ဆောင်

ရွှေသမင်စာပေ



လက်မှတ်ထိုးရုံပဲ"

"လက်မှတ်ထိုးတာ ဟန်ဆောင်ထိုးလို့ရသလားမ လက်ထပ်စာချုပ်မှာ မနဲ့မောင် လက်ထပ်ခဲ့တာ တကယ့်ဧည့်ပရိသတ် လူကြီးစုံရာရှေ့မှာလေ"

"သူတို့ဖြစ်စေချင်တဲ့အတိုင်း ဟန်ဆောင်ပေးဖို့ မင်းပဲပြောခဲ့တာမဟုတ်ဘူးလား ဒါပြီးရင် မင်းရဲ့အမွေကိစ္စပြီးပြီ ခင်းနိုင်ငံခြားကိုပြန် ငါက ဒီအတိုင်းနေခဲ့ ပြောခဲ့ကြတုန်းက ဒါလေ"

"အခု ဒါပဲလုပ်ခဲ့တာ မဟုတ်ဘူးလား"

စေညွန်းက မျက်မှောင်ကုတ်လျက် နှုတ်ခမ်းကပြုံးတာမဟုတ်တည်တာမဟုတ်ဘဲ ရွဲ့ပြောနေသလိုလို တကယ်လို့သို့...

"ဧည့်ခံပွဲတွေဘာတွေထည့်ပြီး ဒါ..ဒါတွေက"

မီးရောင်ဖွေးဖွေးအောက်က မင်္ဂလာအိပ်ခန်းကြီးကို မြတ်က လက်ညှိုးလေးဝေ့ထိုးကာ...

"မင်းပြောတုန်းကတော့ ဘာမဆို ရိုးရိုးလေးပဲဆို"

"ရိုးရိုးလေးပဲ မရယ်"

စေညွန်းက ရှပ်အင်္ကျီကို ရင်ဘတ်ဖွင့်ပစ်လိုက်၏။

အထဲက အဖြူရောင်စွပ်ကျယ် ချိုင်းပြတ်နှင့် ပလက်တီနန်ကြိုးက လက်ခနဲပေါ်လာ၏။

"အားလုံးမောင်ပြောပြမယ် ဒီမှာခဏထိုင်ကွာ မင်္ဂလာဦးညဆိုတာ ဒေါသမဖြစ်ကောင်းဘူး"

"အို..လွှတ်..ဖယ်.. ဘာမင်္ဂလာဦးလဲ ဘယ်သူကမင်္ဂလာဆောင်

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လို့လဲ သွား"

"မ ကလည်းကွာ ခက်တော့တာပဲ"

"စေညွှန်းနော်...မင်း"

လက်ကိုဆွဲလိုက်တုန်းက ထိုင်နိုင်းဖို့ပဲဖြစ်သော်လည်း မြတ်တအားတွန်း၍ ထရိုက်လာသောကြောင့် တစ်ကိုယ်လုံးကို တင်းကျပ်စွာ ဖက်ပစ်လိုက်မိသည်။

ထို့နောက်....

"အို..ဟင့်အင်း...ဟင့်အင်း"

မြတ်၏ ခေါင်းကဆံထိုးတွေ တစ်နေရာစီလွင့်ကျကုန်သည်။

လက်မောင်းမှာ ရိုက်ထားခဲ့သည့် လက်ကိုင်အိတ်က ကြမ်းပေါ်ကျပြီးမှ လျှောတိုက်လျက် ခုတင်ခြေရင်းရောက်၏။

"မင်း...မင်း...သွား"

ကြာမြင့်စွာ တိတ်ကျသွားပြီးသည့်နောက်မှ မြတ် တအင့်အင့်ရှိုက်ငိုသည်။

"မကို မောင်သိပ်ချစ်တယ်"

"ဘာ"

အလွန်ရိုးသားလွန်းသည့် မြတ်သည် ပါးလေးတွေ နှုတ်ခမ်းလေးတွေကို သူစော်ကားသွားပြီသည်အထိ အံ့သြမှင်တက်ရှိနေဆဲ...

"မင်းက မင်းကချစ်တယ် ဒါနဲ့ မင်းပြောသမျှ မရိုးသားတာဘာမှမပါခဲ့ပါလား အားလုံး ရိုးရိုးလေးပဲဆို"

"မောင် အစကတည်းက မရိုးသားတာတွေပြနေခဲ့ရင် မကို





ခုလိုအလွယ်တကူသိမ်းပိုက်နိုင်ဖို့ လွယ်မလား"

မြတ် စကားပင် မဆိုနိုင်တော့ပါ။

စေညွှန်းသည် မြတ်ကို မှန်တင်ခုံရှေ့ခေါ်သွားပြီး မှန်ရှေ့မှာ ထိုင်ခိုင်းသည်။ မှန်ထဲမှာကော သူ့ရှေ့မှာပါ ရှိနေသည့် မြတ်၏ မျက်နှာလေးကို ခေါက်တုံ့ခေါက်ပြန် ကြည့်နေပြီးမှ....

"မောင်မရိုးသားခဲ့တာ မကို ချစ်လို့ ဖုံးဖိမျိုသိပ်ထားခဲ့တာ တစ်ခုပဲ တမင်တကာ လိမ်ခဲ့တာ မရှိဘူး"

"မင်းပြောတိုင်း ရိုးရိုးလေးပဲ ဆိုတာကော"

"အဲဒီတုန်းက မကို မောင်တချစ်တယ်လို့ပြောခဲ့လို့လား"

မြတ်၏ ဆံထုံးကို ဟိုကိုင်ဒီကဖြုတ်နှင့် စကားပြောရင်း စေညွှန်းက ဖြည်ချပေး၏။

"ဒါဆို မလွင်တို့ကလည်း တို့ကိုညာခဲ့ကြတာပေါ့ ဟုတ်လား"

"မောင်က တောင်းပန်ပြီး အကူအညီတောင်းခဲ့တာ"

သူရှင်းပြတာကို ဘယ်လိုမှ မယုံနိုင်စွာဖြစ်လျက် မှန်ထဲမှာ သူ့မျက်နှာကိုကြည့်တာ အားမရနိုင်။

မျက်နှာကိုလိုက်မော့ငေးရင်း ဆံထုံးဖြုတ်နေသည့် လက်တို့ကို ဟိုဘက်ကပုတ်ချလိုက် ဒီဘက်က ပုတ်ပစ်လိုက်...

"မ ပင်ပန်းမှာစိုးလို့ မောင် ဖြုတ်ပေးနေတာလေ ငြိမ်ငြိမ်နေမှပေါ့"

"မနေနိုင်ဘူး"

မြတ်က သူလက်ကိုင်ထား တိုယ့်ခေါင်းကိုပါ ခါထုတ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆတ်ခနဲ ထရပ်၏။ ထိုအခါ ပြီးစီးလုလုရှိနေသော ဆံပင်တို့က ဖြုတ်ထွက်ပြေကျကုန်၏။

မြတ် ဆံပင်တိုတို့နွဲ့နွဲ့လေးတွေ ပုံမှန်အတိုင်း ပြန်ကျလာသည်။ မြတ်က သူကိုင်ထားသည်ကို ဒေါသဖြစ်မှန်းသိအောင် ဆံပင်တွေကို လက်နှစ်ဖက်နှင့် ရှေ့နောက် ဖိသပ်ပစ်သည်။

အမှိုက်တွေဖုန်တွေကပ်နေသလို ခါထုတ်ပစ်၏။

"မင်းထင်သလိုဆုံးဖြတ် သိမ်းပိုက်နေရအောင် ငါက အဲဒီလောက် တန်ဖိုးမဲ့နေပြီပေါ့ ဟုတ်လား"

"မဟုတ်ဘူး မ"

"ဟုတ် ဟုတ် မဟုတ်ဟုတ် မင်းအစီအစဉ်ကို ငါလက်မခံနိုင် ဘူး ငါ့ကို စုဖြန်ပို့"

"ရေယ် မလွင်တို့အားလုံးကို မောင် တောင်းဝန်ခဲ့ရတာ မသိဘဲ နဲ့ကွာ မောင်မြတ်နိုးလွန်းလို့ ဘယ်လောက်ထိ မျိုသိပ်ကြိုးစားခဲ့ရ သလဲ အားလုံးက သဘောတူဆုံးဖြတ်ပေးခဲ့တာလည်း မောင့်ကို ယုံလို့ပေါ့ မောင်တန်ဖိုးထားမြတ်နိုးမှန်း သိကြလို့ မဟုတ်ဘူးလား မလွင်တို့ တစ်မိသားစုလုံး မကို ဘယ်လောက် ဂရုစိုက်ကြသလဲ ဒီလိုလူတွေက လူယုတ်မာ တစ်ယောက်လက်ထဲကို မကို ထိုးထည့် ကြမှာလား"

"အိုး..မသိဘူး ဒါက အိမ်ထောင်ရေး မြတ်ဘဝမှာ ဘာမဆို အလျှော့ပေး လိုက်လျောခဲ့ရတာချည်းပဲ ဒါပေမဲ့ ဒီထဲမှာ နှလုံးသား မပါဘူး။ ချစ်ဖို့မှန်းဖို့ကို မြတ် ကိုယ်တိုင်ပဲ ဆုံးဖြတ်ချက်တယ် ဒီအထဲ





မှာလည်း နေတော်နာတွေ လူမှုရေးတွေနဲ့ ဘာမှရောထွေးမခံနိုင်ဘူး"

"ဒါဆို မက မောင့်ကို မုန်းနေခဲ့တယ်ပေါ့"

မြတ် ဆွံ့အသွားသည်။ မမုန်းခဲ့ပါဘူးဆိုသည့် စကားကို ချက်ချင်း ဖြေခဲ့တာက ရင်ထဲမှာသာ၊ စေညွန်း မျက်ဝန်းတွေမှာ ကြေကွဲရိပ်တို့ ဝေသွား၏။ မြတ် အဲဒီလောက် အသည်းမခိုင်ပါ။ မျက်နှာလွှဲပစ် လိုက်မိသည်။

"မ"

စေညွန်းက မြတ်လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်၍ မျက်နှာ ချင်းနီးအောင် ဆွဲယူလိုက်၏။ ပြီးတော့ အကြာကြီးစိုက်ကြည့်နေ ပြီးမှ...

"မကို မောင်ချစ်လွန်းလို့ မောင့်ဘက်က ညာခဲ့မိတာကလွဲရင် မောင်အများကြီးပြောင်းလဲပစ်ခဲ့တာတွေ မ မသိလို့ပါ၊ မောင်ချစ်ချင် မြတ်နိုးချင်နေတဲ့ စိတ်တွေကို မ မရိပ်မိအောင် မျိုသိပ်ထားခဲ့ရတယ်။ ဘယ်သူ့အောက်မှ ကျခံဖို့မလိုတဲ့ မောင့်ဘဝမှာ မိသားစုတစ်စုလုံး ကို မျက်နှာစုံညီရှေ့မှာ တောင်းပန်ခဲ့ရတယ်။ မလွင်နဲ့ သူ့အမေ သူ့ညီမ 'မ' ယုံကြည်လေးစားသူလို့ ထင်ရတဲ့လူတွေ အားလုံးကို မောင် အောက်ကျတောင်းပန်ခဲ့ရတာ ပြီးတော့ မကို လက်ထပ်ပြီး မြန်မာပြည်မှာပဲနေတော့ဖို့ ဆုံးဖြတ်ခဲ့တာ မောင့်ဘက်က ပြောင်း လဲမှုတွေလေ"

မြတ် သူ့ကိုမော့ကြည့်၍ ဘာမှမပြောနိုင်။ စေညွန်းက မြတ်၏ ခါးလေးမှ ဖွဖွလေး သိမ်းဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခလယ်လူဆိုတဲ့ ခပ်နိမ့်နိမ့်အကြံနဲ့ကောင်ကို မောင်ဂရုမစိုက်ပေမယ့် မောင်ကွယ်တဲ့အချိန်မှာ စိတ်မချဘူး။ ပြီးတော့ စွမ်းညို့သူ့ကိုကျတော့ မ ကိုယ်တိုင်ရင်းနှီးခဲ့တာ ပညာအရည်အချင်း ဘာမှ ပြောစရာမရှိဘူး သူတကယ်တမ်း အတင်းအကျပ် တောင်းဆိုလာခဲ့ရင် မ တစ်နေ့နေ့မှာ မရယ် အဲဒါတွေ မပြောချင်တော့ဘူးကွာ မောင်ခုလိုမလုပ်ဘူးဆိုရင် စွမ်းညို့လိုလူနဲ့ မလွင်တို့ကလည်း သဘောတူမှာပဲ ဖြိုင်ဘက်တွေ အများကြီးထဲမှာ မ က အရှမ်းနူးညံ့တဲ့ မိန်းကလေးဖြစ်နေတာ မောင်ဘယ်လိုစိတ်ချနေနိုင်မှာလဲ လူတစ်ယောက်ကို မျက်နှာပျက် စိတ်ဆင်းရဲတဲ့အထိ မ ပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန် ပြောချပစ်လိုက်တာ ဘယ်တုန်းကမှ မောင် မတွေ့ဖူးဘူး"

စေညွန်းက မြတ်ကို တင်းခနဲ ဖက်ပစ်လိုက်ကာ ဆံပင်တွေကို နမ်းသည်။

"အားလုံးကြောင့်ပဲ မရယ် မောင်ဒီလို စိတ်ကူးဆိုးဖြတ်ဖို့တွေ ဖြစ်လာခဲ့တာ ဘွားနဲ့မလွင်တွယ်တာခဲ့ကြတဲ့ အပိုင်းတွေကို မောင်ချည်တုတ်ပြီး ကြိုးစားခဲ့လို့ပါ အချစ်ကိုပိုင်ဆိုင်နိုင်ဖို့ ကြိုးစားတဲ့အထဲမှာ မောင်မရိုးသားခဲ့တာ ဘယ်လောက်ထိအပြစ်ကြီးသွားလို့လဲ"

"အို မြတ်က ဘာမှ မသိဘဲ ရောပါလာရတာ လက်မှတ်ထိုးပြီး ရင်ပြီးပြီ၊ ဒီညေ့ခံပွဲ သိမ်းပြီးရင်ပြီးပြီနဲ့ ခုကျနေတော့"

သူ့ကို တွန်းဖယ်ပစ်၍ မြတ်က ရန်သည်။

ရှက်ဒေါသတွေနှင့် ဘောင်ဘင်ခတ်သွားခဲ့သော ရင်ထဲမှာ တဖြည်း





ဖြည်း အနည်ထိုင်သွားတော့ ရှက်တာတွေချည်းကျန်ကာ မြတ်၏ ပါးမို့လေးတွေပို၍ နီရဲလာ၏။

စေညွန်း ကျနေသည့် လက်ကိုင်အိတ်လေးကို ကောက်ယူပြီး အထဲက မျက်မှန်ကို ယူလိုက်သည်။ အိတ်ကို မှန်တင်ခုံမှာ အသာချ၍ မြတ်၏ မျက်ဝန်းလေးတွေရှေ့မှာ မျက်မှန်လေးတပ်ပေး၏။

"မ မောင့်ကို ကြည့်စမ်း မောင့် မျက်လုံးတွေထဲမှာလေ"

"ဘာလဲ"

"မကို ချစ်လွန်းလို့ ထားစရာမရှိဖြစ်နေတဲ့ မြတ်နိုးမှုတွေ"

"ဖယ်ပါကွာ"

မြတ် ရှက်ရှက်နဲ့ ငုံ့မိုးပေးသည့် မျက်နှာကိုတွန်းဖယ်လိုက်မိသည်။

"မ"

စေညွန်းက မြတ် ရှောင်ထွက်သွားတော့မှာကိုသိ၍ မရမက ဆွဲချုပ်ထားလိုက်ပြီး..

"မောင့်ကို နည်းနည်းလေးမှ မေတ္တာမရှိဘူးလားဟင်"

'စေညွန်း..မင်း..မင်းလွှတ်နော်"

"မောင် မေးတာကို ဖြေစမ်းပါ မအရွှေင့်ကို..."

"မင်း ဖြစ်ချင်သလို ဖြစ်ခွင့်ပြီးမှ ဘာတွေလာမေးနေတာလဲ ဖယ်"

"မောင်ဖြစ်ချင်သလို မဟုတ်ပါဘူး မရယ် မောင့်ကို မ ပြန်ချစ်လာမှာပဲလို့ ယုံကြည်ပြီး နှလိုက်လိုက်တာပါ"

"ဒါဆို တို့က မချစ်နိုင်ဘူးဆိုရင် အခုတံခါးဖွင့်ပေးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖွင့်ဘူး"

"ဘယ်တော့မှ ခွင့်မလွှတ်အောင် မုန်းသွားမှာပဲ အဲဒါယုံ"

"မယုံပါဘူး ဒီမျက်နှာကိုကြည့်ပြောလိုက် ပြောလိုက်စမ်းပါ"

စေညွန့်းက သူတပ်ပေးထားသည့် မျက်မှန်လေးကို သူ့ပဲ ဆွဲဖြုတ်ပစ်လိုက်ပြီး....

"အို...အဲဒါ...စေညွန့်း"

အရှောင်မတတ်တော့ ခြေချင်းတိုက်၍ ယိမ်းထိုးသွား၏။ သူ့ကို အလန့်တကြား ပြန်ဖက်လိုက်မိစဉ် မွေ့ရာပေါ်သို့ အိခနဲ ပစ်ကျလေသည်။

မြတ် ဘယ်တော့မှ မုန်းလို့မရတော့အောင် စေညွန့်းကြိုးစားနိုင်မည်ထင်သည်။ သမုဒယ ချစ်ခြင်းတို့ဖြင့် စေညွန့်းရေးဆွဲပစ်သော အနာသတ်မျဉ်းတစ်ကြောင်း၏ တစ်ဘက်မှာ သိမ့်သိမ့်နွေးသော အနမ်းများစွာဖြင့် မြတ်သည်.....

*ပရိသတ်အတွက်*

*ထာဝရ*

လရောင်ကျုံးရင့်

www.burmeseclassic.com